စိတ်ကူးချိုချိုအနုပညာ



၁၉၂၀–၂၀၂၀
ရာပြည့်ရန်ကုန်တက္ကသိုလ်အမှတ်တရ
တက္ကသိုလ်နောက်ခံဝတ္ထုများ

# ဗန်းမော်တင်အောင်

## ဖြစ်လေရာဘဝကွယ်

ရန်ကုန်တက္ကသိုလ်ရာပြည့်နှင့်
ဗန်းမော်တင်အောင်ရာပြည့်အမှတ်တရ

ပြန်လည်ရိုက်နှိပ်ခြင်း

တစ်ဖက်ခြေရင်းမှ တခေါခေါနှင့် ဟောက်နေသော
အသံကို ကြားလိုက်ရပြန်သောအခါ ယခုအချိန်အထိ
အိပ်စက်ခြင်းမပြုနိုင်သော ၎င်း၏ကိုယ်ကိုလည်း
ထွန်းလင်းသည် မကျေမချမ်းဖြစ်လာမိသည်။
သူများနည်းတူ မိမိကကော အဘယ်ကြောင့်
အိပ်စက်ခြင်း မပြုနိုင်ရသနည်း။ ထွန်းလင်းသည် ၎င်း၏ကိုယ်ကို
တရားခံအဖြစ်ဖြင့် စွဲချက်တင်ကာ ၎င်းကိုယ်တိုင် တရားသူကြီးပြု၍
စစ်ဆေးလျက်ရှိသည်။ သို့ရာတွင် တရားမင်းနှင့် တရားခံတို့
တစ်ဦးတည်းသာဖြစ်နေသော အမှု၌ ထွန်းလင်းသည်
အဘယ်ကဲ့သို့ ထင်ရှားအောင် စစ်ဆေးနိုင်ပါ့မည်နည်း။

ထွန်းလင်းသည် စာကျက်၍လည်း မရချေ။
အိပ်စက်ချိန်လည်း လွန်ခဲ့လေပြီ။
ထွန်းလင်းသည် အိပ်စက်ခြင်းမပြုနိုင်ချေ။
သူသည် ဘာဖြစ်နေသနည်း။
ထိုအကြောင်းကိုလည်း သူသည် မသိချေ။

တစ်ညသောအခါက မီးရောင်အောက်တွင် တွေ့မြင်ခဲ့ရသော. .
လှနတ်မယ်က ညို့ကစားထားလေရော့သလား၊
သို့တည်းမဟုတ် ပြုစား၍များ ထားလိုက်လေပြီလော။
ထွန်းလင်းသည် ၎င်း၏ ရောဂါကို ဝေခွဲခြင်း မပြုနိုင်အောင်
ဖြစ်နေသည်။ အဘယ်လူမမာသည် မိမိ၏ ရောဂါဝေဒနာကို
အမှန်အကန်အတိုင်း သိရှိနိုင်သနည်း။ လှယမင်းသည်
ထိုမျှနှင့်ပင် အားရတင်းတိမ်ခြင်း၊ ကျေနပ်ခြင်း
မရှိသေးမူ၍ ရိုးအလှသော ဥပစာတန်းသား
ထွန်းလင်းအား ဖမ်းစားထားလိုက်လေပြီလား။

ISBN9789997130716
BMT17
9 789997 130716
2,500.00 KS

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဖြစ်လေရာဘဝကွယ်

## ဗန်းမော်တင်အောင်

ရာပြည့်ရန်ကုန်တက္ကသိုလ်အမှတ်တရနှင့်
ဆရာကြီးဗန်းမော်တင်အောင်၏ ရာပြည့်နှစ်
အထူးအစီအစဉ်ဖြင့် ထုတ်ဝေသည်။

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၂၀

ဖြစ်လေရာဘဝကွယ်၊ ဖန်းမော်တင်အောင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၂၃၁ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ မတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၁၊ ပြည်သူ့အလင်းပုံနှိပ်တိုက်ထုတ် ပထမအကြိမ်မူ။

ရောင်းဈေး ၂ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

# ဖြစ်လေရာဘဝကွယ်

ဗန်းမော်တင်အောင်

## လှဥမ္မာနှင့် နွားကျောင်းသား

(၁)

လှနတ်မယ်က ညို့ကစားထားရှော့သလား။ သို့တည်းမဟုတ်၊ ပြုစား၍များ ထားလိုက်လေပြီလော။

ထွန်းလင်းသည် ၎င်း၏ ရောဂါကို ဝေခွဲခြင်းမပြုနိုင်အောင် ဖြစ်နေသည်။ အဘယ် လူမမာသည် မိမိ၏ကိုယ်၌ဖြစ်သော ရောဂါကို အမှန်အကန်အတိုင်း သိရှိနိုင်သနည်း။

လှယမင်းသည် ထိုမျှနှင့်ပင် အားရတင်းတိမ်ခြင်း၊ ကျေနပ်ခြင်း မရှိသေးမူ၍ ရိုးအ လှသော ထွန်းလင်းအား ဖမ်းစားထားလိုက်လေပြီလား။

ထွန်းလင်းသည် အိပ်စက်၍မရနိုင်အောင် ဖြစ်နေသည်။ ၎င်း၏ အိပ်ရာထက်တွင် တလူးလူး တလွန့်လွန့်ဖြစ်နေသည်။ ဟိုဘက်စောင်းလိုက်၊ သည်ဘက်စောင်းလိုက် လုပ်နေသည်။ အိပ်ပျော်သွားစေရန်အတွက် အဘယ်မျှ ကြိုးပမ်းအားထုတ်စေကာမူလည်း အိပ်စက်၍ကား မရချေ။ မျက်လုံးများသည် ကြောင်၍သာနေလေသည်။

ထွန်းလင်းသည် ၁၂ နာရီခန့်က မီးငြိမ်းကာ အိပ်ရာဝင်ခဲ့သည်။ အိပ်ချင်လှ၍တော့ကား မဟုတ်ချေ။ မအိပ်လျှင်မဖြစ်၍ အိပ်ရာဝင်ခဲ့ရခြင်းသာလျှင် ဖြစ်လေသည်။ အိပ်ရာထက်တွင် အဘယ်မျှ ကြာမြင့်နေပြီဆိုသည်ကိုလည်း သူသည် မသိတော့ချေ။ တော်တော်ကြာပြီဆိုသည်မျှလောက်ကိုသာ သိလေသည်။ အိပ်ချိန်တန်လျက်နှင့် အဘယ်သို့မျှ အိပ်စက်ခြင်းမပြုနိုင်သောအခါ အိပ်ရာထက်တွင် လဲလျောင်းခြင်း ပြုနေရသောအမှုသည် လေးလံလှသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကဲ့သို့ ဖြစ်လာသည်။ အနေရကျပ်၊ အထိုင်ရကျပ်ရုံသာမက အသက်ရှူများပင် ကျပ်လာတော့သည်။ ဦးခေါင်းထဲက ယားသလိုလို၊ ကျောပြင်ပဲ ယားသလိုလိုနှင့် မနေတတ်၊ မထိုင်တတ်ဖြစ်လာသည်။ သက်ပြင်းကိုလည်း မကြာခဏချမိလေသည်။ အင်မတန်စိတ်ရှည်သူတစ်ယောက်ပင် ဖြစ်လင့်ကစား စိတ်များလည်း တိုတောင်းစပြုလာသည်။

မီးငြိမ်း၍ အိပ်ရာဝင်ခဲ့သည်မှာ ကြာပေပြီ။ မှောင်နှင့်မည်းမည်းထဲတွင် ဝဋ်ကြွေးခံနေရသည်မှာလည်း ကြာပေပြီ။ အင်မတန်သိမ်မွေ့၍ စိတ်ရှည်လှသော ထွန်းလင်းသည် ကမ္ဘာမြေကြီးနှင့် ရန်ဖြစ်ချင်သလိုဖြစ်လာသည်။ ထို့ကြောင့် ခြုံထားသော သက္ကလတ်စောင်ကြီးကို ၎င်း၏ကိုယ်မှ ရုတ်တရက် ခွာချပစ်လိုက်ပြီးနောက် ခြင်ထောင်ကို မ,ကာ ခုတင်ထက်မှ ခုန်ဆင်းလိုက်လေသည်။ ထိုသို့ စိတ်တိုတိုနှင့် ပြုလုပ်ချင်ရာကို ပြုလုပ်ခဲ့ပြီးနောက် ရှေ့ဆက်၍ ဘာလုပ်ရမည့် အစီအစဉ်မရှိသေးရကား ထွန်းလင်းသည် မှောင်နှင့်မည်းမည်းထဲတွင် အတန်ကြာမျှ ငိုင်၍ရပ်နေမိသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ၍နေသော ကမ္ဘာမြေကြီးကို သူသည် ထောင်ထားခြားနား၍ကား ပြီးလေပြီ။ ရှေ့ဆက်၍ ဘာလုပ်ဦးမည်နည်း။ သူသည် ဘာကိုမျှ စဉ်းစား၍မရသဖြင့် ခုတင်ခေါင်းရင်း ဘေးဘက်တွင်ရှိသော စာကြည့်စားပွဲဆီသို့ ရောက်သွားပြီးလျှင်

စားပွဲတင်မီးတိုင်ကို ဖွင့်လိုက်သည်။

မှောင်မည်းနေသော အခန်းကလေးအတွင်း၌ ရုတ်တရက် မီးလင်း၍ သွားလေသည်။ အခန်းတွင်း၌ ပစ္စည်းများများစားစားတော့ မရှိလှချေ။ မရှိလျှင်မဖြစ်သော ခုတင်၊ စားပွဲနှင့် ကုလားထိုင်တစ်လုံးအပြင် သောက်ရေတကောင်း တစ်လုံး၊ အဝတ်အစားများထည့်သော ယူနီဖောင်း သေတ္တာကြီးတစ်လုံးနှင့် စာအုပ်စင်တို့သာ ရှိကြသည်။ ခုတင်ခေါင်းရင်းဘေးရှိ စာကြည့်စားပွဲထက်တွင် တရိုတသေတင်ထားသော ဓာတ်ပုံတစ်ပုံလည်း ရှိလေသည်။ ဓာတ်ပုံရှင်မှာ အသက်ငါးဆယ်ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရသော အမယ်ကြီးတစ်ဦးဖြစ်သည်။

ထွန်းလင်းသည် ရင်တွင်း၌ ပူစပ်ပူလောင် ဖြစ်နေသကဲ့သို့ ရေတကောင်းမှ သောက်ရေတစ်ခွက်ကို ခပ်ပြည့်ပြည့်ငှဲ့ကာ တဂွတ်ဂွတ်နှင့် မြည်အောင် အားရပါးရသောက်ချလိုက်သည်။ ထို့နောက် စာကြည့်စားပွဲတွင် ထိုင်လိုက်သည်။ စာကြည့်စားပွဲတွင် အတန်ကြာမျှ မတုန်မလှုပ် ထိုင်နေပြီးမှ ဦးခေါင်းကို တစ်ချက်မျှကုတ်ဖွကာ စားပွဲအံဆွဲကို ရုတ်တရက် ဆွဲဖွင့်လိုက်လေသည်။ ထို့နောက် စားပွဲအံဆွဲအတွင်းမှ သူ၏ ရွှေရောင်လက်ပတ်နာရီကို ထုတ်ယူ၍ ကြည့်လေသည်။

အချိန်မှာ ညသန်းခေါင်ကျော်၊ နာရီပြန်နှစ်ချက်တီးခန့် ဖြစ်လေသည်။ တိတိကျကျဆိုလျှင် နှစ်နာရီထိုးရန် ငါးမိနစ်မျှပင် မလိုတော့ချေ။ ထို့ကြောင့် နံနက်လင်းရန် နာရီများစွာလည်း မကျန်ရှိတော့ချေ။ နာရီကို အတန်ကြာမျှ စူးစိုက်၍ကြည့်ရင်း တစ်လောကလုံး နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျနေချိန်တွင် သူများနည်းတူ အိပ်စက်ခြင်း မပြုနိုင်သော မိမိ၏အဖြစ်ကို ထွန်းလင်းသည် များစွာ အံ့သြ၍နေမိသည်။ သူသည် နှစ်ပေါင်း နှစ်ဆယ်နီးပါးခန့်မျှ လူ့လောကတွင် နေထိုင်လာခဲ့ပြီ ဖြစ်သော်လည်း ယခုကဲ့သို့ တစ်ကြိမ်တစ်ခါမျှ မဖြစ်ခဲ့ဖူး

ချေ။ ဤတစ်ကြိမ်သည် ပထမအကြိမ်ဖြစ်လေသည်။

တစ်ဖက်ခြေရင်းမှ တခေါခေါနှင့် ဟောက်နေသော အသံကို ကြားလိုက်ရပြန်သောအခါ ယခုအချိန်အထိ အိပ်စက်ခြင်းမပြုနိုင်သော ၎င်း၏ကိုယ်ကိုလည်း ထွန်းလင်းသည် မကျေမချမ်းဖြစ်လာမိသည်။ သူများနည်းတူ မိမိကကော အဘယ်ကြောင့် အိပ်စက်ခြင်းမပြုနိုင်ရသနည်း။ ထွန်းလင်းသည် ၎င်း၏ကိုယ်ကို တရားခံအဖြစ်ဖြင့် စွဲချက်တင်ကာ ၎င်းကိုယ်တိုင် တရားသူကြီးပြု၍ စစ်ဆေးလျက်ရှိသည်။ သို့ရာတွင် တရားမင်းနှင့် တရားခံတို့ တစ်ဦးတည်းသာဖြစ်နေသော အမှု၌ ထွန်းလင်းသည် အဘယ်ကဲ့သို့ ထင်ရှားအောင် စစ်ဆေးနိုင်ပါ့မည်နည်း။

သူသည် ကုလားထိုင်ထက်တွင် လေးလေးလံလံ ထိုင်ချလိုက်သည်။ နာရီကို ပြန်ထည့်ထားလိုက်ပြီးနောက် စားပွဲအံဆွဲကို ပြန်၍ပိတ်လိုက်သည်။ ထိုအခိုက် ကော်ရစ်ဒါအတွင်း ခပ်အုပ်အုပ်နင်းကာ ခပ်မှန်မှန် လျှောက်လာသော ခြေသံကို ကြားလိုက်ရသဖြင့် ညဦးပိုင်းက အဘယ်သို့မျှ ဖတ်ရှု၍မရသဖြင့် စားပွဲပေါ်၌ ကျွမ်းထိုးမှောက်ခုံဖြစ်နေသော တက္ကဗေဒစာအုပ်ကို ကတိုက်ကရိုက် လှမ်းယူကာ စာကြည့်နေသယောင် ပြုနေလိုက်ရပြန်လေသည်။

* * *

## (၂)

ကျောင်းဆောင်၏ ကော်ရစ်ဒါအတိုင်း ခပ်အုပ်အုပ်၊ ခပ်မှန်မှန် လျှောက်လာသော ခြေသံသည် မီးလင်းနေသော ထွန်းလင်း၏ အခန်းရှေ့သို့ ရောက်သောအခါ ရုတ်တရက် ရပ်တန့်၍သွားလေသည်။ ထွန်းလင်းသည် မသိယောင်၊ မကြားယောင်ပြုကာ စာကြည့်ဟန်ဆောင်နေလိုက်သည်။ အခန်းရှေ့တွင် ရပ်နေသူသည် တစ်အောင့်မျှ ငြိမ်သက်စွာ

စောင့်ဆိုင်းနေပြီးနောက် အပြင်ဘက်မှ တံခါးကို မတိုးမကျယ်ခေါက်လေသည်။

ထွန်းလင်းသည် တက္ကဗေဒစာအုပ်ကို လက်မှမချဘဲ စာကြည့်စားပွဲမှ ထလာခဲ့ပြီးလျှင် အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။ သူ တွေးဆသည့်အတိုင်းပင် အပြင်မှ တံခါးခေါက်သူသည် နည်းပြဆရာ အဆောင်မှူးဖြစ်နေကြောင်း တွေ့ရှိရလေသည်။ အအေးဒဏ်ကို ကာကွယ်ရန်အတွက် အဆောင်မှူးသည် သက္ကလတ် လောင်းကုတ်အကျီကြီးကို ဝတ်ဆင်လျက် လည်ပင်းတွင်လည်း သိုးမွေးနှင့် ရက်လုပ်ထားသော မာဖလာကို ရစ်သိုင်းထားလေသည်။

"ဟော... မင်း ခုထက်ထိ မအိပ်သေးဘူးလားကွ၊ မောင်ထွန်းလင်း" နည်းပြဆရာက များစွာ အံ့အားသင့်သောအမူအရာဖြင့် မေးမြန်းလေသည်။

"ကျွန်တော် ခုပဲ အိပ်တော့မလို့ပါဆရာ၊ ကြည့်ဖို့ စာကလေးမကုန်တတ်သေးတာနဲ့မို့ပါ" ကျောင်းသားတပည့်တို့၏ထုံးစံအတိုင်း ထွန်းလင်းသည် ဆရာဖြစ်သူအား လွယ်လင့်တကူပင် လိမ်လည်၍ ပြောဆိုခြင်းပြုလိုက်လေသည်။

"ဒါလောက်ညဥ့်နက်အောင်သာ စာကြည့်နေရင် မင်းကျန်းမာရေးကို ထိခိုက်လိမ့်မယ် မောင်ထွန်းလင်း၊ ဘယ်အရာမဆို ချင့်ချင့်ချိန်ချိန် လုပ်မှပေါ့ကွာ" အဆောင်မှူးသည် ၎င်း၏ ဝတ္တရားအတိုင်း တပည့်ကျောင်းသားအား သတိပေးခြင်းပြုလေသည်။

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော်လည်း ခုပဲအိပ်တော့မလို့ပါ"ထွန်းလင်းသည် ဆရာသမားအား လေးလေးစားစား ပြန်လည်ပြောဆိုခြင်း ပြုလိုက်သည်။

"မင်းကတော့ အောင်ရုံတင်မကဘူး ဒစ်စတင်းရှင်းတောင် ရနိုင်တဲ့

သူပါကွာ၊ ကဲ... ကဲ အချိန်လည်းမရှိတော့ဘူးဟေ့၊ အိပ်တော့နော်၊ ဟုတ်လား”ဟု ၎င်းသတိပေး ပြောဆိုစရာရှိသော စကားများကို ပြောဆိုပြီးနောက် အဆောင်မှူးသည် ကော်ရစ်ဒါအတိုင်း ဆက်လက်၍ လျှောက်သွားသဖြင့် ထွန်းလင်းသည် အခန်းတံခါးကိုပိတ်ကာ စာကြည့်စားပွဲသို့ ပြန်လျှောက်လာခဲ့သည်။

စာကြည့်စားပွဲတွင် ထိုင်ချလိုက်ပြီးနောက် အကြောင်းရင်းကို ဘာမျှ မသိရှာသဖြင့် “မင်းကတော့ အောင်ရုံတင်မကဘူး၊ ဒစ်စတင်းရှင်းတောင် ရနိုင်တဲ့လူပါကွာ”ဟူ၍ ရိုးရိုးသားသားနှင့် ယုံယုံကြည်ကြည် ပြောဆိုအားပေးသွားသော ၎င်း၏ အတန်းဆရာလည်းဖြစ်၊ ၎င်းနေထိုင်လျက်ရှိသော သထုံကျောင်းဆောင်၏ အဆောင်မှူးလည်းဖြစ်သော ဆရာ ဦးကြည်၏စကားကို ပြန်လည်စဉ်းစားရင်း ထွန်းလင်းသည် ခုတ်ရာနှင့်ရှရာ တလွဲစီဖြစ်နေသော မိမိ၏ဖြစ်အင်ကို ရယ်မောပစ်လိုက်ချင်သလို ဖြစ်လာသည်။ သို့ရာတွင် သူသည် ရယ်မောခြင်းကား မပြုနိုင်ချေ။ ဆရာဦးကြည်၏ ပြန်လှည့်လာသော ခြေသံကို ကြားလိုက်ရသဖြင့် မီးခလုတ်ကို ကတိုက်ကရိုက် ပိတ်လိုက်ရလေသည်။

* * *

(၃)

အခန်းကလေးအတွင်း၌ မှောင်၍သွားလေသည်။ သို့ရာတွင် ထွန်းလင်းသည် အိပ်စက်ဖို့ကိစ္စကို စိတ်ကူး၍မျှ မရသေးချေ။ အိပ်ရာဝင်ရမည့် အရေးကို သူသည် များစွာ ကြောက်ရွံ့နေသည်။ ထို့ကြောင့် စာကြည့်စားပွဲတွင် ထိုင်မြဲထိုင်နေသည်။

ကော်ရစ်ဒါအတိုင်း ခပ်အုပ်အုပ် ခပ်မှန်မှန် လျှောက်သွားသော ဆရာဦးကြည်၏ခြေသံ ပျောက်ကွယ်၍သွားလျှင် သထုံကျောင်းဆောင်

တစ်ခုလုံးသည် အပ်ကျလျှင်ပင် ကြားရမလောက် တိတ်ဆိတ်ငြိမ်သက်ကာ ကျန်ရစ်လေသည်။ တစ်ဖက်ခြေရင်းခန်းမှ ကျောင်းသားတစ်ဦး၏ တခေါခေါနှင့် ဟောက်နေသောအသံကို ကျယ်ကျယ်လောင်လောင် ကြားနေရသည်။ ခပ်စောစောကမူ တစ်ဖက်ခြေရင်းခန်းမှ ဟောက်သံကို ကြားရစဉ် မိမိကိုယ်ကို မကျေမနပ် ဖြစ်မိခဲ့သော ထွန်းလင်းသည် ယခုအခါတွင် ထိုကဲ့သို့မဟုတ်မူဘဲ ထိုအိပ်စက်နေသူအပေါ်၌ မနာလိုဝန်တိုစိတ်များပင် ဝင်လာသည်။ "အိပ်နိုင်လိုက်တာဗျာ..." ဟူ၍ တီးတိုးအပြစ်တင်လိုက်မိသည်အထိ သဝန်ကြောင်လာသည်။ သို့ရာတွင် သောကကင်းဝေးဟန်ရှိသော တစ်ဖက်ခြေရင်းခန်းမှ ကျောင်းသားကတော့ ဘာမျှသိနိုင်ရှာလိမ့်မည်ကား မဟုတ်ချေ။

ထွန်းလင်းသည် အိပ်စက်ခြင်းမပြုနိုင်ဘဲ မှောင်နှင့်မည်းမည်းတွင် တစ်ယောက်တည်း ငုတ်တုတ်ကြီးထိုင်နေရသော အလုပ်ကို သည်းညည်းမခံနိုင်အောင် ဖြစ်လာပြန်သည်။ သူသည် မီးခလုတ်ကို ဖွင့်လိုက်မည် ပြုပြီးခါမှ မဖွင့်ဖြစ်တော့ဘဲ ထိုင်ရာမှထလိုက်သည်။ ထို့နောက် နံရံတွင် ချိတ်၍ထားသော သက္ကလတ်ကုတ်အင်္ကျီကို လှမ်းယူကာ ကတိုက်ကရိုက် ဝတ်ဆင်လိုက်ပြီးလျှင် အခန်းတံခါးဝဆီသို့ လျှောက်လာခဲ့သည်။

သူသည် တံခါးဝတွင် အတန်ကြာမျှရပ်၍ ငိုင်နေသည်။ ထို့နောက် အခန်းတံခါးကိုဖွင့်ကာ အပြင်ဘက်သို့ ထွက်လာသည်။ တံခါးကို အသာအယာ ပြန်စေ့ထားခဲ့ပြီးနောက် ကော်ရစ်ဒါအတိုင်း လျှောက်လာသည်။

သထုံကျောင်းဆောင်တစ်ခုလုံးနှင့် ဘေးပတ်ဝန်းကျင်တစ်ဝိုက်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေဘိအလား တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။ အချိန်ရာသီမှာလည်း ဆောင်းဦးပေါက်ဖြစ်၍ နှင်း

များ တဖွဲဖွဲကျဆင်းကာ အအေးဓာတ်သည် ကမ္ဘာမြေကြီးကို ရစ်ပတ်၍ ထားလေသည်။

ထွန်းလင်းသည် အောက်ထပ်သို့ ဆင်းလာပြီးနောက် သထုံလမ်းကလေးအတိုင်း တက္ကသိုလ်ရိပ်သာ လမ်းမကြီးဘက်ဆီသို့ ခပ်သွက်သွက်ကလေး လျှောက်လာခဲ့သည်။ သူသည် ရည်ရွယ်ချက်မရှိဘဲ ခရီးသွားသူကဲ့သို့ တက္ကသိုလ်ရိပ်သာ လမ်းမကြီးပေါ်သို့ ရောက်သောအခါ တွေဝေ၍ ရပ်နေလိုက်ပြန်သည်။

မှုန်မွှားသော လရောင်အောက်တွင် တက္ကသိုလ်ရိပ်သာလမ်းမကြီးသည် အသွားအလာများ ပြတ်တောက်ကင်းရှင်းကာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။ ထိုလမ်းမကြီးပေါ်၌ လူရိပ်လူယောင်ကိုမျှပင် မတွေ့ရချေ။ တစ်နေ့တာလုံး ယာဉ်အသွားအလာ၊ လူအသွားအလာတို့အတွက် ကျောကုန်း၍ခံနေရသော ရိပ်သာလမ်းမကြီးသည် ကျောစင်းကာ အိပ်စက်နေဟန်ရှိသည်။

မှုန်မွှားသော လရောင်အောက်တွင် ကျောစင်းကာ ငြိမ်သက်အိပ်စက် နေဟန်ရှိသော တက္ကသိုလ်ရိပ်သာလမ်းမကြီး တစ်ဆုံးကို လှမ်းမျှော်၍ ကြည့်ရင်း ထွန်းလင်းသည် သက်ပြင်းချလိုက်မိပြန်သည်။ သူသည် အဘယ်သို့ သွားမည်နည်း။ ခရီး၏အဆုံးကိုလည်း သူကိုယ်တိုင် မသိချေ။

မြောက်ပြန်လေသည် ဖြေ့ယမ်း၍ တိုက်ခိုက်လေသည်။ သူ၏တစ်ကိုယ်လုံး သိမ့်ခနဲဖြစ်သွားသည်။ မေးလည်း တုန်လာသည်။

အဓိပ္ပာယ်မရှိလှသော သူ၏အမူကို စဉ်းစားမိသောအခါ ထွန်းလင်းသည် တက္ကသိုလ်ရိပ်သာ လမ်းမကြီးကို ချာခနဲ ကျောခိုင်းလိုက်သည်။ ထို့နောက် ဦးခေါင်းကို ငိုက်စိုက်ချကာ သထုံလမ်းကလေးအတိုင်း ကျောင်းဆောင်ဆီသို့ တလှုပ်လှုပ်နှင့် ပြန်လှည့်လာရသည်။

သူသည် ကျောင်းဆောင်ပေါ်သို့ ပင်ပင်ပန်းပန်း ပြန်တက်လာသည်။ သထုံကျောင်းဆောင်တစ်ခုလုံးကား အိပ်မောကျ၍ နေလေပြီ။ သူသာလျှင် တစ်ယောက်တည်း မငြိမ်မသက်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်နေရသည်။

ခပ်စောစောက စေ့ထားခဲ့သော အခန်းတံခါးကို အသာအယာဖွင့်ကာ အခန်းအတွင်းသို့ ပြန်ဝင်လာရသည်။ တံခါးမင်းတုပ်ချပြီးနောက် ကုတ်အင်္ကျီကို ချွတ်ကာ စာကြည့်စားပွဲတွင် သွား၍ ထိုင်လိုက်သည်။ ထိုသို့ ထိုင်လိုက်စဉ် တစ်ဖက်ခြေရင်းခန်းမှ ကျောင်းသားတစ်ဦး၏ ဟောက်သံကို ကျယ်ကျယ်လောင်လောင် ကြားရပြန်သည်။ ထို့ကြောင့် ထွန်းလင်းသည် သူ၏ နားနှစ်ဖက်ကို လက်ဖဝါးဖြင့် ပိတ်ထားလိုက်သည်။

စာမေးပွဲကြီးကား နီးလေပြီ။ ထွန်းလင်းသည် စာကျက်၍လည်း မရချေ။ အိပ်စက်ချိန်လည်း လွန်ခဲ့လေပြီ။ ထွန်းလင်းသည် အိပ်စက်ခြင်းမပြုနိုင်ချေ။ သူသည် ဘာဖြစ်နေသနည်း။ ထိုအကြောင်းကိုလည်း သူသည် မသိချေ။ တစ်ညသောအခါက မီးရောင်အောက်တွင် တွေ့မြင်ခဲ့ရသော...

လှနတ်မယ်က ညို့ကစားထားလေရော့သလား၊ သို့တည်းမဟုတ် ပြုစား၍များ ထားလိုက်လေပြီလော။

ထွန်းလင်းသည် ၎င်း၏ ရောဂါကို ဝေခွဲခြင်းမပြုနိုင်အောင် ဖြစ်နေသည်။ အဘယ်လူမမာသည် မိမိ၏ရောဂါဝေဒနာကို အမှန်အကန်အတိုင်း သိရှိနိုင်သနည်း။

လှယမင်းသည် ထိုမျှနှင့်ပင် အားရတင်းတိမ်ခြင်း၊ ကျေနပ်ခြင်း မရှိသေးမူ၍ ရိုးအလှသော ဥပစာတန်းသား ထွန်းလင်းအား ဖမ်းစားထားလိုက်လေပြီလား။

❖

## အင်းလျားကန်သာ

(၁)

ကျောင်းပိတ်ရှိထားသည့် လွန်ခဲ့သော နာတာလူးပွဲတော်ရက်များ အတွင်းက ဂုဏ်ပြုနှုတ်ဆက်ပွဲသဘင်တစ်ခုသို့ ထွန်းလင်းသည် မမျှော်လင့်၊ မထင်မှတ်ဘဲနှင့် တက်ရောက်ခြင်းပြုခဲ့ရလေသည်။ ထိုပွဲသဘင်သည် ထွန်းလင်းကဲ့သို့သော တက္ကသိုလ်ကျောင်းသားကြီး တစ်ဦးတစ်ယောက် အတွက်မူ အထူးအဆန်းကဲ့သို့ ဖြစ်နေသည်။ ရန်ကုန်တက္ကသိုလ်နယ်မြေတစ်ဝိုက်နှင့် ဘေးပတ်ဝန်းကျင်တွင် ဆိုရှယ်မိတ်ဆက်ပွဲသဘင်များ၊ မိတ်ဆက်ကပွဲသဘင်များနှင့် ဧည့်ခံနှုတ်ဆက် ဂုဏ်ပြု ပွဲသဘင်အမျိုးမျိုးကို ကျင်းပစဉ်၊ ပြုလုပ်ရိုး ပြုလုပ်စဉ် ပြုလုပ်နေကြချိန်ဝယ် ထွန်းလင်းကဲ့သို့ တက္ကသိုလ်ပညာသင်တစ်ဦးအတွက် ဘာယ်ကြောင့် အထူးအဆန်း ဖြစ်နေရသနည်း။ ထိုအချက်သည် အလွန်တရာ ရှင်းပေသည်။ အဘယ့်ကြောင့်ဆိုသော် ရန်ကုန်တက္ကသိုလ်ကျောင်းသားကြီး တစ်ဦးဟူ၍သာ ဆိုရသော်လည်း လယ်ကွင်းပြင်မှ နွားကျောင်းသားတစ်ဦးနှင့် ဘာမျှခြားနားခြင်းမရှိလှသော ထွန်းလင်းသည် ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားခြင်းပြုခဲ့သည့် နှစ်နှစ်နီးပါးခန့်မျှ အချိန်ကာလအတွင်း မည်သည့်ပွဲလမ်းသဘင်နှင့် ဧည့်ခံပွဲများသို့မှ မရောက်ဖူး၊ မပေါက်ဖူးသောကြောင့် ဖြစ်သည်။ ရိုးရိုးကုပ်ကုပ်သာ နေထိုင်တတ်

သော လူအေးတစ်ယောက်မျှသာ ဖြစ်သည်။ စာသမားသက်သက်မျှ သာ ဖြစ်သည်။ သူသည် ထိုကဲ့သို့သော ပွဲလမ်းသဘင်နှင့် အမော် အကြွား အပျော်အပါး စသည်တို့ကို လုံးလုံးလျားလျား ဝါသနာပါရှိသူ တစ်ယောက် မဟုတ်ချေ။ အပေါင်းအသင်း အဆက်အဆံကလည်း ဆင်းရဲမွဲကျန်လှသဖြင့် အချိန်အားအားရှိလျှင် ၎င်းအခန်းတွင်း၌သာ စာကို ဖတ်နေတတ်သူဖြစ်သည်။ ထို့ကြောင့် ပထမဦးဆုံးအကြိမ် တက် ရောက်ဆင်နွှဲခြင်း ပြုလိုက်ရသော ထိုမိတ်ဆက်ပွဲတော်သည် ထွန်းလင်း အတွက် အထူးအဆန်းဖြစ်နေမည်ဆိုကလည်း ဖြစ်လောက်စရာသာ ဖြစ်ချေတော့မည်။

ဂုဏ်ပြုနှုတ်ဆက်ပွဲမှာ ရန်ကုန်တက္ကသိုလ်မှ နည်းပြဆရာတစ်ဦး ဘီစီအက်(စ်) ချိတ်သွားသော ကိစ္စနှင့်ပတ်သက်၍ ၎င်းနည်းပြဆရာနှင့် ကျွမ်းဝင်ရင်းနှီးသော တပည့်တပန်းများက ကမကထပြုလုပ်သော မိတ် ဆက် ဧည့်ခံပွဲမျှသာ ဖြစ်လေသည်။ ထွန်းလင်းသည် ဘီစီအက်(စ်) ချိတ်သွားသည်ဆိုသော နည်းပြဆရာနှင့် များစွာ ရင်းနှီးကျွမ်းဝင်လှသော တပည့်တစ်ဦးသော်ကား မဟုတ်ချေ။ သို့ရာတွင် ရန်ကုန်တက္ကသိုလ် ရောက်ခါစဖြစ်သော ဥပစာတန်းပထမနှစ်တွင် တစ်နှစ်လုံးလုံးလိုလို ထို နည်းပြဆရာ၏ အတန်းကို တက်ခဲ့ရဖူးသည်။ ထို့ကြောင့် တစ်ဦးနှင့် တစ်ဦး တော်တော်ကလေး မျက်မှန်းတန်းမိသလိုတော့ ရှိလေသည်။ ထိုနည်းပြဆရာ၏ တပည့်တပန်းဖြစ်ခဲ့ဖူးသောကြောင့် ၎င်းနည်းပြဆရာ နှင့် ကျွမ်းဝင်ရင်းနှီးသော တပည့်တပန်း လေးငါးယောက်ခန့်တို့က ဧည့်ခံ ပွဲအတွက် ကုန်ကျမည့်စားစရိတ်ကို ယခင် တပည့် တပန်းဟောင်းများပါ မကျန် လိုက်လံကောက်ခံရင်း သထုံကျောင်းဆောင်မှ ဥပစာတန်းသား ကြီး ထွန်းလင်းဆီသို့ပါ ခြေဦးလည်ကာ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်လေ သည်။

ယင်းကဲ့သို့ ဆရာသမားတစ်ဦး၏အတွက်နှင့် ပတ်သက်၍ ၎င်း အခန်းတံခါးဝသို့ ရောက်ရှိလာကြသူများကို ထွန်းလင်းသည် တံခါးပိတ်ထား၍ မဖြစ်ချေ။ သူသည် ထိုမျှလောက်အထိ ကုတ်ကတ်လှသော လူစားထဲကလည်း မဟုတ်ချေ။ မိမိဘာသာ အေးအေးဆေးဆေး နေထိုင်တတ်၍ နေထိုင်ခြင်းမျှသာ ဖြစ်သော်လည်း လူမှုရေးကိုတော့ ထိုက်သင့်သလောက် နားလည်ထားသူဖြစ်သည်။ ထို့ကြောင့် ထိုကိစ္စမျိုးနှင့် ပတ်သက်၍ ၎င်းဝါသနာပါသည်၊ မပါသည်ကို အပထား။ တက်သည် မတက်သည်ကိုလည်း အပထား။ တတ်အားသလောက်တော့ ပါဝင်ရမည့်ကိစ္စဟု ကောင်းစွာနားလည်ထားပေသည်။

သူသည် ငွေတစ်ဆယ်မျှပင် ထည့်ဝင်လိုက်သည်။ ထွန်းလင်း ကဲ့သို့ မထင်မရှား ကျောင်းသားတစ်ဦးက ငွေတစ်ဆယ်မျှ ထည့်ဝင်လိုက်သည့်အခါ၌ ထိုနှုတ်ဆက်ဧည့်ခံပွဲအတွက် လာရောက်အလှူခံကြသော ကျောင်းသားကြီး လေးငါးဦးတို့ပင်လျှင် အံ့ဩသွားကြလေသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းသားများကိုကား ထားဘိဦး၊ အချို့သော ဆရာများပင်လျှင် ငွေငါးကျပ်ထက်ပို၍ မထည့်နိုင်ကြသောကြောင့် ဖြစ်လေသည်။ သူတို့အားလုံးပင် ထွန်းလင်းအပေါ်၌ အံ့ဩသွားရုံမျှမက များစွာလည်း အထင်ကြီးသွားကြလေသည်။ ဧည့်ခံပွဲသို့ တက်ဖြစ်အောင် ဆက်ဆက်တက်ရောက်ဖို့အတွက် အားလုံးက လေးလေးစားစား တောင်းပန်ဖိတ်ကြားခြင်း ပြုကြသည်။ လာကြိုစေလိုက ၎င်းတို့အထဲမှ တစ်ဦးဦးက လာကြိုမည့်အကြောင်းကိုလည်း ပြောဆိုခြင်း ပြုကြသည်။

သူသည် ဝတ္တရားရှိသည့်အတိုင်း ငွေတစ်ဆယ် ထည့်ဝင်လိုက်ပြီးနောက် ထိုဧည့်ခံပွဲသို့ တက်မည်၊ မတက်ဘူးဆိုသည်ကိုကား ဘာမျှ ပြန်မပြောလိုက်ချေ။ ထိုနှုတ်ဆက်ဧည့်ခံပွဲအတွက် ငွေတစ်ဆယ် ထည့်ဝင်လိုက်ပြီးနောက် ကိစ္စပြီးလေပြီဟု သဘောထားကာ ထိုနှုတ်ဆက်

ညှော်ခံပွဲသည် ၎င်းနှင့် ဘာမျှမသက်ဆိုင်တော့သကဲ့သို့ အမှုမဲ့မမှတ်မဲ့နေလိုက်သည်။ စာမေးပွဲကြီးကလည်း များစွာ ရက်မဝေးလှတော့သဖြင့် နာတာလူးပွဲတော် ကျောင်းပိတ်ရက်များအတွင်း အခန်းတံခါးပိတ်ကာ စာကြည့်တော့မည်ဟုလည်း ဆုံးဖြတ်ထားလိုက်သည်။ ယင်းသို့ ဆုံးဖြတ်ထားခဲ့သည့်အတိုင်း နာတာလူးပွဲတော်အတွက် ကျောင်းပိတ်လိုက်သောအခါ ထွန်းလင်းသည် ၎င်း၏ အခန်းတံခါးကိုပိတ်ကာ စာကိုသာလျှင် တွင်တွင်ကြီး ကြည့်နေခဲ့သည်။ ထိုသို့ စာကို ဖိ၍ ကြည့်နေခိုက် တစ်စုံတစ်ယောက်က ၎င်း၏ အခန်းတံခါးကို အပြင်မှလာ၍ ခေါက်လေသည်။ ထိုသို့ တံခါးခေါက်ခြင်းသည်ပင် ထွန်းလင်း၏ ဘဝတံခါးကို ဖွင့်ပေးရန် လာရောက်တောင်းဆိုသကဲ့သို့သာ ဖြစ်နေခဲ့ပေသည်။

အပြင်မှနေ၍ တံခါးကို ခေါက်နေသဖြင့် အခန်းရှင်၏ ဝတ္တရားအတိုင်း ထွန်းလင်းသည် တံခါးကို ဖွင့်ပေးလိုက်ရသည်။ တံခါးခေါက်နေသူမှာ အခြားသူတော့မဟုတ်၊ မနှစ်က ရွှေသထုံ၌ သူ၏ ခြေရင်းခန်းတွင် နေထိုင်သွားခဲ့သော အသိတစ်ယောက်ဖြစ်နေသည်။ ဘီစီအက်(စ်) ချိတ်သွားသော နည်းပြဆရာ၏ အတန်းတွင် အတူတက်ခဲ့ရသော အတန်းသားချင်းလည်း ဖြစ်လေသည်။ ထိုသူသည် မနှစ်ကသာ ဘော်ဒါအဖြစ်ဖြင့် ကျောင်းတက်ခဲ့သော်လည်း ယခုနှစ်တွင် အပြင်မှနေ၍ ကျောင်းတက်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ မိဘများသည် နယ်ပိုင်ဝန်ထောက် အလုပ်ဝတ္တရားဖြင့် နယ်တစ်နယ်၌ အမှုထမ်း၍ နေရာမှ ယခုနှစ်တွင် ရန်ကုန်မြို့သို့ အတွင်းဝန်ကလေးအလုပ်ဖြင့် ပြန်လည် ပြောင်းရွှေ့လာကြရသောကြောင့် ဖြစ်လေသည်။

ထိုအသိမိတ်ဆွေက ထွန်းလင်းအား ဘီစီအက်(စ်)ချိတ်သွားသော နည်းပြဆရာ၏ နှုတ်ဆက်ညှော်ခံပွဲသို့ အတူတက်ရောက်ရန် လာ

ရောက် ခေါင်ငင်နေခြင်းဖြစ်သည်။ သူ့ကားလည်း ပါလာကြောင်းကို ပြောဆိုလေသည်။

ထိုကဲ့သို့ ပွဲလမ်းသဘင်များကို ဝါသနာကလည်းမရှိ၊ ကြည့်ရန် ရှိသော စာများကို အေးအေးဆေးဆေး ကြည့်လိုသဖြင့် ထွန်းလင်းသည် ငြင်းဆန်ခြင်းပြုမိလေသည်။ သို့ရာတွင် ထိုသူက အတင်းရော အဓမ္မ လိုက်ပါရမည်ဟု အကျပ်ကိုင်လာသောအခါ ထွန်းလင်းသည် မည်ကဲ့ သို့မျှ ငြင်းဆန်၍ မဖြစ်တော့သဖြင့် ဦးခေါင်းထဲက မကြည်မလင်နှင့်ပင် ခေါင်းညိတ်လိုက်ရသည်။ ကမန်းကတန်း ရေချိုးကာ အဝတ်အစား လဲလှယ်ရလေသည်။ အရောင်စုံလှသော ဧည့်ခံပွဲသို့ ဆင်နွှဲတက်ရောက် ရန်အတွက် ထွန်းလင်းဆင်ယင်ထားသော အဝတ်အစားများကို အတွင်း ဝန်ကလေး၏ သားက တော်တော်ကလေး သဘောကျနေပုံရသည်။ ထွန်းလင်းသည် ယောလုံကွင်း၊ ရှပ်အင်္ကျီအဖြူလက်ရှည်၊ အပေါ်ဖုံးပင်နီ အင်္ကျီနှင့် ကတ္တီပါနက်ပြာဖိနပ်တို့ကို ဆင်မြန်းထားသည်။

* * *

(၂)

ထိုသို့ မျှော်လင့်ထားခြင်းမပြု၊ ပြင်ဆင်ခြင်းလည်းမရှိသော ဂုဏ် ပြု နှုတ်ဆက်ဧည့်ခံပွဲတစ်ခုသို့ အသိမိတ်ဆွေတစ်ဦးက အတင်းအဓမ္မ ဆွဲငင်ခေါ်ယူသဖြင့် တက်ရောက်ခြင်းပြုခဲ့ရာမှ ၎င်း၏ တစ်သက်နှင့် တစ်ကိုယ်တွင် ဘယ်တုန်းအခါကမှ မတွေ့ဖူး၊ မမြင်ဖူးခဲ့သော လုဥမ္မာ ကို ထွန်းလင်းသည် ဗြုန်းစားကြီး တွေ့မြင်လိုက်ရခြင်းဖြစ်သည်။ ထိုမျှ သာမကသေး တွေ့ထိကျွမ်းဝင်ခဲ့ရခြင်းလည်း ဖြစ်သည်။

ဂုဏ်ပြုနှုတ်ဆက်ပွဲကို “အင်းလျားကန်သာ” အမည်ရှိသော ခြံကြီး အတွင်း၌ ကျင်းပခြင်းပြုလေသည်။ ခြံကြီးသည် ငါးဧကနီးပါးခန့်မျှ

ကျယ်ဝန်းလျက် မရန်းပင်၊ ကံ့ကော်ပင်များဖြင့် စိမ့်မြိုင်ထ၍နေသည်။ အိမ်ကြီးမှာ နှစ်ထပ်တိုက်ကြီးတစ်လုံးဖြစ်၍ တိုက်၏ ဘေးပတ်ပတ်လည်တွင်လည်း နှင်းဆီပင်များ တောထနေအောင် မွှမ်းမံစိုက်ပျိုးလေသည်။ ဂုဏ်ပြုနှုတ်ဆက်ပွဲအတွက် အိမ်ကြီးရှင်များသည် ၎င်းတို့၏ ခြံကြီးကို မီးပွင့်မီးပန်းများဖြင့်လည်းကောင်း၊ နေရာထိုင်ခင်းများဖြင့်လည်းကောင်း တခမ်းတနား မွှမ်းမံပြင်ဆင်ထားကြသည်။

ညှော်ခံပွဲသို့ လူပေါင်းခုနစ်ဆယ်ခန့်မျှ တက်ရောက်လေသည်။ လူပေါင်း ခုနစ်ဆယ်သာသာခန့်အနက် ဆယ့်လေးငါးဦးမျှလောက်သာ ကျောင်းအပြင်အပမှ ထိုနည်းပြဆရာ၏ မိတ်ဆွေများ၊ အပေါင်းအသင်းများ ဖြစ်ကြလျက် ကျန်လူများအားလုံးသည် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသူကျောင်းသားများသာ ဖြစ်ကြသည်။ ညှော်ခံပွဲသို့ တက် ရောက်ဆင်နွှဲကြသူတိုင်းလိုလို မိမိတို့၏ ကိုယ်ကို အလှဆုံးဖြစ်အောင် အပြိုင်အဆိုင် ဆင်မြန်းခြင်း ပြုလာကြသည်။ ဆင်ယင်ဝတ်စားထားကြသော အဝတ်အစားနှင့် ကျောက်မျက်ရတနာများသည်လည်း တပြောင်ပြောင် တလက်လက်နှင့် မျက်စေ့များ ကျိန်းစပ်မတတ်ပင် ဖြစ်လေသည်။ ထိုကဲ့သို့သော သူ့ထက်ငါ အပြိုင်အဆိုင် တက်ရောက်ဆင်နွှဲကြ သော ပွဲသဘင်တွင် ရွှေသထုံမှ နွားကျောင်းသားထွန်းလင်းသည် ထေရဝါဒ ကိုယ်တော်ကြီးတစ်ပါးကဲ့သို့ ယောလုံကွင်းနှင့် ပင်နီအပေါ်အင်္ကျီများ ဆင်မြန်းကာ ကျီးကန်းတောင်းမှောက် တက်ရောက်လာသည်။

ထို ပွဲလမ်းသဘင်မျိုးကို ဝါသနာကလည်း မရှိသဖြင့် ထွန်းလင်းသည် မျက်စိနောက်သလိုလိုပင် ဖြစ်မိသည်။ သို့ရာတွင် တစ်ခုခုကို လုပ်ခဲ၍ လုပ်မိလျှင်လည်း အစမှအဆုံးတိုင်အောင် လုပ်တတ်သော အလေ့အကျင့်ကလေး ရှိသောကြောင့် ထွန်းလင်းသည် ၎င်းအတွက် ဘာမျှ စိတ်ဝင်စားစရာသော်လည်းကောင်း၊ ပျော်ရွှင်စရာသော် လည်း

ကောင်း မရှိလှသော ထိုဧည့်ခံပွဲကို ဖွဲကောင်းကောင်းနှင့် ပါဝင်ဆင်နွှဲခြင်း ပြုလေသည်။

ဘီစီအက်(စ်)ချိတ်သွားသော နည်းပြဆရာသည် ရင်ဖုံးအင်္ကျီနှင့် ခေါင်းပေါင်းနှင့် ဧည့်ခံပွဲသို့ တက်လာသည်။ နှုတ်ဆက်ပွဲကို ယခုကဲ့သို့ ခံ့ခံ့ညားညား ဖြစ်လာအောင် လှုံ့ဆော်ကျင်းပသော ၎င်း၏ တပည့်ရင်းများကို ရှေးဦးစွာ နှုတ်ဆက်စကားပြောဆိုသည်။ ထို့နောက် ၎င်း၏ ဧည့်ခံပွဲသို့ တက်ရောက်ခြင်းပြုကြသော ကျောင်းသူကျောင်းသားတိုင်းကို တစ်ဦးချင်း လိုက်လံနှုတ်ဆက်လေသည်။ ထိုနည်းပြဆရာသည် ၎င်း၏ တပည့်တပန်းများ အားလုံးလိုလို၏ နာမည်ကို ရင်းရင်းနှီးနှီး ခေါ်ဝေါ်နှုတ်ဆက်ခြင်း ပြုနိုင်သော်လည်း သထုံကျောင်းဆောင် နွှားကျောင်းသားကြီးနှင့် တွေ့ဆုံသောအခါ နာမည်ကို မေ့၍နေသဖြင့် ထွန်းလင်းကို ၎င်းတို့အိမ်မှ မော်တော်ကားဖြင့် ချွေးတပ်ဆွဲလာခဲ့သော ကျောင်းသားက "ကိုထွန်းလင်းပါ ဆရာ" ဟူ၍ ဝင်ထောက်ပေးလိုက်ရလေသည်။

"ဆရာ့တပည့် မှန်သမျှ နာမည်အားလုံးလိုလို ဆရာ မမေ့ပါဘူး။ မောင်ထွန်းလင်းနဲ့ ကျွန်တော့်မှ ဘယ်လိုဖြစ်သလဲ မပြောတတ်ပါဘူးကွာ" ဟု အရှက်ပြေ နှုတ်ဆက်ပြောဆိုပြီးနောက် နည်းပြဆရာသည် အခြားတပည့်တပန်းများကို လိုက်လံနှုတ်ဆက်ခြင်း ပြုလေသည်။

နှုတ်ဆက်ဧည့်ခံပွဲ၏ အခမ်းအနားမှူးက ပွဲသဘင်၏ အလှဘုရင်မကို အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ရန် အစီအစဉ်ကို ထုတ်ဖော်ကြေညာလိုက်သောအခါ အထူးသဖြင့် ကျောင်းသားများအပိုင်းတွင် လှုပ်လှုပ်ရှားရှားနှင့် ပွက်စီပွက်စီ ဖြစ်သွားသည်။ သို့ရာတွင် ထိုသူများအထဲတွင် ထွန်းလင်း မပါချေ။ သူသည် အလှဘုရင်မ ရွေးချယ်သောကိစ္စကို စိတ်လည်းဝင်စားခြင်းမရှိ၊ နားလည်းမလည်ချေ။

ကျောင်းသားများသည် သုံးလေးယောက် တစ်တွဲစီ တီးတိုးတီးတိုး ပြောဆိုနေကြသည်။ အတွဲတိုင်းလိုလိုမှ "မေ... မေ... မေ" ဆိုသော အသံကို မတိုးမကျယ် ကြားနေရသည်။

"မေ..." သည် အဘယ်သူနည်း။ ထွန်းလင်း၏ အသိမိတ်ဆွေ စာရင်းတွင် တက္ကသိုလ်ကျောင်းသူ တစ်ဦးတစ်ယောက်၏ နာမည်မျှ မပါချေ။ သူသည် "မေ့" ကို အဘယ်သို့ သိစွမ်းနိုင်မည်နည်း။

"မေ" သည် အဘယ်မျှလောက် ချောသနည်း။ အဘယ်မျှထိ လှသနည်း။ မေ၏ နာမည်ကလေးကို စ၍ ကြားလိုက်ရကတည်းကပင် ထွန်းလင်း၏ နှလုံးသားသည် ၎င်း၏ ဘဝတစ်သက်တာတွင် ပထမဦးဆုံးအကြိမ် ပွင့်လန်းလှုပ်ရှားလာဟန် ရှိလေသည်။ သူသည် မိမိ၏ ကိုယ်ကိုပင် အံ့ဩသလို၊ ကြောက်ရွံ့သလို ဖြစ်နေမိသည်။ ယင်းသို့ နွားကျောင်းသားသည် လုဥမ္မာ၏ နာမည်တစ်လုံးကို ကြားလိုက်ရရုံမျှနှင့် လှုပ်လှုပ်ရှားရှား ဖြစ်နေခိုက် တက်ရောက်သူများ၏ တညီတညွတ်တည်းသော ဆန္ဒဖြင့် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာတန်းပထမနှစ် ကျောင်းသူ "မေမေလွင်" ကို အလှဘုရင်မအဖြစ်ဖြင့် ရွေးချယ်တင်မြှောက်လိုက်ကြသည့် အကြောင်းကို အခမ်းအနားမှူးက ထုတ်ပြန်ကြေညာလိုက်သည်။ မရေးမနှောင်းပင် ဩဘာပေးကြသော လက်ခုပ်သံများသည်လည်း ဆူညံ၍သွားလေသည်။

"မေ" သည် စင်မြင့်ပေါ်သို့ တက်လာသည်။ မှောင်မိုက်နေသော ညတစ်ညတွင် ရတ်တရက် လထွက်လာသကဲ့သို့ ထင်ကြရသည်။ မေသည် ကျေးဇူးတင်စကားကို ပြောဆိုလေသည်။ စကားပြောဆိုပုံမှာ ရဲတင်းလှသည်။ ပရိသတ်နှင့် ပတ်ဝန်းကျင်ကို ကြောက်ရွံ့ခြင်းမရှိ၊ စကားကို တစ်လုံးချင်း အေးအေးမှန်မှန် ပြောဆိုသွားသည်။ စကားလုံးကလေးများသည်လည်း လှသည်။ ပြောသွားပုံဆိုသွားပုံကလည်း လှ

သည်။ အပိုမပါ၊ အထစ်အငေါ့မရှိ၊ စကားပြောသံသည်လည်း စမ်းမှ ရေစီးသံလိုဖြစ်သည်။

စင်မြင့်ပေါ်သို့ ခြသေ့်မကလေးလို ကြွားကြွားဝင့်ဝင့် တက်လာသော မေ့ကို လှမ်း၍ မြင်လိုက်ရကတည်းက ထွန်းလင်းသည် ဤကမ္ဘာမြေကြီးပြင်၌ ၎င်းကိုယ်ကို အသက်ရှင်နေထိုင်လျက်ရှိသော သတ္တဝါ တစ်ကောင်အနေနှင့် မေ့နေသည်။ အားလုံးက အဖျားဆွတ်၍ ခေါ်ဝေါ်နေသော "မေ့" ကို သူသည် အသက်ပင် ရှုရမှန်း သတိမရတော့ဘဲ ငေးမောကြည့်ရှုနေမိသည်။

မေသည် မိန်းမလှ၊ မိန်းမချော တစ်ဦးဖြစ်သည်။ ချောရုံ၊ လှရုံမျှသာမကသေး။ ယဉ်သည်၊ ဣန္ဒြေရှိသည်ဟုလည်း ခေါ်ဝေါ်ခြင်း ပြုနိုင်လောက်သည်။ သို့ရာတွင် အင်မတန်တော့ ခေတ်ဆန်လေသည်။

အပြာရင့်ရင့် ထဘီတွင် ငွေကြယ်ပွင့်ကလေးတွေ ဖောက်ထားသည်။ ဝါဝင်းစိုပြည်သော မေ့အသားအရေနှင့် အင်မတန် ပန်းရလှသည်။ ကြက်ဥနှစ်ရောင် တရုတ်ပိုးအင်္ကျီကို ဝတ်ဆင်လျက် ဆင်စွယ်ရဲတိုက်လို ကြော့ရှင်းသောလည်တိုင်၌ ပုလဲပုတီးကို ဆင်မြန်းထားသည်။ အဖိုးထိုက် အဖိုးတန် ကျောက်မျက်ရတနာများကို ဆင်မြန်းထားခြင်းမရှိ။ လက်ဝဲဘက် လက်သူကြွယ်တွင် မြလက်စွပ်ကလေး တစ်ကွင်းကိုသာ ဝတ်ဆင်ထားသည်။

စင်မြင့်ပေါ်မှနေ၍ ၎င်းအား အလှဘုရင်မအဖြစ်ဖြင့် ရွေးချယ်သည့်အတွက် ကျေးဇူးတင်စကား ပြောဆိုနေသော မေ့ကို နွားကျောင်းသားသည် ကလေးသူငယ်ကဲ့သို့ ပါးစပ်ကြီးအဟောင်းသားနှင့် ငေးမော၍ ကြည့်နေမိသည်။ အထူးသဖြင့် "မေ" ၏ စူးရှတောက်ပခြင်းရှိလှသော မျက်လုံးများကို သူသည် တပ်မက်မောစွာ ကြည့်နေမိသည်။ ထိုသို့ ကြည့်ရင်းကြည့်ရင်းနှင့် ထိုမိန်းမသည် သူလိုငါလို သာမည

မိန်းမတစ်ဦး မဟုတ်သည့်အကြောင်းကို ထွန်းလင်းသည် ဝမ်းတွင်းမှ အလိုလို သိရှိနားလည်လာသည်။ ထိုမိန်းမသည် ၎င်းအား ဝိုင်းဝန်းကြည့်ရှုနေသော လူပေါင်းငါးဆယ်ကျော် ခြောက်ဆယ်နီးပါးခန့်ကို ကြည့်ရှု၍ စကားပြောဆိုနေခြင်းမျှသာ ဖြစ်သော်လည်း ၎င်းတစ်ဦးတည်းကိုသာ စူးစိုက်ကြည့်ရှုနေသည်ဟု ထွန်းလင်းသည် အောက်မေ့ထင်မှတ်နေလေသည်။

စင်မြင့်ပေါ်မှ မေ ပြန်ဆင်း၍ သွားသောအခါမှ ဤကမ္ဘာမြေကြီးပြင်၌ ၎င်းသည် အသက်ရှင်နေထိုင်လျက် ရှိနေသေးသော လူတစ်ဦးတစ်ယောက် ဖြစ်သည့်အကြောင်းကို ထွန်းလင်းသည် ပြန်လည်သတိရလာသည်။ ထိုကဲ့သို့အဖြစ်ကို ၎င်း၏ တစ်သက်နှင့်တစ်ကိုယ်တွင် တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသော ထွန်းလင်းသည် ၎င်း၏အဖြစ်ကို ပြန်လည် စဉ်းစားရင်း ချောက်ချောက်ချားချား ဖြစ်နေသည်။ ထိုနှုတ်ဆက်ညည့်ခံပွဲသို့ လိုက်လာမိသော မိမိကိုယ်ကိုလည်း အပြစ်တင်ချင်သလိုဖြစ်နေသည်။ သို့ရာတွင် လွန်ပြီးသောအမှုကို အဘယ်သူသည် ပြန်၍ ပြုပြင်နိုင်သနည်း။ ဘုရား၊ ရဟန္တာ စသည်တို့ပင် ဝဋ်နှင့် မကင်းဟူ၍ လူကြီးသူမတို့ ပြောဆိုလျက်ရှိကြသည် မဟုတ်လော။

* * *

## (၃)

နှုတ်ဆက်ညည့်ခံပွဲသည် ၂ နာရီခွဲသာသာခန့် ကြာလေသည်။ ၇ နာရီလောက်မှ စရာ ၉ နာရီခွဲသာသာခန့်မှ ပြီးစီးလေသည်။

ထိုညည့်ခံပွဲညက ထွန်းလင်းသည် ၎င်း၏ ကိုယ်ကို မြေကြီးပေါ်၌ အသက်ရှင်နေထိုင်လျက်ရှိသည်ဟု မထင်။ လရောင်နှင့် ငွေကြယ်များအကြားတွင် သွားလာလှုပ်ရှားနေရသလို ထင်မှတ်မိလေသည်။

အခမ်းအနား အစီအစဉ်အရ စားသောက်ဖွယ်ရာများကို တည်ခင်း မကျွေးမမွေးမီ မဲနှိုက်ကြရလေသည်။ မဲနှိုက်ရခြင်းမှာ မိမိတို့ထိုင်ရမည့် ထိုင်ခုံနှင့် စားပွဲကို ရွေးချယ်ဖို့အတွက် ဖြစ်လေသည်။

အခမ်းအနားကို စီစဉ်ကြသူများက စားပွဲတစ်လုံးလျှင် လူနှစ်ယောက်မျှသာ လွတ်လွတ်လပ်လပ် စားသောက်ဖို့အတွက် စီစဉ်ထားကြသဖြင့် မိမိတို့ထိုင်ရမည့် စားပွဲအတွက် တက်ရောက်သူတိုင်း မိမိတို့ဘာသာ မဲနှိုက်ကြရခြင်း ဖြစ်လေသည်။ စိတ်ဝင်စား ပျော်ရွှင်ရအောင်လည်း စားပွဲတစ်မျိုးလျှင် စားသောက်ဖွယ်တစ်မျိုးစီ တည်ခင်းထားလေသည်။ အချို့သော စားပွဲများတွင် တရုတ်အမျိုးသားများနှင့် သက်ဆိုင်သော အစားအစာများကို ပြင်ဆင်ထားပေးလျက် အချို့သော စားပွဲများတွင် အင်္ဂလိပ်၊ အိန္ဒိယနှင့် မြန်မာအမျိုးသား စားစရာများကို တည်ခင်းပေးထားလေသည်။

ထို့ကြောင့် မိမိတို့ထိုင်ရမည့် ထိုင်ခုံနှင့် စားသောက်ရမည့် စားပွဲတို့အတွက် ထွန်းလင်းသည် မဲနှိုက်ခြင်းပြုရလေသည်။ ထိုကဲ့သို့ မဲနှိုက်လိုက်ရသော အမှုသည် အပေါ်ယံမျှသာ ကြည့်လိုက်မည်ဆိုပါက စိတ်ဝင်စားစရာနှင့် ပျော်ရွှင်စရာမျှလောက်သာ ရှိလိမ့်မည်ဟု ထင်ရသော်လည်း ထွန်းလင်းအတွက်မှာမူ ဘဝကြီးတစ်ခုလုံးနှင့် သက်ဆိုင်သွားသော ကိစ္စတစ်ခုကဲ့သို့ ဖြစ်သွားလေသည်။ သို့ရာတွင် ထိုသို့ မဲနှိုက်ခြင်းပြုခဲ့ရစဉ်ကမူ ထိုအမှုသည် ထိုမျှလောက် ကြီးမားလေးနက်လိမ့်မည်ဟူ၍ ထွန်းလင်းသည် မသိနိုင်ခဲ့ချေ။ ထို့အတူ "မေ" တစ်ယောက်သည်လည်း သိနိုင်စွမ်းလိမ့်မည်မဟုတ်ချေ။

ထွန်းလင်းသည် မဲနှိုက်၍ ရရှိခဲ့သော ၎င်း၏ ထိုင်ခုံနှင့် စားပွဲဆီသို့ လျှောက်လာခဲ့သောအခါ ၎င်း၏ အနာဂတ် ဘဝကြီးတစ်ခုလုံးအတွင်းသို့ တိုးဝှေ့လျှောက်လိုက်နေရသည်ဆိုသော အဖြစ်ကိုလည်း မသိချေ။

၎င်း၏ နံပါတ်နှင့် စားပွဲကို လိုက်လံရှာဖွေရာမှ နံပါတ်နှင့် စားပွဲကို တွေ့ရှိရသောအခါ တစ်ကိုယ်လုံး တုန်လှုပ်၍သွားလေသည်။ မိမိ၏ ထိုင်ခုံနှင့် စားပွဲကိုတွေ့ရှိနေပါလျက် ရုတ်တရက် ဝင်မထိုင်ဝံ့၊ မထိုင်ရဲ အောင်လည်း ဖြစ်နေသည်။

တစ်ယောက်နှင့် တစ်ယောက်ကို မိတ်ဆက်ပေးထားခြင်း မရှိ၍ တစ်ဦးကိုတစ်ဦး မသိရှိထားကြသေးသော်လည်း ပွင့်လင်းဖော်ရွေသော မေမေလွင်က ၎င်းနှင့် ကံဆုံ၍ ညစာအတူ စားသောက်ခြင်းပြုရမည့် အဖော်ကို ပြုံး၍ ကြိုဆိုသည်။ "ကနေ့ညတော့ ရှင်နဲ့ မေနဲ့ ကံဆုံကြတာ ပဲ..." ဟု ရင်းရင်းနှီးနှီးပြောဆိုရင်း အူကြောင်ကြောင်ဖြစ်နေသော ထွန်းလင်းကို သူ့နေရာသူ ဝင်၍ထိုင်ရဲအောင် မေက အားပေးလေသည်။

အခြားအခြားသော စားပွဲမှ ကျောင်းသားကြီးငယ်များသည် ထိုည အဖို့ "ဖိုးကံကောင်း" ဖြစ်နေသော ထွန်းလင်းကို ဝိုင်း၍ ကြည့်နေကြ သည်။ ထွန်းလင်းသည် မိမိကိုယ်ကို မလုံလုသဖြင့် မေနှင့်အတူ မျက် နှာချင်းဆိုင် ကုလားထိုင်လွတ်တွင် ဝင်၍ မထိုင်လိုက်သေးဘဲ ဘေးပတ် ဝန်းကျင်သို့ လှည့်၍ ကြည့်လိုက်မိသည်။ သူ့ကို ဝိုင်းအုံ၍ ကြည့်ရှုနေ ကြသော မျက်လုံးအစုံများစွာတို့ကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင် နက် ထွန်းလင်း၏ မျက်လုံးသည် ပြာဝေ၍ သွားလေသည်။ ထိုသို့ မျက်လုံးများ ပြာဝေနေခိုက် "အီတာပဲကွာ" ဟူ၍ ခပ်လှမ်းလှမ်းမှ မတိုး မကျယ် နောက်ပြောင်ပြောဆိုလိုက်သော အသံကိုပါ ကြားလိုက်ရပြန် သောအခါ ထွန်းလင်းသည် ပွဲသဘင်အလယ်မှ ကဆုန်ပေါက်၍ ထွက် ပြေးသွားချင်သော စိတ်များပင် ပေါ်ပေါက်လာသည်။

"ထိုင်လေ... ထိုင်ပါ" ဟူသော သာယာနှစ်သက်စဖွယ် အားပေး လိုက်သော အသံကလေးကို မသဲမကွဲ ကြားလိုက်ရတော့မှ ထွန်းလင်း သည် အားတက်သလိုရှိလာပြီးလျှင် အသံရှင် အားပေးတိုက်တွန်းခြင်း

ပြုသည့်အတိုင်း ၎င်း ကံကြီး၍ မဲပေါက်သော ထိုင်ခုံတွင် ခနော်ခနဲ့ ဝင်ထိုင်လိုက်ရသည်။ ထို့နောက် ၎င်းအား စိတ်ဝင်စားသော အမူအရာဖြင့် ရွှန်းရွှန်းစားစား ကြည့်၍နေသော ညဧကရီကို လုံးဝ မျက်နှာချင်း မဆိုင်ဝံ့၊ မဆိုင်ရဲသကဲ့သို့ ဦးခေါင်းကို ငုံ့ထားလိုက်သည်။

ထွန်းလင်းသည် ယခု အသက်အရွယ်အထိ မည်သည့်မိန်းကလေး တစ်ဦးတစ်ယောက်နှင့်မျှ ရင်းရင်းနှီးနှီး ဆက်ဆံခြင်းမရှိခဲ့ချေ။ နီးနီးကပ်ကပ်လည်း စကားပြောဆိုခြင်း မပြုခဲ့ဖူးပေ။ ဘာသိဘာသာ အေးအေးဆေးဆေး နေထိုင်လာခဲ့သော လူငယ်တစ်ဦးမျှသာ ဖြစ်လေသည်။ ထို့ကြောင့် သူသည် မိန်းကလေးများနှင့် အဘယ်ကဲ့သို့ ဆက်ဆံပြောဆိုရမည်ကို မသိချေ။ အထူးသဖြင့် လူရှေ့သူရှေ့တွင် မိန်းကလေးများနှင့် စကားပြောဆက်ဆံရမည့် အလုပ်ကို သူသည် ကျားထက်ပင် ကြောက်လေသည်။

ထွန်းလင်းသည် သူ၏ ရှေ့တည့်တည့်မှ အလှဘုရင်မကလေးကို မျက်နှာချင်းမဆိုင်ဝံ့သကဲ့သို့ ဦးခေါင်းကို ငုံ့ထားလိုက်သည်။ ထိုသို့ ဦးခေါင်းကို ငုံ့ထားရင်းပင် ချွေးများ စို့ထွက်နေသည်။ မျက်နှာသည်လည်း ထူအမ်းနေသည်။

တက္ကသိုလ် ကျောင်းတော်သားကြီးတစ်ဦး ဖြစ်နေပြီး ပညာတတ် မိန်းကလေးတစ်ဦးနှင့် မျက်နှာချင်းမဆိုင်ဝံ့ သကဲ့သို့လည်းကောင်း၊ စကားမပြောတတ်သကဲ့သို့ လည်းကောင်း လုပ်နေသော ထွန်းလင်းကို မေမေလွင်က သနားကရုဏာသက်လှသော မျက်လုံးများဖြင့် အတန်ကြာမျှ ကြည့်ရှုနေပြီးမှ "မေ့နာမည် အပြည့်အစုံကတော့ မေမေလွင်လို့ ခေါ်ပါတယ်၊ ဝိဇ္ဇာတန်း ပထမနှစ်ကျောင်းသူပါ" ဟု တစ်ဖက်သား ရဲတင်း ရင်းနှီး၍လာအောင် ၎င်းကစ၍ ၎င်း၏ကိုယ်ကို စားပွဲတစ်ဖက်မှ ဆန့်ကျင်ဘက်လိင်အား မိတ်ဆက်ပေးလေသည်။

ထွန်းလင်းသည် မေမေလွင့်ကို အလန့်တကြား လှမ်း၍ ကြည့်လိုက်သည်။ သူသည် ဘာကစ၍ ဘာကိုပြောရမှန်း မသိချေ။ တောကျီးကန်းလို အလှဘုရင်မကို ကြည့်နေလေသည်။

"ရှင့်ကိုယ်ကိုယ်လည်း မေနဲ့ မိတ်ဆက်ပေးဦးမှပေါ့ရှင်" မေမေလွင်က ခပ်သွက်သွက်ကလေး ပြောဆိုလိုက်ပြန်သည်။

ထွန်းလင်းသည် ဘေးပတ်ဝန်းကျင်မှ လူများကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် ဦးခေါင်းကို ကုတ်ဖွလိုက်မိပြန်သည်။ သူ၏ကိုယ်ကို တစ်ဖက်မှ တောင်းဆိုနေသော မိန်းမချော၊ မိန်းမလှနှင့် အဘယ်သို့ မိတ်ဆက်ပေးရပါ့မည်နည်း။ သူသည် မိမိကိုယ်ကို အဘယ်မိန်းကလေး တစ်ဦးတစ်ယောက်နှင့်မျှ မိတ်ဆက်ပေးခြင်း မပြုခဲ့ဖူးချေ။ သို့ရာတွင် အင်္ဂလိပ်စကားပုံရှိသည့်အတိုင်း "ရောမမြို့တော်ကြီးသို့ ရောက်ရှိနေခိုက် ရောမမြို့သူတစ်ဦးအား သူတို့တိုင်းပြည်၏ ဓလေ့ထုံးစံအတိုင်း ဆက်ဆံခြင်းသာ ပြုရပေလိမ့်မည်"။ သို့ရာတွင် အခက်ဆုံး ပြဿနာတစ်ခုသည်ကား သူကိုယ်တိုင် ရောမမြို့တော်သို့ ယခင်က တစ်ကြိမ်တစ်ခေါက်မျှ မရောက်ဖူးသဖြင့် ရောမမြို့တော်သူ မြို့တော်သားများ၏ ထုံးစံနှင့် ဓလေ့ကို ဘာတစ်ခုမျှ မသိသေးခြင်းပင် ဖြစ်တော့သည်။

ထွန်းလင်း၏ အကျပ်အတည်းနှင့် အခက်အခဲကို မေမေလွင်သည် ကောင်းစွာ အကဲခတ်မိသဖြင့် "ဘယ်ဟော(လ်)မှာ နေပါသလဲ" ဟု မေးလိုက်ရသည်။

"သထုံမှာပါ..." ဒါလောက်တော့ နွားကျောင်းသားက ပြန်၍ ပြောတတ်လေသည်။

မေမေလွင်သည် တေမိမင်းသား လက်သစ်အပေါ်၌ အားတက်လာသကဲ့သို့ ဖြစ်လာသည်။ စကားစ ရရှိလိုက်ပြီဖြစ်၍ "ကျုပ်တာကိုကြည်တို့ ဟော(လ်)ကကိုး၊ ဒါထက် စီနီယာဘက်(ချ်)က ကိုအေး

သန်း တစ်ယောက်တော့ သိပါလိမ့်မယ်ထင်တယ်" ဟု မေမေလွင်က ဆက်ပြန်သည်။

ဒုတိယနှစ် ဝိဇ္ဇာတန်းသား ကိုအေးသန်းကိုကား သထုံကျောင်းဆောင်တွင် မသိသူရှားသည်။ အဘယ်ကြောင့်ဆိုသော် ကိုအေးသန်းသည် အရေးပိုင်တစ်ဦး၏ သားဖြစ်သည့်အပြင် သုံးနိုင်ဖြုန်းနိုင်သောကျောင်းသားတစ်ဦးလည်း ဖြစ်သောကြောင့်တည်း။

"ဟုတ်ကဲ့၊ ကိုအေးသန်းကို သိပါတယ်၊ ဒါပေမဲ့ လူချင်းတော့ သိပ်မရင်းနှီးလှပါဘူး" ထွန်းလင်းသည် တဖြည်းဖြည်းနှင့် ပြောဝံ့ဆိုဝံ့၊ ပြောတတ်ဆိုတတ် ဖြစ်လာသည်။

"ကိုအေးသန်းနဲ့ မေနဲ့ တော်တော်ကလေး ခင်မင်ကြပါတယ်၊ ဒါထက် ရှင့်နာမည် မပြောသေးဘူးနော်"

"ထွန်းလင်းတဲ့၊ စီနီယာအင်တာမှာပါ" ထွန်းလင်းသည် ရဲရဲတင်းတင်းနှင့် ရင်းရင်းနှီးနှီး ပြောဆိုနိုင်လာသည်။

"ကိုထွန်းလင်းက ရန်ကုန်ကပဲလားဟင်"

"ပွင့်ဖြူဘက်ကပါ"

"ဩော်... ပွင့်ဖြူဘက်ကကိုး၊ မေတို့ ငယ်ငယ်တုန်းက ပွင့်ဖြူမှာ နေခဲ့ဖူးတယ်"

"ဩော်... ဟုတ်လား" ၎င်း ဇာတိချက်ကြွေရာအရပ်တွင် ငယ်စဉ်က နေခဲ့ထိုင်ခဲ့ဖူးသည်ဟု ဆိုလာသော အလှဘုရင်မကို ထွန်းလင်းသည် ပိုမို၍ စိတ်ဝင်စားလာသည်။

"အဲဒီတုန်းက မေတို့ ဒက်ဒီက မြို့အုပ်အလုပ်နဲ့ပေါ့၊ ကြာတော့ ကြာပါပြီ၊ နှစ်ပေါင်း နှစ်ဆယ်လောက်တော့ ရှိပြီထင်တယ်"

"အဲဒီတုန်းက မေက ဘယ်အရွယ်လောက်ရှိပြီလဲ ဟင်" နွားကျောင်းသားက ၎င်းစိတ်ဝင်စား သိရှိလိုသော အချက်ကို တိုက်ရိုက်ကြီး

မေးလိုက်သည်။

မေမေလွင်က ပုလဲလိုလှနေသော သွားကလေးများ ပေါ်ထွက်လာအောင် ပြုံးလိုက်သည်။ ထို့နောက် နွားကျောင်းသားကို ကလေးသူငယ်တစ်ယောက်အား ကြည့်သလို ပေါ့ပေါ့တန်တန်ကြည့်ကာ "အဲဒီတုန်းကလား၊ မေ သုံး လေးနှစ်သမီး အရွယ်လောက် ထင်တာပဲလေ၊ သေသေချာချာတော့ မမှတ်မိဘူး" ဟု ပြောဆိုလိုက်သည်။

ထွန်းလင်းသည် ၎င်းထက် သုံး လေးနှစ်ခန့် ကြီးလိမ့်မည်ဖြစ်သော်လည်း ၎င်းထက်ပင် နုပျိုငယ်ရွယ်လျက်ရှိသော လှဥမ္မာကို ပါးစပ်အဟောင်းသားနှင့် ငေးစိုက်၍ ကြည့်နေမိပြန်သည်။ ထိုသို့ ပါးစပ်အဟောင်းသားနှင့် ငေးစိုက်၍ ကြည့်ရှုခြင်းခံနေရသည်အတွက် အနေရအထိုင်ရ ကျပ်သလိုရှိလာသော မေမေလွင်က ထိုနွားကျောင်းသား၏အာရုံကို ပြောင်းလွှဲသွားစေရန် "ကိုထွန်းလင်းမှာ ညီအစ်ကို မောင်နှမဘယ်နှယောက် ရှိပါသလဲဟင်" ဟု မေးလိုက်ရသည်။

"ကျွန်တော့်မိဘများက ကျွန်တော် တစ်ယောက်တည်းပဲ မွေးပါတယ်"

"ဩော်... ဩော်... ဩော်"

"မေတို့ကော ညီအစ်ကို မောင်နှမ ဘယ်နှယောက်ရှိပါသလဲ"

"ရှင့်လိုပဲ၊ မေလည်း တစ်ယောက်တည်းပါ"

"ဒါထက် မေက ဘော်ဒါမှာပဲနေပါသလား" ဟု ထွန်းလင်းက မေးလိုက်သောအခါ မေမေလွင်သည် အခြားစားပွဲမှ အသိမိတ်ဆွေတစ်ယောက်က နှုတ်ဆက်နေသည်ကို ပြန်လည် တုံ့ပြန်နေရသဖြင့် ကောင်းစွာ မကြားလိုက်ရချေ။ ထို့ကြောင့်...

"ရှင်... ခုတင်က မေးလိုက်တဲ့ မေးခွန်းကို မေ မကြားလိုက်ရလို့ ကျေးဇူးပြုပြီး တစ်ခါလောက် ထပ်မေးပေးပါဦး" ဟုလည်း တောင်းပန်

ပြောဆိုခြင်း ပြုလိုက်သည်။

ထွန်းလင်းသည် ကြောင်၍သွားလေသည်။ သူသည် ဖော်ရွေလိုက်လျောတတ်သော မေမေလွင်ကို အတန်ကြာမျှ ငေးစိုက်ကြည့်နေမိပြီးမှ "ဘော်ဒါမှာပဲ နေသလားလို့ မေးတာပါ" ဟု ပြန်ပြောနိုင်လေသည်။

"အင်တာအောင်တဲ့အထိ ဘင်တန်မှာပဲ နေခဲ့တယ် ကိုထွန်းလင်း၊ ခုတော့ ကံဘဲ့ဘက်က အန်တီစုတို့အိမ်ကနေပြီး ကျောင်းတက်ပါတယ်"

"မိဘများကော ရန်ကုန်မှာပါပဲလား ခင်ဗျာ"

"ဒက်ဒီဆုံးသွားတာ ငါးနှစ်လောက် ရှိသွားပါပြီ၊ မာမီဆုံးတာကတော့ မကြာသေးပါဘူး" ထွန်းလင်းက သိရှိလိုသော အကြောင်းအရာများကို မေမေလွင်က အသေးစိတ် ပြောပြလျက်ရှိသည်။

"ဩော်... ဩော်... ဩော်"

"ကိုထွန်းလင်း မိဘများကကော ပွင့်ဖြူမှာပဲ နေကြတယ်ထင်တယ်"

"ဖေဖေကတော့ ဆုံးသွားတာကြာပါပြီ၊ ကျွန်တော် ဆယ်နှစ်သားအရွယ်လောက်ကပဲ၊ မေမေကတော့ ရသေ့မ ဝတ်နေပါတယ်၊ ခုတော့ ကျွန်တော့်မှာ တစ်ကောင်ကြွက်၊ တစ်ယောက်တည်းပေါ့"

"ဒီနေရာမှာတော့ မေနဲ့ ကိုထွန်းလင်းတို့ ဘဝချင်း တူကြတယ်နော်"

စားသောက်၍ ပြီးစီးကြသောအခါ ထွန်းလင်းနှင့် မေမေလွင်တို့သည် လူချင်း ကွဲသွားကြလေသည်။ အပေါင်းအသင်းနည်းပါးသော ထွန်းလင်းသည် အနည်းငယ်မှောင်ရိပ်ကျသော မရန်းပင်တစ်ပင်အောက်တွင် ၎င်းဘာသာ တစ်ယောက်တည်း ကုလားထိုင်တစ်လုံးနှင့်ထိုင်ကာ မီးရောင်အောက်တွင် မြူးထူးလှုပ်ရှားနေကြသော ကချေသည်

များကို ငြိမ်သက်စွာ ကြည့်ရှုနေသည်။ အထူးသဖြင့် ယောကျ်ားကလေးတွေ ဝိုင်းအုံ၍နေကြသော မေမေလွင်ကို သူသည် မျက်ခြည်အပြတ်မခံဘဲ စူးစိုက်ကြည့်ရှုနေမိသည်။ ဖော်ရွေလှသော မေမေလွင်သည် ၎င်းအား ဝိုင်းအုံနေကြသော ဘောင်းဘီဝတ်၊ ပုဆိုးဝတ်များကို ပြုံးကာရယ်ကာ ပြန်လှန် စကားပြောဆိုလျက်ရှိသည်။ အခြားအခြားသော မိန်းကလေးများထက် များစွာ ထင်ပေါ်ကျော်ကြားနေသော မေမေလွင်ကို အချို့သော ကျောင်းသူများက မျက်လုံးစိမ်းကြီးများဖြင့် ငြူစူကြည့်ရှုနေတတ်ကြသည်။ သို့ရာတွင် မေမေလွင်သည် ထိုမျက်လုံးစိမ်းများကို အလျှင်း ပမာဏမထားသကဲ့သို့ ၎င်းအား ဝိုင်းအုံ၍ ငမ်းနေကြသော ဖိုသတ္တဝါများနှင့် ရယ်ကာမောကာပင် စကားပြောဆိုလျက် ရှိလေသည်။

မီးရောင်အောက်တွင် လှလှပပ လှုပ်ရှားနေသော လှဥမ္မာကို မှောင်ရိပ်ကျသည့် မရန်းပင်အောက်မှ ငေးမောကြည့်ရှုနေသော နွားကျောင်းသားသည် ထိုမိန်းမလှနှင့် ထိုညအဖို့ နောက်ထပ်၍ စကားပြောဆိုခွင့်ရရှိဖို့ အခွင့်အလမ်းကို စောင့်မျှော်နေပုံရသည်။ သို့ရာတွင် ထင်ရှားလှသော ဝိဇ္ဇာဂုဏ်ထူးတန်းသားကြီးများနှင့် ဝိဇ္ဇာတန်းသားများကိုသာ ဝိုင်းဝိုင်းလည် ဧည့်ခံစကားပြောဆိုနေရသော မေမေလွင်သည် မရန်းပင်ရိပ်မှ မထင်မရှား ဥပစာတန်းသားကို ဆက်လက်၍ ဧည့်ခံစကားပြောဆိုဖို့ရန်အတွက် အရေးလုပ်စဉ်းစားနေဟန် မရှိချေ။

ထွန်းလင်း၏ ရင်တွင်း၌ကား များစွာ လှုပ်ရှားလျက်ရှိလေသည်။ သူသည် ထိုလှုပ်ရှားမှု၏အကြောင်းကိုလည်း မသိချေ။ အဘယ့်ကြောင့်ဆိုသော် ထိုကဲ့သို့သော လှုပ်ရှားမှုကို ၎င်း၏ တစ်သက်နှင့်တစ်ကိုယ်တွင် တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံခဲ့ရဖူးသေးသောကြောင့် ဖြစ်သည်။ ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ်လည်း ဖြစ်သောကြောင့် ဖြစ်သည်။

မရန်းပင်ရိပ်တွင် ထိုင်ရင်း သူသည် တံတွေးကို မကြာခဏ မျိုချနေရသည်။ အာခေါင်လည်း ခြောက်လျက်ရှိသည်။

ထိုအခိုက် ထိုညစ္ဆေ့ခံပွဲသို့ သူ့ကို အတင်းဆွဲခေါ်လာသော မိတ်ဆွေ ကျောင်းသားက အခြားမိန်းကလေးတစ်ယောက်ကို သူ့ဆီသို့ ခေါ်လာပြီး မိတ်ဆက်ပေးလာပြန်သည်။ ယုဒသန်ကောလိပ်မှ "သွင်" ဆိုသော မိန်းကလေးသည် ငယ်ရွယ်၍ စွဲမက်စရာကောင်းသော်လည်း ထွန်းလင်းအဖို့ စိတ်ဝင်စားခြင်း မဖြစ်ချေ။ သူသည် "သွင်" ကိုသာ လက်ခံစကားပြောဆို နေရသော်လည်း သူ၏ မျက်လုံးများသည် မေမေလွင့် နောက်သို့သာ တကောက်ကောက် လိုက်ပါ၍နေလေသည်။

လူတစ်ဖက်သားကို စိတ်ပျော်ရွှင်အောင်လည်းကောင်း၊ စိတ်ဝင်စားအောင် လည်းကောင်း ဘာမျှမပြောမဆိုတတ်သော ထွန်းလင်းကို သွင်နှင့် သူမ၏ မိတ်ဆွေတို့သည် စိတ်ပျက်ငြီးငွေ့လာကြသည်။ ထို့ကြောင့် ငါးမိနစ်သာသာခန့်မျှ စကားပြောဆိုပြီးနောက် ယဉ်ယဉ်ကျေးကျေးနှင့် ခွင့်တောင်းကာ စွန့်ခွာသွားကြလေသည်။

မရန်းပင်၏ မှောင်ရိပ်၌ တစ်ယောက်တည်းထိုင်ကာ ၎င်း၏ နှလုံးသားအား အသက်ဝင်လာအောင် လှုပ်ရှားခြင်း ပြုသွားခဲ့သော လှဥမ္မာကို နောက်ထပ်၍ လူချင်းစကားပြောဆိုဖို့ အခွင့်အရေးအတွက် ထွန်းလင်းသည် မျှော်ကိုးစောင့်စားလျက်ရှိသည်။ သို့ရာတွင် မေမေလွင်သည် ယောလုံကွင်းနှင့် ပင်နီအကျီများ ဆင်မြန်းထားသော ရန်ကုန်တက္ကသိုလ်မှ နွားကျောင်းသား တစ်ယောက်ဆီသို့ကား ပြန်လှည့်မလာတော့ချေ။ ဘောင်းဘီဝတ်များ၊ ဘန်ကောက်ပုဆိုးများနှင့် ဝိဇ္ဇာတန်းကြီးသားများနှင့်သာ ၎င်း၏ အချိန်ကို ကုန်လွန်စေလျက်ရှိသည်။

သို့နှင့် ဧည့်ခံပွဲပြီးစီးရန် နာရီတစ်မတ်သာသာခန့် လိုတော့မှ လှနတ်မယ်သည် မရန်းပင်မှောင်ရိပ်သို့ ကြွမြန်း၍လာပေသည်။

"တစ်ယောက်တည်း မှောင်ရိပ်မှာ ပျင်းနေပြီလား ကိုထွန်းလင်း" မေမေလွင်က ရင်းရင်းနှီးနှီး ခေါ်ပြောမေးမြန်းခြင်း ပြုလေသည်။

"ပျင်းတယ်တော့ မဟုတ်ပါဘူး၊ ဒီလိုပဲ နေရတော့တာပေါ့" သူက ဒါပဲ ပြန်၍ပြောလိုက်သည်။

"ရှင့်ကိုကြည့်ရတာ ဒီပြင်လူတွေနဲ့ မတူဘူး၊ တစ်မျိုးပဲ" ဟု လှ နတ်မယ်က နွားကျောင်းသား၏ အပေါ်၌ ၎င်း၏ထင်မြင်ခံယူချက်ကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုခြင်း ပြုလာသည်။

"ဟုတ်ပါလိမ့်မယ်၊ လူတိုင်းလိုလိုကပဲ ကျွန်တော့်ကို လူတစ်မျိုး လို့ ပြောတတ်ကြပါတယ် မေ"

"လူတွေစုဝေးပြီး ပျော်ကြပါးကြတဲ့နေရာမှာ ဘယ်သူနဲ့မှလည်း မရော၊ စကားလည်းမပြောဘဲ မှောင်ရိပ်ထဲမှာ တစ်ယောက်တည်း ခုလို ကုပ်နေတာဟာ ဘယ်လိုအဓိပ္ပာယ်ရှိမလဲဟင် ကိုထွန်းလင်း" မေမေ လွင်က ၎င်း၏ အနေအထိုင်နှင့် သဘာဝကိုပင် ဝေဖန်ပြောဆိုခြင်း ပြုလာသည်။

ထွန်းလင်းသည် ဘာမျှ ပြန်မပြောတတ်သဖြင့် ငြိမ်နေလိုက်သည်။ အနေကျပ်တည်းလျက် ရှိလာသကဲ့သို့ ဦးခေါင်းကို တစ်ချက်မျှ ကုတ်ဖွ လိုက်လေသည်။

"လူ့ဘဝဆိုတာဟာ စားဖို့သောက်ဖို့နဲ့ ပျော်ရွှင်ဖို့ပဲ မဟုတ်လား ဟင် ကိုထွန်းလင်း၊ မေတော့ ဒီလိုပဲ နားလည်ထားတယ်" မေမေလွင် က စကားနည်းလှသော နွားကျောင်းသားကို ၎င်း၏ လူ့ဘဝအမြင်အား တင်ပြလာသည်။

နွားကျောင်းသားသည် ကြိုးစား၍ ပြုံးလေသည်။ သို့ရာတွင် သူ ၏ အပြုံးသည် ကြည့်ရှု၍ မကောင်းလှချေ။

"ရှင်နဲ့ စကားပြောရတာ တစ်မျိုးပဲ၊ တစ်ခါလောက် အေးအေး

ဆေးဆေး စကားပြောကြရအောင်နော်၊ ဟုတ်လား ကိုထွန်းလင်း"

ထွန်းလင်းသည် ထိုအဆိုကို သဘောကျကျေနပ်ခြင်း ရှိလှသကဲ့သို့ ဦးခေါင်းကို သွက်လက်စွာဖြင့် ညိတ်၍ ပြလိုက်လေသည်။

"တနင်္ဂနွေနေ့ တစ်နေ့လောက် မေတို့အိမ်ကို လာလည်ပါလားဟင် ကိုထွန်းလင်း၊ မင်းကတော်ကြီး ဒေါ်ဒေါ်စု၊ ခြံနံပါတ် ၃၅၊ ကံဘဲ့ဆိုရင် ရောက်ပါတယ်"

နွားကျောင်းသား ဦးခေါင်းကိုသာ ညိတ်ပြလေသည်။

"တနင်္ဂနွေနေ့လာ ဆိုပေမဲ့ မနက်ခင်းဘက် လာလို့တော့ တွေ့မှာ မဟုတ်ဘူးနော် ကိုထွန်းလင်း၊ မေက ဘုရားရှိခိုးကျောင်းကို မနက်ပိုင်းဘက် သွားတတ်တယ်၊ ညနေဘက်ကျပြန်တော့လည်း ရုပ်ရှင်တို့၊ ပါတီတို့ သွားတတ်သေးတယ်"

"ဒါဖြင့် ကျွန်တော် ဘယ်အချိန်လောက် လာဖို့ကောင်းမလဲဟင်"

"နေ့ခင်းတစ်နာရီလောက်ဆိုရင် ပိုကောင်းတယ်"

"ဒါထက် မေက ဗုဒ္ဓဘာသာဝင် မဟုတ်ဘူးပေါ့နော်" ထွန်းလင်းသည် တက္ကသိုလ်ကျောင်းသားတစ်ဦးပင် ဖြစ်သော်ငြားလည်း လူတစ်ဦး တစ်ယောက်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ မေးခွန်းကို မေးနေလိုက်ပြန်ချေပြီ။

"မိဘဘိုးဘွားတွေက စပြီး ခရစ်ယာန်ဘာသာဝင်တွေပါ ကိုထွန်းလင်း၊ ခရစ်ယာန်ဆိုပေမဲ့ ကက်သလစ်တော့ မဟုတ်ပါဘူး"

"ဘက်ပတစ်(စ်) လား..."

"ချပ်(ချ်) အော့(ဖ်) အင်္ဂလန်..."

"ဩော်... ဩော်... ဩော်" ထွန်းလင်းသည် ဝမ်းနည်းကြေကွဲသော အသံကလေးဖြင့် အာမေဋိတ် ပြုလိုက်မိလေသည်။

❖

## အိပ်၍မပျော်သော ညများ

(၁)

အင်းလျားကန်သာ ပွဲသဘင်မှ ပြန်လာခဲ့ရသောညကမူ ထွန်းလင်းသည် သူ၏ ခန္ဓာကိုယ်ကြီးသာလျှင် သထုံကျောင်းဆောင်သို့ ပြန်လိုက်လာ၍ စိတ်မှာမူကား ၎င်းနှင့် အတူပြန်ပါ၍ မလာတော့ချေ။ ဘောင်းဘီဝတ် ဂုဏ်ထူးတန်းသားတစ်ဦး၏ မော်တော်ကားကလေးနှင့် လိုက်ပါ၍သွားသော လှဥမ္မာ၏ နောက်တော်ပါးမှ ကပ်ပါ၍ သွားလေသည်။

ကျောင်းဆောင်သို့ ပြန်ရောက်လျှင်ရောက်ချင်း ကျက်ရန်ရှိသော စာများကို ကျက်မှတ်ရန်အတွက် စားပွဲတွင် ထိုင်လိုက်တော့မှပင် ထွန်းလင်းသည် ၎င်း၏ကိုယ်ကို ၎င်းယခင်ကကဲ့သို့ ပိုင်ဆိုင်ခြင်းမရှိတော့သည့် အကြောင်းကို စတင်ရိပ်မိစပြုလေသည်။ ၎င်း၏ လိပ်ပြာသည် ၎င်း၏ ကိုယ်၌ မရှိတော့ချေ။ လှနတ်မယ်က ကျေးကျွန်အဖြစ်ဖြင့် စေခိုင်းရန်အတွက် ယူဆောင်၍သွားခဲ့လေပြီ။ သို့ရာတွင် ဘာတစ်ခုကို လုပ်လုပ် ရှုးရှုးစိုက်စိုက်နှင့် စိတ်လိုက်မာန်ပါ ပြုလုပ်တတ်သူတစ်ဦးဖြစ်၍ ထွန်းလင်းသည် စာကြည့်စားပွဲတွင် ပေကတ်၍ ထိုင်ကာ

၎င်းအတွက် မကြည့်လျှင်မဖြစ်သော စာများကို ဖွတ်တိုး၍ ကြည့်လေသည်။

ဦးကုလား၏ မဟာရာဇဝင်တော်ကြီးကို သူသည် ဖတ်ရှုလျက်ရှိသော်လည်း ပြေပြစ်ချောမောလှသော ထိုရာဇဝင်ဆရာကြီး၏ ဝါကျတစ်ခုတလေမျှပင် ၎င်း၏ ဦးခေါင်းထဲသို့ မဝင်တော့ချေ။ သူသည် သရေခေတ္တရာ မင်းဆက်များအကြောင်းကို ဖတ်ရှုနေခြင်းဖြစ်သော်လည်း မဟာသမ္ဗဝနှင့် စူဠသမ္ဗဝတို့သည် ဘာတော်စပ်ကြမှန်းလည်း မသိလိုက်တော့ချေ။ ငတပါးမင်းနှင့် ပုဂံမင်းဆက် ကုလားကျမင်းတို့ကိုလည်း မခွဲခြားတတ်အောင် ဖြစ်နေသည်။

သူသည် မဟာရာဇဝင်တော်ကြီးကို ပြန်ပိတ်လိုက်သည်။ ထို့နောက် တက္ကဗေဒစာအုပ်ကို လှမ်းယူလိုက်လေသည်။ သူသည် တက်ကျမ်းကို စိတ်ရှည်လက်ရှည်နှင့် ကျက်ဖတ်ခြင်း ပြုလေသည်။ ထိုသို့ဖတ်၍သာ သွားခဲ့သည်။ သူသည် ဘာစာအုပ်ကို ဖတ်နေမှန်းပင် မသိလိုက်ချေ။ တက်ကျမ်းတွင် ဒီဒပ်တစ်(ဗ်) နှင့် အင်ဒပ်တစ်(ဗ်) နှစ်ပိုင်းရှိသည့်အနက် သူသည် ဒီဒပ်တစ်(ဗ်)ကို ဖတ်ရှုနေခြင်းဖြစ်သော်လည်း သူ့ကိုယ်ကိုယ်မူကား အင်ဒပ်တစ်(ဗ်) ဖတ်နေသည်ဟု ထင်မြင်လျက်ရှိသည်။ သို့ရာတွင် သူဖတ်နေသော အကြောင်းအရာများမှာ သူ့-ွင်ရှိနေသော အင်ဒပ်တစ်(ဗ်) တက်ကျမ်းနှင့် ဘယ်လိုမှ မစပ်ဟပ်မိသောအခါကျမှ အယောင်ယောင် အမှားမှား ဖြစ်နေသော သူ၏ ကိုယ်ကို ရိပ်မိစပြုလာသည်။

တက်ကျမ်းကို စားပွဲပေါ်သို့ ပြန်တင်ထားလိုက်ပြီးနောက် ထွန်းလင်းသည် စိန္တကျော်သူ၏ ဩဝါဒထူးပျို့ကို ကျက်မှတ်ရန် ကြိုးစားအားထုတ်ခြင်း ပြုပြန်လေသည်။ သူသည် အမျိုးသားကျောင်းမှ ဆယ်တန်းစာမေးပွဲကို ဒစ်စတင်းရှင်းများနှင့် အောင်မြင်လာခဲ့သူဖြစ်၍

မြန်မာစာကိုကား လွယ်လွယ်ကူကူ ဖတ်ရှုကျက်မှတ်နိုင်လိမ့်မည်ဟု အထင်ရောက်ဟန်ရှိသည်။ ၎င်းအပြင် ထိုဩဝါဒထူးပျို့ဆရာ ငယ်စဉ်က ရေးသားခြင်းပြုခဲ့သော ကဝိလက္ခဏာသတ်ပုံနှင့် ရတုအတော်များများကိုလည်း အထွေထွေဗဟုသုတ အဖြစ်ဖြင့် ဖတ်ရှုလေ့လာခဲ့ဖူး သဖြင့် ထိုပျို့တစ်စောင်ကိုတော့ အခက်အခဲမတွေ့ရဘဲ ကြည့်ရှုနိုင်လိမ့် မည်ဟု တွက်ချက်ထားဟန်တူလေသည်။

ဩဝါဒထူးပျို့ဆရာသည် ဤလောက၌ မတင့်တယ်သော အကြောင်းအရာများ၊ လူ့အရယ်ခံရတတ်သော အကြောင်းအရာများ စသည်တို့ကို ရှေးဟောင်း ပုရာဏ်ကျမ်းများနှင့် နီတိကျမ်းကြီးကျမ်းခိုင်များမှ ဖွေရှာထုတ်နုတ်ကာ ဆုံးမဩဝါဒ ပေးထားသော်လည်း ထိုဩဝါဒများကိုလည်း ထွန်းလင်းသည် ဘာတစ်ခုမျှ မရလိုက်ချေ။

၁၁ နာရီခွဲ သာသာခန့်တွင် သူသည် မီးငြိမ်း၍ အိပ်စက်ရန် ကြိုးစားခြင်း ပြုရတော့သည်။ ယင်းသို့ စာကျက်၍မရသဖြင့် အိပ်စက်ရန်အတွက် အိပ်ရာဝင်တော့မှပင် နွားကျောင်းသားလူမိုက်သည် လှလှကြီး ဒုက္ခတွေ့ရလေတော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုမယ်မင်းကြီးမသည် စာကြည့်စားပွဲ၌ ဆော့ကစားရရုံနှင့် အားရကျေနပ်ခြင်း မရှိသေးဘဲ ခြင်ထောင်အတွင်းသို့ အတင်းဝင်လိုက်လာသောကြောင့် ဖြစ်လေသည်။

လှဥမ္မာသည် နွားကျောင်းသားအား အမျိုးမျိုး ကလိလျက်ရှိသဖြင့် ထွန်းလင်းသည် တော်တော်နှင့်လည်း အိပ်စက်ခြင်း မပြုနိုင်ချေ။ အားအင် ကုန်ခန်း၍ အိပ်ပျော်သွားသည့် နောက်ပိုင်း၌မှာပင် ထိုမိန်းမလှသည် ခြင်ထောင်ထဲမှ မထွက်သွားသေးဘဲ အိပ်မက်ထဲသို့ ဝင်၍ ကစားနေပြန်လိုက်သေးသည်။

"မေ... မေ... မေ" အိပ်မက်၌ပင် ထွန်းလင်းသည် လှဥမ္မာကို

ယောင်ယမ်းမြည်တမ်းလျက် ရှိသည်။ သို့ရာတွင် ထိုအိပ်မက်၌ပင် ထိုမိန်းမလှအပေါ်၌ ပြင်းထန်ကြီးမားလျက် ရှိနေသော ၎င်း၏ အစွဲ အလမ်းကိုမူကား သူသည် မသိနိုင်ရှာတော့ချေ။

နာတာလူးပွဲတော်ရက်များနှင့် နှစ်သစ်ကူးပွဲတော်ရက်များအတွက် ကျောင်းပိတ်ရက် ကုန်ဆုံးသွားသော အချိန်တွင် ထွန်းလင်း၏ အိပ် မပျော်သော ရောဂါသည် တစ်စထက်တစ်စ ပြင်းထန်ဆိုးဝါး၍ လာ လေသည်။ ညဘက်များတွင် အိပ်စက်၍မရသည့်အထဲ နေ့ဘက်တွင် အတန်းကိုလည်း မှန်မှန်တက်နေရသည့်အတွက် ပင်ပန်း၍လာသည်။ အစားအသောက်များလည်း ပျက်စီးသဖြင့် အသားအရေများ တဖြည်း ဖြည်း လျော့ပါး၍လာသည်။

ထွန်းလင်းသည် ၎င်း၏ ရောဂါကို တဖြည်းဖြည်း ရိပ်မိစပြုလာ သည်။ သို့ရာတွင် ရောဂါကို သူသည် အဘယ်သို့ ကုသရမည်ကား မသိချေ။ အဘယ်ကြောင့်ဆိုသော် ထိုရောဂါမျိုးကို သူသည် တစ်ကြိမ် တစ်ခါမျှ မဖြစ်ပွားခဲ့ဖူးသောကြောင့် ဖြစ်လေသည်။ မိမိကိုယ်တိုင် မဖြစ် ပွား၍ တစ်စုံတစ်ယောက်ကို တိုင်ပင်ရအောင်ကလည်း ထိုကဲ့သို့ ပွင့် ပွင့်လင်းလင်း ရင်းရင်းနှီးနှီးဖွင့်၍ တိုင်ပင်နိုင်လောက်သော အပေါင်း အသင်းနှင့် သူငယ်ချင်းများ ထွန်းလင်းတွင် တစ်ယောက်တလေမျှ မရှိချေ။ ထို့ကြောင့် ၎င်း၏ ရောဂါကို ရိပ်မိစပြုလာပြီဖြစ်သော်လည်း ကုစားရန် နည်းလမ်းကိုကား ထွန်းလင်းသည် မသိနိုင်စွမ်းချေ။

* * *

(၂)

သူသည် ဆယ်နှစ်သားသာသာခန့် အရွယ်လောက်မှ အစပြု၍ မုဆိုးမသားဖြစ်ခဲ့ရသည်။ သို့ရာတွင် သူ၏ မိခင်သည် ကိုင်း၊ ယာနှင့်

လက်ဧကလေးငါးရာ နီးပါးခန့်မျှ ကြွယ်ဝလျက် တစ်နှစ်တစ်နှစ်လျှင် ဝင်ငွေသုံးလေးထောင်ခန့်မျှ ရှိသော မုဆိုးမကြီးတစ်ဦး ဖြစ်သည်။ ထို့ကြောင့် သူ၏ဖခင်သည် ဆယ်နှစ်သားအရွယ်တွင် သေဆုံးသွားသော်လည်း သူသည် သူများနည်းတူ ပညာသင်ကြားနိုင်ခဲ့လေသည်။ ပိုက်ဆံ ဥစ္စာ ပြည့်စုံသော်လည်း ရှေးကျ၍ စည်းကမ်းတင်းကျပ်လှသော မိခင်၏ အုပ်ချုပ်မှုအောက်တွင် ပညာသင်ကြား ကြီးပြင်းလာရသူဖြစ်သဖြင့် စာသင်ခန်းနှင့် အိမ်အတွေ့အကြုံ၊ ဗဟုသုတများမှလွဲ၍ ထွန်းလင်းသည် ယောကျ်ားကလေးတို့ ဘာသာဘာဝ သိသင့်သိထိုက်သော အခြားအထွေထွေဗဟုသုတဆို၍ ဘာမျှမရှိခဲ့ချေ။ အထက်တန်းသို့ ရောက်ရှိ၍ လူမွေးလူတောင် တော်တော်ကလေး စုံလင်လာသော အရွယ်၌မှာပင် သူသည် မိန်းကလေးတစ်ဦးတစ်ယောက်ကို လူပျိုပေါက်တို့ ဘာသာဘာဝ ပိုးပန်းရကောင်းမှန်း မသိရှိချေ။ ရင်းရင်းနှီးနှီးလည်း စကားမပြောဖူး၊ မဆိုဖူးပေ။ မုဆိုးမမိခင်၏ မျက်စိအောက်၌ မျက်ခြည်အပြတ်မခံရဘဲ ကြီးပြင်းလာခဲ့ရသဖြင့် သူ၏အပေါင်းအသင်းနှင့် မိတ်ဆွေများမှာ စာအုပ်များသာ ဖြစ်လေသည်။ သူ၏ မိခင်သည် သားအတွက် အသိဉာဏ်နှင့် အလိမ္မာ တိုးပွားစေမည့် စာအုပ်မှန်သမျှကို လိုသလောက် ဝယ်ခြမ်းပေးလေ့ရှိသည်။ ထိုကဲ့သို့သော စာအုပ်စာတမ်းများကို ဖတ်တတ်အောင်လည်း ၎င်း၏ မိခင်ကိုယ်တိုင်က အားပေးလေ့ကျင့်ခဲ့သဖြင့် ထွန်းလင်းသည် အလယ်တန်းကျောင်းသား အရွယ်မှစ၍ အသက်အရွယ်နှင့် မမျှလောက်သော စာပေဗဟုသုတများဖြင့် ပြည့်နှက်ကြွယ်ဝခဲ့ပေသည်။ ဆရာသမားများ၏ ချစ်ခင်လေးစားခြင်း ခံခဲ့ရသော ကျောင်းသားတစ်ဦးလည်း ဖြစ်လေသည်။

ထွန်းလင်းသည် ဉာဏ်ပညာလည်း ထက်မြက်ကောင်းမွန်သော လူငယ်တစ်ဦးဖြစ်သည့်အပြင် မိခင်လုပ်သူ၏ စည်းကမ်းကောင်းမွန်

သော အုပ်ချုပ်မှုအောက်တွင် နေထိုင်ခဲ့ရသဖြင့် အသက် ၁၈ နှစ်သားတွင် ဆယ်တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့လေသည်။ ဆယ်တန်းစာမေးပွဲကို အောင်မြင်ရာ၌လည်း အောင်ရိုးအောင်စဉ်မဟုတ်သေးဘဲ အင်္ဂလိပ်၊ မြန်မာနှင့် သင်္ချာဘာသာရပ်များတွင် အထူးအမှတ်များဖြင့် အောင်မြင်ခဲ့ခြင်း ဖြစ်လေသည်။ ယင်းသို့ ဆယ်တန်းစာမေးပွဲကို အောင်မြင်ခဲ့သော်လည်း ရှေးဆန်၍ အယူသီးလှသော ၎င်း၏ မုဆိုးမမိခင်ကြီးသည် တစ်ယောက်တည်းသော သားကို ၎င်းနှင့် ခွဲခွာ၍ တက္ကသိုလ်သို့ မပို့လိုချေ။ သားကိုလည်း အင်မတန်ချစ်သည့်အလျောက် မျက်စိအောက်က အပျောက်မခံလိုချေ။

ငယ်ရွယ်သော ထွန်းလင်းသည် အများနည်းတူ ကျော်ကြားခြင်းရှိလှသော တက္ကသိုလ်ကျောင်းတော်ကြီးသို့ သွားရောက်လိုပေသည်။ သို့ရာတွင် သူ၏ မိခင်က ထိုကိစ္စကို များစွာ သဘောကျပုံမပေါ်သဖြင့် သူသည် မျိုသိပ်ထားခဲ့ရသည်။ မိခင်ကို အင်မတန် ချစ်ကြောက်ရိုသေတတ်သော သားဖြစ်၍ မိခင်ဖြစ်သူ စိတ်မချမ်းမသာဖြစ်မည့် အမှုကိစ္စမှန်သမျှကို သတိကြီးစွာ ထားလေ့ရှိသည်။ ဆင်ခြင်လေ့ရှိသည်။ ခြိုးခြံလေ့လည်း ရှိသည်။

သို့ရာတွင် ဉာဏ်ပညာ ထက်မြက်လှသော ထွန်းလင်းကဲ့သို့ ကျောင်းသားလူငယ်တစ်ဦးကို တက္ကသိုလ်ကျောင်းတော်ကြီးသို့ တက်ရောက် ပညာသင်ကြားစေဖို့ အခွင့်အလမ်းက ပေါ်လာရပေသည်။ ထိုကိစ္စကို ညွှန်ကြားဖန်တီးသူမှာ ၎င်းမိခင် ကိုးကွယ်သော ဆရာတော်ကြီး ဦးတိက္ခပင်ဖြစ်သည်။

ဦးတိက္ခသည် ပွင့်ဖြူနယ်တွင် များစွာ တန်ခိုးကြီး၍ ဩဇာတိက္ကမကြီးလှသော ဘုန်းတော်ကြီးတစ်ပါး ဖြစ်လေသည်။ ထွန်းလင်းတို့ ဘိုးဘွားများ လက်ထက်မှစ၍ ကိုးကွယ်ခဲ့ကြသော ဆရာတော်ကြီးလည်း

ဖြစ်လေသည်။

ထွန်းလင်း၏ မိခင် ဒေါ်သက်ရှည်သည် ဆရာတော် ဦးတိက္ခ၏ ပစ္စည်းလေးပါး ဒါယိကာမဖြစ်သည်။ ရေတွင်းအမနှင့် ဇရပ်အမလည်း ဖြစ်သည်။ ထွန်းလင်းကို ဗုဒ္ဓဘာသာဝင်တို့ ဓလေ့ထုံးစံတိုင်း သင်္ကန်း ဆီးပေးစဉ်က ဆရာတော် ဦးတိက္ခကျောင်းတွင် ဆီးခဲ့သည်။ ထို့ကြောင့် ထွန်းလင်း၏ မိခင်သည် ဆရာတော် ဦးတိက္ခ၏ ဩဇာကို ဘယ်သော အခါကမျှ လွန်ဆန်ခြင်းမပြုခဲ့ချေ။

ထွန်းလင်းသည် ဆယ်တန်းစာမေးပွဲကို သုံးဘာသာတိတိ အထူး မှတ်များဖြင့် အောင်သော်လည်း ဒေါ်သက်ရှည်က သူ့သားကို မခွဲနိုင်၍ တက္ကသိုလ်ကျောင်းသို့ မပို့တော့ဆိုသော သတင်းသည် တစ်စထက် တစ်စ လူပြောသူပြောများရာမှ နောက်ဆုံး၌ ဆရာတော် ဦးတိက္ခနားသို့ ပေါက်ကြားသွားလေသည်။ သားကို မခွဲနိုင်၍ တက္ကသိုလ်ကျောင်းသို့ မပို့တော့ဆိုသော အချက်ကို ဆရာတော် ဦးတိက္ခသည် လက်မခံနိုင် ချေ။ တစ်ကိုယ်ကောင်း ကြံနေသလိုဖြစ်နေသော ၎င်း၏ ဒါယိကာမကြီး အပေါ်၌ မကျေမနပ်ဖြစ်မိသည်။ တစ်စုံတစ်ရာကို မကျေမနပ်ဖြစ်လျှင် ငြိမ်၍ခံမနေတတ်သော ဘုန်းတော်ကြီးက ၎င်း၏ ပစ္စည်းလေးပါး ဒါယိ ကာမကြီးကို ကပ္ပိယတစ်ယောက်အား စေလွှတ်၍ ကျောင်းသို့လာရန် အခေါ်ခိုင်းလိုက်သည်။ ဆရာတော်ကြီး ဦးတိက္ခဆိုလျှင် ငယ်ကြောက် ဆိုလည်းဖြစ်၊ ဆရာသမားကဲ့သို့လည်း ဖြစ်နေသောကြောင့် ဒေါ်သက် ရှည်သည် ချက်ချင်းပင် ကျောင်းသို့ လိုက်လာသည်။

ဆရာတော် ဦးတိက္ခက ထွန်းလင်းအား တက္ကသိုလ်ကျောင်း၌ ဆက် လက်ပညာသင်ကြားပေးဖို့ ကိစ္စကို နားသွင်းပြောဆိုသောအခါ ဘုရား အမကြီး ဒေါ်သက်ရှည်သည် ဘာတစ်ခွန်းမျှတော့ ပြန်၍မပြောချေ။ ငြိမ်သက်စွာ ခေါင်းငုံ့၍ နားထောင်ခြင်းပြုလေသည်။ သို့ရာတွင် စိတ်ထဲ

ကတော့ မကြည်သာလှချေ။

ဘုန်းတော်ကြီး ဦးတိက္ခသည် စာတတ်ပေတတ် ဆရာတော်ကြီး တစ်ပါး ဖြစ်သည့်အလျောက် လောကီ၊ လောကုတ္တရာ ကျမ်းဂန်များမှ ထုံးဟောင်းသာဓကနှင့် ပုံပြင်များကို အခိုင်အခံ့ ထုတ်ဆောင်ကာ ၎င်း၏ အဆိုပြုချက်ကို လက်ခံလာအောင် တစ်နာရီသာသာခန့်မျှ မရပ်မနား ပြောဆိုနားချခြင်း ပြုလေသည်။ ဆရာတော် ဦးတိက္ခ၏ စကားများသည် များစွာ နည်းလမ်းကျန၍ မှန်ကန်လှသည်က တစ်ကြောင်း၊ ငယ်ကြောက်ဆရာရင်း၊ သမားရင်းလည်း ဖြစ်သည်တို့ကတစ်ကြောင်းကြောင့် ကျောင်းအမကြီး ဒေါ်သက်ရှည်သည် နောက်ဆုံး၌ ၎င်း၌ တစ်ယောက်တည်းသာရှိ၍ ဝေးဝေးလံလံ ခွဲထားခြင်းမပြုလိုသော သားကို ရန်ကုန်တက္ကသိုလ် ကျောင်းတော်ကြီးသို့ ပို့လွှတ်ရန် အာမဘာရွှေခံလိုက်လေသည်။ ထိုသို့ သားကို တက္ကသိုလ်သို့ စေလွှတ်လိုက်သည့်နှစ်မှာပင် ထိုအမယ်ကြီးသည် ဝတ်ကြောင်းကိုစွန့်၍ ရသေ့မ ဝတ်လိုက်လေသည်။

ထွန်းလင်းသည် ဤသို့ဖြင့် ရန်ကုန်တက္ကသိုလ်ကျောင်းကြီးသို့ ရောက်ရှိ၍ လာခဲ့ရသော ကျောင်းသားလူငယ်တစ်ဦး ဖြစ်လေသည်။

* * *

## (၃)

ထွန်းလင်းသည် ရန်ကုန်တက္ကသိုလ်၌ နှစ်နှစ်နီးပါးခန့်မျှသော အချိန်တို့ကို ကုန်လွန်စေခဲ့ပြီ ဖြစ်လေသည်။ ထို နှစ်နှစ်နီးပါးခန့်မျှသော အချိန်ကာလအတွင်း ထွန်းလင်းသည် ဘောပတ်ဝန်းကျင်၏ ဖိစီးရိုက်ခတ်မှုကို အပြင်းအထန် ခံခဲ့ရသည်။ သူ၏ ဘောပတ်ဝန်းကျင်၌ အစိုးရအရာရှိ အရာခံသားသမီးများ၊ သူဌေးကုန်သည်နှင့် မြေရှင်သားသမီး

များသည် သုံးဖြုန်းမော်ကြွားကာ ပညာသင်ကြားလျက် ရှိကြသည်။ သူ့ထက်ငါ ဂုဏ်တုဂုဏ်ပြိုင် ကြဲနေကြသော ပတ်ဝန်းကျင်၌ ထွန်းလင်းသည် ပညာသင်ကြားခြင်း ပြုခဲ့ရသည်။ တစ်နှစ်၊ တစ်နှစ်လျှင် ဝင်ငွေသုံးလေးထောင်မျှရှိသော မြေရှင်တစ်ဦး၏ သားဖြစ်၍ ထွန်းလင်းသည် အများနည်းတူ သုံးဖြုန်းနိုင်သော ကျောင်းသားတစ်ဦးလည်း ဖြစ်သည်။ သူ၏ မိခင်သည် သားလုပ်သူအား အထက်တန်းကျကျ ပညာသင်ကြားခြင်း ပြုနိုင်အောင် တစ်နှစ်၊ တစ်နှစ်လျှင် သူ့အတွက် ရန်ကုန်ဘဏ်တိုက်ကြီး တစ်တိုက်၌ ငွေတစ်ထောင်ခန့်မျှအထိ စာရင်းရှင်ဖွင့်၍ ထားပေးလေသည်။

ဝါကြွားပြိုင်ဆိုင်လျက်ရှိသော ပတ်ဝန်းကျင်၏ ဖိစီးရိုက်ခတ်မှုကို ခံနေရပြီးလျှင် သူများနည်းတူ အပြိုင်ကြဲနိုင်သော အခြေအနေများရှိသော်လည်း ထွန်းလင်းသည် များစွာ ပြောင်းလဲခြင်း မရှိခဲ့ချေ။ တက္ကသိုလ်ကျောင်းတော်သားကြီး တစ်ဦးဖြစ်လာခဲ့သည့် နောက်ပိုင်း၌လည်း ယခင်အထက်တန်းကျောင်းသားဘဝနှင့် တုန်းကထက် ဘာမျှ တိုးတိုးတက်တက် ထူးထူးခြားခြား ဖြစ်မလာချေ။ သူ၏ အနေအထိုင်၊ အပြောအဆို၊ အသွားအလာနှင့် အဝတ်အစား စသည်တို့တွင် ထိုထို ယခင်ကအတိုင်းသာ ဖြစ်လေသည်။ မိခင်လုပ်သူ၏ မျက်စိအောက်တွင် နေထိုင်ရစဉ်က အနေအထိုင်နှင့် မိခင်မျက်ကွယ်ရာတွင် နေထိုင်ရသော အနေအထိုင်တို့သည် ဘာမျှ ခြားနားပြောင်းလဲခြင်းလည်း မရှိချေ။ ပိပိရိရိနှင့် ခပ်အေးအေး ခပ်ကုပ်ကုပ်သာ နေထိုင်မြဲ နေထိုင်လျက် ရှိသည်။ ရန်ကုန်တက္ကသိုလ် ကျောင်းတော်သားကြီးတစ်ဦး ဖြစ်လာ၍လည်း သူသည် ဘဝင်မြင့်မလာချေ။ အကြွားအဝါနှင့် အတုအပဆို၍ လည်း ဘာတစ်ခုမျှမရှိချေ။ ရန်ကုန်တက္ကသိုလ်တွင် နှစ်နှစ်နီးပါးခန့်မျှ အချိန်ကုန်လွန်ခဲ့ရသည့်အတွင်း ထွန်းလင်းသည် မထင်မရှား ကျောင်းသားတစ်ဦးအဖြစ်ဖြင့်သာ

၎င်းသင်ကြားရန်ရှိသော ပညာရပ်များကို ခပ်ရိုးရိုး၊ ခပ်ကုပ်ကုပ် သင်ကြားခြင်း ပြုခဲ့လေသည်။

ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိခါစ ပထမနှစ်ကမူ သထုံကျောင်းဆောင်မှ အခန်းနီးနားချင်း ကျောင်းသားလေးငါးဦးနှင့် ၎င်း၏ အတန်းတူ ကျောင်းသား လေးငါးဦးတို့က လွဲ၍ ထွန်းလင်းကို သိကျွမ်းသူမရှိသလောက် ဖြစ်သည်။ စာသင်ခန်းနှင့် မိမိနေထိုင်ခြင်း ပြုရသော အခန်းများမှလွဲ၍ ထွန်းလင်းသည် အခြားအခြားသော ကျောင်းဆောင်များသို့ပင် မရောက်ဖူးချေ။ သူသည် ပထမနှစ်ကုန်ဆုံးခါနီးမှ တက္ကသိုလ်ကျောင်းသားများသမဂ္ဂ အဆောက်အအုံပေါ်သို့ ရောက်ဖူးလေသည်။ ရွှေတိဂုံဘုရား၊ ဆူးလေစေတီတော်နှင့် တိရစ္ဆာန်ရုံများသို့ပင် အောက်တိုဘာလ ကျောင်းပိတ်ရက်များအတွင်းက အခန်းနီးချင်းတစ်ဦးက အတင်းခေါ်၍သာ ရောက်ဖူးခဲ့လေသည်။ သူ့အလိုအားဖြင့်သာဆိုလျှင် ကမာရွတ်ဘက်ရှိ ဆံပင်ညှပ်ဆိုင်မှလွဲ၍ အဘယ်သို့မျှ ရောက်ဖူး၊ ပေါက်ဖူးရန် အကြောင်းမရှိချေ။

ပညာသင်ကြားခြင်းအမှု၌ စိတ်အားထက်သန်သော လူငယ်တစ်ဦး ဖြစ်သည့်အလျောက် ထွန်းလင်းသည် စာကိုမူကား များစွာ ကြိုးစားလေသည်။ စိတ်ကလည်း တည်ကြည်ငြိမ်သက်၍ ဉာဏ်ကလည်း ကောင်းမွန်ထက်မြက်ရကား သူသည် အတန်းထဲ၌ အင်မတန်တော်သော ကျောင်းသားတစ်ဦး ဖြစ်လာသည်။ ၎င်း၏ အတန်းဆရာများနှင့် အဆောင်မှူးများက ထွန်းလင်းအား များစွာ အလားအလာရှိသော ကျောင်းသားတစ်ဦးအနေနှင့် လေးလေးစားစား သဘောထားကြသည်။ ဥပစာတန်း ဒုတိယနှစ်တွင် ထွန်းလင်းအား ဂုဏ်ထူးတန်းတက်ရမည့် ကျောင်းသားတစ်ဦးအနေနှင့် သေချာပေါက်တွက်၍ ထားကြသည်။ ထွန်းလင်း ကိုယ်တိုင်ကလည်း ၎င်း၏ကိုယ်ကို စိတ်ချယုံကြည်စွာဖြင့်

ဂုဏ်ထူးတန်း တက်နိုင်လိမ့်မည်ဟု တွက်ဆထားပေသည်။

* * *

(၄)

သို့ရာတွင် တစ်ညသောအခါက မဖျော်လင့် မထင်မှတ်ဘဲနှင့် ထွန်းလင်းသည် အင်းလျားကန်သာဆိုသော ပန်းဥယျာဉ်၌ လှဥမ္မာနှင့် တွေ့ခဲ့ရလေသည်။ သူသည် ထိုကဲ့သို့ လှပချောမော၍ ချစ်စရာကောင်းသော မိန်းမလှမျိုးကို ယခင်က တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ဖူးချေ။ အခြား မည်သည့် သက်တူရွယ်တူ မိန်းကလေးတစ်ယောက်နှင့်မှလည်း ရင်းနှီးကျွမ်းဝင်မှု မရှိခဲ့ဖူးချေ။ သူသည် အစိမ်းသက်သက်မျှသာ ဖြစ်သည်။ လူရိုင်းတစ်ဦးမျှသာ ဖြစ်လေသည်။

ဖော်ရွေ၍ ခေတ်ဆန်လှသော ပညာတတ်မိန်းမလှသည် တွေ့လျှင်တွေ့ချင်း သူ၏ နှလုံးသားကို လှုပ်ကစားလိုက်သည်။ ကစားလိုက်သူအဖို့မှာ အဘယ်သို့ ရှိလိမ့်မည် မပြောတတ်သော်လည်း အကစားခံလိုက်ရသူမှာတော့ သွက်သွက်လည်၍ သွားလေသည်။

မေ့ကို ကြည့်ရသည်မှာ လေးနက်ခြင်းရှိပုံ မရ၊ အထူးသဖြင့် ဆန့်ကျင်လိင်များနှင့် ဆက်ဆံရာတွင် ပေါ့ပေါ့တန်တန်နှင့် မထီတရီနိုင်လှသည်ဟု ထင်စရာရှိလေသည်။ သို့ရာတွင် မေ၏ ဆက်ဆံမှုနှင့် တွေ့ထိလိုက်ရသော လူမှန်သမျှ မေ့အပေါ်၌ တစ်ခါတည်း တပ်မက်၍သာ သွားတတ်သည်။

မေမေလွင်၌ ဆန့်ကျင်ဘက်လိင်ကို ဖေ့ယမ်းပစ်လိုက်နိုင်သော ရမ္မက်များရှိသည်ဟု ဆိုရလိမ့်မည်လား မပြောတတ်ချေ။ သူနှင့် တွေ့လိုက်သော ယောက်ျားတိုင်းသည် သူ့ကို တစ်ခါတည်း စိတ်ဝင်စားသွားလေ့ရှိသည်။ သို့ရာတွင် မေမေလွင်သည် ယောက်ျားများကို ငင်းကဲ့သို့

ပင် ရည်တူတန်းတူ သဘောထားတတ်ပုံရသည်။ လူချင်း တွေ့ဆုံဆက်ဆံနေသည့် အခိုက်သာ လေးနက်ခြင်းရှိလျက် တစ်ယောက်နှင့် တစ်ယောက် ကျောခိုင်းသွားကြသည်နှင့် တစ်ပြိုင်နက် ထိုသူကို တစ်ခါတည်း မေ့ဖျောက်ပစ်လိုက်တတ်သည်။ မေ့ဖျောက်ပစ်နိုင်သော စွမ်းအားလည်း ရှိလေသည်။

ရိုးအ လှသော ထွန်းလင်းသည် ရိုးရိုးကုပ်ကုပ် ပညာသင်ကြားနေထိုင်လျက်ရှိခဲ့ရာမှ တွေ့မည့်တွေ့သောအခါ တကယ့်မိန်းမလှနှင့်မှ သွား၍ တွေ့ခဲ့ရလေသည်။ ထိုမိန်းမလှနှင့် တွေ့ဆုံသိကျွမ်း၍ အင်းလျားကန်သာမှ ပြန်လာခဲ့ရသော အချိန်ကာလမှစ၍ သူသည် အိပ်၍မပျော်သော ညပေါင်းများစွာကို ပင်ပင်ပန်းပန်း ဖြတ်သန်းလာခဲ့ရသည်။ စာမေးပွဲကြီးလည်း နီးကပ်နေပြီဖြစ်သော်လည်း သူသည် စာကြည့်၍ မရတော့ချေ။

မိမိ အလူးအလဲခံစားနေရသော ရောဂါအတွက် ဘာက ဘယ်လိုလုပ်ရမှန်း ထွန်းလင်းသည် အစရှာ၍မရချေ။ ထိုရောဂါသည် ပထမအကြိမ်ဖြစ်သော ရောဂါဖြစ်၍လည်း ပြင်းထန်လှပေသည်။ ထိုမျှ ပြင်းထန် ဆိုးဝါးသော ရောဂါကို သူသည် လူသိမခံဝံ့သဖြင့် တစ်ယောက်တည်း ကြိတ်မှိတ်၍ ခံနေခဲ့သည်။ သို့ရာတွင် ရောဂါသည် ကစ်နေ့တခြား ပြင်းထန်ဆိုးဝါး၍ လာလေသည်။ သည်အတိုင်းပစ်ထား၍ မဖြစ်တော့သည့် အရေးမှန်းလည်း စဉ်းစားမိစပြုလာသည်။

သို့ရာတွင် ထိုရောဂါကို သူသည် အဘယ်ပုံ ကုစားရမည်နည်း။ ယခင်က ထိုရောဂါမျိုး မဖြစ်ပွားဖူးသဖြင့် သူသည် အဘယ်ကဲ့သို့ ကုစားခြင်းပြုရမည့် အကြောင်းကိုလည်း မသိနိုင်ချေ။ ရောဂါက နာတာရှည်ကြီး ဖြစ်လာလျက် စာမေးပွဲကြီးကလည်း အလွန်တရာ နီးကပ်လာသောအခါ နွားကျောင်းသားသည် ရင်း၏ရောဂါကို မဖြစ်ဖြစ်သည့်

နည်းနှင့် ကုစားခြင်းမပြုလျှင် မဖြစ်တော့သည့်အကြောင်းကို လေးလေးနက်နက် စဉ်းစားမိလာသည်။ သူ့အား ဖမ်းစားခြင်းပြုလိုက်သော လှနတ်မယ်၏ ခြေတော်ရင်းသို့ ဝင်ရောက်ခစားလျက် တောင်းပန်တိုးလျှိုးခြင်းပြုရန် ထွန်းလင်းသည် ဆုံးဖြတ်လိုက်သည်။ ထိုအမှုကိုပြုရန်မှာ ထွန်းလင်းကဲ့သို့ လူတစ်ယောက်အတွက် လွယ်ကူလှသည်တော့ကား မဟုတ်ချေ။ သို့ရာတွင် မလုပ်လျှင်မဖြစ်သော အလုပ်သာ ဖြစ်နေခဲ့လေပြီ။ ဘယ်သူမပြု၊ မိမိမှုပင် မဟုတ်သလော။

❖

## ရဲလို့ဖြင့် မဟုတ်ပါ

(၁)

နောက်ဆုံး၌မူကား ထွန်းလင်းသည် မရဲတရဲနှင့်ပင် လူရဲကြီးလုပ်ကာ လှဥမ္မာ၏ ရှေ့တော်မှောက်သို့ အဖူးမြော်ဝင်ရောက်ခြင်း ပြုရလေတော့သည်။

ထိုနေ့သည် တနင်္ဂနွေနေ့ ဖြစ်လေသည်။ ဘုရားဝတ်ပြုပြီး၍ အဝတ်အစားသစ်များနှင့် နေအိမ်သို့ပြန်လာသော မေမေလွင်သည် ၎င်းနေထိုင်လျက်ရှိသော ကံဘဲ့ဘက်ရှိ အန်တီစုတို့အိမ်၏ ဧည့်ခန်းအလယ်၌ မျှော်လင့်ထင်မှတ်ထားပုံမရသော တက္ကသိုလ်နွားကျောင်းသားကြီးတစ်ယောက်ကို ဗြုန်းခနဲ တွေ့ရှိလိုက်ရသောအခါ များစွာ အံ့သြသွားပုံရသည်။ ၎င်းအား အင်မတန်တွေ့လိုဟန်ရှိ၍ တကူးတက နေအိမ်သို့လာရောက်ကာ ဖွဲကောင်းကောင်းနှင့် စောင့်ဆိုင်းနေရှာသော ဧည့်သည်လုပ်သူကို ချက်ချင်းနှုတ်မဆက်နိုင်သေးဘဲ ဧည့်ခန်းတံခါးဝ၌ရပ်ကာ အတန်ကြာမျှ ခပ်ငေးငေး ခပ်ကြောင်ကြောင်ကလေး ကြည့်နေမိသည်။

ရန်ကုန်တက္ကသိုလ်မှ နွားကျောင်းသားသည် ၎င်း၌ ထိုယောလုံ

ကွင်း တစ်ထည်တည်းသာ ရတတ်သကဲ့သို့ ထိုပုဆိုးမည်းမည်းကြီးကိုသာ ဝတ်ဆင်၍ လာပေသည်။ သို့ရာတွင် အင်းလျားကန်သာ ပွဲသဘင်တုန်းကလို ပင်နီအပေါ်ဖုံးအင်္ကျီကိုကား ဝတ်ဆင်မလာတော့ချေ။ တရုတ်ပိုးနှင့် ချုပ်၍ထားသော ကြက်ဥနှစ်ရောင် အပေါ်ဖုံးအင်္ကျီကို ဆင်မြန်းလာသည်။ သူသည် ဝီရိယကောင်းကောင်းနှင့် ခပ်စောစောကပင် ရောက်ရှိနေဟန်ရှိလေသည်။ တွေ့လိုသူကို တစ်ယောက်တည်း ဧည့်ခန်းလယ်မှ စောင့်ဆိုင်းရင်း ကော့(စ်) မိုပိုလီတန်အမည်ရှိ အင်္ဂလိပ်မဂ္ဂဇင်းတစ်စောင်ကို အပျင်းပြေကြည့်ရှုနေသည်။ ထိုသို့ အင်္ဂလိပ်မဂ္ဂဇင်းတစ်စောင်ကို ကြည့်ရှုနေခိုက် လှဥမ္မာသည် ဧည့်ခန်းတံခါးဝ၌ လာ၍ရပ်ခြင်း ဖြစ်လေသည်။

ဘုရားဝတ်ပြုကျောင်းမှ အဝတ်သစ်၊ အစားသစ်များဖြင့် ပြန်ရောက်လာသော လှဥမ္မာကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက်လက်ထဲမှ မဂ္ဂဇင်းစာအုပ်သည် လွတ်ကျ၍ သွားလေသည်။ ထို့နောက် ထိုင်၍နေရာမှ အလိုလို ထလျက်သားဖြစ်နေသည်။ သို့ရာတွင် သူသည် မေမေလွှင့်ကို အဘယ်သို့ စတင်နှုတ်ဆက်ရမှန်းမသိချေ။ ရင်တွင်း၌လည်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"ဟင်... ကိုထွန်းလင်းပါလား၊ ရောက်နေတာ တော်တော်ကြာသွားပြီလား" မေမေလွှင် ၎င်း၏ အံ့ဩနေသော အတွင်းစိတ်ထားကို ဖုံးကွယ်ခြင်းမပြုနိုင်ဘဲ အံ့ဩလျက်ရှိသော အမူအရာဖြင့် နှုတ်ဆက်မေးမြန်းခြင်း ပြုလိုက်မိသည်။

"သိပ်တော့ မကြာလှသေးပါဘူး၊ နာရီဝက်လောက်ပဲ ရှိပါလိမ့်ဦးမယ်" ထွန်းလင်းက ဣန္ဒြေရရ ပြန်၍ပြောဆိုခြင်း ပြုလေသည်။

"ထိုင်လေ ကိုထွန်းလင်း၊ မေလည်း ဘုရားဝတ်ပြုရာက အပြန်အသိတစ်ယောက်အိမ် ခဏဝင်နေလို့ နည်းနည်းနောက်ကျသွားတယ်"

မေမေလွင်သည် ညှော်ခန်းအတွင်းသို့ ဝင်လာရင်း ပြောဆိုလေသည်။

ထိုအခိုက် အသက်ငါးဆယ်ခန့်ရှိ ခုံခုံညားညား ဝတ်စားဆင်ယင်ထားသော အဘွားကြီးတစ်ယောက်သည် "မေရေ… မေ" ဟု အသံပြုကာ ညှော်ခန်းအတွင်းသို့ ဝင်လာရာမှ မေမေလွင့်အပြင် ညှော်ခန်းလယ်၌ ၎င်း တစ်ကြိမ်တစ်ခါမျှ တွေ့ဖူးမြင်ဖူးဟန်မရှိသော သူစိမ်းလူရွယ်တစ်ယောက်ကို တွေ့မြင်လိုက်ရသည့်အတွက် ခြေလှမ်းများ တန့်၍သွားလေသည်။

မေမေလွင်သည် ညှော်ခန်းအတွင်းသို့ ၎င်း၏နောက်မှ ဝင်လိုက်၍ လာသော အဘွားကြီးကို တစ်ချက်မျှ သမင်လည်ပြန် လှည့်ကြည့်ပြီးနောက် "မေ့မိတ်ဆွေအသစ်တစ်ယောက်နဲ့ အန်တီစုကို မိတ်ဆက်ပေးရဦးမယ်" ဟု ခပ်အေးအေး ခပ်ပေါ့ပေါ့ ပြောဆိုလေသည်။

စိန်နားကပ်ကြီး တဝင်းဝင်းနှင့် အန်တီစုဆိုသော အဘွားကြီးသည် အရပ် ထောင်ထောင်မောင်းမောင်းနှင့် ရုပ်ရည်သန့်ပြန့်မွန်ရည်သော ထွန်းလင်းကို အကဲခတ်သလို လှမ်း၍ ကြည့်ရှုခြင်းပြုလိုက်သည်။ လေးနက်သော အမူအရာနှင့် အသွင်အပြင်များ မရှိလှချေ။ ၎င်းတူမလုပ်သူက မိတ်ဆက်ပေးဖူးသော လူငယ်ပေါင်း မြောက်မြားစွာတို့ကိုလည်း တွေ့ကြုံခဲ့ပြီးဟန် ရှိလေသည်။

အန်တီစုသည် ထွန်းလင်းနှင့် မလှမ်းမကမ်းရှိ ကုလားထိုင်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်သည်။ ထွန်းလင်း၏ ရုပ်ရည်နှင့် အသွင်အပြင်တို့ကို အကဲခတ် ကြည့်ရှုပြီးနောက် ၎င်းဆင်းမြန်းထားသော ယောပုဆိုးကို လှမ်း၍ ကြည့်နေသည်။

မေမေလွင်သည် ထွန်းလင်းနှင့် အန်တီစုတို့ ထိုင်နေကြသော ကုလားထိုင်များအကြားတွင် လွတ်နေသော ကုလားထိုင်တစ်လုံး၌ ဝင်၍ ထိုင်လိုက်ရင်း "အင်တာစီနီယာက ကိုထွန်းလင်းလေ အန်တီစု၊

ပွင့်ဖြူဘက်ကလို့ ပြောတယ်" ဟု မိတ်ဆက်ပေးခြင်း ပြုလေသည်။

ပွင့်ဖြူဘက်ကဟု ဆိုလိုက်တော့မှပင် အန်တီစုသည် အင်တာစီနီယာက ထွန်းလင်းဆိုသူကို ပိုမို၍ စိတ်ဝင်စားခြင်း ရှိလာသကဲ့သို့ "သြော်... မောင်ထွန်းလင်းက ပွင့်ဖြူဇာတိပဲလား" ဟူ၍ မေးမြန်းဖော်ရလာသည်။

"ဟုတ်ပါတယ် အန်တီ၊ ကျွန်တော်ကတော့ မိဘဘိုးဘွားတွေကအစ ပွင့်ဖြူဇာတိကပါ" ထွန်းလင်းက ၎င်းသည် ပွင့်ဖြူသား ဇာတိစစ်စစ်ဖြစ်သည့် အကြောင်းကို မိဘမျိုးရိုးနှင့်ချီ၍ ဝင့်ဝါပြောဆိုခြင်းပြုလိုက်သည်။

"မေ သုံး လေးနှစ်သမီး အရွယ်လောက်တုန်းက အန်တီတို့လည်း ပွင့်ဖြူမှာ အစိုးရအလုပ်ဝတ္တရားနဲ့ တော်တော်ကြာကြာကလေး နေခဲ့ဖူးသေးတယ်ကွဲ့၊ ပွင့်ဖြူမြို့ကလေးကတော့ အေးအေးချမ်းချမ်းနဲ့ တော်တော်ကလေး သာယာပါတယ်" အန်တီစုက အတိတ်ကဇာတ်ကြောင်းကို ပြန်ပြောင်း၍ ပြောဆိုနေလေသည်။

"ဟုတ်ကဲ့၊ မေက ပြောပြလို့ ကျွန်တော်လည်း သိထားပါတယ် အန်တီ"

"ကြာတော့ ကြာပါပြီကွယ်၊ ဟိုတုန်းက အန်တီတို့နဲ့ ဆွေမျိုးသားချင်းလို အင်မတန်ခင်မင်လာခဲ့ကြတဲ့ အသိမိတ်ဆွေတွေလည်း ရှိမှရှိကြသေးရဲ့လား မဆိုနိုင်ဘူးကွယ်၊ ခေတ်ကြီးကလည်း ပြောင်းခဲ့မှကိုး"

"ပွင့်ဖြူမြို့ပေါ်မှာတော့ ကျွန်တော့်မိဘများကို မသိတဲ့လူရယ်လို့ မရှိကြသလောက်ပါပဲ အန်တီ" ပွင့်ဖြူသားကြီးက ဝါဒဖြန့်လျက်ရှိသည်။

"အေးကွယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က အန်တီတို့ မေရဲ့ မိဘများနဲ့ ပွင့်ဖြူမှာ နေခဲ့ကြရတုန်းက အန်တီတို့နဲ့ အင်မတန်ခင်မင်

ကြတဲ့ ကိုကျော်ဒင်နဲ့ မသက်ရှည်တို့ လင်မယားဆိုတာ ရှိတယ်၊ အစိုးရ ပိုင်းကတော့ မဟုတ်ဘူးကွယ်၊ မြေပိုင်ရှင်နှင့် ကုန်သည်ပိုင်းကပဲ"

"အန်တီပြောတဲ့ အဲဒီ ကိုကျော်ဒင်နဲ့ မသက်ရှည်ဆိုတာဟာ တခြားသူတွေလည်း မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော့် မိဘနှစ်ပါး ဖြစ်ပါတယ်"

"ဟေ ဟုတ်ကဲ့လား၊ ဒါထက် မောင်ထွန်းလင်း မိဘနှစ်ပါးစလုံး ကော ကျန်းကျန်းမာမာပဲလားကွယ်"

"ဖေဖေကတော့ ကျွန်တော် ဆယ်နှစ်သား အရွယ်လောက်တုန်းက ပဲ အနိစ္စရောက်ရှိသွားပါတယ်၊ မေမေကတော့ ကျန်းကျန်းမာမာနဲ့ ရှိပါ သေးတယ် အန်တီ"

"သြော်... သြော်... သြော်၊ လက်စသတ်တော့ မောင်ထွန်းလင်းက ကိုကျော်ဒင်နဲ့ မသက်ရှည်တို့ရဲ့ သားကိုး၊ အန်တီတို့ ပွင့်ဖြူမှာ နေကြ တုန်းကတော့ မင်းကို မျက်နှာတောင် မမြင်ကြသေးဘူးကွဲ့"

"ဟုတ်ပါလိမ့်မယ် အန်တီ၊ ကျွန်တော့်မိဘများဟာ ကျွန်တော့် တစ်ယောက်တည်းပဲ မွေးပါတယ်"

"မင်းကို ခုလိုတွေ့ရ သိရတာ ဝမ်းသာလိုက်တာကွယ်၊ သြော်... ဒါထက် မှာလိုက်ရဦးမယ်၊ မင်းမေမေဆီကို စာရေးတဲ့အခါ ႏွစ်ပေါင်း နှစ်ဆယ်လောက်က ပွင့်ဖြူမှာ မြို့အုပ်ကြီးလုပ်သွားတဲ့ ဦးမင်းဒင်ရဲ့နမ အန်တီစုကို တွေ့တဲ့အကြောင်းနဲ့ အန်တီစုတို့က သတိရတဲ့အကြောင်း ထည့်ပြီးရေးလိုက်စမ်းပါကွယ်"

"ဟုတ်ကဲ့အန်တီ၊ ကျွန်တော် ရေးလိုက်ပါ့မယ်"

"နောက်ပြီးတော့ အန်တီတို့အိမ်ကိုလည်း အချိန်မရွေး ဝင်တာ ထွက်တာပေါ့၊ မေ ရှိရှိ မရှိရှိပေါ့ကွယ်၊ ဟုတ်လား မောင်ထွန်းလင်း"

ယင်းသို့ ၎င်း၏ မိတ်ဆွေဒေါ်သည်နှင့် ၎င်း၏ အဒေါ်ဖြစ်သူတို့

စကားကောင်းလျက် အလွမ်းသယ်နေကြပုံကို ဘေးမှ ငြိမ်သက်စွာ နားထောင်၍ နေခဲ့ရာမှ "ကဲ... အန်တီစုနဲ့ ကိုထွန်းလင်းတို့ စကားကောင်းနေကြတုန်း မေ အဝတ်အစား သွားလဲလိုက်ဦးမယ်နော်၊ သိပ်တော့ မကြာဘူး" ဟု ပြောဆိုခဲ့ပြီးလျှင် ထိုင်ရာမှ ထလိုက်လေသည်။

အန်တီစုသည် ထွန်းလင်းနှင့် စကားကောင်းရာမှ မေမေလွင် ထိုင်ရာမှ ထလိုက်သည်နှင့် တစ်ပြိုင်နက် "မောင်ထွန်းလင်းကို နေ့လယ်လက်ဖက်ရည်တိုက်ရအောင် တစ်ခါတည်း ပြင်ထားခိုင်းလိုက်ပါလား မေ၊ သစ်သီးကိတ်မုန့်နဲ့ ဆိတ်သားပပ်(စ်) တွေကိုလည်း မောင်အေးကို အပြင်ခိုင်းလိုက်တာပေါ့" ဟု လှမ်း၍ မှာကြားခြင်း ပြုလိုက်သည်။ မေမေလွင်သည် ထွန်းလင်းကို တစ်ချက်မျှလှမ်း၍ ပြုံးလိုက်ပြီးနောက် ဧည့်ခန်းအတွင်းမှ ထွက်သွားလေသည်။

* * *

## (၂)

နေ့လယ်ခင်း လက်ဖက်ရည်သောက်၍ ပြီးစီးကြသောအခါ ကျယ်ဝန်းလျက် သာယာလှသော အန်တီစု၏ ခြံကြီးအတွင်း၌ ဝေဝေဆာဆာ စိုက်ပျိုး၍ထားသော ပန်းပင်များကို မေမေလွင်က ထွန်းလင်းကို လိုက်လံပြသခြင်း ပြုလေသည်။ ထွန်းလင်းသည် မေမေလွင်က လိုက်လံပြသသော ပန်းပင်များထက် မေမေလွင့်ကို ပိုမို၍ စိတ်ဝင်စားလျက်ရှိလေသည်။ လှဥမ္မာနှင့် ထိုကဲ့သို့ နှစ်ယောက်ချင်း လွတ်လွတ်လပ်လပ် သွားလာနေရခြင်းကိုလည်း အကြည်နူးကြီး ကြည်နူးလျက်ရှိနေသည်။ ထို့ကြောင့် လှဥမ္မာအား ထုတ်ဖော်ပြောဆိုခြင်းပြုရန် အားခဲဆုံးဖြတ်လာခဲ့သော စကားကြီးသုံးခွန်းကိုလည်း ရုတ်တရက် ထုတ်ဖော်ပြောဆိုဖို့ မေ့လျော့နေမိသည်။

ခြံဝင်းအတွင်း၌ မျိုးစုံ၍နေအောင် စိုက်ပျိုးထားသော ပန်းပင်များကို လိုက်လံကြည့်ရှုရင်း တစ်နာရီသာသာခန့်မျှ အချိန်ကုန်သွားလေသည်။ ထိုကဲ့သို့ အပျိုလူပျို လွတ်လွတ်လပ်လပ်နှင့် နှစ်ယောက်တည်း တစ်နာရီသာသာခန့်မျှ အချိန်ကုန်သွားခဲ့သော်လည်း နွားကျောင်းသားသည် ၎င်းပြောဆိုမည်ဟူ၍ မောင်းတင်လာခဲ့သော အကြောင်းအရာ၏ အရိပ်အမြွက်မျှလောက်ကိုပင် မပြောသေးချေ။ မေမေလွင်က စတင်ပြောဆိုလျက်ရှိသော အင်္ဂလိပ်ကဗျာများအကြောင်း၊ စကားပြေများအကြောင်းနှင့် ဗြိတိသျှအင်ပါယာ၏ ရာဇဝင်အကြောင်းများကိုသာ သူက နောက်လိုက်လုပ်၍ ပြောဆိုရင်းနှင့် တစ်နာရီသာသာခန့်မျှသော အချိန်တို့သည် ကုန်လွန်သွားခြင်း ဖြစ်လေသည်။ ထိုကဲ့သို့သော အကြောင်းအရာများကို ပြောဆိုကြသည့်အတွက် အချည်းနှီးတော့ကား မဖြစ်ချေ။ တစ်ဦး၏ စိတ်နေသဘောထားနှင့် တစ်ဦး၏ ခံယူချက်များကို တစ်ဦးက ရင်းရင်းနှီးနှီး သိရှိနားလည်ခွင့်များ ရရှိလာကြသည်။ တစ်ဦးနှင့်တစ်ဦး တူညီချက်များကို သိရှိလာကြသလို တစ်ဦးနှင့်တစ်ဦး၏ ကွဲလွဲပုံကလေးများကိုလည်း မြင်တွေ့လာကြသည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ရဲတင်းပွင့်လင်းစ ပြုလာကြလေသည်။

ခြံဝင်းအတွင်း၌ စိုက်ပျိုးထားကြသော ပန်းပင်များကို စုံစေအောင် လိုက်လံပြသ၍ ပြီးစီးသောအခါ မေမေလွင်သည် ၎င်း၏ သံမဏိ လက်ပတ်နာရီကလေးကို မြှောက်၍ ကြည့်လိုက်သည်။ ထို့နောက် "ဟင် သုံးနာရီတောင် ထိုးပြီးသွားပါပကောလား"ဟု တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် ပြောခြင်းပြုလေသည်။

မေမေလွင်က ဘာကိုရည်ညွှန်းပြောဆိုမှန်း မသိလိုက်သော နွားကျောင်းသားက သူ၏ ရွှေရောင်လက်ပတ်နာရီကို မြှောက်၍ ကြည့်ရင်း "ဟုတ်တယ်၊ သုံးနာရီထိုးပြီးလို့ ငါးမိနစ်လွန်သွားပြီ" ဟူ၍ပင် ပြောဆို

လိုက်သည်။

မေမေလွင်သည် ထွန်းလင်းနှင့်အတူ အိမ်ကြီးဘက်ဆီသို့ ခပ်ဖြည်းဖြည်း ခပ်မှန်မှန် လျှောက်လာရင်း တစ်စုံတစ်ရာကို ထုတ်ဖော်ပြောကြားခြင်းပြုရန် အမှုအတွက် ခက်ခဲပင်ပန်းနေသကဲ့သို့ သက်ပြင်းကလေး ချလိုက်သည်။ ထို့နောက် မျက်မှောင်ကိုကုတ်ကာ စဉ်းစားနေလိုက်ပြန်သည်။ သို့ရာတွင် ၎င်း၏ဘေးမှ ကပ်၍ပါလာသော နွားကျောင်းသားကတော့မူ ထိုသို့မဟုတ်ချေ။ ၎င်း၌လည်း တပ်မက်လျက်ရှိနေသော လှဉမ္မာနှင့် နှစ်ယောက်သား လမ်းတွဲလျှောက်လာရသဖြင့် စိတ်ကူးအယဉ်ကြီး ယဉ်ကာ အေဝမ်းမောင်မောင်စိုး သီဆို၍ ဓာတ်ပြားသွင်းထားသော မြစ္စာညိုညီချင်းသွားကို ခပ်အေးအေး လေချွန်လျက်ရှိလေသည်။

အိမ်ရှေ့ဆင်ဝင်အောက်သို့ ရောက်ရှိလာကြသောအခါ မေမေလွင်သည် ထွန်းလင်းအား တစ်စုံတစ်ခု ပြောဆိုခြင်းပြုရန်အတွက် အိမ်ပေါ်သို့ မတက်သေးဘဲ လှေကားရင်းတွင် ရပ်လိုက်သည်။ ခပ်အေးအေး လေချွန်၍ လိုက်ပါလာသော နွားကျောင်းသားကို မျက်လွှာပင့်၍ ကြည့်လိုက်ပြီးနောက် "ဒီကပြီးရင် ကိုထွန်းလင်း ကျောင်းကိုပြန်မှာပေါ့နော်၊ ဟုတ်လား" ဟု မေးလိုက်သည်။

"ကိုထွန်းလင်း ကျောင်းကို အခုမပြန်သေးပါဘူး မေ၊ အစောကြီးရှိပါသေးတယ်" ထွန်းလင်းသည် ၎င်း၏အတွေးနှင့် ၎င်း၏အစီအစဉ်ကို ပြန်လည်ပြောဆိုခြင်း ပြုလေသည်။

မေမေလွင်သည် စိတ်ကျဉ်းကျပ်လာသကဲ့သို့ နဖူးကြောကလေးများကို တွန့်လိုက်သည်။ တည့်တည့်မှမပြောလျှင် အဘယ်ကဲ့သို့မှ နားလည်နိုင်မည့်ပုံ မပေါ်တော့သော နွားကျောင်းသားအား မျက်လွှာပင့်၍ လှမ်းကြည့်ရင်း "၃ နာရီခွဲလောက်မှာ မေ အပြင်ဘက်ကို သွား

စရာရှိသေးလို့ ကိုထွန်းလင်း”ဟု တိတိလင်းလင်းပင် ထုတ်ဖော်ပြော ဆိုခြင်း ပြုလိုက်ရလေတော့သည်။ သည်တော့မှပင် နွားကျောင်းသား သည် ၎င်းအား လှဥမ္မာက အိမ်မှ နှင်ထုတ်နေပြီဆိုသော အကြောင်းကို ရိပ်မိစပြုလေတော့သည်။ သို့ရာတွင် သူသည် ငြိမ်ငြိမ်သက်သက် မနေ လိုက်သေးချေ။ “ကိစ္စရှိလို့လား...”ဟု လေရှည်နေလိုက်ပြန်သေးတော့ သည်။

“ပါတီတစ်ခုကို သွားမလို့ ကိုထွန်းလင်း၊ သုံးနာရီခွဲတိတိမှာ မေ့ကို အသိတစ်ယောက်က မော်တော်ကားနဲ့ လာခေါ်လိမ့်မယ်၊ ဒါကြောင့် မေ အဝတ်အစား သွားလဲလိုက်ပါရစေတော့နော်”ဟုသာ ပြောဆိုပြီး နောက် မေမေလွင်သည် နွားကျောင်းသားကို ပါးစပ်အဟောင်းသားနှင့် အိမ်ရှေ့လှေကားနားတွင် ပစ်ထားခဲ့လေသည်။

နွားကျောင်းသားသည် ထိုမျှနှင့်လည်း ၎င်း၏ အခြေအနေကို မသိရှိသေးတော့ချေ။ သူသည် လှေကားအတိုင်း တက်လာခဲ့ပြီးနောက် ဧည့်ခန်းထဲသို့ ဝင်သွားပြန်လေသည်။ ဧည့်ခန်းတွင် တစ်ယောက်တည်း ထိုင်ကာ ခပ်စောစောက ကြည့်ရှုလက်စဖြစ်သော အင်္ဂလိပ်မဂ္ဂဇင်းကို ကောက်ယူ၍ ကြည့်ရှုနေသည်။ ထိုအတောအတွင်း သူသည် လက်ပတ် နာရီကို မကြာခဏ မြှောက်၍ မြှောက်၍ ကြည့်လေသည်။

နာရီဝက်ခန့်ကြာသောအခါ မေမေလွင်သည် အဝတ်အစားများ လဲလှယ်ကာ အိမ်အပေါ်ထပ်မှ ဆင်းလာသည်။ ပါတီတစ်ခုသို့ သွားရန် ခေတ်အဆန်ဆုံး ဝတ်စားဆင်မြန်းထားသော လှဥမ္မာကို နွားကျောင်း သားသည် မျက်လုံးများ ကျွတ်ထွက်လုမတတ် ငေးစိုက်ကြည့်နေသည်။ ထိုအခိုက်မှာပင် သူ၏ လက်ဝယ်မှ အင်္ဂလိပ်မဂ္ဂဇင်းသည် အလိုလိုနေ ရင်း ကြမ်းပြင်ပေါ်သို့ လွတ်ကျ၍သွားလေသည်။

မေမေလွင်က နွားကျောင်းသားအား ပါးချိုင့်ကလေးများ ပေါ်

ထွက်လာအောင် ပြုံးပြလိုက်သည်။ ထို့နောက် ဧည့်ခန်းအတွင်းသို့ ခပ်ကြွကြွကလေး ဝင်လာပြီးလျှင် ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်၍ ထိုင်လေသည်။

ထွန်းလင်းသည် ကြမ်းပြင်ပေါ်သို့ လွတ်ကျ၍သွားသော အင်္ကလိပ်မဂ္ဂဇင်းကို ပြန်၍ကောက်ရင်း ၎င်းဆုံးဖြတ်ထားသော အမှုကို စဉ်းစားချိန်ဆလျက်ရှိသည်။ သူသည် လက်ပတ်နာရီကို မြှောက်၍ ကြည့်လိုက်မိပြန်သည်။ ၃ နာရီခွဲရန် ၅ မိနစ်သာသာမျှသာ လိုတော့သည်။

သူသည် ချောလှနေသော လှဥမ္မာကို လှမ်း၍ ကြည့်လိုက်သည်။ လှဥမ္မာက သူ့ကို အလှဆုံး ပြန်၍ပြုံးပြနေသည်။

"မေ့ကို ကိုထွန်းလင်း အေးအေးဆေးဆေး စကားပြောချင်သေးတယ်" ဟု ဦးခေါင်းကိုငုံ့ကာ ခပ်ဖြည်းဖြည်း ခပ်လေးလေး ပြောဆိုလိုက်သည်။

မေမေလွင်သည် ၎င်း၏ လက်ပတ်နာရီကလေးကို ကြည့်လေသည်။ ထိုအခိုက်မှာပင် ခြံဝင်းအတွင်းသို့ ဟွန်းတီးသံပေး၍ ဝင်လာသော မော်တော်ကား စက်သံကို ကြားလိုက်ရသဖြင့် မေမေလွင်သည် ထိုင်ရာမှ ထလိုက်လေသည်။ "သြော်... မေ့ကို ပါတီကိုခေါ်သွားပေးမယ့် အသိမော်တော်ကား လာပြီ" ဟု ပြောဆိုကာ အပြင်ဘက်သို့ ထွက်သွားမည်အပြု... "ခဏကလေးနေပါဦး မေ" ဟု ထွန်းလင်းက ထိုင်ရာမှ ထရင်း တားထားလိုက်သဖြင့် မေမေလွင်သည် ၎င်း၏ ခြေလှမ်းများကို ဘရိတ်ဖမ်းထားလိုက်ရလေသည်။

ထွန်းလင်းသည် မေမေလွင် အနီးသို့ ရောက်၍လာလေသည်။ မေမေလွင်သည် သွားခါနီး၊ လာခါနီးတွင် အနှောင့်အယှက်၊ အဟန့်အတားကို ပြုနေသော နွားကျောင်းသားကို နားမလည်နိုင်သော အမူအရာဖြင့် ပြန်လှည့်၍ ကြည့်နေသည်။

"ကိုထွန်းလင်းမှာ တွေ့နေရတဲ့ အခက်အခဲတစ်ခုနဲ့ ပတ်သက်ပြီး မေ့ကို ပြောစရာရှိနေလို့ နောက်တနင်္ဂနွေနေ့ အေးအေးဆေးဆေး စကား ပြောကြရအောင်"

မေမေလွင်သည် သက်ပြင်းချလိုက်သည်။ ထို့နောက် "နောက် တနင်္ဂနွေနေ့တော့ မေ မအားဘူးထင်တယ် ကိုထွန်းလင်း" ဟု ပြန်လှည့် ၍ပင် မကြည့်ဘဲ ခတ်ပြတ်ပြတ် ပြောဆိုလိုက်သည်။

"ဘာကိစ္စရှိလို့လဲဟင်"

"လှော်ကားဘက်ကို ပျော်ပွဲစားထွက်ကြမလို့ စီစဉ်ထားတယ်"

"ဒီလိုဆိုရင်လည်း အဲဒီတစ်ပတ်ပြီး နောက်တစ်ပတ်ကော မေ"

ထိုအခိုက်မှာပင် မေမေလွင့်အား ပါတီသို့ ခေါ်ဆောင်သွားပေး မည့် ချက်ပလက် ကားနက်ကလေးတစ်စီးသည် ဆင်ဝင်အောက်တွင် ဝူးခနဲ ရပ်လာသည်။ ချက်ပလက်ကားကလေးကို ကိုယ်တိုင်မောင်းလာ သော 'နက်ကတိုင်' နှင့် လူရည်သန့်သန့်က "မေရေ... မေ... မေ" ဟု အသံပေးလျက်ရှိလေသည်။

"ကိုထွန်းလင်းမေးနေတာ ဘယ်လိုလဲမေ" ဟု ထွန်းလင်းက ကျား ပိန်တွယ် တွယ်၍နေသောအခါ "လာလေ" ဟုသာ ခပ်တိုတို ခပ်ပြတ် ပြတ် ပြောကြားပြီးနောက် မေမေလွင်သည် နွားကျောင်းသားကို ဧည့် ခန်းထဲ၌ ထားပစ်ခဲ့ပြီးလျှင် မော်တော်ကားပေါ်သို့ တက်၍သွားလေ သည်။

❖

## စကားကြီးသုံးခွန်း

(၁)

ကံဘဲ့ဘက်မှ ကျောင်းတော်သို့ ပြန်လာသောအခါ ယခုကဲ့သို့ ကျောင်းအားသော တနင်္ဂနွေနေ့များတွင် အဝတ်သစ်အစားသစ် ဆင်မြန်းကာ ဘယ်တုန်းကမျှ အပြင်ထွက်မလည်စဖူး လည်ပတ်ရာမှ ပြန်လာသော ထွန်းလင်းကို အခြားအခြားသော အခန်းနီးချင်း ကျောင်းသားများက အထူးအဆန်းသဖွယ် အကဲခတ်ကြည့်ရှုလျက် ရှိကြသည်။ အချို့သော ကျောင်းသားများသည် ၎င်းတို့အချင်းချင်း လက်ကုတ်ကာ တီးတိုးပြောဆိုနေကြသည်။ သို့ရာတွင် အလှ၏အာရုံ၌ ယစ်မူး၍ပြန်လာသော နွားကျောင်းသားသည် ၎င်း၏ ဘေးပတ်ဝန်းကျင်ကို အနည်းငယ်မျှ သတိမထားမိချေ။

"ဟေး ကိုထွန်းလင်း၊ ဒါ ခင်ဗျားခု ဘယ်ကပြန်လာလဲ" ညဘက်များတွင် အလွန်တရာဟောက်တတ်သော ၎င်း၏ခြေရင်းခန်းမှ ကျောင်းသားက အုံ့အုံ့ညြညြ လှမ်း၍ မေးမြန်းနေသည်ကိုပင် သူသည် မကြားနိုင်အောင်ရှိနေပြီး အခန်းတံခါးကိုဖွင့်ကာ အတွင်းသို့ ဝင်လာခဲ့သည်။

ဘာမျှလည်း ပြန်၍ ဖြေကြားပြောဆိုခြင်း မပြုခဲ့ချေ။

ထူးထူးခြားခြားဖြစ်နေ၍ စိတ်ဝင်စားဟန်ရှိသော ထိုကျောင်းသားသည် ထွန်းလင်း၏ အခန်းအတွင်းသို့ ဝင်လိုက်၍လာသည်။ သူသည် အပေါ်အင်္ကျီချွတ်နေသော ထွန်းလင်းကို ငေးမောကြည့်နေသည်။ "ထိုင်လေဗျာ" ဟု ထွန်းလင်းက ပြောဆိုလိုက်တော့မှ ခုတင်ထက်တွင် တင်ပါးလွှဲ ဝင်၍ထိုင်လိုက်သည်။

အခန်းနီးချင်း ကျောင်းသားသည် အဝတ်အစားများကို လဲလှယ်နေသော ထွန်းလင်းကို များစွာ အံ့ဩသောအမူအရာဖြင့် ငေးစိုက်၍ကြည့်နေသည်။ ဘယ်တုန်းကမျှ အနံ့မရဖူးသော "ပဲရစ်မြို့တော်၏ ညနေချမ်း" အမည်ရှိ ရေမွှေးနံ့ကိုလည်း ရနေသည့်အတွက် ၎င်း၏ အခန်းနီးချင်းအပေါ်၌ နားမလည်နိုင်အောင် ဖြစ်နေပုံရလေသည်။

ချည်လုံကွင်းနှင့် အတွင်းခံစွပ်ကျယ်တို့ကို လဲလှယ်ပြီးစီးသောအခါ ထွန်းလင်းသည် စာကြည့်စားပွဲတွင် ထိုင်လေသည်။ သူ့အခန်းသို့ အကြောင်းကိစ္စ တစ်ခုခုမရှိဘဲနှင့် လာခဲ၊ ဝင်ခဲသော အခန်းနီးချင်း ကျောင်းသားကို တစ်ချက်မျှလှမ်း၍ ကြည့်သည်။

"ခင်ဗျားဘယ်ရောက်ခဲ့သလဲဟင် ကိုထွန်းလင်း" ဟု ဧည့်သည်လုပ်သူက စပ်စပ်စုစု မေးလိုက်လေသည်။

"ကံဘဲ့ဘက်က အသိတစ်ယောက်အိမ်ကို သွားလည်တာပါဗျာ" ဟု လိမ်လည်ပြောဆိုခြင်း ပြုရာလည်းမကျအောင် ခပ်လုံးလုံး ဖြေကြားလိုက်သည်။

ကံဘဲ့ဘက်တွင် အသိမိတ်ဆွေရှိသည်ဟုလည်း ပြောသံမကြားဖူး ရုံမျှမက ဘယ်တုန်းကမှလည်း သွားဖူးလာဖူးခြင်း မရှိသော ထွန်းလင်းကို အခန်းနီးချင်း ကျောင်းသားသည် အကဲခတ်သလို ကြည့်ရှုလျက်ရှိရာမှ "ကံဘဲ့ဘက်မှာ ဘယ်သူရှိလို့လဲဗျ" ဟု မေးလာပြန်သည်။

ထွန်းလင်းသည် အစိုးရရှေ့နေဆန်ဆန် စစ်ဆေးမေးမြန်းလျက်ရှိသော တစ်ဖက်ခန်းမှ ကျောင်းသားကို မကျေမနပ် ဖြစ်နေမိသည်။ သို့ရာတွင် ဧည့်သည်တစ်ဦးတစ်ယောက်ကို အိမ်ရှင်က ရိုရိုသေသေ လေးလေးစားစား လက်ခံဆက်ဆံခြင်းပြုရသည့် အစဉ်အလာကို ထိန်းသိမ်းခြင်း ပြုသောအားဖြင့် "ကျွန်တော့်မိဘများ လက်ထက်က အသိမိတ်ဆွေအိမ်တစ်အိမ်ကိုပါဗျာ" ဟု သည်းညည်းခံ၍ ဖြေကြားလိုက်ရပေသည်။

"ဒီလိုဆိုရင်တော့ တော်ပါသေးရဲ့ဗျာ၊ ကျွန်တော်က ကံဘဲ့ဘက်က ဆိုလို့ မေမေလွင်တို့ အိမ်များ ဖြစ်နေမလားလို့ပါ" ဟု ထိုသူက ပြောဆိုလာသောအခါ ထွန်းလင်းသည် တစ်ကိုယ်လုံး တုန်လှုပ်၍သွားလေသည်။ ခပ်စောစောက စိတ်ဝင်စားခြင်းမရှိခဲ့သော ဧည့်သည်ကိုလည်း ရုတ်တရက် စိတ်ဝင်စားသလို ဖြစ်လာမိသည်။ ထို့ကြောင့် "မေမေလွင်ကို ခင်ဗျားသိလို့လား" ဟု ပြန်လည်၍ မေးမြန်းလိုက်သည်။

ထိုသူသည် ထွန်းလင်း၏ မေးခွန်းကို သဘောကျလှသကဲ့သို့ အသံကလေးများပင် ထွက်လာအောင် ရယ်မောခြင်းပြုလိုက်သည်။ ရယ်မောပြီးကာမှ "ရန်ကုန်တက္ကသိုလ်ကို ရောက်လာလို့မှ မေမေလွင်လို မိန်းမချော မိန်းမလှတစ်ယောက်ကို မသိဘူးဆိုတဲ့ တက္ကသိုလ်ကျောင်းသား တစ်ယောက်ဟာ တက္ကသိုလ်ကျောင်းသားတစ်ယောက် မဟုတ်နိုင်ဘူးဗျ ကိုထွန်းလင်း၊ နွားကျောင်းသားဗျ၊ နွားကျောင်းသား" ဟု ဆက်လက်ပြောဆိုရင်း ထပ်မံ၍ ရယ်မောနေလိုက်ပြန်သည်။

ထွန်းလင်းသည် ထိုသူပြောဆိုသွားသော အကြောင်းအရာများကို ကောင်းစွာ နားမလည်နိုင်သဖြင့် မျက်မှောင်ကုတ်လျက်ရှိရာမှ "မိန်းကလေးတစ်ယောက် လှတာနဲ့ပဲ အဲဒီမိန်းကလေးကို မသိတဲ့လူဟာ နွားကျောင်းသား ဖြစ်ရတော့မှာလားဗျာ" ဟု ဇဝေဇဝါ ပြန်၍ မေးလိုက်

မိသည်။

“ခင်ဗျားလိုလူကတော့ ရှားသားပဲဗျ၊ ကိုယ့်အခန်းထဲ ကိုယ်ကုပ်နေတဲ့ လူတစ်ယောက်ဆိုတော့ ဒါတွေ ဘယ်သိနိုင်ပါ့မလဲ”

“ဒါထက် ခင်ဗျားခုတင်က ပြောလိုက်တဲ့ မေမေလွင်အကြောင်းကို ပြောပြစမ်းပါဦးဗျာ”

“မေမေလွင်က ရန်ကုန်တက္ကသိုလ်ရဲ့ လုဇကေရီဗျ ကိုထွန်းလင်းပြီးတော့ အင်မတန်ခေတ်ဆန်တယ်၊ ဆိုရှယ်ဖြစ်တယ်၊ အင်တာစီနီယာမှာ နှစ်နှစ်ဆက်ကျတယ်၊ ဂျူနီယာ ဘက်(ချ်)မှာတောင် မနှစ်က ကျသေးတယ်ထင်တယ်”

“သြော်... သြော်... သြော်”

“မိန်းမက ချောလည်းချော၊ ဆိုရှယ်လည်းကျတော့ ပိုးတဲ့ပန်းတဲ့လူတွေ တော်တော်များတယ်၊ သူ့ကိုပိုးဖို့က သိပ်ပြီးတော့ မလွယ်လှဘူးဗျ၊ ဘာပြုလို့လဲဆိုတော့ သူ့ကိုပိုးနေ၊ ပန်းနေကြတဲ့ ငနဲတွေအထဲမှာ ဘီစီအက်(စ်)ချိတ်ဖို့ အလားအလာရှိနိုင်တဲ့ ဂုဏ်ထူးတန်းသားတွေသာ များလို့ပဲ၊ အဲဒီတော့ တော်ရုံတန်ရုံ ကျောင်းသားတစ်ယောက်ဟာ မေမေလွင့်အနားကို ကပ်ဖို့ တယ်မလွယ်လှဘူး” ဟု မေမေလွင်၏ အကြောင်းကို ဋီကာချဲ့၍ ပြောဆိုသွားသဖြင့် ထွန်းလင်းသည် ါးစပ် အဟောင်းသားနှင့် ငေးမောနားထောင်၍နေရာမှ “ဒါလောက်တောင်မှုပဲလား ခင်ဗျာ” ဟု မကျေမချမ်း ပြောဆိုလိုက်မိလေသည်။

“တစ်နေ့တော့ ခင်ဗျားလည်း မေမေလွင့်ကို တွေ့ကောင်းတွေ့ပါလိမ့်မယ်၊ တွေ့တဲ့အခါကျတော့မှ ခင်ဗျားကိုယ်တိုင် သိလာလိမ့်မယ်” အခန်းနီးချင်း ကျောင်းသားသည် ထိုသို့ ပြောဆိုပြီးနောက် ထိုင်ရာမှ ထလိုက်သည်။

မေမေလွင်၏ အကြောင်းကို ပြောဆိုလျက်ရှိရာမှ ထပြန်မည်ပြု

သော ကျောင်းသားအား ရုတ်တရက်ပြန်သွားမည်ကို စိုးရိမ်သကဲ့သို့ ဖြစ်နေသော ထွန်းလင်းက "ပြန်တော့မလို့လားဗျ" ဟု ပျာပျာသလဲနှင့် အငမ်းမရ မေးလိုက်မိသည်။ ၎င်း၏အခန်းသို့ လာသောအခါတိုင်း ဘယ်တုန်းအခါကမျှ တားဆီးခြင်းမပြုခဲ့ဖူးသော ထွန်းလင်းက "ပြန်တော့မလို့လားဗျ" ဟု ရုတ်တရက် မပြန်စေလိုသေးသော စေတနာဖြင့် မေးလိုက်ခြင်းကို အခန်းနီးချင်း ကျောင်းသားသည် အံ့ဩသွားပုံရလေသည်။ "ခင်ဗျားလည်း ပင်ပန်းလာလို့ အနားယူချင်မလားလို့ပါ" ဟု ပြန်၍ ပြောလိုက်လေသည်။

"ထိုင်ပါဦးဗျ၊ မေမေလွင့်အကြောင်းကို ခင်ဗျားသိသလောက် ပြောပြစမ်းပါဦး" ထွန်းလင်းသည် ၎င်းများစွာ စိတ်ဝင်စားသိရှိလိုသော လှဥမ္မာအကြောင်းကို မေးလိုက်သည်။

"ကျွန်တော်ကတော့ မေမေလွင်နဲ့ လူချင်းသိကြလို့ ပြောတာ မဟုတ်ပါဘူးဗျာ၊ ပြောသံကြားနဲ့ ပြောနေတာပါ။ ဒီမိန်းမလှအကြောင်း ကို ဒီလောက်သိချင်ရင်တော့ အောက်ထပ်က ကိုအေးသန်းကြီးကို မေး ကြည့်ပါလား၊ ကိုအေးသန်းတစ်ယောက်ကိုလည်း သူ့ကို ပိုးပန်းနေကြ တဲ့ လူတွေထဲမှာ မေမေလွင်က အတည်မပြုသေးပေမဲ့ စာရင်းသွင်း ထားသလိုလို ပြောသံကြားထားတယ်"

"ဩော်… ကျွန်တော်တို့ ဟော(လ်)က ကိုအေးသန်းတစ်ယောက် လည်း မေမေလွင်ကို ပိုးနေသတဲ့လား"

"ကိုအေးသန်းတင် ဘယ်ကမလဲဗျ၊ ကျုပ်တို့အဆောင်မှူး ဆရာ ဦးကြည်တောင် ဘာလိုလို ပြောသံကြားလိုက်ရသေးတယ်"

"များလှချေလားဗျ" နွားကျောင်းသားက ထိတ်လန့်ပူပန်သွား သော အမူအရာဖြင့် အံ့အံ့ဩဩ ပြောဆိုလိုက်သည်။

"ကျောင်းအပြင်ဘက်က ပိုးပန်းနေတဲ့ ငနဲတွေလည်း တော်တော်

များတယ်လို့ ပြောသံကြားတယ်၊ ဒါပေမဲ့ တစ်ယောက်မှတော့ စွဲတယ်လို့ ပြောသံမကြားသေးပါဘူးဗျ”ဟု ထိုသူက ရှင်းလင်းပြောဆိုလိုက်တော့မှပင် ထွန်းလင်းသည် အစိုးရိမ်ပြေသွားသကဲ့သို့ သက်မကို ခပ်ဖြည်းဖြည်း ချလိုက်ရသည်။ သို့ရာတွင် ကောင်းစွာ စိတ်ချရခြင်းမပြုနိုင်သေးသကဲ့သို့ “တစ်ယောက်မှ မစွဲသေးဘူးဆိုတာကကော သေချာရဲ့လားဗျာ” ဟု ထွန်းလင်းက လူမမာသံဖြင့် မေးလိုက်မိသည်။

အခန်းနီးချင်းကျောင်းသားက လူမမာသံပါလာသော ထွန်းလင်းကို ပြုံး၍ ကြည့်လိုက်သည်။ ထို့နောက် အခန်းအတွင်းမှ ထွက်၍သွားလေသည်။

ထွန်းလင်းသည် ရင်တွင်း၌ မငြိမ်မသက်ဖြစ်ကာ ထွက်သွားပြီဖြစ်သော အခန်းနီးချင်းကျောင်းသားကို ငေးစိုက်၍ ကြည့်နေသည်။

အခန်းတံခါးဝသို့ ရောက်သောအခါ ထိုသူသည် ထွန်းလင်းအားပြန်လှည့်၍ ကြည့်ပြန်သည်။ ထို့နောက် “ဘယ်သူမှ မစွဲသေးရင်ကောခင်ဗျားကပါ ပိုးပန်းချင်သေးလို့လားဗျ ကိုထွန်းလင်း၊ ပိုးသာပိုးပါဗျ၊ ပိုးနိုင်ပါတယ်၊ လိုင်စင်ခံပြီးလုပ်ရတဲ့ အလုပ်မျိုးမှ မဟုတ်တာဘဲ”ဟု ရယ်မောပြောဆိုကာ အပြင်ဘက်သို့ ထွက်၍သွားလေသည်။

* * *

(၂)

သန်းခေါင်ယံသာ တိုင်ခဲ့လေသည်။ ထိုညတွင်လည်း ထွန်းလင်းသည် အိပ်စက်ခြင်းမပြုနိုင်ပြန်ချေ။ စာကျက်နိုင်ဖို့ကား သာ၍ဝေးလေသည်။

၎င်း၏ ခြေရင်းခန်းမှ ကျောင်းသား၏ဟောက်သံကို နားစွင့်ရင်းထိုအခန်းနီးချင်း ကျောင်းသားက ပြောဆိုသွားသော မေမေလွင့်အား

ပိုးပန်းနေသူများအကြောင်းကို စဉ်းစားနေမိသည်။ ပြောသံကြားနှင့် ပြောသည်ဟုဆိုသော်လည်း ထိုသူသည် မေမေလွင်၏အကြောင်းကို တော်တော်ကလေး နှံ့နှံ့စပ်စပ် ပြောဆိုသွားလေသည်။ မေမေလွင်သည် များစွာ ဆိုရှယ်ဖြစ်သည့်အကြောင်းနှင့် ၎င်းကို ချစ်ခင်ပိုးပန်းသူ များပြားလှသည့် အကြောင်းများကို ထိုသူသည် ၎င်းကြားဖူးဟန်ရှိသလောက် ပြောဆိုသွားခြင်းသာ ဖြစ်တန်ရာသည်။ သို့ရာတွင် ထိုလူ့ဥမ္မာကို ကပ်နိုင်၊ ပိုးနိုင်ကြသူများသည် သူလိုငါလို သာမန်ကျောင်းသားများကား မဟုတ်ကြချေ။ ဝိဇ္ဇာတန်းကြီးနှင့် ဂုဏ်ထူးတန်းသားများဖြစ်ကြောင်းကိုလည်း ထိုသူက ပြောဆိုသွားပေသည်။ ဘီစီအက်(စ်)ချိတ်ရန် အလားအလာရှိသော ကျောင်းသားကြီးများလောက်ကိုသာ မေမေလွင်က အကပ်ခံ၊ အပိုးခံသည့် အဓိပ္ပာယ်မျိုးသက်ရောက်သော စကားကိုလည်း ပြောသွားသည်။ ၎င်းအပြင် မေမေလွင်သည် ဥပစာတန်းတုန်းက နှစ်နှစ်မျှဆက်၍ကျကာ ဝိဇ္ဇာတန်း ပထမနှစ်တွင်လည်း တစ်နှစ်တည်းနှင့် မအောင်ကြောင်း ထိုသူက ပြောဆိုသွားပြန်လေသည်။ ထိုသို့ဖြစ်လျှင် မေမေလွင်သည် တက္ကသိုလ်ကျောင်းတော်ကြီး၌ ပညာသင်ကြားနေသည်နှင့် မတူလှတော့ဘဲ ၎င်းရလိုသော လင်ကောင်းတစ်ယောက်ကို ထောင်ဖမ်းနေသည်နှင့် မတူသလော၊ တက္ကသိုလ်ကျောင်းတော်ကြီးသို့ လင်ရှာလာသလို ဖြစ်မနေသလော။

ထိုအကြောင်းအရာများကို စဉ်းစားရင်း သူသည် ပင်ပန်းလာသဖြင့် အိပ်ရာထက်မှဆင်းကာ သောက်ရေတစ်ခွက်ကို ပြည့်ပြည့်ငှဲ့၍ သောက်ရပြန်လေသည်။ ရေသောက်ပြီးနောက် သူသည် အိပ်ရာသို့ ပြန်မဝင်လိုသေးသကဲ့သို့ စာကြည့်စားပွဲတွင် ထိုင်လိုက်ပြန်သည်။

အခန်းအတွင်း၌ကား မှောင်၍နေသည်။ သထုံကျောင်းဆောင်တစ်ခုလုံးသည်လည်း အိပ်မောကျနေဘိအလား တိတ်ဆိတ်ငြိမ်သက်၍

နေလေပြီ။

နေ့ခင်းဘက်က ကံဘုံဘက်တွင် မေမေလွင်နှင့်အတူ ကုန်လွန်ခဲ့သော အချိန်များအကြောင်းကို ထွန်းလင်းသည် ပြန်လည်စဉ်းစားလေသည်။ မေမေလွင်ကို ဖွင့်၍ပြောဆိုမည်ဟု ဆုံးဖြတ်ထားခဲ့သော စကားများကို သူသည် တစ်နေ့ခင်းလုံးလိုလို အချိန်ရခဲ့ပါလျက်နှင့် ဖွင့်၍မပြောနိုင်ခဲ့ချေ။ သူ၏နှုတ်သည် များစွာ လေးလံလျက်ရှိသည်။ တစ်ကြိမ်က နှစ်ကြိမ်မျှလောက်သာ လူချင်းတွေ့ဆုံ စကားပြောဆိုဖူးသေးသော ခေတ်ပညာ၏ အမျိုးသမီးတစ်ဦးအား ထိုကဲ့သို့ ဖွင့်၍ပြောဆိုလိုက်လျှင် မိမိကိုများ အထင်သေးသွားလေမည်လား။ ထိုသို့ သိမ်ငယ်စိုးရိမ်လျက်ရှိနေခဲ့ခြင်းကြောင့် ထွန်းလင်းသည် နှုတ်အနေခဲ့ခြင်းသာ ဖြစ်တော့သည်။

မေမေလွင့် ဖခင်၏နှမဖြစ်သူ အန်တီစုနှင့်တွေ့ခဲ့ရသဖြင့် ထွန်းလင်းအဖို့ များစွာ အခွင့်အလမ်းသာခဲ့သည်။ အန်တီစုသည် ၎င်း၏ မိဘများနှင့် မိတ်ဟောင်းဆွေဟောင်းများ ဖြစ်ကြသည်။ ၎င်းကိုလည်း အချိန်မရွေး ဝင်ထွက်လည်ပတ်ဖို့ ခွင့်ပြုဖိတ်ခေါ်ထားပေသည်။ ထိုအခွင့်အရေးကို သူသည် ကောင်းစွာအသုံးချဖို့ ဆုံးဖြတ်လိုက်ပြီးလည်း ဖြစ်လေသည်။

သို့ရာတွင် မေမေလွင်က သူ့ကို တနင်္ဂနွေ တစ်ပတ်ခြားပြီးမှ ၎င်းတို့အိမ်သို့ လာရောက်လည်ပတ်ခြင်းပြုဖို့ ချိန်းဆိုလိုက်သည်။ တနင်္ဂနွေ တစ်ပတ်ခြားဆိုလျှင် ရက်ပေါင်း ၁၄ ရက်မျှ ကြာမြင့်ပေလိမ့်မည်။ ထိုကြားကာလ ၁၄ ရက်မျှအတွင်း သူသည် မေမေလွင်ကို မတွေ့ရ မမြင်ရဘဲ နေနိုင်ပါမည်လော။ သူ၏ရင်ထဲ၌ ရှန်းကန်နေသော အလုံးကိုလည်း ဆက်လက်၍ မျိုသိပ်ထားနိုင်ပါမည်လော။

သူသည် ယခုပင် အိပ်စက်မရ ဖြစ်မြဲဖြစ်နေသည်။ စာကိုလည်း ကြည့်၍မရချေ။ စာမေးပွဲကြီးကား တနင်္ဂနွေ ခြောက်ပတ်ခန့်မျှပင် မလို

တော့ချေ။ ဤမျှ စာမေးပွဲကြီးသည် ကပ်လာနေပြီဖြစ်ပါလျက်နှင့် စာမှ မကျက်နိုင်လျှင် ဆရာဦးကြည် ပြောဆိုသွားသလို သူသည် ဒစ်စတင်းရှင်း ရဖို့ ထားဘိဦး၊ စာမေးပွဲပင် အောင်နိုင်ပါ့မည်လား။

မှောင်နှင့်မည်းမည်းထဲတွင် ငုတ်တုတ်ကြီးထိုင်ကာ မေမေလွင်၏ အကြောင်းကိုလည်းကောင်း၊ မေမေလွင်နှင့် ဆက်စပ်ကာ ၎င်းစာကျက် ခြင်းနှင့် အိပ်စက်ခြင်းမပြုနိုင်သော အကြောင်းများကို လျှောက်၍ စဉ်း စားနေရင်းက ထွန်းလင်းသည် လေးလေးနက်နက် သဘောပေါက် သိမြင်လာသော ကိစ္စကြီးတစ်ခု ပေါ်လာသည်။ ဤကိစ္စမှာ အခြား တော့ မဟုတ်။ မေမေလွင်သည် ၎င်း၏ ဘဝအတွင်းသို့ ဝင်ရောက်ကာ ၎င်း၏ ဘဝကြီးတစ်ခုလုံးကိုလည်း လွှမ်းမိုးစပြုလေပြီဆိုသော အချက် ပင်ဖြစ်လေသည်။

ထွန်းလင်းသည် လှဉမ္မာ၏ ကွန်ရက်အတွင်းမှ ရုန်းထွက်နိုင်ရန် အားခွန်မရှိတော့ချေ။ သူသည် ဤကိစ္စများမျိုးဘက်တွင် မည်သည့် အတွေ့အကြုံမျှမရှိ၍ အလွန်တရာလည်း အားနည်းဆင်းရဲလှသော သတ္တဝါတစ်ကောင်မျှသာ ဖြစ်လေသည်။ ထို့ကြောင့် "မြှုံးမိသောငါး" တစ်ကောင်လို သူသည် ထိုမြှုံးတွင် ပြုသမျှခံရတော့မည့်အခြေသို့ ဆိုက်ရောက်လျက်ရှိနေလေပြီ။

ထိုမိန်းမလှကို မေ့ဖျောက်၍ပစ်နိုင်ဦးမည်လားဟု သူသည် အကြိမ် ကြိမ် အဖန်ဖန် ကြိုးစား အားထုတ်ကြည့်သေးသည်။ သို့ရာတွင် သူသည် အင်မတန် အားခွန်နည်းပါးလှရကား ပင်ပန်းခြင်းသာ အဖတ်တင်လေ သည်။ လှဉမ္မာကိုကား သူ၏ဘဝအတွင်းမှ ဖျောက်ဖျက်၍ မရတော့ချေ။

သို့ရာတွင် သူသည် လှဉမ္မာကို ရလိုမှုအတွက် မြင့်မောက်ခက်ခဲ လှသော တောင်တန်းကြီးများကို ကျော်လွှားဖြတ်သန်းခြင်း ပြုရပေလိမ့် မည်။ ထိုမိန်းမ၏ အချစ်နှင့် ထိုမိန်းမ၏ကိုယ်ကို လွယ်လွယ်နှင့် ရယူ

နိုင်လိမ့်မည်တော့ကား မဟုတ်ချေ။

လှိုင်းလေထန်ပြင်းလျက် ငါးမန်းများ ပြောထူလှသော သမုဒ္ဒရာလယ်၌ ကျွန်းကလေးတစ်ကျွန်းရှိလေသည်။ ထိုကျွန်း၌ သူပိုင်ဆိုင်လိုသော လှကေခိုင်သည် ရှိသည်။ ထိုပန်းခိုင်ကို ရယူမြန်းဆင်နိုင်ရန်အတွက် လှိုင်းလေနှင့် ငါးမန်းများအကြား၌ သူသည် အားထုတ်ခြင်းပြုရပေလိမ့်မည်။

နှစ်ပေါင်းနှစ်ဆယ်မျှ ရှိခဲ့ပြီဖြစ်သော သူ၏ ဘဝနောက်ကြောင်းကို ထွန်းလင်းသည် ပြန်လှည့်၍ ကြည့်မိသည်။ အေးချမ်းတည်ငြိမ်လှသည်။ မည်သည့်အနှောင့်အယှက်နှင့် အခက်အခဲကိုမှ မတွေ့ခဲ့ရချေ။ သာယာပြန့်ပြူးလှသည်။ သို့ရာတွင် အနာဂတ်မှုကား ထိုကဲ့သို့မဟုတ်ချေ။

ထွန်းလင်းသည် သက်ပြင်းကို ခပ်လေးလေးချလိုက်မိပြန်သည်။ ထို့နောက် "မေ... မေ... မေ" ဟု အသံကလေးများ ထွက်လာအောင် အော်ဟစ်ညည်းတွားလိုက်လေသည်။ သို့ရာတွင် နွားကျောင်းသား၏ မြည်တမ်းသံကိုကား လှဥမ္မာသည် ကြားနာနိုင်လိမ့်မည်တော့ မဟုတ်ချေ။ ဆိုရှယ်ဖြစ်လှသော ထိုမိန်းမသားသည် ပါတီတစ်ခုခုမှ မောမောနှင့် ပြန်လာပြီးနောက် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျနေ[illegible]က်ပေပြီ။ နွားကျောင်းသားသာလျှင် တစ်ယောက်တည်း မှောင်နှင့်မည်းမည်းထဲတွင် ငုတ်တုတ်ကြီးထိုင်ကာ...

"မေ... မေ... မေ"

* * *

(၃)

လှဥမ္မာက တစ်ပတ်ခြား တစ်နင်္ဂနွေနေ့ကိုသာ သူ့အားရက်ချိန်း

ပေးထားခဲ့သော်လည်း နောက်တစ်နေ့ညနေတွင် ထွန်းလင်းသည် မိဖုရား၏ ခြေတော်ရင်းသို့ ရောက်ရှိလျက်သားဖြစ်နေသည်။ ညနေဘက်တွင် နောက်ဆုံး တက်စရာရှိသော အတန်းကို တက်၍ပြီးလျှင်ပြီးချင်း ထွန်းလင်းသည် ကမန်းကတန်း ရေမိုးချိုး၊ အဝတ်အစားလဲကာ ကံဘဲ့ဘက်သို့ ကတိုက်ကရိုက် လာခဲ့ခြင်းဖြစ်လေသည်။

ထွန်းလင်းကသာ ဝီရိယကောင်းကောင်းနှင့် ကံဘဲ့အိမ်သို့ ရောက်ရှိနေသော်လည်း မေမေလွင်သည် ကျောင်းမှ ပြန်မရောက်သေးချေ။ အန်တီစုကပင်လျှင် ဝီရိယကောင်းလှသော ထွန်းလင်းကို များစွာ အံ့သြနေဟန်ဖြင့် "မောင်ထွန်းလင်း ကနေ့ ကျောင်းမတက်ဘူးလားဟင်" ဟူ၍ပင် မေးမြန်းခြင်း ပြုလေသည်။ သို့ရာတွင် အဘွားကြီးသည် ထွန်းလင်းကို ကြာရှည်သဖြင့် ဧည့်ခံစကားပြောဆိုခြင်း မပြုနိုင်ချေ။ အသိမိတ်ဆွေတစ်ယောက် နေထိုင်မကောင်းဖြစ်နေသည်ကို သွားရောက် မေးမြန်းစရာရှိသည်ဟု ပြောဆိုကာ ထွန်းလင်းအား ဧည့်ခန်း၌ တစ်ယောက်တည်း ထားခဲ့ပြီးလျှင် ၎င်းတို့အိမ်မှ မော်တော်ကားကလေးနှင့် ထွက်သွားလေသည်။

အန်တီစု မော်တော်ကားကလေးနှင့် ထွက်သွားပြီးနောက် ၎င်းတို့အိမ်တွင် ခိုင်းစေထားသော မိန်းကလေးက ဧည့်ခန်းအတွင်း၌ အင်္ဂလိပ်မဂ္ဂဇင်းတစ်စောင်ကို လှန်လှောကြည့်ရှုနေသော ထွန်းလင်းအား လိမ္မော်ရည်တစ်ခွက် လာ၍ချပေးလေသည်။ ထွန်းလင်းသည် အစေခံမိန်းကလေးအား ကျေးဇူးတင်သော အမူအရာပြလိုက်ပြီးနောက် ၎င်းအတွက် ချပေးလာသော လိမ္မော်ရည်ကို သောက်ရင်း မေမေလွင့်ကို စောင့်မျှော်နေမိသည်။

အိမ်ရှင်များ တစ်ယောက်မျှမရှိကြသော ဧည့်ခန်းလယ်၌ နာရီဝက်သာသာခန့်မျှ မိမိဘာသာ တစ်ယောက်တည်း ဧည့်သည်လုပ်လာရ

သောအခါ ထွန်းလင်းသည် အနေရအထိုင်ရကျပ်သလို ဖြစ်လာသည်။ ညောင်းညာသလိုလည်း ရှိလာသည်။ ထို့ကြောင့် သူသည် အင်္ကလိပ် မဂ္ဂဇင်းကို ချထားလိုက်ပြီးနောက် ဧည့်ခန်းအတွင်းမှ ပြန်ထွက်လာသည်။ အိမ်ရှေ့ ဆင်ဝင်အောက်တွင် ရပ်ကာ မေမေလွင် ပြန်လာမည့် လမ်းဘက်သို့ လှမ်းမျှော်ကြည့်နေသည်။ သို့ရာတွင် လှဉမ္မာ၏ အရိပ်အယောင်ကိုမျှပင် မတွေ့ရချေ။ သူသည် လက်ပတ်နာရီကို မြှောက်၍ ကြည့်လိုက်ပြန်လေသည်။ ငါးနာရီထိုးရန် ဆယ်မိနစ်မျှသာ လိုတော့သည်။

ထွန်းလင်းသည် သက်ပြင်းကို ချလိုက်မိလေသည်။ ကျောင်းချိန်ကုန်လွန်သွားသည်မှာ တစ်နာရီနီးပါးခန့်မျှ ရှိနေပြီဖြစ်သည်တိုင်အောင် ထိုမိန်းမသည် အဘယ်ကြောင့် နေအိမ်သို့ ပြန်မရောက်သေးသနည်း။ အဘယ်သို့များ ခြေဦးလှည့်ကာ ခြေရှည်နေသနည်း။

ဆောင်းရာသီဖြစ်၍ မှောင်ရိပ်များသည် တစ်စထက်တစ်စ ယှက်ဖြာဝင်ရောက်လျက်ရှိသည်။ အအေးဓာတ်ကလည်း တစိမ့်စိမ့် ဖိစီးလာနေသည်။

ထွန်းလင်းသည် ဦးခေါင်းကို တစ်ချက်မျှ ကုတ်ဖွလိုက်ပြီးနောက် ပန်းခြံထဲသို့ ဆင်းလာခဲ့သည်။ မနေ့က နေ့ခင်းဘက်တွင် မေမေလွင်နှင့် အတူ စကားတပြောပြောနှင့် လျှောက်၍ ကြည့်ခဲ့ကြသော ပန်းပင်များကို တစ်ယောက်တည်း လှည့်ပတ်ကြည့်ရှုနေမိသည်။ ထိုသို့ ပန်းခြံထဲတွင် နာရီတစ်မတ်သာသာခန့်မျှ တစ်ယောက်တည်း လှည့်ပတ်ကြည့်ရှုနေခိုက် ခြံအတွင်းသို့ မော်တော်ကားတစ်စီး ဝင်လာသံကို ကြားရ သဖြင့် ခပ်စောစောက လူမမာမေးရန် ထွက်သွားသော အန်တီစုများ ပြန်လာလေပြီလားဟု အောက်မေ့ကာ ရပ်လျက်နေသော စံပယ်ခြံကြီးဘေးမှ လှမ်း၍ ကြည့်လိုက်မိသည်။

ခြံအတွင်းသို့ တဖြည်းဖြည်းလိမ့်၍ ဝင်လာသော မော်တော်ကား သည် စောစောက အန်တီစုစီးသွားသော မော်တော်ကားမဟုတ်ချေ။ အန်တီစု စီးသွားသော မော်တော်ကားမှာ တော်တော်ကလေး ဟောင်း နေပြီဖြစ်သော အညိုရောင် အော်စတင်ကားကလေးဖြစ်သည်။ သို့ရာ တွင် ယခု ခြံထဲသို့ ဝင်လာသောကားမှာ နက်ပြာရောင် ချက်ပလက် မော်တော်ကားကလေး ဖြစ်လေသည်။ မော်တော်ကားကလေးသည် လည်း မကြာမီကမှ ထုတ်လာသော အသစ်ကလေးဖြစ်သည်။

နက်ပြာရောင် ချက်ပလက် မော်တော်ကားကလေးကို ဆင်ဝင် အောက်တွင် ရပ်လိုက်ပြီးနောက် မော်တော်ကားပေါ်မှ ကျောင်းစာအုပ် သုံးလေးအုပ်တို့ကို လက်မှကိုင်ကာ ဆင်းလာသော မေမေလွင်နှင့်အတူ ဘောင်းဘီဝတ် မြန်မာနိုင်ငံသားတစ်ယောက်ကို လှမ်း၍ မြင်လိုက်ရ သည်။ ထွန်းလင်းသည် ထိုဘောင်းဘီဝတ်ကို သိလည်းမသိ၊ မြင်လည်း မမြင်ဖူးချေ။ အိမ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ သူသည် ငေးမော၍ ကြည့်နေလိုက်မိသည်။

နာရီတစ်မတ်သာသာခန့်အကြာတွင် အိမ်နေရင်းဝတ်တတ်သော အဝတ်အစားများကို လဲလှယ်ထားသော မေမေလွင်နှင့် ဘောင်းဘီဝတ် တို့သည် အိမ်အပြင်သို့ ပြန်ထွက်လာကြသည်။ ဘောင်းဘီဝတ်သည် မော်တော်ကားပေါ်သို့ တက်ပြီး ၎င်းသွားစရာရှိသော လမ်းကို မသွားနိုင် သေးဘဲ မော်တော်ကားဘေးတွင် ရပ်၍ကြည့်နေသော မေမေလွင်နှင့် စကားပြောဆိုနေသေးသည်။ သို့ရာတွင် မည်သည့်အကြောင်းအရာများ ပြောဆိုနေကြသည်ကိုကား စံပယ်ရုံဘေးမှ ထွန်းလင်းသည် မကြားရ ချေ။ မေမေလွင်က တစ်စုံတစ်ရာကို များစွာ သဘောကျသွားသကဲ့သို့ အသံကလေးများ ထွက်လာအောင် ရယ်မောလိုက်ချိန်တွင် ဘောင်းဘီ ဝတ်သည် မော်တော်ကားကို စက်နှိုးကာ ခြံအတွင်းမှ မောင်း၍ထွက်

သွားသည်။ လက်တစ်ဖက်က မော်တော်ကားစတီယာရင်ကို ကိုင်ရင်း အခြားတစ်ဖက်ကမူ မြှောက်၍မြှောက်၍ပင် ပြသွားလိုက်သေးသည်။

ထွန်းလင်းသည် စံပယ်ရုံကြီးဘေးမှ ဘောင်းဘီဝတ် မော်တော်ကားနှင့် ထွက်သွားသည်ကို မျက်စိတစ်ဆုံး ကြည့်ရှုကာ ပြန်၍ လက်မြှောက်ပြရင်း ကျန်ရစ်ခဲ့သော မေမေလွင်ကို ငြိမ်သက်စွာ အကဲခတ်ကြည့်ရှုနေသည်။ ဘောင်းဘီဝတ်၏ မော်တော်ကား ခြံဝင်းအပြင်ဘက်သို့ ရောက်ရှိပျောက်ကွယ်သွားသောအခါ မေမေလွင်သည် ထွန်းလင်းငင်းတို့ ခြံဝင်းအတွင်းသို့ ရောက်ရှိနေခြင်းကို မသိရှိသကဲ့သို့ အိမ်ရှေ့ဥပစာတွင် လှလှပပ စိုက်ပျိုးထားသော ဒေလီယာပန်းများကို ခါးထောက်၍ ကြည့်ရှုနေလေသည်။ ခပ်စောစောက ငင်းအား လိမ္မော်အဖျော်ကို ယူပေးသွားသော အစေခံမိန်းကလေးသည် ဘောင်းဘီဝတ်၏ မော်တော်ကားနှင့် ငင်းအိမ်သို့ ပြန်ရောက်မလာမီကပင် ပုဆိုးဝတ်အပေါ်ဖုံးနှင့် ဧည့်သည်တစ်ယောက် ရောက်ရှိစောင့်ဆိုင်းနေသည့်အကြောင်းကို မပြောမဆိုဘဲ ထားသလော။ သို့တည်းမဟုတ်၊ အလုပ်တွေများသဖြင့် မပြောမဆို ဖြစ်သလော။ ထိုအချက်ကို ထွန်းလင်းသည် စဉ်းစားချိန်ဆရင်း လှဉမ္မာကို ငြိမ်သက်စွာ ငေးမောကြည့်ရှုနေသည်။

မေမေလွင်သည် ဒေလီယာပန်းများကို လိုက်လံကြည့်ရှုလျက်ရှိရာမှ ညောင်းညာလာခြင်းကို သတိရလာသကဲ့သို့ ခါးများ၊ လက်များကို အညောင်းဆန့်လေသည်။ ထိုနောက် အညောင်းလည်းပြေ၍ လေကောင်း လေသန့်လည်းရအောင် ဟူသော ရည်ရွယ်ချက်ဖြင့် ထွန်းလင်းရပ်နေသော စံပယ်ရုံဘက်ဆီသို့ သီချင်းကလေးတစ်ပုဒ်ကို ခပ်တိုးတိုးခပ်အေးအေး ညည်းရင်း လျှောက်လာသည်။

ထွန်းလင်းသည် မေမေလွင့်ကို ငြိမ်သက်စွာ ငေးစိုက်၍ ကြည့်နေသည်။ အသံလည်း မပြုမိသေးချေ။ အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ခပ်တိုး

တိုး ညည်းရင်း စံပယ်ရုံနားဆီသို့ တဖြည်းဖြည်း ရောက်လာသော မေမေလွင်သည် လူချင်း အလွန်တရာနီးကပ်လာတော့မှပင် ၎င်းတို့ခြံထဲသို့ လူတစ်ယောက် ရောက်ရှိနေသည်ကို ရုတ်တရက် တွေ့မြင်လိုက်ဟန်ရှိသည်။ ဖြုန်းခနဲ တွေ့လျှင်တွေ့ချင်း ထွန်းလင်းမှန်း ရုတ်တရက် မထင်မှတ်၍ များစွာ စိုးရိမ်လန့်ဖျပ်သွားသော အမူအရာရှိလေသည်။

"ကိုထွန်းလင်း ညနေ လေးနာရီခွဲလောက်ကတည်းက ရောက်နေတယ် မေ" ဟု ထွန်းလင်းက လှမ်း၍ ပြောဆိုလိုက်တော့မှ အစိုးရိမ်ပြေပျောက်သွားသကဲ့သို့မှ လှဥမ္မာသည် တဖြည်းဖြည်းနှင့် ပြုံး၍လာလေသည်။ သို့ရာတွင် ရုတ်တရက်အားဖြင့် ဘာမျှတော့ ပြန်မပြောနိုင်သေးချေ။

"လာမယ့် တနင်္ဂနွေနေ့ရဲ့ နောက်တစ်ပတ် တနင်္ဂနွေမှ လူချင်းတွေ့ပြီး စကားပြောကြဖို့ မေက ရက်ချိန်းပေးလိုက်ပေမဲ့ အဲဒီလောက်ကြာကြာကြီး စောင့်မနေနိုင်တော့လို့ နှစ်ယောက်သဘောတူထားခဲ့တဲ့ အစီအစဉ်ကို ကိုထွန်းလင်း ဖျက်ပြီး ခုလိုလာခဲ့တာပဲ၊ ဒီအတွက် အပြစ်တင်ရင်လည်း ကိုထွန်းလင်း ခံဖို့ပြင်ဆင်ထားပါတယ် မေ" ထိုသို့ ပြောဆိုပြီးနောက် ထွန်းလင်းသည် စံပယ်တစ်ပွင့်ကို ဆွတ်ယူကာ ဖြည်းညင်းစွာ မွှေးလိုက်သည်။

"ရှင့်ကို ဘယ်သူက အပြစ်ပေးမယ်လို့များ ပြောသေးလို့လဲ ကိုထွန်းလင်းရဲ့" အနေအထိုင် တင်းကျပ်နေပုံရသော ထွန်းလင်းကို သက်သာလျော့ပါးသွားစေရန်အတွက် မေမေလွင်က ခပ်ရွှင်ရွှင်ကလေး ပြောဆိုခြင်းပြုလိုက်သည်။

ထွန်းလင်းသည် လှဥမ္မာ၏ ပါးချိုင့်ကလေးကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် ဦးခေါင်းကို ငုံ့လိုက်သည်။ ကုန်ဆုံးခဲ့သော ညက တစ်ညလုံးလိုလို သူစဉ်းစားထားခဲ့သော စကားကို စတင်ပြောဆိုရန်

အတွက်လည်း ချိန်ဆနေဟန်ရှိလေသည်။

"ရှင်တစ်ယောက်တည်း ခုလိုစောင့်နေရတာ ပျင်းမနေဘူးလား ဟင် ကိုထွန်းလင်း၊ ရှင်လာတုန်းကကော အန်တီစုနဲ့ တွေ့လိုက်သေး သလား၊ အဘွားကြီးက မေ့ကို ညနေဘက် လူမမာသွားမေးရအောင် စောစော အိမ်ပြန်လာဖို့တောင် မနက်က မှာလိုက်သေးတယ်၊ ဒါပေမဲ့ မနေ့ကပဲ အင်္ဂလန်က ပြန်ရောက်လာတဲ့ ရောဘတ် ဘိုးဘက ကျောင်းမဆင်းခင် ကတည်းက သူ့ကားနဲ့ လာစောင့်ပြီး သူတို့အိမ်ကို အလည်ခေါ်နေတာ နဲ့ လိုက်သွားရလို့ မေလည်း အိမ်ပြန်နောက်ကျသွားတာပါ ကိုထွန်း လင်း" ထိုညနေခင်းတွင် ၎င်းအိမ်ပြန်နောက်ကျရသည့် အကြောင်းနှင့် ၎င်းကို မော်တော်ကားနှင့် အိမ်ပြန်ပို့ပေးသူ ဘောင်းဘီဝတ်မှာလည်း နယ်နယ်ရရမဟုတ်ဘဲ ဘိလပ်ပြန် ဘိုးဘ ဆိုသူဖြစ်သည့်အကြောင်း ကိုပါ ထွန်းလင်းကို ပြောဆိုသွားလေသည်။ ယင်းသို့ လှဥမ္မာက အကျယ် တဝင့် ရှင်းလင်းပြောကြားသွားသည့်တိုင်အောင် နွားကျောင်းသားက တော့မူ ထိုရှင်းလင်းချက်များကို များစွာ အရေးမထား၊ စိတ်လည်း မဝင် စားလှသော ဟန်အမူအရာဖြင့် နားထောင်နေရာမှ "ကိုထွန်းလင်း မပျင်း တတ်ပါဘူး" ဟု ၎င်းနှင့်ဆိုင်သော အကြောင်းအရာနှင့် အဖြစ်အပျက် လောက်ကိုသာ ပြောဆိုခြင်းပြုလိုက်သည်။

"ရှင်ရောက်နေတဲ့ အကြောင်းကိုလည်း မယ်အေးက မပြောတော့ မေလည်း မသိရဘူး ကိုထွန်းလင်း၊ ဘယ်လိုမှတော့ မအောက်မေ့နဲ့နော် ဟုတ်လား" မေမေလွင်သည် ပညာတတ်လူတန်းစား သားသမီး ပီသစွာ ၎င်း၏ ညှဲ့သည် စိတ်သက်သာမှုရအောင် ဆက်လက် ပြော ဆိုလျက်ရှိသည်။

"အစီအစဉ်ကိုဖျက်ပြီး ကိုထွန်းလင်း အခုလိုလာခဲ့ရတဲ့ အကြောင်း ကို ပြောခွင့်ပေးပါမေ" နွားကျောင်းသားက မောင်းတင်လိုက်သည်။

"ဘယ်လို အကြောင်းများလဲဟင် ကိုထွန်းလင်း၊ ပြောစမ်းပါဦး" မေမေလွင်က ထွန်းလင်းပြောဆိုမည့် စကားကို များစွာ အရေးမထားလှသော ဟန်အမူအရာဖြင့် ပြန်ပြောဆိုသည်။

"မေနဲ့ ကိုထွန်းလင်းတို့ စတွေ့ကြတဲ့ အင်းလျားကန်သာညကို မှတ်မိတယ် မဟုတ်လား"

"ဒီလိုလှပတဲ့ ညတွေကို မေ ရုတ်တရက် မမေ့တတ်ပါဘူး ကိုထွန်းလင်းရဲ့၊ အဲဒါ ဘာဖြစ်လို့လဲ"

"အဲဒီညက အစပြုပြီးတော့ မနေ့ညအထိ ကိုထွန်းလင်း ည ညဘက်မှာ အိပ်လို့မရဘူး၊ မနက်လင်းခါနီးမှာပဲ တစ်မှေးလောက် အိပ်ပျော်တယ်"

"အို... ဒီလိုဆိုရင် ရှင် ဒီလို ပေါ့ပေါ့ဆဆနေလို့ ဘယ်ဖြစ်မလဲ၊ ဆရာဝန်ဆီကို သွားမှပေါ့" မေမေလွင်က မပြုံးမိ၊ မရယ်မိအောင် မျက်နှာကို ကြိုးစား၍ထားကာ တကယ်စိုးရိမ်ဟန်ဖြင့် ပြောဆိုလိုက်သည်။

ထွန်းလင်းသည် ဦးခေါင်းကို တစ်ချက်မျှ ကုတ်ဖွလိုက်ပြီးနောက် သက်ပြင်းကို ချလိုက်မိသည်။ သူ၏ ပထမအချက် ပစ်လိုက်သော ယမ်းတောင့်သည် ပစ်ကွင်းကို မထိမှန်ဘဲ ဘေးသို့ချော်၍ ထွက်သွားပါပကောလား။

"စာမေးပွဲကြီးလည်း နီးလာပြီ မေ၊ ဘာမှမလိုတော့ဘူး၊ ဒါပေမဲ့ ကိုထွန်းလင်း စာကျက်လို့လည်း မရဘူး" ရွှေကျောင်းသားသည် ၎င်းတစ်ကြိမ်တစ်ခါမျှ ကိုင်တွယ်ပစ်ခတ်ခြင်း မပြုဖူးသော သေနတ်ကို ကိုင်တွယ်ကာ ပထမအချက် မထိမှန်သဖြင့် ဒုတိယအချက် ပစ်လိုက်ပြန်သည်။

"ဒါဖြင့် ကိုထွန်းလင်း ကျူရှင်ယူနိုင်သားပဲ"

ထွန်းလင်းသည် မဟာပထဝီမြေကြီးအား ဖင်နှင့် တအားဆောင့်

ပစ်လိုက်ချင်သော စိတ်များပင် ဝင်လာလေသည်။ သို့ရာတွင် သူ၏ ခေတ်နောက်များစွာ ကျန်ရစ်ခဲ့သောအဖြစ်နှင့် ညံ့ဖျင်းမှုတို့ကိုကား ဘာမျှ ထည့်သွင်းစဉ်းစားခြင်း မပြုချေ။ တကယ်ဆိုတော့လည်း သူသည် မိမိကိုယ်ကို အဘယ်မျှ ခေတ်နောက်ကျ ကျန်ရစ်နေသည်ဆိုသည်ကို သိကော သိပါလေစ။

နှစ်ချက်စလုံး ပစ်ကွင်းနှင့်လွဲချော်၍ ဘေးသို့ချည်း ထွက်နေသောအခါ ထွန်းလင်းသည် ၎င်းရှေ့တွင် စံပယ်ပန်းတစ်ပွင့်ကို ဆွတ်ခူးကာ မွေးကြူနေသော လှဥမ္မာကို ဖက်၍နပန်းလုံးချင်စိတ်များပင် ပေါ်လာသည်။ သို့ရာတွင် ထိုကဲ့သို့ ပြုလုပ်၍ ကိစ္စက ပြီးစီးမည်မဟုတ်ချေ။ ထို့ကြောင့် တစ်တောင့်တည်းသာ ကျန်သော ယမ်းတောင့်ကို သူသည် ပြောင်းထဲသို့ထည့်ကာ ပစ်ကွင်းအား တည့်မတ်စွာ ချိန်ရွယ်လိုက်ပြန်သည်။ ဤ နောက်ဆုံးယမ်းတောင့်အား မလွဲမချော်စေရန်အတွက် သူသည် သေသေချာချာနှင့် တည့်တည့်မတ်မတ် ချိန်ရွယ်ခြင်းပြုလေသည်။ အသက်ကိုလည်း အောင့်ထားလေသည်။

"ရယ်ဒီ... ဂိုး" ဟူ၍ မိမိကိုယ်ကို အချက်ပေးပြီးလိုက်သည်နှင့် တစ်ပြိုင်နက် "ကိုထွန်းလင်းကို လက်ထပ်ခွင့်ပေးဖို့ ခွင့်တောင်းချင် တယ် မေ၊ မေက ခွင့်ပြုနိုင်ပါ့မလား" ဟု မျက်စိစုံမှိတ်၍ ပစ်ထည့်လိုက်လေသည်။

"ဩော်..." မေမေလွင်သည်ပင် ဦးခေါင်းကလေး တွန့်ဝင်၍သွားလေသည်။ နွားကျောင်းသား နောက်ဆုံးပစ်ထည့်လိုက်သော ကျည်ဆန်သည် ကျွဲမျက်လုံးကို တည့်တည့်ကြီး ထိမှန်၍သွားလေပြီ။

"ဘယ်လိုလဲမေ၊ ကိုထွန်းလင်းကို လက်ထပ်ခွင့်ပေးမယ် မဟုတ်လား" ထွန်းလင်း၏ ရဲတင်းပုံနှင့် အမူအရာတို့သည် တောသားရဲ ဆွဲထုတ် ဆိုသကဲ့သို့ ဖြစ်လာသည်။

မေမေလွင်သည် ဦးခေါင်းကို ငုံ့ကာ ငြိမ်သက်စွာ ရပ်နေသည်။

"ကိုထွန်းလင်းမေးတာကို ပြန်ပြောစမ်းပါဦးမေ၊ ဒီအဖြေကို မရမချင်း ကိုထွန်းလင်း ဘယ်လိုလုပ်လို့မှ နေရမှာမဟုတ်ဘူး" ပြောမည့်ပြောတော့ ဒိုင်းဝန်မင်းကို ကော်၍ ဆဲနေသော နွားကျောင်းသားက သဲသဲမဲမဲ ပြောဆိုလျက်ရှိလေသည်။

မေမေလွင်သည် ထွန်းလင်းကို ခေါင်းငုံ့၍ ထားရာမှ တစ်ချက်မျှ မျက်လွှာပင့်၍ ကြည့်လေသည်။ ထိုနောက် ဦးခေါင်းကို ငုံ့ထားလိုက်ရင်း "မေ့ကို လက်ထပ်ဖို့ ခွင့်တောင်းနေတာဟာ ရှေ့ကို သိပ်ရောက်မနေဘူးလားဟင် ကိုထွန်းလင်း" ဟု ပြန်လည်ပြောဆိုခြင်း ပြုလိုက်သည်။

လက်ထပ်ဖို့ ခွင့်တောင်းခြင်းသည် ရှေ့သို့ များစွာရောက်နေသည်ဟု မေမေလွင်က ပြောဆိုလာသော စကား၏အဓိပ္ပာယ်ကို ကိုထွန်းလင်းသည် ကောင်းစွာ မငုံလိုက်မိချေ။ ထို့ကြောင့် အတန်ကြာမျှ ငိုင်၍နေလေသည်။

"ကျောင်းသားတစ်ဦးနဲ့ မိန်းမတစ်ဦးဟာ အကြင်လင်မယားအဖြစ်နဲ့ လက်မထပ်ကြခင် တစ်ဦးကိုတစ်ဦးက နားလည်အောင်၊ သိအောင်လုပ်ဖို့၊ လေ့လာဖို့၊ ရင်းနှီးဖို့ လိုလိမ့်ဦးမယ်ထင်တယ် ကိုထွန်းလင်း" မေမေလွင်က မြေကြီးပြင်ကို ငေးစိုက်၍ကြည့်ရင်း တစ်လုံးချင်းစီကာ ခပ်ဖြည်းဖြည်း ပြောဆိုလေသည်။

"ကိုထွန်းလင်းအတွက်တော့ မလိုဘူးမေ" ကိုထွန်းလင်းက မြန်မြန်ဆန်ဆန် ပြန်၍ပြောဆိုလိုက်သည်။

"ကိုထွန်းလင်းအတွက်ကတော့ ဖြစ်ပြီးသားပဲမေ၊ မေ့ဘက်ကပဲကျန်ပါလိမ့်မယ်" ကိုထွန်းလင်းသည် တစ်ခုခုကို လုပ်ခဲ၍ လုပ်မိသောအခါလည်း ဆုံးခန်းသို့တိုင်အောင် မဖြစ်မနေ ပြုလုပ်တတ်သူ တစ်

ယောက်ပီပီ လေးလေးနက်နက် ပြောဆိုခြင်းပြုလိုက်သည်။

"ကိုထွန်းလင်းရဲ့ သဘောထားကို မေ သိရတဲ့အတွက် ကျေးဇူးတင်ပါတယ်လေ၊ ဒါပေမဲ့ မေ့ဘက်ကတော့ ကျန်နေသေးတဲ့အတွက် အချိန်ပေးစေချင်တယ်၊ မေက ယူထားတဲ့အချိန်အတွင်းမှာ ကိုထွန်းလင်းကို မေ ရင်းရင်းနှီးနှီး လေ့လာကြည့်ချင်တယ်၊ မေ့ကိုလည်း ကိုထွန်းလင်းက တတ်နိုင်သလောက် လေ့လာစေချင်တယ်"

ထွန်းလင်းသည် နည်းလမ်းကျကျ ပြောဆိုသွားသော လုဥမ္မာ၏ စကားကို ကြားနာရင်း ငိုင်၍သွားသည်။ စောစောက ရှေ့သို့ရောက်နေသည်ဆိုသော မေမေလွင်၏ စကားအဓိပ္ပာယ်ကိုလည်း ယခုမှပင် ငုံမိလာသည်။ သို့ရာတွင် ရင်ထဲ၊ အသည်းထဲတွင် ပြွတ်သိပ် ကျပ်ခဲနေသော အစိုင်အခဲများကို အပြင်သို့ ထုတ်လိုက်ရပြီဖြစ်၍ များစွာ နေသာထိုင်သာ ရှိသွားလေပြီ။

ထိုအခိုက် လူမမာသွားရောက်ကြည့်ရှု မေးမြန်းရာမှ ပြန်လာဟန်ရှိသော အန်တီစု၏ အော်စတင်ကားကလေးသည် ခြံဝင်းအတွင်းသို့ ဝင်လာပြီးလျှင် အိမ်မှ ဆင်ဝင်အောက်တွင် ညင်သာစွာ ရပ်လိုက်သည်။ မေမေလွင်နှင့် ထွန်းလင်းတို့သည် တစ်ဦးကိုတစ်ဦး တိုင်ပင်အချက်ပေးခြင်းမရှိဘဲ အိမ်ကြီးဘက်ဆီသို့ ငြိမ်သက်စွာ လျှောက်လာခဲ့ကြလေသည်။

❖

## လရောင်အောက်၌ လမ်းလျှောက်ခြင်း

(၁)

ထိုညကမူ ထွန်းလင်းသည် ကံဘဲ့ဘက်ရှိ မေမေလွင်တို့အိမ်မှ တော်တော်ကြီး ညဉ့်နက်မှ ကျောင်းဆောင်သို့ ပြန်၍ရောက်လေသည်။ သထုံလမ်းထိပ်သို့ ရောက်အောင် လိုက်လံပို့ဆောင်၍ ပေးသွားသော အန်တီစု၏ အော်စတင်ကားကလေးပေါ်မှ ဆင်းကာ ကျောင်းဆောင်ဘက်သို့ ရောက်လာရစဉ် "ထိုမိန်းမလှ ကြွမြန်းလာသောအခါ မြင်းဖြူခြောက်ကောင်ဆွဲသော ရထားကို စီးနင်း၍လာပါလိမ့်မည်" ဆိုသော အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို လေချွန်လာသည်။ သူသည် ၎င်း၏ ကိုယ်ကို ကမ္ဘာမြေကြီးပေါ်၌ လမ်းလျှောက်နေသည်ကိုပင် သတိမရမိတော့ချေ။ မိုးတိမ်များအထက်တွင်ရှိသော ကြယ်ပွင့်များအကြား၌ ဈာန်ယာဉ်စီးနေရသည်ဟု ထင်မှတ်နေပုံရလေသည်။

သူ၏ အခန်းအတွင်းသို့ ရောက်ရှိသောအခါ၌လည်း သူသည် အဝတ်အစားများ မလဲနိုင်သေးဘဲ အိပ်ရာပေါ်တွင် ပတ်လက်လှန်ကာ တစ်ယောက်တည်း ကြည်နူးနေသည်။ ထိုအချိန်တွင် သူ၏ ခြေရင်းခန်း

မှ အိပ်ပျော်သွားသောအခါတိုင်း ဟောက်တတ်သော ကျောင်းသားသည် တခေါခေါနှင့် ဟောက်၍နေလေသည်။ သို့ရာတွင် ထွန်းလင်းသည် ထိုကျောင်းသား၏ ဟောက်သံကို မနာလိုဝန်တိုစိတ် မရှိတော့ချေ။ မုန်းတီးခြင်းလည်း မရှိတော့ချေ။ တကယ်ဆိုတော့ မိမိဘဝနှင့် မိမိအတွက် အဆင်ပြေညီညွတ်နေသော ကာလ၌ မိမိ၏ ပတ်ဝန်းကျင်သို့ အခြားသူ တစ်ဦးက တော်ရုံတန်ရုံ ကျူးကျော်လာခြင်းကို ဥပေက္ခာပြုစွမ်းနိုင်သည် မဟုတ်လော၊ ခွင့်လွှတ်နိုင်သည် မဟုတ်လော။

အိပ်ရာပေါ်တွင် ခဏတစ်ဖြုတ် ပက်လက်လှန်ကာ အပန်းဖြေပြီးနောက် ထွန်းလင်းသည် အဝတ်အစားများ လဲလှယ်ခြင်းကို ပြုသည်။ ထို့နောက် သူသည် စာကြည့်လိုသောစိတ် ရှိလာသဖြင့် စားပွဲတွင် ထိုင်ကာ ယခင်က ကျက်မှတ်၍မရသဖြင့် ပစ်ထားရသော မှတ်စုများကို ကြည့်ရှုလေသည်။ သူသည် စာကို ပေါ့ပေါ့ပါးပါးနှင့် လွယ်လွယ်ကူကူ ကြည့်နိုင်လာသည်။ ပင်ပန်းခြင်းမရှိတော့၊ အခက်အခဲလည်း မတွေ့ရတော့ချေ။

သူသည် စာကျက်၍ ကောင်းလှသဖြင့် အဘယ်မျှ အချိန်ကုန်လွန်သွားအောင် စာကြည့်နေမိသည်ကိုကား သတိမရလိုက်တော့ချေ။ အခန်း ပြင်ဘက်မှနေ၍ တံခါးခေါက်သံကို ကြားလိုက်ရတော့မှ ပြန်၍ သတိရလာသည်။ စာကြည့်စားပွဲမှ ထကာ တံခါးဖွင့်ပေးလိုက်သော အခါ အဆောင်မှူး ဆရာဦးကြည်ကို တွေ့ရလေသည်။

"မင်းဟာက လွန်လွန်းအားကြီး မနေဘူးလား မောင်ထွန်းလင်း" ဆရာဦးကြည်သည် တပည့်လုပ်သူအား သဘောကျ ကျေနပ်လှသော အမူအရာဖြင့် အပြစ်တင်လိုက်သည်။

"ကျွန်တော်လည်း ခုပဲ အိပ်တော့မလို့ပါဆရာ" အဆောင်မှူးများအား တပည့်ကျောင်းသားတို့က ပြောရိုးပြောစဉ် စကားကို ထွန်းလင်း

က ပြန်၍ ပြောသည်။

"နာရီပြန်တစ်ချက် တီးပြီးသွားပြီကွ မောင်ထွန်းလင်း၊ ကိုင်း... အိပ်တော့... အိပ်တော့၊ တော်တော်ကြာ စာမေးပွဲနီးခါမှ နေထိုင်မကောင်းဖြစ်ပြီး မဖြေနိုင်ဘဲနေပါ့မယ်ကွာ" အဆောင်မှူးသည် သတိပေးစကား ပြောကြားပြီးနောက် ကော်ရစ်ဒါအတိုင်း ဆက်လက်၍ လျှောက်သွားသည်။

ထွန်းလင်းသည် အခန်းတံခါးကို ပိတ်ထားခဲ့ပြီးနောက် ၎င်း၏ စာကြည့်စားပွဲသို့ ပြန်လာကာ သိမ်းဆည်းစရာတို့ကို သိမ်းဆည်းခြင်းပြုလေသည်။ ထို့နောက် မီးခလုတ်ကိုပိတ်ကာ အိပ်ရာဝင်လေသည်။ ခေါင်းအုံးပေါ်သို့ ခေါင်းကိုချ၍ ဘာမျှမကြာမီ သူသည် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျ၍ သွားလေသည်။

* * *

## (၂)

ထိုညက သူသည် ထိုမျှ ညဥ့်နက်ရန် မဟုတ်ချေ။ အန်တီစုတို့ တူဝရီးနှစ်ယောက်စလုံးက ညစာစားသောက်ပြီးမှ ပြန်ရမည်ဟု အတင်းဆွဲထားသောကြောင့် သူသည် ညစာကို စားသောက်ခြင်းပြုခဲ့ရသည်။ ကျောင်းမှ ချက်ပြုတ်ကျွေးမွေးသော ထမင်းဟင်းများထက်စာလျှင် များစွာ အစပ်တည့် ဖွယ်ရာသော ထမင်းဟင်းများကို စားသောက်ရသဖြင့် တော်တော်ကလေးလည်း စား၍၊ သောက်၍ ကောင်းလေသည်။ ထွန်းလင်း မြိန်မြိန်ရှက်ရှက် စားသောက်ပုံကိုကြည့်ရင်း အန်တီစုက သားချင်း၊ သမီးချင်းစာသကဲ့သို့ ကျောင်းအားသော တနင်္ဂနွေနေ့တိုင်း ၎င်းတို့အိမ်တွင် လာရောက်စားသောက်ခြင်း ပြုနိုင်ကြောင်းဖြင့် ခွင့်ပြုဖိတ်ကြားလိုက်သောအခါ ထွန်းလင်းသည် များစွာ ကြည်နူး၍သွားပေ

သည်။ "ဟုတ်သားပဲ၊ ကိုထွန်းလင်း ဆန်းဒေးတိုင်း လာလည်ရင်း ဒီမှာပဲ စားသွားပေါ့" ဟု မေမေလွင်ကပါ တိုက်တွန်းပြောဆိုခြင်း ပြုလိုက်သောအခါတွင်ကား ဤလောကကြီး၌ ၎င်းလောက် ကံကောင်းသောသူနှင့် ပျော်ရွှင်သူ မရှိနိုင်တော့ပြီဟူ၍ ထွန်းလင်းသည် ၎င်း၏ ကိုယ်ကိုသတ်မှတ်ခြင်း ပြုလိုက်မိလေသည်။

ညစာ စားသောက်၍ ပြီးစီးကြသောအခါ ထွန်းလင်းသည် အန်တီစုတို့ တူဝရီးနှစ်ယောက်နှင့်အတူ ဧည့်ခန်းအတွင်း၌ နာရီဝက်ခန့် စကားပြောဆိုရလေသည်။ ဧည့်ခန်းလယ်စကားဝိုင်း၌ မေမေလွင်ထက် အန်တီစုက စကားပို၍ ပြောဆိုသည်။ ပြောဆိုသော အကြောင်းအရာများမှာလည်း အခြားမဟုတ်ဘဲ ၎င်းတို့ ပွင့်ဖြူတွင်နေထိုင်ရစဉ်က ရှေးဟောင်းနှောင်းဖြစ်များ ဖြစ်လေသည်။

အန်တီစုသည် စလင်းမှ လူဟောင်းများအကြောင်းကိုလည်းကောင်း၊ စကုဖြတ်ဆန်အကြောင်းနှင့် ကျောင်းတော်ရာ ဘုရားအကြောင်းကိုလည်းကောင်း နာရီဝက်ခန့် မေးမြန်းပြောဆိုပြီးနောက် အနားယူဦးမည်၊ စကားပြောရစ်ကြဦးဟု လူငယ်နှစ်ဦးတို့ကို မှာကြားကာ အိမ်အပေါ်ထပ်သို့ တက်သွားလေသည်။

ဧည့်ခန်းအတွင်း၌ အန်တီစုရှိနေစဉ်က တစ်ဦးနှင့်တစ်ဦး ဘာမျှမဖြစ်ကြသလို ရင်းရင်းနှီးနှီး စကားပြောဆိုနိုင်ခဲ့ကြသော မေမေလွင်နှင့်ထွန်းလင်းတို့သည် ထိုအဘွားကြီး အိမ်ပေါ်ထပ်သို့ တက်သွားသည်နှင့်တစ်ပြိုင်နက် တစ်ဦးနှင့်တစ်ဦး အတန်ကြာမျှ စကားပြောဆိုခြင်း မပြုနိုင်ဘဲ ငြိမ်၍နေကြသည်။ ယင်းသို့ ဧည့်ခန်းအတွင်း၌ နှစ်ယောက်တည်း လွတ်လပ်စွာ ရှိနေကြသော ဆန့်ကျင်ဘက်လိင် နှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုခြင်းမရှိဘဲ ငြိမ်သက်နေကြခိုက် အိမ်ကြီး၏ အပြင်ဘက်ခြံဝင်းအတွင်း၌ကား ငွေလရောင်သည် မှုန်ရီမှုန်မွှား

ဖြာဆင်းကျရောက်နေပေသည်။

"အန်တီစု ပြန်မရောက်ခင်က ကိုထွန်းလင်းနှင့် မေတို့ ပြောလက်စ စကားကို အေးအေးဆေးဆေးနဲ့ လွတ်လွတ်လပ်လပ် ပြောရအောင် ခြံထဲဆင်းပြီး လမ်းလျှောက်ကြရင် မကောင်းဘူးလားဟင် ကိုထွန်းလင်း" ငုတ်တုတ်ကြီးထိုင်နေသော ကိုထွန်းလင်းကို မေမေလွင်က ဖိတ်ခေါ်လိုက်သောအခါ စကားကြီးသုံးခွန်းကို သုံးကြိမ်တိုင်တိုင် ပြောဆိုခြင်းပြုခဲ့ရသော နွားကျောင်းသားက တစ်ခါတည်း သဘောတူလိုက်လေသည်။

ငွေလရောင် မှုန်ရီမှုန်မွှား ဖြာဆင်း၍နေသော ခြံကြီးအတွင်း၌ လုဥမ္မာနှင့် နွားကျောင်းသားတို့သည် တစ်နာရီသာသာခန့်မျှ လမ်းလျှောက်ရင်း ၎င်းတို့ပြောဆိုလိုသော အကြောင်းအရာများကို ရင်းရင်းနှီးနှီးနှင့် ပွင့်ပွင့်လင်းလင်း ပြောဆိုကြလေသည်။

"မေ့ကို လက်ထပ်ခွင့်ပေးပါလို့ ခုလို ပွင့်ပွင့်လင်းလင်းနဲ့ ရဲရဲတင်းတင်းကြီး ခွင့်တောင်းတာကိုတော့ ကိုထွန်းလင်း တစ်ယောက်ပဲ မေ တွေ့ဖူးပါသေးတယ်။ ဒါပေမဲ့ ချစ်လှပါတယ်၊ ကြိုက်လှပါတယ် လို့ ပြောကြဆိုကြတဲ့ လူတွေကတော့ မနည်းလှပါဘူး" အိမ်ရှေ့ဥပစာတွင် စိုက်ပျိုးထားသော ဒေလီယာပန်းပင်များအနီးတွင် ရပ်ရင်း မေက စတင်၍ ပြောဆိုခြင်းပြုလေသည်။

ထွန်းလင်းသည် ၎င်း၏ ပွင့်လင်းရဲတင်းခြင်းကို မေမေလွင်က အသိအမှတ်ပြုလိုက်သည့်အတွက် များစွာ ကျေနပ်နေသည်။ သို့ရာတွင် ဘာမျှတော့ ပြန်မပြောသေးချေ။ သူသည် တစ်စုံတစ်ရာကို ရှည်ရှည်ဝေးဝေးနှင့် လေးလေးနက်နက် စဉ်းစားခြင်းပြုနေဘိသကဲ့သို့ မိုးကောင်းကင်ယံထက်ဆီသို့ မော်၍ ကြည့်နေသည်။ နှင်းများ တမှုန်မှုန် ကျနေသဖြင့် ငွေလမင်းကိုကား ဝိုင်းဝိုင်းစက်စက် မမြင်ရချေ။ ကြယ်

ပွင့်ကလေးများသည်လည်း ပျောက်ကွယ်၍ နေကြသည်။

"မေနဲ့ ကိုထွန်းလင်းတို့ လူချင်းတွေ့ကြ၊ သိကြတာလည်း ဘာမှ မကြာသေးဘဲနဲ့ ခုလို မေ့ကို လက်ထပ်ဖို့ ဖြုန်းစားကြီး ခွင့်တောင်း လိုက်တဲ့ ကိစ္စကို မေတော့ စဉ်းစားလို့မရမိဘူး၊ တော်တော်ကြီးဆန်းနေ တယ်" မေမေလွင်သည် ဒေလီယာပန်းပွင့်တစ်ပွင့်ကို ယုယုယယကိုင် လျက် ကြည့်ရှုရင်း ၎င်း၏ အတွင်းစိတ်နေသဘောထားကို ပြန်လည် ၍ ပြောဆိုလိုက်ပြန်သည်။

ငွေလမင်းကို မော့၍ ကြည့်နေရာမှ ထွန်းလင်းသည် လှဥမ္မာကို လှမ်း၍ ကြည့်လိုက်သည်။ သူသည် သက်ပြင်းကို မသိမသာချရင်း "မသိနိုင်သေးလို့ မသိရသေးတဲ့ အမှုမှန်သမျှ ဆန်းနေတတ်တာက တော့ သဘာဝပဲမဟုတ်လားမေ" ဟု လေးလေးနက်နက် ပြောဆိုခြင်း ပြုလေ သည်။ ထို့နောက် သူပြောဆိုလိုက်သော စကား၏ အနက်အဓိပ္ပာယ် ကို နားထောင်နေသော တစ်ဖက်သားငုံမိသည်၊ မငုံမိသည်ကို ခန့်မှန်းနိုင် ရန်အတွက် ဒေလီယာပန်းပွင့်တစ်ပွင့်ကို ယုယုယယ ကိုင်တွယ်ကာ ပွတ်သပ်ဆော့ကစားနေသော မိန်းမလှကိုလည်း ထွန်းလင်းသည် မသိ မသာ အကဲခတ်သလို တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်မိလေသည်။

အလှကို တပ်မက်မောဟန်ရှိသော မိန်းမလှသည် ပန်းက‌ ေးများ နှင့်သာ ဆော့ကစား၍နေသည်။ ဘာမျှတော့ ပြန်လည်ပြောဆိုခြင်း မပြုချေ။

ထွန်းလင်းသည် သာချင်လျက်နှင့် လွတ်လွတ်ကင်းကင်း မသာ နိုင်ရှာသော ငွေလမင်းကို မော့၍ ကြည့်လိုက်ပြန်သည်။ 'ဘူမိဗေဒ ပညာရပ်ကို လူသားတွေ ဘာမျှ မသိကြခင်တုန်းက မီးတောင်ကြီးတွေ ရုတ်တရက် ပေါက်ကွဲတာဟာ အင်မတန် ဆန်းနေတဲ့ ကိစ္စကြီးတွေ ဖြစ်နေခဲ့ဖူးတယ် မဟုတ်လား မေ၊ ဆန်းလွန်းအားကြီးလွန်းလို့ လူသား

တွေဟာ ကြောက်အားပိုပြီး မီးတောင်ကြီးထဲကိုတောင် အပျိုစင်ချော ချော လှလှကလေးတစ်ယောက်ကို ပစ်ချပြီး ပူဇော်တောင်းပန်ခဲ့ကြသေး တယ်လေ၊ ခုကာလထိအောင် ဒီအလေ့အထဟာ ဒက္ခိဏပင်လယ်ပြင် က ကျွန်းတွေမှာ ရှိနေတုန်းပဲမဟုတ်လား"

နွားကျောင်းသားတစ်ယောက်က အဘိဓမ္မာသဘော သက်ဝင် သော စကားကို လေးလေးနက်နက် ပြောဆိုခြင်းပြုလိုက်သောအခါ လူ့ဘဝနှင့် သဘာဝတို့ကို ပေါ့ပေါ့တန်တန်လောက်သာ မြင်တွေ့သဘောထားခဲ့ ဟန်ရှိသော မိန်းမလှသည် ၎င်းရင်ဆိုင်ခြင်း ပြုနေရသော သတ္တဝါတစ် ကောင်သည် ယခင့်ယခင်အခါများက ၎င်း တွေ့ဆုံဆက်ဆံဖူးခဲ့သော သတ္တဝါများကဲ့သို့ မဟုတ်သည့်အကြောင်းကိုလည်း ရိပ်စားမိစပြုလာ သည်။ ပန်းပွင့်ကလေးများနှင့် ဆော့ကစား၍ နေရာမှ ညတွင်းချင်းပင် တကယ့်ပါမောက္ခကြီး တစ်ဦးကဲ့သို့ ရင့်ကျက်လေးနက်သော ၎င်း၏ နွားကျောင်းသားကိုလည်း အံ့အံ့ဩဩ လှမ်းကြည့်နေမိသည်။

"ခရစ်ယာန်ဘာသာဝင်များရဲ့ သမ္မာကျမ်းစာထဲမှာ အာဒံနဲ့ ဧဝ ဆိုတဲ့ လင်မယားနှစ်ယောက်ဟာ သူတို့ကို ဖန်ဆင်းတော်မူတယ်လို့ ဆိုတဲ့ ဘုရားသခင်က ပညတ်ထားတဲ့သစ်သီးကို ခိုးစားမိကြတဲ့အတွက် အသိတရားတွေဝင်လာပြီး အေဒင်ဥယျာဉ်ထဲက မောင်းထုတ်ခြင်း ခံရ တယ်လို့ ဆိုတယ်၊ ခရစ်ယာန်ဘာသာဝင်တွအနေနဲ့တော့ ဘုရားသခင် ရဲ့ ပညတ်ထားတဲ့အချက်ကို ကျူးလွန်တဲ့ အာဒံနဲ့ ဧဝတို့ လင်မယား ကို အပြစ်ရှိတယ်လို့ မြင်နေကြပုံရတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီလင်မယားနှစ်ယောက်ကို ချီးကျူးချင်တယ်။ ကျေးဇူးလည်းတင်တယ်"

၎င်း၏ သမ္မာကျမ်းတော်မြတ်ကို ကိုးကား၍ ပြောဆိုလာသော ထွန်းလင်းကို မေမေလွင်သည် အလန့်တကြား ကြည့်လိုက်မိသည်။

ထို့နောက် “ဘယ်လိုကြောင့်လဲဟင်” ဟုလည်း ရုတ်ခနဲ ပြန်၍မေး လိုက်မိသည်။

“ဒီအာဒံနဲ့ ဧဝတို့ လင်မယားဟာ ဘုရားသခင် ပညတ်ထား တော်မူတဲ့အတိုင်း အသိပညာတရားကို တိုးပွားစေတဲ့ သစ်သီးကို ခိုး မစားခဲ့ကြရင် အဲဒီလင်မယားက ဆင်းသက်ပေါက်ပွားလာကြတယ်လို့ အဆိုရှိတဲ့ ကိုထွန်းလင်းတို့ မေတို့ အပါအဝင် လူသားတွေဟာ ခုလို အဝတ်အစားတွေ ဝတ်ချင်မှဝတ်ပြီး တိရစ္ဆာန်တွေနဲ့ ဘာမှမခြားဘဲ ဖြစ်ချင်သလို ဖြစ်နေလိမ့်မယ်၊ ဂယ်လီလီယိုဆိုတဲ့ လူကြီးတစ်ယောက် ဟာလည်း မိုးကောင်းကင်ဘုံမှာ ရှိတယ်လို့ဆိုတဲ့ ဘုရားသခင်ကို မှန်ပြောင်းကြီးနဲ့ ချောင်းကြည့်ဝံ့ချင်မှ ဝံ့မယ်၊ ဒီလိုပဲ ဒါဝင်ဆိုတဲ့ လူ ကြီးတစ်ယောက်ကလည်း လူဆိုတဲ့ သတ္တဝါဟာ ဘုရားသခင်က ဖန် ဆင်းတဲ့ သတ္တဝါမဟုတ်ဘဲ တိရစ္ဆာန်တွေအကြားထဲက တိုးတက်ထူး ချွန်လာတဲ့ သတ္တဝါလို့ ပြောဝံ့ချင်မှ ပြောဝံ့လိမ့်မယ်”

အဘိဓမ္မာဒေသနာကို ဟောကြားနေသော နွားကျောင်းသားသည် ၎င်း၏ ခံယူချက်၌ ခိုင်ခံ့မြဲမြံခြင်း ရှိလှသကဲ့သို့ တည်ငြိမ်လှပေသည်။ နုပျိုငယ်ရွယ်လှသော သူ၏ မျက်နှာအသွင်အပြင်သည်လည်း အဘိဓမ္မာ ဒေသနာတော်ကို ဟောမြွက်ရင်း လေးနက်ရင့်ကျက်လျက် ရှိပေသည်။ အထူးသဖြင့် သူ၏ မျက်လုံးများသည် ကြောက်မက်ဖွယ်ရာ တောက်ပ ၍နေလေသည်။

မေမေလွင်သည် ၎င်းနှင့် သက်တူရွယ်တူယောကျ်ားကလေးပေါင်း အမြောက်အမြားကို နီးနီးကပ်ကပ်နှင့် ပွန်းပွန်းတီးတီး ဆက်ဆံခဲ့ဖူးလေ ပြီ။ သို့ရာတွင် ဤကမ္ဘာမြေကြီးပေါ်၌ ၎င်း ရှိသေခန့်ညားရမည့် ယောကျ်ားတစ်ယောက် ရှိနေပါသေးသလားဆိုသော အသိတရားသည် ထိုညကမှ အစပြု၍ ၎င်း၏ ဦးနှောက်အတွင်းသို့ ဝင်သွားဟန်ရှိသည်။

(၃)

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အချက်ပေးပြောဆိုကြခြင်းမရှိဘဲ ၎င်းတို့၏ ကိုယ်ပိုင်စိတ်ကူးများဖြင့် ဒေလီယာပန်းပင်များအနီးတွင် ရပ်နေခဲ့ကြရာမှ ခပ်လှမ်းလှမ်းတွင်ရှိသော စံပယ်ရုံကြီးဘက်ဆီသို့ ငြိမ်သက်စွာ လျှောက်လာခဲ့ကြလေသည်။ ခြံကြီးအတွင်း၌ကား တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ထွန်းလင်းသည် စံပယ်ရုံဘေးတွင် ရပ်ကာ စံပယ်ပန်းများကို အတန်ကြာမျှ စူးစိုက်ကြည့်၍နေလေသည်။ အဘိဓမ္မာဆရာ၏ ဒေသနာသစ်ကို ကြားရလိမ့်နိုးနိုးနှင့် မေမေလွင်သည် ငြိမ်သက်စွာ ရပ်နေသည်။

သို့ရာတွင် ထိုသူသည် ဦးနှောက်အား လေးလံစေသော အကြောင်းအရာများကို ဆက်လက်၍ ပြောဆိုခြင်းမပြုလိုတော့သကဲ့သို့ စံပယ်ဖြူတစ်ပွင့်ကို ဆတ်ခနဲ လှမ်းဆွတ်ကာ မွှေးနေလိုက်သည်။ မေမေလွင်သည် ထိုယောက်ျားကို စိုးရွံ့ထိတ်လန့်ကာ လှမ်း၍ကြည့်ရင်း "ကိုထွန်းလင်းက စံပယ်ကို ကြိုက်တယ်ထင်ပါရဲ့" ဟု ပြောဆိုလိုက်မိသည်။

ထွန်းလင်းသည် ဦးခေါင်းကို ညိတ်ပြရုံမျှ ညိတ်ပြခြင်းပြုလေသည်။ ထို့နောက် စံပယ်ပွင့်ကလေးတစ်ပွင့်ကို အဖိုးထိုက် အဖိုးတန်ပစ္စည်းတစ်ခုသဖွယ် ၎င်း၏ အပေါ်အင်္ကျီအိတ်ကပ်အတွင်းသို့ တရိတသေ ထည့်ရင်း "စံပယ်ဟာ အင်မတန်အပြစ်ကင်းတဲ့ပန်း မဟုတ်လား မေ၊ နောက်ပြီးတော့ ဒီပန်းဟာ ဖြူစင်သန့်ရှင်းသလောက် မွှေးလည်း မွှေးတယ်၊ ဖြူတဲ့နေရာမှာလည်း ဆွတ်ဆွတ်ဖြူပြီး မွှေးတဲ့နေရာမှာလည်း သင်းသင်းကလေးမွှေးတတ်တယ်၊ ဒီပြင်ပန်းတွေလို မကလက်ဘူး၊ စူးလည်းမစူးဘူး" ဟု ၎င်း၏ လေးနက်သောသဘောထားနှင့် သုံးသပ်ချက်များကို စေ့စေ့စပ်စပ် ပြောဆိုသွားသည်။

"မေကတော့ နှင်းဆီပန်းကိုပဲကြိုက်တယ်၊ နှင်းဆီထဲမှာတောင်မှ ပဲ နှင်းဆီနီကို ပိုပြီးကြိုက်တယ်" ၎င်း၏ စိတ်ထဲတွင် ရှိနေတတ်သော ကိစ္စတစ်ခုခုကို မျိုသိပ်၍ မထားတတ်သော သဘာဝရှိသည့်အတိုင်း မေမေလွင်က နှင်းဆီနီကို ကြိုက်တတ်သော ၎င်း၏သဘောထားကို ထုတ်ဖော်ပြောဆိုခြင်း ပြုလိုက်သည်။

ထွန်းလင်းသည် မေမေလွင်ကို တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။ ထို့နောက် ပြုံးသည်ဆိုရရုံမျှ ပြုံးလိုက်ပြီးလျှင် "နှင်းဆီပန်းဟာ လှလည်းလှတယ်၊ မွှေးလည်းမွှေးတယ်၊ ဒါပေမဲ့ ဆူးကရှိနေတယ်" ဟု ခပ်ဖြည်းဖြည်း ခပ်အေးအေး ပြောဆိုလေသည်။

၎င်းထက် အသက်အားဖြင့်လည်း ငယ်ရွယ်ရုံမျှသာမက အတန်းအားဖြင့်လည်း နိမ့်ကျလျက်ရှိသော ထိုဥပစာတန်းကျောင်းသားကို အလန့်တကြား လှမ်း၍ ကြည့်လိုက်မိသည်။ လှဥမ္မာသည် ထိုသတ္တဝါကို လေးလေးနက်နက် သဘောထားဆက်ဆံမှ ဖြစ်တော့မည့်အရေးကိုလည်း နှလုံးသွင်း စဉ်းစားစပြုလာသည်။

"ညနေကပြောတဲ့စကားကို ပြန်ဆက်ကြရင်မကောင်းဘူးလား မေ"

ထွန်းလင်းက ပြတ်နေသော စကားကို ပြန်၍ ကောက်လိုက်သည်။

မေမေလွင်သည် သူ့ကို မျက်လွှာပင့်၍ ကြည့်ကာ စံပယ်ပန်းတစ်ပွင့်ကို လှမ်းဆွတ်လိုက်သည်။ ဘာမှတော့ ပြန်မပြောဘဲ စံပယ်ပန်းကို မွှေးနေသည်။

"ကိုထွန်းလင်းက မေ့ကို လက်ထပ်ဖို့ အခွင့်တောင်းတာက ခုချက်ချင်း လက်ထပ်ဖို့ ပြောလိုတာတော့ မဟုတ်သေးပါဘူး၊ နှစ်ယောက်စလုံး အဆင်သင့်ဖြစ်ကြတဲ့ အချိန်ကျတော့မှသာ အေးအေးဆေးဆေး လက်ထပ်ဖို့ ရည်ရွယ်ပြီး ပြောတာပါ" ထွန်းလင်းက ၎င်း၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖွင့်လိုက်သည်။

၎င်းအား လက်ထပ်လိုသည်ဆိုသော သူကို မေမေလွင်သည် ကောင်းစွာ နားမလည်နိုင်သေးသော အမူအရာဖြင့် လှမ်း၍ ကြည့်နေသည်။ ထိုသူသည် မိမိအား အခြားအခြားသော လူပျိုကာလသားများနှင့် ပိုးပန်းနေကြသူများနည်းတူ အဘယ်ကြောင့် "ချစ်ပါသည်၊ ကြိုက်ပါသည်" ဆိုသော စကားကို ရှေးဦးစွာ ပြောဆိုခြင်းမပြုဘဲ "လက်ထပ်ခွင့်ပေးပါ" ဆိုသော စကားကိုသာ အဓိကထား၍ ပြောဆိုခြင်းပြုရသနည်း။

"မေ စောစောကပြောသလိုပဲ တစ်ဦးရဲ့အကြောင်းကို တစ်ဦးက ပိုပြီး လေ့လာခွင့်ရအောင် အချိန်ရှည်ရှည်ပေးထားဖို့ လိုလိမ့်မယ်ထင်တယ် ကိုထွန်းလင်း၊ မေ နောက်တစ်ခု ပြောချင်သေးတာကတော့ မေ့မှာ ကိုထွန်းလင်းအပြင် တခြားမိတ်ဆွေတွေလည်း တော်တော်များများ ရှိနေသေးတယ်ဆိုတာပဲ"

"တခြားမိတ်ဆွေဆိုတဲ့ လူတွေကတော့ မေနဲ့ သက်ဆိုင်လိမ့်မယ်ထင်တယ်၊ ကိုထွန်းလင်းနဲ့ ဆိုင်တာကတော့ မေ တစ်ယောက်တည်းပါ"

"ဟုတ်ပါတယ်၊ နောက်ပြီးတော့ မေရဲ့ သဘောထားတစ်ခုကိုလည်း ခုကတည်းက ကိုထွန်းလင်း သိထားအောင် ပြောပြထားချင်သေးတယ်"

"ပြောထားဖို့ လိုအပ်ရင်တော့ ပြောသာပြောပါလေ"

"မေနဲ့ ကိုထွန်းလင်းနဲ့ ပထမဦးဆုံးအကြိမ် တွေ့ကြတဲ့ အင်းလျားကန်သာမှာတုန်းက မေ မရန်းပင်ရိပ်မှာ ပြောခဲ့တဲ့ စကားကလေးတွေကို သတိရသေးရဲ့လားတော့ မသိဘူး"

"လူ့ဘဝဆိုတာဟာ စားဖို့သောက်ဖို့နဲ့ ပျော်ရွှင်ဖို့ မဟုတ်လားဆိုတဲ့ စကားကို မေက ရည်ညွှန်းလိုတာမဟုတ်လား"

"ကိုထွန်းလင်းက မှတ်ဉာဏ်ကောင်းသားပဲ"

"မေ့ကို စတွေ့ရတဲ့ ညဦးပိုင်းကတည်းက မေဟာ လူ့ဘ၀ကို ဒီလို ခံယူသိမြင်ထားတဲ့ မိန်းကလေးတစ်ယောက်ဆိုတာကို ကိုထွန်းလင်း သိထားလိုက်တယ်၊ အဲဒါနဲ့တစ်ပြိုင်နက်တည်းလိုလိုပဲ မေဟာ ကိုထွန်းလင်း ဘ၀အတွက် မရှိရင်မဖြစ်တဲ့ အစိတ်အပိုင်းကြီးတစ်ခုဆိုတာကိုလည်း နားလည်ထားလိုက်တယ်"

"ဒီအထိတောင်မှပဲလား ကိုထွန်းလင်းရဲ့"လေးလေးနက်နက်ကြီး ပြောဆိုလိုက်သော ထွန်းလင်းကို လှဉမ္မာက ပေါ့ပေါ့ကလေး ပြန်၍ မေးလိုက်သည်။

"လူတိုင်းလူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲမဟုတ်လား မေ"

ထိုစကားကို မေမေလွင်သည် ပြန်၍ မငြင်းဆန်နိုင်ချေ။

"ဒါကြောင့် မသိသေးတဲ့ အမှုတစ်ခုဟာ ဆန်းကြယ်နေတတ်တယ်လို့ စောစောက ကိုထွန်းလင်း ပြောခဲ့တာပေါ့"

လှဉမ္မာသည် ၎င်းအား လက်ထပ်ခွင့် တောင်းလိုက်သောသူကို လှမ်း၍ ကြည့်လေသည်။ ဘာမျှတော့ ပြန်၍မပြောချေ။

"အဲဒီအင်းလျားကန်သာမှာ တွေ့ကြတုန်းက လူတွေစုံပြီး ပျော်ကြပါးကြတဲ့ နေရာမှာ ဘယ်သူနဲ့မှလည်းမရော၊ စကားလည်းမပြောဘဲ မှောင်ရိပ်ထဲမှာ တစ်ယောက်တည်း ခုလိုကုပ်နေတာဟာ ဘယ်လို အဓိပ္ပာယ်ရှိမလဲဟင်လို့ မေက ကိုထွန်းလင်းကို မေးခဲ့တဲ့ မေးခွန်းကိုကော မှတ်မိသေးသလား"

မှတ်ဉာဏ်ကောင်းလှသော လူကို မေမေလွင်သည် ဦးခေါင်းအား ညိတ်ပြရုံမျှသာ ညိတ်ပြနိုင်လေသည်။ မိမိပြောဆိုခြင်းပြုခဲ့သော စကားများကို တစ်လုံးမကျန် တိတိကျကျ မှတ်မိပြောဆိုခြင်း ပြုနိုင်သော

ထိုလူတစ်ယောက်အပေါ်၌လည်း အံ့သြခြင်းမက အံ့သြနေမိသည်။

"အဲဒီမေးခွန်းကို မေက မေးတာဟာ ကိုထွန်းလင်းအကြောင်းကို မသိလို့ အံ့သြပြီး မေးလိုက်တာပဲ မဟုတ်လားဟင်"

လှဉမ္မာက ဦးခေါင်းကိုသာ ညိတ်လေသည်။

"မြန်မာစကားပုံတစ်ခုရှိတယ် မေ၊ လောကကြီးမှာ မရှိတာထက် မသိတာက ခက်တယ်တဲ့၊ ဒါပေမဲ့ ကိုထွန်းလင်းနဲ့ ပတ်သက်ပြီး မေ မသိတာကို သိလာအောင်လုပ်ဖို့က တစ်ခုတည်းရှိတယ်၊ အဲဒါက တခြားတော့ မဟုတ်ဘူး၊ ကိုထွန်းလင်း ရင်ကို ခွဲပြဖို့ပဲ၊ ဒီစကားဟာ တင်စားပြောရမယ့် စကားဖြစ်ပေမဲ့ လက်တွေ့လုပ်ပြရတော့မလိုလည်း ဖြစ်နေပြီထင်တယ်"

"နားလည်ပါပြီလေ၊ ဒီတော့ ရှေ့ဆက်ပြီး ဘယ်လိုလုပ်ကြမလဲ ဆိုတာကို ပြောစမ်းပါဦး ဆရာကြီးရဲ့"ဟု မေမေလွင်က ပိုမိုရင်းနှီးလာသော အသုံးအနှုန်းများဖြင့် ပြောဆိုလိုက်သည်။

"ရှေ့ ဘယ်လိုလုပ်ကြမလဲဆိုတာကတော့ ကိုထွန်းလင်းအပေါ်မှာ သိပ်မတည်ဘူး၊ မေ့အပေါ်မှာ တည်နေလိမ့်မယ်"

"မေက ဘယ်လိုလုပ်ရမလဲဆိုတာ ပြောပြစမ်းပါဦး"

"ကိုထွန်းလင်းကို မေ နားလည်လာတဲ့အချိန်အထိ လေ့လာပေါ့"

"ကိုထွန်းလင်းကကောဟင်"

"ကိုထွန်းလင်းအဖို့ကတော့ အင်းလျားကန်သာမှာတုန်းကတည်းက မေ့ကို နားလည်ခဲ့ပြီးပြီ၊ နောက်ထပ် ဘာမှမလိုတော့ဘူး"

"ဒါဖြင့် မေနဲ့ပတ်သက်လို့ ကိုထွန်းလင်းအတွက် ဘာမှမလိုတော့ ဘူးလို့ ဆိုချင်တယ်ပေါ့၊ ဟုတ်လား ကိုထွန်းလင်း"

ထွန်းလင်းက ဦးခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"ရှင် မေ့အကြောင်းနဲ့ စိတ်နေသဘောထားတွေကိုပါ အားလုံး

သိပြီးလို့ လက်လည်းခံနိုင်တယ်လို့ ဆိုနိုင်ပြီလား"

ထွန်းလင်းသည် ဦးခေါင်းကိုသာ ညိတ်ပြခြင်းပြုလေသည်။

"မေ ခုလိုနေတာ ထိုင်တာ၊ ပေါင်းသင်းဆက်ဆံတာနဲ့ သွားတာလာတာတွေကို ရှင် ကောင်းကောင်းကြီး နားလည်ပြီးပြီနော်၊ ဟုတ်လား ကိုထွန်းလင်း"

"မေ့မှာ ရည်းစားတွေ တစ်ဒါဇင်မက ရှိနေတယ်ဆိုတာတွေရော၊ မေဟာ ယောကျ်ားတစ်ယောက်ကို ယောကျ်ားတစ်ယောက်လို သဘောမထားတတ်ဘူးဆိုတာတွေရော အကုန်လုံးကို ကိုထွန်းလင်းသိပါတယ်။ ဒါပေမဲ့ ကိုထွန်းလင်း မေ့ကိုပဲ လက်ထပ်ချင်တယ်၊ ဘယ်တော့မှလည်း ဒီစိတ်နေသဘောထားဟာ ပြောင်းလဲသွားလိမ့်မယ်လည်း မဟုတ်ဘူး"

"ဒီလိုသိတဲ့အတွက် ဝမ်းသာပါတယ် ကိုထွန်းလင်း၊ ကိုထွန်းလင်းကို မေက လက်ထပ်နိုင်တဲ့တစ်နေ့ကျတော့ အကြောင်းပြန်ရမှာပေါ့နော် ဟုတ်လား"

ကိုထွန်းလင်းက ဦးခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"မေက အကြောင်းမပြန်သေးမချင်း ကိုထွန်းလင်းက စောင့်မယ်ပေါ့ ဟုတ်လား"

"မေ အစောင့်ခိုင်းထားသလောက် ကိုထွန်းလင်း စောင့်မယ်၊ ဘယ်လောက်ပဲ ကြာကြာပေါ့"

"တကယ်စောင့်နိုင်ပါ့မလား ကိုထွန်းလင်းရဲ့"

"မေကသာ အစောင့်ခိုင်းကြည့်ပါဦးလေ"

"တကယ်နော် ကိုထွန်းလင်း"

ထွန်းလင်းက လက်ညှိုးနှစ်ချောင်းကိုထောင်၍ ပြလိုက်သည်။ ထွန်းလင်း၏ ပြန်လည်ဖြေကြားပုံကို မေမေလွင်သည် များစွာ သဘောကျသွားသကဲ့သို့ အသံကလေးများပင် ထွက်လာအောင် ရယ်မောခြင်း

ပြုလိုက်သည်။ ရယ်မောခြင်းပြုပြီးမှ "အဲဒီအတောအတွင်းတော့ ကိုထွန်းလင်း မေတို့အိမ်ကို မှန်မှန်လာလည်တာပေါ့နော် ဟုတ်လား" ဟု ပြောဆိုလိုက်သည်။

ညဥ့်ကလည်း တော်တော်ကလေးနက်စပြုလျက် ခြံထဲ၌လည်း တစ်စထက်တစ်စ အေး၍လာပြီဖြစ်သဖြင့် သူတို့နှစ်ယောက်သည် အိမ်ထဲသို့ ပြန်ဝင်လာကြသည်။ ဧည့်ခန်းသို့ ပြန်ရောက်လျှင်ရောက်ချင်း မေမေလွင်သည် ထွန်းလင်းကို တစ်ယောက်တည်းထားပစ်ခဲ့ပြီးလျှင် ၎င်းကိုယ်တိုင် မီးဖိုချောင်သို့ဝင်၍ ကော်ဖီနှစ်ခွက် ဖျော်ယူလာခဲ့သည်။

ထိုညက ကံဘဲ့အိမ်မှ အန်တီစု၏ မော်တော်ကားကလေးနှင့် ထွက်လာသောအခါ ၁၀ နာရီခွဲပြီး၍ ၁၁ နာရီပင် ထိုးလုနီးလေပြီ။

❖

## အသည်းနှလုံးနှင့် အသက်မွေးဝမ်းကျောင်း

(၁)

လှဥမ္မာနှင့် လရောင်အောက်၌ လမ်းလျှောက်ရင်း စကားပြောဆိုခြင်းပြုခဲ့ရသော ညမှ အစပြုလျက် ထွန်းလင်းသည် ၎င်းအဖို့ စိတ်နှလုံး တုံးတုံးချနိုင်ပြီဖြစ်၍ ကောင်းစွာ အိပ်စက်ခြင်းပြုကာ စာကိုလည်း ဖြောင့်ဖြောင့်တန်းတန်းနှင့် လွယ်လွယ်ကူကူ ကျက်လာနိုင်လေသည်။ သူသည် သူ၏ကိုယ်ကို ကောင်းစွာ စိတ်ချနေပြီဖြစ်ရကား ကျောင်းအားလပ်သော ရက်များတွင်သာမဟုတ်တော့ဘဲ နှစ်ရက်တစ်ကြိမ်၊ ၃ုံးရက်တစ်ကြိမ်ဆိုသလို ကံဘဲ့အိမ်သို့ မှန်မှန်ကြီး ရောက်ရှိနေတတ်သည်။ ယခင့်ယခင်ကာလများက ၎င်း၏ အခန်းမှလွဲ၍ အခြားဘယ်သို့မျှပင် လည်တတ်၊ ပတ်တတ်သည် မဟုတ်သော နွားကျောင်းသားကို အခန်းနီးချင်း ကျောင်းသားများကပင် အံ့ဩလာကြသည်။ ရန်ကုန်တက္ကသိုလ်တွင် ဖေးဘရိတ်ဖြစ်နေသော မေမေလွင်တို့အိမ်သို့ မှန်မှန်ကြီး သွားရောက်လည်ပတ်နေမှန်းကို သိရှိလာကြသော နောက်ပိုင်းတွင်မူကား သာလွန်၍ အံ့ဩလာကြလေသည်။ နွားကျောင်းသား၏ အကြောင်းနှင့်

လှဥမ္မာ၏အကြောင်းကို ကောင်းကောင်းကြီး သိရှိထားကြသော ကျောင်းသားကြီးများကမူ 'ခက်တော့တာပဲဟေ့' ဟုပင် ၎င်းတို့အချင်းချင်း ညည်းညူပြောဆိုလျက် ရှိကြလေသည်။ သို့ရာတွင် နွားကျောင်းသားက ဘယ်သူပြောတာကိုမျှ ဂရုမစိုက်တော့ချေ။ သူ့စိတ်ကူးနှင့်သူ အဟုတ်ကြီး ထင်နေသည်။ လှနတ်မယ်၏ စံအိမ်တော်သို့ မှန်မှန်ကြီး အခစားဝင်လျက်သာ ရှိလေသည်။

အလှ၏ တစ်ကောင်သောကျေးကျွန်သည် ၎င်း၌ တစ်ပါးတည်းသာလျှင် ရှိတော်မူသော သခင်မဖုရား၏ ခြေတော်ရင်းသို့ နှစ်ရက်တစ်ကြိမ်၊ သုံးရက်တစ်ကြိမ် ဆိုသလို မပျက်မကွက် အဖူးမြော်ဝင်ရောက်လျက်သာ ရှိသော်လည်း အခါခပ်သိမ်းတွင် သခင်မဖုရားကလေးကို ဖူးတွေ့ရသည်ကား မဟုတ်ချေ။ အခန့်သင့်၍ ကြုံကြိုက်သော အခါများမှသာ လှနတ်မယ်၏ မျက်နှာတော်ကို မော်ဖူးခွင့်ရတတ်သည်။ တစ်ခါတစ်ရံ လှဥမ္မာသည် ၎င်း၏ အခြားအခြားသော ဘောင်းဘီဝတ်မိတ်ဆွေများက ခေါ်ဆောင်သဖြင့် ပါတီတစ်ခုခုသို့ သွားရောက်နေတတ်လျက် တစ်ခါတစ်ရံလည်း အခြားအခြားသော အသိမိတ်ဆွေမိန်းကလေးများနှင့် ရုပ်ရှင်သွားကြည့်နေတတ်သည်။ ထိုအခါများ၌ ထွန်းလင်းသည် မေမေလွင်နှင့် မတွေ့ရတတ်ချေ။ ယင်းသို့ မေမေလွင်နှင့် မတွေ့ရသော ပထမ တစ်ကြိမ်နှစ်ကြိမ်လောက်သာ သူသည် အနည်းငယ် စိတ်ပျက်သလို ဖြစ်မိသော်လည်း နောက်ပိုင်းတွင် သူသည် ထိုကဲ့သို့သော စိတ်အားငယ်စရာကလေးများကို ပဓာနမထားတော့ချေ။ မေမေလွင်ကို မတွေ့ရလျှင် သူ့အပေါ်၌ တူလိုသားလို ခင်မင်စပြုလာပြီဖြစ်သော အန်တီစုနှင့် ဧည့်ခန်း၌ စကားပြောဆိုခြင်း ပြုတတ်သည်။ အန်တီစုကိုယ်တိုင် အိမ်၌မရှိပြန်သော အခါများ၌လည်း သူသည် ခြံဝင်းအတွင်း၌ တစ်ယောက်တည်းပင် လမ်းလျှောက်ရင်း ပန်းများကို လိုက်လံ

ကြည့်ရှုနေတတ်သည်။

တစ်ခါတစ်ရံ လှုဥမ္မာနှင့် လူချင်းတွေ့ရလျက်နှင့် အဆင်မပြေ တတ်သော အဖြစ်အပျက်ကလေးများကိုလည်း ထွန်းလင်းသည် တွေ့ ကြုံရလေ့ရှိသည်။ ညှော်ခန်းထဲ၌ ဖြစ်စေ၊ ခြံဝင်းထဲ၌ဖြစ်စေ လှုဥမ္မာနှင့် စကားပြောဆိုနေခိုက် မေမေလွှင်၏ အသိမိတ်ဆွေများသည် ဗြုန်းခနဲ ရောက်ရှိလာကြပြီးလျှင် တစ်နေရာရာသို့ ဇွတ်အတင်း ဆွဲခေါ်သွားတတ် ကြလေသည်။ တစ်ခါက ညှော်ခန်းထဲ၌ လူချင်းမှ အေးအေးဆေးဆေး စကားမပြောရသေးမီ ခေတ်ဆန်ဆန် ဝတ်စားထားကြသော မိန်းကလေး နှစ်ယောက်သည် မော်တော်ကားကလေးနှင့် ဗြုန်းခနဲ ရောက်ရှိလာကြ ပြီးလျှင် မေမေလွှင့်အား ရုပ်ရှင်ကြည့်ရန် ဆွဲခေါ်သွားကြသည်။ ထို့ အတူပင် တစ်ယောက်ကလည်း ပန်းခြံထဲ၌ နှစ်ယောက်သား မိမိတို့ ငယ်စဉ်က အကြောင်းအရာကလေးများကို ရယ်ကာမောကာ ပြောဆို နေကြခိုက် ကိုယ်ပိုင်မော်တော်ကား စီးနိုင်သော ဘောင်းဘီဝတ်တစ် ယောက်သည် မေမေလွှင့်အား ပါတီတစ်ခုသို့ ဆွဲခေါ်သွားဖူးလေသည်။ ထိုအခါများ၌ ထွန်းလင်းသည် လွယ်လင့်တကူ လိုက်ပါ၍ သွားတတ် သော မေမေလွှင်ကို မျက်လုံးကြီးများ အဝိုင်းသားနှင့် ငေးမောကြည့်ရှု ရင်း ကျန်ရစ်ခဲ့ရသည်သာ များလေသည်။ ထိုသို့ လာရောက် ခေါ်ငင် ကြသူများကို မေမေလွှင်သည် မိမိတစ်ယောက်လုံး ငုတ်တုတ်ကြီးရှိနေ ပါလျက်နှင့် အဘယ်ကြောင့် ဟန်ကလေးမျှ လုပ်၍ပင် ငြင်းဆန်ခြင်း မပြုရသနည်း။ ထိုအကြောင်းကိုလည်း ထွန်းလင်းသည် လေးလေးနက် နက် စဉ်းစားခြင်း ပြုဟန်မရှိချေ။

တစ်ခါကမူ တနင်္ဂနွေ နှစ်ပတ်ကြာမျှ လူချင်းမတွေ့ရသော မေမေ လွှင်ကို လူချင်း အေးအေးဆေးဆေး စကားပြောဖို့ အချိန်မရနိုင်တော့ သည့်တိုင်အောင် မျက်နှာကလေးဖြစ်ဖြစ် မြင်ရလျှင် တော်ပါပြီဟူသော

စိတ်ကူးနှင့် ညဦးတော်တော်နက်အောင် စောင့်ဖူးလေသည်။ ည ၁၀ နာရီ သာသာခန့်အထိ ဧည့်ခန်း၌ အင်္ဂလိပ်မဂ္ဂဇင်းတစ်စောင်ကို အေးအေးဆေးဆေး ဖတ်နေသော ထွန်းလင်းအား အိမ်အပေါ်ထပ်မှ ညအိပ် အင်္ကျီ ရှည်ကြီးကိုဝတ်ကာ ဆင်းလာသော အန်တီစုကပင် များစွာ အံ့အားသင့်၍ သွားလေသည်။ စာမေးပွဲကြီး နီးကပ်၍နေပြီဖြစ်သည့်တိုင်အောင် ထိုမျှလောက် ဖွဲ့ကောင်းလှသော ထွန်းလင်းကို အတန်ကြာမျှ စူးစိုက်၍ ကြည့်နေမိပြီးမှ "ဟင် မောင်ထွန်းလင်း၊ ဒါ မင်း မေ့ကိုစောင့်နေတာလားဟင်" ဟု ထိတ်လန့်တကြား မေးလိုက်သည်။

ထွန်းလင်းသည် အင်္ဂလိပ်မဂ္ဂဇင်းတစ်စောင်ကို စူးစိုက်ဖတ်ရှု၍ နေရာမှ အန်တီစုကို လှမ်းမော့၍ကြည့်လေသည်။ "ဟုတ်တယ် အန်တီ၊ မေနဲ့ တွေ့ဖို့ကိစ္စကလေးရှိနေလို့ တွေ့ရအောင် ကျွန်တော် စောင့်နေတာပါ" ဟု ပြန်၍ ပြောလိုက်သည်။

"မေတစ်ယောက်ကတော့ ပြောလို့မဖြစ်ဘူး မောင်ထွန်းလင်း၊ သူက ပြန်ချင်တဲ့အချိန်မှ ပြန်တယ်"

"ကိစ္စမရှိပါဘူး အန်တီ၊ ကျွန်တော် စောင့်နိုင်ပါတယ်"

"မင်းတစ်ယောက်လည်း ဒီမိန်းကလေးတစ်ယောက်အတွက်နဲ့ တယ်လည်း ဒုက္ခကြီးလှသကွယ်" ဟု ညည်းတွားပြောဆိုပြီးနောက် အန်တီစုသည် ထမင်းစားခန်းဘက်သို့ ထွက်၍သွားသည်။ ထို့နောက် ဆေးပုလင်း တစ်ပုလင်းကို ယူလာပြီးလျှင် ထွန်းလင်းအား ဘာမျှပြောဆိုခြင်း မပြုဘဲ အိမ်အပေါ်ထပ်သို့ ပြန်တက်သွားသည်။

ထိုညကမူ မေမေလွင်သည် အိမ်သို့ ၁၁ နာရီထိုးခါနီးမှ ပြန်၍ ရောက်လေသည်။

ညဦးတော်တော်နက်သည်အထိ ဖွဲ့ကောင်းကောင်းနှင့် ဧည့်ခန်း၌ ထိုင်ကာစောင့်နေသော ထွန်းလင်းကို တွေ့မြင်လိုက်ရသည်နှင့် တစ်

ပြိုင်နက် မေမေလွင်သည် များစွာ အံ့သြသွားပုံရသည်။ ထို့ကြောင့် "ဟင် ကိုထွန်းလင်း၊ ခုထက်ထိ ကျောင်းကိုမပြန်သေးဘဲ ဘာလုပ်နေတာလဲ" ဟု အလန့်တကြား မေးလိုက်မိသည်။

ထွန်းလင်းသည် လှဥမ္မာကို ဖူးမြော်ရလေပြီဖြစ်၍ တောက်ပစွာ ပြုံးလိုက်သည်။ ထို့နောက် လက်ထဲမှ အင်္ဂလိပ်မဂ္ဂဇင်းကို ဘေးသို့ အသာချရင်း "မေနဲ့ လူချင်းမတွေ့ရတာကြာလို့ တမင်စောင့်နေတာပါ၊ ဒီပြင်တော့ ထူးထူးထွေထွေ မရှိပါဘူး" ဟု ပြန်၍ပြောဆိုလေသည်။

"ရှင်တစ်ယောက်လည်း မေ့အတွက်နဲ့ တယ်ပြီး ဝဋ်ကြွေးကြီးလှပါကလား ကိုထွန်းလင်းရယ်" မေမေလွင်သည် ထွန်းလင်းအပေါ်၌ ကရုဏာသက်လှသော အမူအရာဖြင့် ညည်းညူပြောဆိုလိုက်သည်။ ၎င်း၏ အသံမှာလည်း ကရုဏာသံပေါက်၍ နေသည်။

ထွန်းလင်းသည် ဘာမျှတော့ကား ပြန်မပြောချေ။ လှဥမ္မာကိုသာ ကျေနပ်ပြုံးရွှင်စွာ စိုက်၍ ကြည့်နေသည်။

"ဘယ်အချိန်ရှိနေပြီလဲဟင် ကိုထွန်းလင်း၊ ရှင် ပြန်တော့လေ" ဟု မေမေလွင်က ပြောဆိုလိုက်လျှင်ပင် ထွန်းလင်းသည် ထိုင်နေရာမှ ထလေသည်။

"မေ့ကိုတွေ့ရရင် ကိုထွန်းလင်း ပြန်ပါမယ်လေ" ဟုသာ ပြောဆိုခြင်းပြုခဲ့ပြီးနောက် သူသည် ဧည့်ခန်းအတွင်းမှ တစ်လှမ်းချင်း အိမ်အပြင်ဘက်သို့ ထွက်လာသည်။ ကျောင်းသို့ပြန်ရန်အတွက် ဘတ်(စ်)ကား ရချင်မှ ရပေတော့မည်။ သို့ရာတွင် ထိုသယ်ယူပို့ဆောင်ရေး ပြဿနာအတွက် သူသည် စိုးရိမ်ပူပန်ပုံမရချေ။ သူသည် လှဥမ္မာ၏ မျက်နှာတော်ကလေးကို ဖူးမြော်ခဲ့ရပြီဖြစ်၍ ကျောင်းသို့ ကုန်းကြောင်းပြန်ရလျှင်လည်း ဝန်လေးပုံမရတော့ချေ။

အိမ်အပြင်ဘက်သို့ တလှုပ်လှုပ် ထွက်သွားသော ထွန်းလင်းကို

မေမေလွင်သည် နောက်ပိုင်းမှနေ၍ ငေးစိုက်ကာကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ထို့နောက် သက်ပြင်းကို ခပ်လေးလေးချလိုက်ပြီးလျှင် အိမ်တံခါးကို ပြန်ပိတ်လိုက်သည်။

* * *

## (၂)

သို့နှင့် စာမေးပွဲများ စစ်ဆေးဖြေဆိုကြပြီးနောက် နွေကျောင်းရက်ရှည် ပိတ်လိုက်လေသည်။ ကျောင်းချိန်ပြီးဆုံးပြီဖြစ်၍ မိမိတို့နေအိမ်နှင့် ရပ်ရွာသို့ ပြန်ကြရန်လည်း ဖြစ်ပေသည်။ သို့ရာတွင် ထွန်းလင်းသည် ပွင့်ဖြူသို့ ရုတ်တရက် မပြန်ဖြစ်နိုင်ချေ။ လွန်ခဲ့သောနှစ်က စာမေးပွဲပြီးစီး၍ ကျောင်းပိတ်လျှင် ပိတ်လိုက်ချင်း သူ၏ မိခင်နှင့် ဆရာတော်ဦးတိက္ခတို့ မှာကြားလိုက်သော ပစ္စည်းများကို လိုက်လံဝယ်ခြမ်းရန်အတွက် ရန်ကုန်မြို့တွင် နှစ်ရက်ခန့်မျှသာ နေထိုင်လျက် သူသည် မိမိရပ်ရွာသို့ ပြန်ခဲ့သည်။ ယခုနှစ်တွင်မူကား ထိုသို့မဟုတ်တော့ချေ။ သူသည် ရန်ကုန်မြို့တွင် အရက်နှစ်ဆယ်ကျော်ကျော် တစ်လနီးပါးခန့်မျှ နေထိုင်သွားလေသည်။

သူ၏ မိခင်သည် သားဖြစ်သူ၏ ကျောင်းစရိတ်အတွက် တစ်နှစ် တစ်နှစ်တွင် ငွေတစ်ထောင်မျှ ရန်ကုန်ဘဏ်တိုက်ကြီးတစ်တိုက်တွင် စာရင်းရှင် လွှဲအပ်ပေးထားလေသည်။ အထွေထွေကျောင်းစရိတ် လိုသလောက်ကို ထွန်းလင်းသည် တစ်လလျှင်တစ်ကြိမ် ဘဏ်တိုက်သို့ သွား၍ ထုတ်ရသည်။ တစ်လ တစ်လလျှင် သူသည် လေးဆယ့်ငါးကျပ် ငါးဆယ်ခန့်မျှ ထုတ်ယူသည်။ ထိုသို့ တစ်လလျှင် လေးဆယ့်ငါးကျပ်၊ ငါးဆယ်ခန့် ထုတ်ယူသည်တိုင်အောင် အချို့သောလများတွင် ငါးကျပ် တစ်ဆယ်ခန့် နီးပါးခန့်မျှ ကျန်နေတတ်သည်။ မနှစ်ကမူ ဘဏ်တိုက်

တွင် သူ၏နာမည်နှင့် စာရင်းရှင် ဖွင့်ပေးထားသော ငွေတစ်ထောင် အနက်မှ တစ်နှစ်လုံး သူ၏ အထွေထွေ ကုန်ကျစရိတ်သည် ခုနစ်ရာ ကျော်ကျော်မျှသာ ဖြစ်သည်။ ထို့ကြောင့် ထိုနှစ်အဖို့ ဘဏ်တိုက်တွင် သူ၏ငွေ နှစ်ရာကျော်မျှ ကျန်ရှိလေသည်။ ဒုတိယနှစ်အတွက် သူ၏ မိခင်က နောက်ထပ်၍ ငွေတစ်ထောင် ထပ်မံပေးသွင်းခြင်း ပြုခဲ့ပြန် သဖြင့် ကျောင်းဖွင့်စနှစ်ဦးက ဘဏ်တိုက်တွင် သူ၏ နာမည်နှင့် ငွေ တစ်ထောင့်နှစ်ရာကျော်ကျော်မျှ ရှိခဲ့လေသည်။ ထို့ကြောင့် ဒုတိယနှစ် အတွက် ကျောင်းစရိတ်များကို ပေးသွင်းပြီးနောက် ကျောင်းပိတ်လိုက် သောအခါ ထွန်းလင်း၏ နာမည်နှင့် ဘဏ်တိုက်တွင် ငွေငါးရာကျော် ကျော်မျှ ရှိနေလေသည်။

ရန်ကုန်တက္ကသိုလ် ကျောင်းတော်သားကြီးတစ်ဦး ဖြစ်လာခဲ့သည် အထိ ယခင့်ယခင် အခါများက ထွန်းလင်းသည် တစ်ထိုင်တည်းနှင့် ငွေတစ်ကျပ်ကို ကုန်သွားအောင် ဘယ်တုန်းကမျှ မသုံးစွဲခဲ့ဖူးချေ။ မသုံး စွဲတတ်၍ မသုံးခြင်းလည်း ဖြစ်လေသည်။ သို့ရာတွင် ဥပစာအထက် တန်း စာမေးပွဲကို ဖြေဆိုပြီးစီး၍ ရန်ကုန်တွင် တစ်လနီးပါးခန့်မျှ နေ ထိုင်သွားခဲ့သော နှစ်ကမူ သူသည် တစ်ရက်လျှင် ပျမ်းမျှခြင်း ငွေနှစ် ဆယ်ခန့်မျှ သုံးစွဲပစ်လိုက်လေသည်။ ကျောင်းပိတ်ခါစက ဘဏ်စာရင်း တွင် သူ၏နာမည်နှင့် ငွေငါးရာကျော်ကျော်မျှ ရှိနေခဲ့သော်လည်း ရန် ကုန်မြို့တွင် အရက်နှစ်ဆယ်သာသာခန့် နေထိုင်ပြီးစီး၍ ပွင့်ဖြူသို့ ပြန်မည့်နေ့ကမူ ငွေငါးဆယ်သာသာမျှလောက်သာ ကျန်တော့သည်။

ရန်ကုန်တက္ကသိုလ်၌ သူသည် နှစ်နှစ်မျှ သင်ကြားနေထိုင်ခဲ့သည့် အချိန်ကာလအတွင်း တစ်လနေ၍ တစ်ကြိမ်မျှ တစ်ပန်းကန်လျှင် တစ် မတ်သာပေးရသော ခေါက်ဆွဲကျော်တစ်ခွက်ကိုပင် သူ နေထိုင်ရသော သထုံကျောင်းဆောင်နှင့် ဘာမျှမဝေးလှသည့် တကာသ ပျော်ပွဲစားရုံသို့

သွားရောက်စားသောက်ခြင်း ပြုခဲ့ဖူးသူ မဟုတ်ချေ။ ထမင်းစားသောက်၍ မကောင်းသောအခါများ၌လည်း အခြားကျောင်းသားများလို သရေစာကို ဝယ်ခြမ်းစားသောက်တတ်သူတစ်ဦး မဟုတ်ချေ။ သို့ရာတွင် သူသည် ဥပစာအထက်တန်းကို ဖြေဆိုပြီးသောနှစ်က ပွင့်ဖြူသို့မပြန်မီ ရန်ကုန်၌ ရက်ပေါင်းနှစ်ဆယ်ကျော်ကျော် တစ်လနီးပါးခန့်မျှ နေထိုင်သွားခဲ့သည့်အတွင်း ငွေလေးရာကျော်ကျော် ငါးရာနီးပါးခန့်မျှပင် သုံးစွဲပစ်လိုက်လေသည်။

ကျောင်းပိတ်လိုက်ပြီးနောက် ပွင့်ဖြူသို့ ရုတ်တရက် မပြန်လိုသေးလျှင် ၎င်းတို့အိမ်သို့ ပြောင်းရွှေ့နေထိုင်ခြင်း ပြုနိုင်ပါသည်ဟု အန်တီစုက တံခါးဖွင့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ထွန်းလင်းသည် ရေတွင်းထဲသို့ လိမ့်ကျသော ရေငတ်သူကဲ့သို့ ဖြစ်သွားသည်။ ကျောင်းပိတ်ပြီးနောက် သုံးရက်မျှအကြာတွင် သူသည် ကံဘဲ့ဘက်ရှိ အန်တီစုတို့အိမ်သို့ ပြောင်းရွှေ့လာခဲ့သည်။ လှဥမ္မာနှင့်အတူ အိမ်ခေါင်မိုးတစ်ခုတည်းအောက်တွင် ရက်ပေါင်းနှစ်ဆယ်သာသာခန့်မျှ နေထိုင်ခြင်းပြုခဲ့ရသည့်အချိန်ကာလအတွင်း ယခင်က တက္ကသိုလ်နွားကျောင်းသားကြီးအား မေမေလွင်က တကယ့် တက္ကသိုလ်ကျောင်းသားကြီးတစ်ဦး စစ်စစ်ဖြစ်လာအောင် အမျိုးမျိုး ပွဲပြင်သွန်သင်ကာ နည်းပေးလမ်းပြ လုပ်ပေးခဲ့သည်။ ၎င်း၏ သခင်မဖုရားကလေးက စီမံခန့်ခွဲသော အမှုကိစ္စမှန်သမျှကိုလည်း ထွန်းလင်းသည် ဘာတစ်ခုမျှ ကြေးများမနေဘဲ ကျေကျေနပ်နပ်ကြီး ခံယူလျက်ရှိသည်။

ကံဘဲ့အိမ်သို့ ရောက်သောနေ့ကပင် မေမေလွင်သည် ထွန်းလင်း၏ အဝတ်အစားသေတ္တာများကို လှန်လှောကြည့်ရှုခြင်း ပြုလေသည်။ ထို့နောက် မေမေလွင်သည် ၎င်းတို့အိမ်မှ မော်တော်ကားကလေးဖြင့် ထွန်းလင်းကို စကော့ဈေးသစ်ကြီးသို့ ခေါ်သွားသည်။ ရန်ကုန်တက္ကသိုလ်

ကျောင်းတော်သားစစ်စစ်၏ အဝတ်အစားနှင့် အဆောင်အယောင်များကို မဖုရားလေးက ၎င်းကိုယ်တိုင် လိုက်၍ ကြည့်ရှုဝယ်ခြမ်းပေးသည်။ ဥရောပတိုက်သား အဝတ်စုံနှစ်စုံနှင့် ဘိလပ်ချုပ်သားရေ ဖိနပ်တစ်ရန်ကိုလည်း အဝယ်ခိုင်းသည်။ ထွန်းလင်းသည် ဥရောပတိုက်သား ဝတ်စုံများကို ဝတ်ဆင်ရန် သွေးမရှိသော်လည်း လုဥမ္မာခိုင်းစေသမျှကို ဘာတစ်ခုမျှ ငြင်းဆန်ခြင်းမပြုချေ။ ယခင်က တစ်ဘူးလျှင် ခြောက်မူးမျှသာ ပေးရသော ရွှေမြင်းကော့(စ်)မက်တစ်လောက်ကို အသုံးပြုခဲ့သော ထွန်းလင်းသည် မမေလွင်က အဝယ်ခိုင်းသော နှစ်ကျပ်ခန့်မျှ ပေးရသည့် ယာဒ်လေခေါင်းလိမ်းဆီကို မည်းမည်း ဝယ်ခြမ်းခြင်း ပြုလေသည်။ အတွင်းခံစွပ်ကျယ်ကို သုံးထည်ထက် ပို၍ မထားခဲ့ဖူးသော ပွင့်ဖြူသားကို မမေလွင်က တစ်ဒါဇင်မျှ အဝယ်ခိုင်းသောအခါ ထိုသူတော်သားကလည်း ရက်ရက်ရောရောပင် ဝယ်ခြမ်းလေသည်။ ထိုသို့လူတကာက ငေးမော၍သော်လည်းကောင်း၊ ပြန်လှည့်၍သော်လည်းကောင်း ကြည့်ရှုခြင်းပြုကြရသော လုဥမ္မာနှင့် စကော့ဈေးတွင် လှည့်လည်၍ သွားလာဝယ်ခြမ်းရသဖြင့် ထွန်းလင်းသည် များစွာကြည်နူးလျက်လည်း ရှိလေသည်။ ငါ့လိုလူ ကမ္ဘာမှာ ရှိသေးရဲ့လားဟုလည်း အထင်ရောက်နေပုံရလေသည်။ စကော့ဈေး၌ ငွေနှစ်ရာကျော်မျှ ကုန်သွားခဲ့ရသည်ကို ထွန်းလင်းသည် ကုန်သွားသည် ဟူ၍မျှပင် မအောက်မေ့ချေ။

ကံဘဲ့အိမ်တွင် မမေလွင်နှင့် ရက်ပေါင်းနှစ်ဆယ်သာသာခန့်မျှ ကုန်လွန်ခြင်းပြုခဲ့ရသော အချိန်ကာလအတွင်း ထိုလုဥမ္မာနှင့်အတူ ပါတီသုံးလေးခုသို့ တက်ရောက်လျက် ရုပ်ရှင်လည်း လေးငါးကြိမ်မျှ ကြည့်ရှုခဲ့သည်။ ပါတီတစ်ခုသို့ တက်ရောက်စဉ်ကလည်း မမေလွင်က ဖွတ်အတင်းဝတ်ခိုင်းသဖြင့် တစ်သက်နှင့်တစ်ကိုယ် ဘယ်တုန်းကမှ

မဝတ်ခဲ့ဖူးသော ဥရောပတိုက်သား ဝတ်စုံကို သူသည် ဝတ်ဆင်ခဲ့ရသည်။ ထိုသို့ ဥရောပတိုက်သားဝတ်စုံကို ဝတ်ဆင်၍ တက်ရောက်ခြင်း ပြုခဲ့သော ပါတီတွင် မမျှော်လင့်ဘဲနှင့် သထုံကျောင်းဆောင်မှ အဆောင်မှူး ဆရာဦးကြည်ကို တွေ့လိုက်ရသောအခါ ထွန်းလင်းသည် သွေးပျက်လုမတတ် ဖြစ်ခဲ့ရသည်။ ဘယ်တုန်းကမျှ မတွေ့ရ၊ မမြင်ရသော မိမိ၏ တပည့်ကျောင်းသားတစ်ဦးကို မထင်မမှတ်သော ပါတီတစ်ခု၌ ဘယ်တုန်းကမျှ ဝတ်စားခြင်းမပြုဖူးသော အဝတ်အစားများနှင့် တွေ့ရသော ဦးကြည်ကလည်း တော်တော်ကလေး အံ့သြချောက်ချားသွားပုံရသည်။

သို့ရာတွင် ဆရာနှင့် တပည့်ဖြစ်၍ တပည့်ကျောင်းသား အနေရချောင်၍ သွားစေရန် ဆရာဦးကြည်က ထွန်းလင်းအား "ခုလို ဥရောပတိုက်သား အဝတ်အစားနဲ့ဆိုတော့ မောင်ထွန်းလင်းက ပိုပြီးခံ့လာတယ်ဟေ့" ဟု ရောနှောပြောဆိုခြင်း ပြုလိုက်သည်။ ထိုသို့ ဆရာလုပ် သူက ရောနှောပြောဆိုလိုက်တော့မှ မောင်ထွန်းလင်းသည် ပိုမို၍ အနေရကျပ် အထိုင်ရကျပ် ဖြစ်လာသည်။ ထို့ကြောင့် သူသည် ပါတီကို ဆုံးအောင် မတက်တော့ဘဲ တစ်ပိုင်းတန်းလန်းမှ တစ်ယောက်တည်း လစ်ပြေးခဲ့ရသည်။

* * *

## (၃)

ပွင့်ဖြူသို့ မပြန်မီ တစ်ညက ထွန်းလင်းနှင့် မေမေလွင်တို့သည် လကလည်း သာလျက်ရှိသဖြင့် ပန်းခြံထဲတွင် လမ်းလျှောက်ရင်း တော်တော်ကြီး ညဥ့်နက်သည်အထိ စကားပြောဆိုခြင်း ပြုကြလေသည်။ ထိုနှစ်အဖို့ ၎င်းစာမေးပွဲ သေချာပေါက်အောင်မည်ကို ကောင်းစွာ စိတ်ချယုံကြည်ထားသော ထွန်းလင်းက ၎င်းဘီအေအောင်သောနှစ်တွင်

မေမေလွင်ကို လက်ထပ်ခြင်းပြုလိုသည့်အကြောင်းကို ထုတ်ဖော်ပြောဆိုလေသည်။

"ဩော်... ကိုထွန်းလင်း ဘီအေအောင်တာနဲ့ မေက လက်ထပ်ခွင့်ပေးရအောင်ဆိုတာတော့ တစ်ဖက်သတ် ကျမနေဘူးလားဟင်" ဘီအေအောင်သောနှစ်တွင် မေမေလွင်အား ၎င်း၏ ပုဂ္ဂလိကပိုင် မိန်းမတစ်ယောက်အဖြစ် သိမ်းပိုက်လိုသည်ဆိုသော ထိုသူအား လှုဥမ္မာက အချက်ကျကျ ပြန်၍ မေးလိုက်သည်။

ထိုသို့ မျှော်လင့်၍မထားသော မေးခွန်းတစ်ခုကို ရင်ဆိုင်လိုက်ရသောအခါ ထွန်းလင်းသည် ရုတ်တရက် ပြန်၍ မဖြေတတ်သဖြင့် ကြောင်၍နေလေသည်။

လက်ထပ်ဖို့အခွင့်တောင်းသော စကားကို ပြောဆိုသောအခါတိုင်း မိမိ၏စကားကို ရှေ့ဆက်၍မပြောနိုင်အောင် ပိတ်၍၊ ဆီး၍ ပြောတတ်ဆိုတတ်သော ထိုမိန်းမကိုလည်း ထိတ်လန့်အံ့ဩသလို ဖြစ်နေမိသည်။ နောက်ထပ်၍ ဘာမျှမပြောတတ်သဖြင့် ထွန်းလင်းသည် သက်ပြင်းကို ခပ်ဖြည်းဖြည်း ချလိုက်ရသည်။

မေမေလွင်သည် ထွန်းလင်း ကြောင်၍နေပုံကို သဘောကျသွားသကဲ့သို့ သွားကလေးများ ပေါ်လာအောင်ပင် ပြုံးရယ်လိုက်သည်။ ထို့နောက် "လက်ထပ်ဖို့စကားကို သိပ်ပြောချင်တဲ့ ဆရာကြီး နောက်ထပ် ဘာပြောဦးမလဲဟင်" ဟုလည်း မခိုးမခန့် မေးမြန်းလိုက်ပြန်သည်။

ထွန်းလင်းသည် အောင့်သက်သက်နှင့်ပင် ရောနှောကာ ပြုံးလိုက်ရလေသည်။ လက်ထပ်ဖို့စကားနှင့် အရေးကို ပြောဆိုသောအခါတိုင်း မိမိအပေါ်၌ အနိုင်ယူသွားတတ်သော ထိုမိန်းမလှကို နားမလည်နိုင်သလို ဖြစ်နေမိသည်။

"တတ်နိုင်သေးသမျှ မေတော့ လက်မထပ်ချင်သေးဘူးဆိုတဲ့

အကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောထားချင်တယ်၊ ဒီလိုပြောလိုက်တဲ့ အတွက် ကိုထွန်းလင်းကို လက်ထပ်ခွင့်ပေးနိုင်တဲ့ တစ်နေ့ကျရင် မေက အကြောင်းပြန်ပါ့မယ်ဆိုတဲ့ စကားကို ပြန်ရုပ်သိမ်းတာမဟုတ်ဘူး ဆို တာကိုလည်း နားလည်ထားစေချင်တယ်"

"မေက လက်ထပ်ရမယ့် ကိစ္စကို ကျားထက်ကြောက်နေပုံရတယ်" ဟု ထွန်းလင်းက ထိုးစစ်ဆင်ကြည့်လိုက်လေသည်။

"လက်ထပ်တယ်ဆိုတာ အပျိုတစ်ယောက်အတွက် မိမိရဲ့ လွတ် လပ်တဲ့ဘဝကို ဖျက်သိမ်းပစ်လိုက်ရတယ်ဆိုတာ ကိုထွန်းလင်း နား မလည်သေးလို့ ဖြစ်လိမ့်မယ်"

"ဩော်... မေက လက်ထပ်တဲ့ကိစ္စကို ဒီလိုမြင်ထားသကိုး"

"မေက မြင်ထားတာမဟုတ်ပါဘူး ကိုထွန်းလင်း၊ အဖြစ်အပျက် တစ်ခုကို အမှန်အကန်အတိုင်း ပြောပြတာပါ"

"ဒီလိုဆိုရင် အပျိုတွေဟာ ဘာပြုလို့ လက်ထပ်ကြရသလဲဆိုတာ ကိုထွန်းလင်းအတွက် အဓိပ္ပာယ်ရှာဖွေပေးစမ်းပါ မေ"

"လက်ထပ်ကြတဲ့ အပျိုတွေဟာ သူတို့အသည်းနှလုံးကို သူတို့ မနိုင်မနင်းဖြစ်နေလို့ ဖြစ်ချင်လည်းဖြစ်မယ်၊ ဒါမှမဟုတ်ရင်လည်း လင် ယူရတဲ့အလုပ်ကို အသက်မွေးဝမ်းကျောင်းတဲ့ အတတ်ပညာအနေနဲ့ သဘောထားလို့လည်း ဖြစ်ချင်ဖြစ်လိမ့်မယ်"

"ဩော်..." ပွင့်ဖြူသားသည် များစွာ ထိတ်လန့်အံ့သြသွားလေ သည်။

"မေကတော့ အသက်မွေးဝမ်းကျောင်းတဲ့ အတတ်ပညာအနေနဲ့ ယောကျ်ားတစ်ယောက်ကို ဒီတစ်သက်မှာ ဘယ်တော့မှ လက်ထပ်ဖို့ စိတ်မကူးဘူး၊ အဲ မေ့အသည်းနှလုံးကို မထိန်းမသိမ်းနိုင်ဖြစ်လာတဲ့ တစ်နေ့ကျတော့မှပဲ လက်ထပ်ဖြစ်လိမ့်မယ်ထင်တာပဲ"

"မေ့ အသည်းနှလုံးကို မထိန်းနိုင်၊ မသိမ်းနိုင် ဖြစ်လာတဲ့နေ့ရက်ဟာ ဘယ်လောက်ဝေးလိမ့်ဦးမယ် ထင်သလဲဆိုတာကိုကော ခန့်မှန်းခြေ ပေးစမ်းပါဦး"

"အခုနေတော့ ခန့်မှန်းလို့ မရသေးဘူး ကိုထွန်းလင်း၊ ဒီကိစ္စဟာ မနက်ဖြန်လည်း ဖြစ်နိုင်သလို နောင်ဆယ်နှစ်လောက် ကြာတော့မှ လည်း ဖြစ်ချင်ဖြစ်နိုင်တယ်"

"ဆယ်နှစ်လောက်တောင် ကြာနိုင်မတဲ့လားမေရယ်"

"ဆယ်နှစ်တောင်မကဘဲ အနှစ် ၂၀ လောက် ကြာချင်လည်း ကြာ သွားနိုင်တယ် ကိုထွန်းလင်း၊ မိန်းမတစ်ယောက်ရဲ့ အသည်းနှလုံးကို သင်္ချာနည်းနဲ့ တွက်လို့၊ ချက်လို့ ရနိုင်တာမဟုတ်ဘူးရှင့်"

"ဩော်... ဩော်... ဩော်" လှဥမ္မာက ၎င်း၏ အသည်းနှလုံး အကြောင်းကို သင်္ချာနည်းနှင့် တွက်ချက်၍မရနိုင်ကြောင်း ပြောဆိုလိုက် သည့်အတွက် ထွန်းလင်းသည် များစွာ တုန်လှုပ်ချောက်ချားကာ အံ့သြ သွားလေသည်။

"ရှင်နဲ့ မေနဲ့ လူချင်းသိကြ၊ ခင်ကြတာဟာ ဘာမှတော့ မကြာလှ သေးဘူးနော် ကိုထွန်းလင်း"

"လေး ငါးလလောက်တော့ ရှိပြီထင်တယ်"

"မေ ကောလိပ်ကို ရောက်ခါစကတည်းက ခုထက်ထိ မေ့ကို ပိုးနေ တဲ့ မဟာဝိဇ္ဇာတွဲ့ရ ကထိကတစ်ယောက်ရှိတယ်၊ သူ့နာမည်ကိုတော့ မပြောတော့ပါဘူး"

"ဆိုပါဦး မေရဲ့"

"အဲဒီကထိက က ဘာပြောသလဲဆိုတော့၊ မေ့မှာ အသည်းနှလုံး တွေမှ ရှိသေးရဲ့လားလို့တောင် ညည်းဖူးတယ်ရှင့်"

"ဩော်... ဩော်... ဩော်"

"ရှင် အံ့ဩနေသလားဟင် ကိုထွန်းလင်း"

"အံ့ဩစရာ အကြောင်းမှမရှိတာဘဲ မေ၊ ဘာပြုလို့ အံ့ဩရမှာလဲ"

"တကယ်ဟုတ်လား ကိုထွန်းလင်း"

"တကယ်မို့လို့ပြောတာပေါ့"

"ဒါဖြင့် ရှင်ဘာပြုလို့ မအံ့ဩသလဲဆိုတဲ့ အကြောင်းကို ရှင်းစမ်းပါဦးရှင်"

"ရှင်းနေသားပဲ မေရယ်"

"ဘယ်လိုရှင်းတာလဲ ကိုထွန်းလင်းရဲ့"

"အသည်းနှလုံးမရှိတဲ့ မိန်းမတစ်ယောက်ဟာ အသက်ရှင်မနေနိုင်ဘူးဆိုတဲ့ အကြောင်းကို မေ့ကထိကကြီးက မသိရှာလို့ ဖြစ်ပါလိမ့်မယ်" ထွန်းလင်းက ခပ်အေးအေး၊ ခပ်လေးလေး ပြောဆိုလိုက်လေသည်။

❖

## ပန်းပါဘိ လှမ်းခြေယူနေး

(၁)

နောက်တစ်နှစ် ကျောင်းပြန်၍ဖွင့်သော အချိန်တွင် ဥပစာတန်း စာမေးပွဲကို အထူးအမှတ်များဖြင့် ထူးထူးခြားခြား အောင်မြင်လိုက်သော ထွန်းလင်းသည် ဂုဏ်ထူးတန်းကို ချောချောမောမော တက်ရောက်သင်ကြားခွင့် ရရှိလေသည်။

သူသည် ကျောင်းပြန်မဖွင့်မီ တနင်္ဂနွေတစ်ပတ် သာသာခန့် လောက်ကပင် ရန်ကုန်သို့ ကြိုတင်ရောက်ရှိနေနှင့်သည်။ ထို့ကြောင့် နှစ်လသာသာခန့်မျှ နွေကျောင်းရက်ရှည် ပိတ်ထားသည့် အတော အတွင်း ထွန်းလင်းသည် ၎င်း၏ မိခင်နှင့်အတူ ပွင့်ဖြူတွင် တစ်လခန့်မျှ လောက်သာ နေထိုင်ခြင်းပြုခဲ့သည်။ ထိုသို့ ပွင့်ဖြူတွင် တစ်လခန့်မျှ နေထိုင်ခဲ့သည့်အတွင်း သူသည် လှဥမ္မာထံသို့ စာလေးစောင်မျှ ထည့်ခဲ့သည်။ သို့ရာတွင် ရန်ကုန်တွင် ပါတီတက်ရသောအလုပ်နှင့် ရုပ်ရှင်ကြည့်ရသော အလုပ် စသည်တို့ဖြင့် များစွာ အလုပ်ရှုပ်နေဟန်ရှိသော လှဥမ္မာက သူ့ထံသို့ စာတိုကလေးတစ်စောင်သာ ပြန်လေသည်။ ထိုစာ

တိုကလေးတွင်လည်း ထွေထွေထူးထူးတော့ ဘာမျှရေးလိုက်သည်ကား မဟုတ်ချေ။ ရန်ကုန်သို့ ဘယ်တော့လောက် လာမည့်အကြောင်းကို မေးမြန်းလိုက်သော စာကလေးမျှသာလျှင် ဖြစ်လေသည်။

မေမေလွင်ထံမှ စာကို ကျောင်းပြန်၍မဖွင့်မီ တနင်္ဂနွေ နှစ်ပတ်သာသာခန့်လောက်က ရလေသည်။ ထိုစာကို ဖတ်ရကတည်းက ထွန်းလင်းသည် ပွင့်ဖြူတွင် မနေတတ်၊ မထိုင်တတ် ဖြစ်နေသည်။ လောက်ထိုးခံနေရသော ခွေးနာကဲ့သို့ အငြိမ်မနေနိုင်အောင် ဖြစ်နေသည်။ "မင်းဟာက စောလွန်းအားကြီးမနေဘူးလား သားရယ်" ဟု မိခင်ကြီးက ဟန့်တား၍ သူသည် ပွင့်ဖြူတွင် အောင့်ပြီးနေထိုင်ခဲ့ရခြင်းမျှသာ ဖြစ်လေသည်။ ထိုအဘွားကြီးကသာ ဘာမျှ ပြောဆိုဟန့်တားခြင်း မပြုခဲ့လျှင် လှဉမ္မာထံမှ စာကိုရပြီး နောက်တစ်နေ့တွင် သူသည် ရန်ကုန်သို့ အပြေးဆင်းချလာလိမ့်မည် ဖြစ်လေသည်။

မေမေလွင့်ထံမှ စာလာပြီးနောက် ယခင့်ယခင်အခါများက ၎င်းအင်မတန် ချမ်းမြေ့ပျော်ပိုက်ခဲ့သော ဇာတိရပ်မြေတွင် ထွန်းလင်းသည် တနင်္ဂနွေ တစ်ပတ်ခန့်မျှ အချိန်ကိုပင် ဝန်လေးပင်ပန်းခြင်းကြီးစွာဖြင့် ကုန်လွန်ခြင်းပြုစေရသည်။ သူသည် မိမိအိမ်၌ပင် ဣန္ဒြေရရ မနေနိုင်ချေ။ စလင်းဘက်သို့ သွား၍လည်လိုက်၊ ဆင်ဖြူကျွန်းမြို့ပေါ်၌ အသိမိတ်ဆွေများဆီသို့ သွားလည်လိုက်နှင့် ထိုကုန်ခဲလှသော အချိန်တို့ကို ကျော်လွှားကုန်လွန်ခြင်း ပြုစေခဲ့ရသည်။

ရန်ကုန်သို့ပြန်ရန် ဆင်ဖြူကျွန်း သင်္ဘောဆိပ်သို့ ဆင်းရသောနေ့က သူသည် အင်မတန် ပျော်ရွှင်လျက်ရှိသည်။ ပြည်သို့ သင်္ဘောစီးပြီးနောက် ပြည်ကမှ မီးရထားနှင့် ရန်ကုန်သို့သွားရန် ဖြစ်လေသည်။ ပြည်သင်္ဘောကို စီးရန် သင်္ဘောဆိပ်သို့ ဆင်းသောနေ့ကပင် သူသည် မေမေလွင်ထံသို့ သူ ရန်ကုန်သို့ရောက်မည့်နေ့ကို ကြေးနန်းရိုက်၍

အကြောင်းကြားလိုက်သေးသည်။ သူ၏မိခင်က အန်တီစုအတွက် လက်ဆောင်ပစ္စည်းများ ပေးလိုက်သည့်အကြောင်းနှင့် မေမေလွင့် အတွက် အကောင်းစား မိန်းမဝတ် ယောလုံကွင်းတစ်ထည် သူ ဝယ်လာသည့်အကြောင်းများကိုပါ သက်သက်မဲ့ ပိုက်ဆံအကုန်ခံ၍ ကြေးနန်းထည့်ရိုက်လိုက်သည်။

ရန်ကုန်ဘူတာကြီးသို့ ပြည်ရထားဝင်လာသောအခါ ထွန်းလင်းသည် သူ့ဘာသာသူ စိတ်ကူးယဉ်ကာ မေမေလွင့်ကို ပလက်ဖောင်းထက်တွင် ရှာဖွေမိသေးသည်။ သူက ကြိုတင်၍ ကြေးနန်းရိုက်ထားသဖြင့် ထိုမိန်းမသည် သူ့အား အရေးတယူ လာရောက်ကြိုဆိုခြင်းပြုလိမ့်မည်ဟု တွက်ချက်ထားပုံရလေသည်။ သို့ရာတွင် စိတ်ကူးယဉ်ထားသော မျှော်လင့်ချက်နှင့် လက်တွေ့ဖြစ်ရပ်တို့ကား တခြားစီမျှသာတည်း။ ထို့ကြောင့် တက္ကစီတစ်စီးကို ငှားရမ်းကာ ကံဘဲ့အိမ်သို့ သူ့ဘာသာသူ လာရလေသည်။ မည်ကဲ့သို့ပင်ဖြစ်စေ ကံဘဲ့အိမ်သို့ရောက်လျှင် မေမေလွင်နှင့်တော့ တွေ့ရလိမ့်မည်ဟု အားခဲခဲ့သည်။ သို့ရာတွင် ကံဘဲ့အိမ်သို့ ရောက်သောအခါ အိမ်ရှေ့ဆင်ဝင်အောက်သို့ သူ့ကို ထွက်၍ ကြိုဆိုကြသူများထဲတွင် မေမေလွင် မပါရှိချေ။ အန်တီစု၊ မောင်အေးနှင့် အိမ်တွင် ထမင်းချက်သော အဘိုးကြီး၊ အဘွားကြီး ဇ ်မယားတို့သာတည်း။

ထွန်းလင်းသည် ကံဘဲ့အိမ်သို့ ရောက်လျှင်ပင် ၎င်းတွေ့လိုလှသော မဖုရားကို မတွေ့ရသောအခါ ဣန္ဒြေလုပ်မှု မနေနိုင်တော့ဘဲ "မေတစ်ယောက် မမြင်မိပါကလား အန်တီ၊ ဘယ်များသွားနေလို့ပါလိမ့်" ဟု မေးမြန်းလိုက်မိသည်။

"မောင်ထွန်းလင်းဆီက ကြေးနန်းမလာခင် တစ်နေ့ကတည်းကပဲ ကလောဘက်ကို အဖော်တွေနဲ့ အလည်ထွက်သွားကြတယ်ကွဲ့၊ ကြာ

တော့ မကြာပါဘူး၊ လေးငါးရက်အတွင်း ပြန်ရောက်ကြပါလိမ့်မယ်"

ထွန်းလင်းသည် အန်တီစု၏စကားကို အစမှအဆုံးအထိ နား ထောင်၍ မဆုံးမီ သက်ပြင်းကိုချလိုက်သည်။ ထိုသို့ သက်ပြင်းချလိုက် စဉ်မှာပင် "ငါ့သားက ရန်ကုန်မှာ ဘယ်လိုအရေးကြီးတဲ့ အကြောင်း ကိစ္စတွေများ ရှိနေလို့ ခုလို အရေးတကြီး ပြန်ချင်ရတာလဲကွယ်" ဟု ၎င်းမိခင်က ညည်းတွားပြောဆိုခဲ့သော စကားကလေးများကို ပြန်လည် ကြားယောင်မိသည်။

သို့ရာတွင် မေမေလွင်သည် အန်တီစုကို ပေါ့ပေါ့ဆဆ ကတိထား သွားသလို ကလောမှ လေးငါးရက်ကြာ၍မျှ ပြန်မရောက်ပါချေ။ ကျောင်းဖွင့်သဖြင့် ထွန်းလင်း ကျောင်းဆောင်သို့ ပြောင်းရွှေ့သွားပြီး၍ လေးငါးရက်ခန့်ကြာမှ ပြန်ရောက်လေသည်။

* * *

## (၂)

ထွန်းလင်း၏ ဂုဏ်ထူးတန်း ပထမနှစ်အတွင်း မေမေလွင်နှင့် ၎င်း ၏ အကြားတွင် ထူးခြားသော အဖြစ်အပျက်နှင့် အကြောင်းအရာများ မရှိခဲ့ချေ။ မိမိ၏ ဂုဏ်ထူးတန်းသားဘဝကို အခိုင်အခံ့ဖြစ်အောင် ထွန်းလင်းသည် တစ်ဖက်မှ စာကို ဂရုတစိုက် ကြိုးစားရင်း ကံဘဲ့အိမ် သို့လည်း တနင်္ဂနွေအပတ်တိုင်းလိုလို မပျက်မကွက် သွားရောက်နိုင်ခဲ့ သည်။ ထိုသို့ သွားရောက်သည့်အခါတိုင်း မေမေလွင်နှင့် လူချင်းတွေ့ ကြရသည့်အခါမှ တွေ့ကြရပြီးလျှင် မတွေ့ရပြန်သော အခါ၌လည်း ထွန်းလင်းသည် ယခင် ဥပစာတန်းနှစ်တုန်းကလို ညဉ့်နက်သည်အထိ စောင့်၍ မနေတတ်တော့ချေ။ ခပ်စောစောပင် ကျောင်းဆောင်သို့ ပြန် လာခဲ့ကာ ကျက်ရန်ရှိသော စာများကို ခပ်မှန်မှန် ကျက်နေခဲ့သည်။

မမေလွင်သည် ထိုနှစ်ကလည်း စာမေးပွဲမအောင်ပြန်ချေ။ မအောင်သည့်အတွက် လေးလေးနက်နက် သဘောထားပုံလည်း မရချေ။ ကျောင်းဆွေးဆွေး၊ လူဆွေးဆွေး ပညာသင်ကြားမည့် လက္ခဏာရှိလေသည်။ တကယ်ဆိုတော့ မမေလွင်ကို ကြည့်ရသည်မှာ ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားနေသော မိန်းကလေးတစ်ယောက်နှင့်ကား မတူလှချေ။ ပေါင်းသင်းဆက်ဆံရေးအတွက် အချိန်ကုန်၊ ငွေကုန်ခံကာ ကျောင်းတက်နေသလိုလည်း ရှိသည်။ သို့တည်းမဟုတ်ဘဲ အဖိုးတန်နှင့် မိမိစိတ်တိုင်းကျ ယောကျ်ားတစ်ယောက်ကို လင်လုပ်ဖို့အတွက် လာရောက်ရှာဖွေနေခြင်း ဖြစ်သည်ဆိုကလည်း ဖြစ်နိုင်လေသည်။ အမှန်ကိုတော့မူ ကာယကံရှင်ကသာလျှင် အသိရှိနိုင်ဆုံး ဖြစ်ပေလိမ့်မည်။

ထွန်းလင်း ဒုတိယနှစ် ဂုဏ်ထူးတန်းတက်ရသော နှစ်တွင် မမေလွင်သည် ဘာစိတ်ဘာလက် ပေါက်လာသည်တော့မသိ၊ တက္ကသိုလ်မှထွက်ကာ ၎င်း ငယ်စဉ်က ပညာသင်ကြားခဲ့ဖူးသော အင်္ဂလိပ်သီလရှင်ကျောင်းတစ်ကျောင်းသို့ ဝင်၍ ကျောင်းဆရာမအလုပ်ကို လုပ်ကိုင်ခြင်းပြုလေသည်။ ယင်းသို့ တက္ကသိုလ်မှ တစ်ပိုင်းတန်းလန်းနှင့် ထွက်ကာ အပြင်တွင် ကျောင်းဆရာမ ဝင်လုပ်သောကိစ္စကြီးကို ထွန်းလင်းကဲ့သို့ ၎င်းအား လက်ထပ်ခွင့်တောင်းဆိုထားသူလောက်ကိုကား ဝေးစွ၊ ၎င်း၏ အဒေါ်ရင်းဖြစ်သော အန်တီစုကိုပင်လျှင် တိုင်ပင်ပြောကြားခြင်း မပြုချေ။ ၎င်းသဘောနှင့် ၎င်းဘာသာ လုပ်ကိုင်၍ ပြီးစီးတော့မှ ထိုအကြောင်းကို အန်တီစုသည် သိရှိရလေသည်။

မိမိ၏ စောင့်ရှောက်အုပ်ထိန်းမှုအောက်တွင် နေထိုင်လျက်ရှိသော တူမလုပ်သူက မိမိအား ဘာတစ်ခုမျှ တိုင်ပင်ပြောကြားခြင်းမပြုဘဲ ၎င်း၏ သဘောတစ်ခုတည်းနှင့် လုပ်ချင်ရာ လုပ်ကိုင်လာသောအခါ သားသမီးကလည်းမရှိ၍ တစ်ယောက်တည်းသာရှိသော တူမကလေး

ကို သားသမီးအရင်းနှင့်မခြား အလိုလိုက် အရေးပေးထားသော အန်တီစုသည် တော်တော်ကလေး စိတ်ဆိုးလေသည်။ မေမေလွင်ကိုလည်း ၎င်း ဘာမျှမသိရှိရဘဲ လုပ်ချင်ရာလျှောက်လုပ်သည့်အတွက် ဆူဆူပူပူနှင့် အပြစ်တင်ပြောဆိုခြင်း ပြုလေသည်။ အဒေါ်လုပ်သူက နည်းလမ်းကျကျနှင့် ဆူပူဆုံးမခြင်းကို မေမေလွင်သည် အဘယ်သို့ အဓိပ္ပာယ်ကောက်ယူသည်မသိ၊ အန်တီစုက ဆူဆူပူပူ ပြောဆိုပြီးနောက် သုံးလေးရက်ခန့် အကြာတွင် ကံဘဲ့အိမ်မှ ပြောင်းရွှေ့ကာ ခရစ်ယာန်ပညာတတ် မိန်းကလေးများ စုဝေးနေထိုင်လေ့ရှိသော ဝိုင် ဒဗလျူ စီ အေ တွင် သွားရောက် နေထိုင်ခြင်းပြုလေသည်။

ထိုအကြောင်းအရာနှင့် အဖြစ်အပျက်များကို ဒုတိယနှစ် ဂုဏ်ထူးတန်းကို တက်ရန်အတွက် ကျောင်းသို့ ပြန်ရောက်တော့မှ ထွန်းလင်းသည် သိရှိရလေသည်။ ကံဘဲ့အိမ်သို့ရောက်ရှိ၍ အန်တီစုက အကြောင်းစုံ ပြောပြသဖြင့် သိရှိရလျှင် သိရှိရချင်း ထွန်းလင်းသည် ကွဲပြဲနေသော တူဝရီးနှစ်ယောက်တို့အား ပြန်လည်၍ ရင်ကြားစေ့ပေးရန်အတွက် မေမေလွင့်အား လိုက်လံရှာဖွေခြင်း ပြုလေသည်။

ကံဘဲ့အိမ်မှ ထွက်လာသောအခါ ညနေ ၅ နာရီသာသာခန့် ရှိနေပြီဖြစ်၍ ထွန်းလင်းသည် ဝိုင် ဒဗလျူ စီ အေသို့ တန်း၍ သွားလေသည်။ ကျောင်းချိန်ကုန်ဆုံးပြီဖြစ်၍ မေမေလွင်ကို ထိုဂေဟာ၌ တွေ့ရလိမ့်မည်ဟု တွက်ချက်ထားသည်။ သို့ရာတွင် မိန်းကလေးများ နေထိုင်ကြသော ဂေဟာသို့ ရောက်သောအခါ သူသည် မေမေလွင့်ကို မတွေ့ရပြန်ချေ။ ၎င်းနှင့် ခင်မင်သော အသိမိတ်ဆွေများထံ၌ စုံစမ်းသောအခါ ကျောင်းကအဆင်းတွင် ပါတီတစ်ခုသို့ တန်း၍ သွားလိမ့်မည်ဖြစ်သဖြင့် ည ၉ နာရီလောက်မှ ပြန်ရောက်လာစရာရှိသည့် အကြောင်းကို ချေချေင်ငံ ပြောဆိုကြသည်။ ထွန်းလင်းသည် ထိုမှုညဥ့်နက်အောင် စောင့်ဆိုင်း

နေ၍ မဖြစ်တော့သဖြင့် ကျောင်းသို့ တန်းမပြန်ဖြစ်သေးဘဲ ကံဘဲ့ အိမ်သို့ ဝင်ခဲ့မိပြန်လေသည်။ သို့ရာတွင် အကျိုးအကြောင်း ပြောပြရန် အန်တီစု ကိုကား မတွေ့ရချေ။ အသိမိတ်ဆွေတစ်ဦးအိမ်သို့ သွားရောက် လည် ပတ်နေသည်ဟု အိမ်တွင် ထမင်းချက်သော အဘိုးကြီး၊ အဘွားကြီး လင်မယားတို့က ဆီး၍ ပြောပြကြပြီးလျှင် မယ်အေးက လိမ္မော်ရည် တစ်ခွက်ကို လာ၍ပေးလေသည်။

ဒုတိယနှစ် ဂုဏ်ထူးတန်းကို တက်ခဲ့ရသော ထိုတစ်နှစ်လုံးလိုလို ထွန်းလင်းသည် ၎င်းချစ်သော ထိုမိန်းမတစ်ယောက်အတွက်နှင့် ပတ် သက်၍ တော်တော်ကလေး စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ခဲ့ရသည်။ တကွဲတပြားစီ နေထိုင်လျက်ရှိကြသော ထိုတူဝရီးနှစ်ယောက်တို့ ပြန် လည်သင့်မြတ်၍ ရင်ကြားစေ့နိုင်အောင် တော်တော်ကလေး အလုပ်ပို တွေ လုပ်ခဲ့ရသည်။

* * *

(၃)

သူသည် ပထမတစ်ခေါက်က ပိုင် ဒဗလျူ စီ အေတွင် မေမေလွင် ကို မတွေ့ခဲ့ရသဖြင့် ဒုတိယတစ်ခေါက် သွားရောက်ခြင်း ပြုပြန်လေ သည်။ သို့ရာတွင် ဒုတိယအခေါက်၌လည်း ထိုမိန်းမကို မတွေ့ရပြန် ချေ။ ည ၆ နာရီ ရုပ်ရှင်ပွဲတစ်ပွဲကို အသိမိတ်ဆွေတစ်ဦးနှင့်အတူ သွား ကြည့်နေသဖြင့် ၉ နာရီကျော်ကျော်လောက်မှ ဂေဟာသို့ ပြန်လာစရာ ရှိသည့်အကြောင်းကို မေမေလွင်၏ အခန်းနီးချင်း မိတ်ဆွေများက ပြော ပြကြလေသည်။ ထို့ကြောင့်သူသည် ပြန်ထွက်လာခဲ့ရသည်။ လူချင်း မတွေ့ရခဲ့ရ၍ ဘာမျှလည်း အကြောင်းက မထူးသေးသဖြင့် သူသည် အန်တီစုတို့ အိမ်သို့ပင် မဝင်တော့ဘဲ ကျောင်းဆောင်သို့ တန်းပြန်ခဲ့

သည်။

သူသည် သုံး လေးညမျှ အိပ်စက်၍မရခဲ့ချေ။ စာကိုလည်း မကြည့်နိုင်ချေ။ မေမေလွင်အတွက် များစွာ စိတ်အနှောင့်အယှက် ဖြစ်ရလေသည်။ သို့ရာတွင် တစ်ခုခုကို လုပ်ခဲကိုင်ခဲ၍ လုပ်မိပြန်သောအခါ၌မူကား အဆုံးအထိ လုပ်တတ်ကိုင်တတ်သော သဘာဝရှိသူဖြစ်သောကြောင့် စိတ်ပျက်ခြင်းတော့ကား မဖြစ်မိချေ။ ပြဿနာကို ဖြေရှင်းခြင်းပြုနိုင်ရန် နည်းလမ်းကို ရုတ်တရက် ရှာဖွေမရသဖြင့် စိတ်အနှောင့်အယှက် ဖြစ်နေခြင်းမျှသာ ဖြစ်လေသည်။

နောက်ဆုံး၌ သူသည် ကျောင်းတက်ရက်တစ်ရက်ကိုပင် အပျက်ခံကာ မေမေလွင်အား မလွဲမသွေ တွေ့နိုင်မည့် ၎င်းပညာသင်ကြားနေသော အင်္ဂလိပ်သီလရှင်ကျောင်းသို့ လိုက်သွားမိလေသည်။ ကျောင်းဆင်းချိန်အထိ မေမေလွင်ကို သူသည် စောင့်ဆိုင်းကာ စကားပြောဆိုခြင်း ပြုဖို့အတွက် အားထုတ်လေသည်။

"ဟင် ကိုထွန်းလင်း၊ ရှင် ဒီအထိအောင်တောင် လိုက်လာသလား" မေမေလွင်က အံ့သြလှသော အမူအရာကလေးများ၊ အသံကလေးများဖြင့် မေးလာသောအခါ သူသည် ထိုမိန်းမလှကို အားယူ၍ ပြုံးပြလိုက်ရလေသည်။ ထို့နောက် မေမေလွင်ကို တွေ့လို၍ ဝိုင် ဒဗလျူ စီ အေသို့ နှစ်ခေါက်ရောက်ခဲ့သည့် အကြောင်းများကိုလည်း သူသည် အေးအေးဆေးဆေး ပြောပြလိုက်သည်။

"ဒီလိုဆိုရင် မေတို့ ဘယ်ကိုသွားကြမလဲ" ဟု မေမေလွင်က မေးလာသောအခါ သူက ထိုအရေးအခင်းအတွက်နှင့် ဘာမျှ မပူပင်ရန် ပြောဆိုပြီးနောက် ဆူးလေဘုရားလမ်းရှိ ဆဗွိုင်းပျော်ပွဲစားရုံသို့ ခေါ်ဆောင်ခဲ့လေသည်။

ဆဗွိုင်းပျော်ပွဲစားရုံတွင် ညစာကို မှာယူစားသောက်ကြရင်း

ထွန်းလင်းသည် ၎င်း၏ လုဥမ္မာနှင့် တစ်နာရီသာသာခန့် စကားပြောဆိုခွင့်ကို ရရှိလေသည်။

"ဘယ်လိုဖြစ်ကုန်ကြတာလဲမေ" ထွန်းလင်းက သိုင်းဝိုင်း၍ မနေတော့ဘဲ တိုက်ရိုက်ကြီးပင် မေးချလိုက်သည်။

"ခေတ်ပညာတတ်ပြီး အသက်အစိတ်ကျော်နေတဲ့ မိန်းမ တစ်ယောက်က သူ့ကိုယ်သူ အုပ်ထိန်းနိုင်ပါပြီ ကိုထွန်းလင်းရဲ့" မေမေလွင်က ငါးဟင်းချိုကို တဖြည်းဖြည်းသောက်ရင်း ပြန်၍ ပြောဆိုသည်။

"ဒီလိုပြောလိုက်ရုံနဲ့ ပြီးမလားမေ၊ ပေါ့ပေါ့ဆဆ မစဉ်းစားစမ်းပါနဲ့"

"လေးလေးနက်နက် စဉ်းစားရင် အသက်ကလေးငယ်ငယ်နဲ့ အဘွားကြီးအို ဖြစ်သွားတော့မှာပေါ့ ကိုထွန်းလင်းရဲ့၊ မေရဲ့ ကမ္ဘာ့အဖြစ်ကိုလည်း ကိုထွန်းလင်း သိပြီးသားပဲ မဟုတ်လား"

"လူဆိုတဲ့ သတ္တဝါမျိုးဟာ အပေါင်းအသင်းနဲ့ ပတ်ဝန်းကျင်နဲ့ နေတတ်ရတဲ့ တိရစ္ဆာန်တစ်မျိုးပဲဆိုတာကိုလည်း မေ သတိပြုဖို့ကောင်းပါတယ်၊ ဒီလို သတိပေးမိတာကိုတော့ ဩဝါဒပေးနေတယ်လို့ မယူဆစေချင်ဘူး"

"ဂုဏ်ထူးတန်းသားကြီး တစ်ယောက်ရဲ့ ဩဝါဒကို မကြားနာရင် မေ မှားလိမ့်မယ်ဆိုတာကိုလည်း စဉ်းစားထားပါတယ်၊ ဒါပေမဲ့ မေ့ကို ကလေးမကလေးတစ်ယောက်လို ချုပ်ချယ်ချင်တဲ့ အန်တီစုနဲ့ အတူတူ ပြန်နေဖို့ကတော့ သိပ်မလွယ်လှဘူး ကိုထွန်းလင်း၊ ခုချိန်အထိတော့ ပြန်နေဖို့ကိစ္စကို မေ စဉ်းစားလို့လည်း မရသေးဘူး"

"လူကြီးမိဘဆိုတာမျိုးတွေကတော့ ကိုယ့်သားသမီးအတွက် စိုးရိမ်တတ်ကြတာပဲလေ၊ ဒါကို ကိုယ်က စိတ်ပြန်လုပ်နေရင် ဘယ်သူ့အဆိုးဖြစ်မလဲဆိုတာကို စဉ်းစားစေချင်တယ်"

"အန်တီစုဟာ မေ့ကို အင်မတန်ချစ်မှန်း၊ အလိုလိုက်မှန်း မေ အသိဆုံးပါ ကိုထွန်းလင်းရဲ့။ ဒါပေမဲ့ မေရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကလေးတွေအထိ လိုက်ပါလာတဲ့အခါကျတော့ မေလည်း ငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်တဲ့အတွက် မခံချင်တော့ဘူး"

"တာဝန်ရှိနေတဲ့ လူကြီးမိဘတွေဟာ ခုလို စိုးရိမ်တတ်ကြတာပဲ မေ၊ ဒါကို စိတ်ဆိုးနေလို့ ဘယ်ဖြစ်ပါ့မလဲ"

"မေ စိတ်ဆိုးပြီး အန်တီစုအိမ်က ဆင်းလာတာမှ မဟုတ်ဘဲ ကိုထွန်းလင်းရဲ့၊ မေ့ဘာသာမေ လွတ်လွတ်လပ်လပ် နေချင်လို့ တိတိလင်းလင်းပဲ ဖွင့်ပြောပြီး ဆင်းလာခဲ့တာ"

"ဒါတွေကို ကိုထွန်းလင်း နားလည်ထားပါတယ် မေ"

"ဒီလိုဆိုရင် ကိုထွန်းလင်းမှာ ဘာပြောစရာကျန်သေးသလဲဟင်"

"သားသမီးလည်း မရှိ၊ မုဆိုးမလည်းဖြစ်နေတဲ့ အဘွားကြီးကို ပြန်ပြီး စောင့်ရှောက်ဖို့တော့ ကောင်းပါသေးတယ်လေ"

"စောင့်ရှောက်ဖို့ ဝတ္တရားကိုလည်း မေ သိပါတယ် ကိုထွန်းလင်း၊ ဒါပေမဲ့ အတူတူနေပြီး စောင့်ရှောက်တာထက် အဝေးကနေပြီး စောင့်ရှောက်တာက အန်တီစုအတွက်ရော၊ မေ့အတွက်ပါ ပိုပြီးတော့ ကောင်းလိမ့်မယ် ထင်တယ်"

တင်းတင်းမာမာနှင့် အကျောက်အကန်ပြောဆိုနေသော မေမေလွင့်ကို ထိုကိစ္စနှင့် ပတ်သက်၍ ဆက်လက်ပြောဆိုနေခြင်းအားဖြင့် အကျိုးမများလှသည့် အကြောင်းကို ရိပ်မိစပြုလာသော ထွန်းလင်းသည် ထိုကိစ္စနှင့် ပတ်သက်၍ ရေရှည်လုပ်ရမည်ဖြစ်သော ၎င်း၏ လုပ်ငန်းကိုပါ နားလည်စပြုလာသည်။ ထို့ကြောင့် သူသည် ထိုအကြောင်းကို ရှေ့ဆက်၍ မပြောတော့ဘဲ လာမည့်တနင်္ဂနွေနေ့တွင် ရုပ်ရှင်ကြည့်ဖို့ မေမေလွင့်အား ပြောဆိုခြင်း ပြုလိုက်သည်။ ပျော်ရပါးရသော အလုပ်

မှန်လျှင် အမြဲတမ်းလိုလို အဆင့်သင့်ဖြစ်နေတတ်သော လှုဥမ္မာက ပြုံးကာရယ်ကာ လက်ခံခြင်းပြုလေသည်။

ထွန်းလင်းသည် မေမေလွင့်အား ၎င်းတို့၏ မိန်းမလေးများဂေဟာသို့ လိုက်လံပို့ပေးခဲ့ပြီးနောက် အန်တီစုကို တွေ့လိုသေးသဖြင့် ကံဘဲ့ဘက်သို့ လှည့်ဝင်ခဲ့လေသည်။ သူသည် ထိုညက တော်တော်ကြီးညဥ့်နက်မှ ကျောင်းဆောင်သို့ ပြန်ရောက်သဖြင့် စာကျက်ရန်အချိန်ပင် မရလိုက်တော့ချေ။

* * *

(၄)

အန်တီစုနှင့် မေမေလွင်တို့သည် မိန်းမသားချည်းသာ ဖြစ်ကြသည်။ ရင်းရင်းချာချာဆို၍ ဤတူဝရီး နှစ်ယောက်တည်းသာ ရှိကြသည်။ တစ်ဦးမှာ အပျိုအရွယ်ဖြစ်၍ တစ်ဦးမှာ ဇရာထောင်းစ ပြုနေပြီဖြစ်သော အဘွားကြီးဖြစ်လေသည်။ တစ်ဦးကိုတစ်ဦးက စောင့်ရှောက်ကြရမည့် သူများလည်း ဖြစ်ကြလေသည်။ သို့ရာတွင် ထိုတူအရီးနှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်အခန့်မသင့် ဖြစ်ကြရာမှ တကွဲတပြားစီ နေထိုင်လျက်ရှိကြလေသည်။ ထိုသို့ ကွဲပြားနေသော တူအရီးနှစ်ယောက်တို့အား ပြန်လည်၍ ရင်ကြားစေ့သွားနိုင်အောင် ကြားမှ ဝင်ရောက်ဆောင်ရွက်ပေးဖို့ ဝတ္တရားရှိသော ထွန်းလင်းသည် တူမဖြစ်သူထံသို့ ရှေးဦးစွာ သွားရောက်တွေ့ဆုံခဲ့ပြီးနောက် အပြန်တွင် အဒေါ်လုပ်သူ၏ အိမ်သို့ ဝင်လေသည်။ တူမနှင့် တွေ့ဆုံစကားပြောရစဉ် အခြေအနေကများစွာ မကောင်းလှသေးသကဲ့သို့ပင် အဒေါ်လုပ်သူနှင့် စကားပြောဆိုရပြန်သောအခါ၌လည်း အလားတူ အခြေအနေမျိုးနှင့်ပင် ရင်ဆိုင်ခြင်းပြုနေရပြန်လေသည်။

"မောင်ထွန်းလင်း ခုလိုစေတနာနဲ့ ဝင်ရောက်ဆောင်ရွက်နေတဲ့ ကိစ္စကို အန်တီက လေးလေးစားစား အသိအမှတ်ပြုပါတယ်လေ၊ ဒါပေမဲ့ မောင်ထွန်းလင်းမှာလည်း ကျောင်းစာတွေတစ်ဖက်နဲ့မို့ အန်တီတို့တူအရီးအတွက်နဲ့ ကိုယ့်ကိုယ်ကိုယ် ဒါလောက်တောင်လည်း ဒုက္ခမရှာဖို့ အန်တီ သတိပေးထားပါရစေ"

အန်တီစုက ထိုကဲ့သို့ စိတ်အားလျော့ဖွယ်ရာ စကားကို ပြောဆိုလာသောအခါ ထွန်းလင်းသည် ၎င်းကြိုးပမ်းအားထုတ်နေသောအလုပ်၌ စိတ်ပျက်ချင်သလိုပင် ဖြစ်လာမိသည်။

"တူမသာဆိုပေမဲ့ ငယ်ငယ်ကလေးကတည်းက တူတူနေလာ၊ ထိုင်လာခဲ့ရလို့ ဒီမိန်းကလေးရဲ့ စိတ်နေသဘောထားနဲ့ အကြောင်းကို အန်တီက သေသွားတဲ့ သူ့အမေထက် ပိုပြီးသိတယ်ကွဲ့ မောင်ထွန်းလင်း၊ မေဟာ ငယ်ငယ်ကလေးတည်းက အင်မတန် စိတ်ကြီးတယ်၊ သူ တစ်ခုခုကို လုပ်ချင်ပြီလားဆိုမှဖြင့် ဘယ်လိုမှ ချော့လို့လည်းမရဘူး၊ ခြောက်လို့လှန့်လို့လည်း မရဘူး၊ ဇွတ်လုပ်တတ်တယ်"

"ဟုတ်ကဲ့ အန်တီ"

"အသက်ငယ်တုန်းက ဒီလို စိတ်နေသဘောထားတွေ ရှိခဲ့ပေမဲ့ တဖြည်းဖြည်း အသက်ကြီးလာပြီး အထက်တန်းပညာတွေ သင်ကြားလာရတဲ့အခါ စိတ်နေသဘောထား ပြောင်းလာလိမ့်မလားလို့ အန်တီမျှော်လင့်ခဲ့တယ်၊ ဒါပေမဲ့ ဒီမိန်းကလေးဟာ သေသည်တိုင်အောင် ပြောင်းလဲလိမ့်မယ်မထင်ဘူး၊ ဒီအတိုင်းသွားတော့မှာပဲ"

"ဒီလိုလည်း ဘယ်ဟုတ်ဦးမလဲ အန်တီ၊ လူတွေမှာ တိုးတက်ပြောင်းလဲတတ်တဲ့ သတ္တိတွေ ရှိကြပါတယ်"

"တခြားလူတွေအဖို့တော့ မောင်ထွန်းလင်းပြောတာ ဟုတ်ပါလိမ့်မယ်လေ၊ ဒါပေမဲ့ ဒီမိန်းကလေးတစ်ယောက်ကိုတော့ အန်တီ မထင်

ဘူး"

"ဒီလိုလည်း တစ်ဖက်သတ် တံခါးပိတ်သဘောမထားပါနဲ့ဦး အန်တီ၊ တစ်နေ့တော့ မေဟာ ပြောင်းလဲလာပါလိမ့်မယ်"

"ခုလည်း သူဆင်းသွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အန်တီသတိပေးလာတာ ဘယ်လောက်ကြာပြီလဲ"

"ဟုတ်ကဲ့ အန်တီ"

"သူ့မိဘတွေမရှိပြီးကြတဲ့နောက်မှာ အန်တီဟာ သူ့မိဘပဲမဟုတ်လားဟင် မောင်ထွန်းလင်း"

"မှန်ပါတယ် အန်တီ၊ မေဟာ အန်တီ့သမီးပါပဲ"

"အန်တီက တခြားထွေထွေထူးထူး ပြောတာဆိုတာလည်း မဟုတ်ပါဘူး၊ ခုလို မိန်းကလေးတန်မဲ့နဲ့ ယောကျ်ားကလေး အပေါင်းအသင်းတွေ၊ မိတ်ဆွေတွေ အများကြီးထားပြီး စည်းမရှိကမ်းမရှိနဲ့ ထင်သလို သွားနေလာနေတာကို နည်းနည်းလောက် သတိထားဆင်ခြင်ဖို့ ပြောမိရာက သူ့ဘာသာသူ စိတ်လုပ်ပြီး အိမ်က ထွက်သွားတာပါပဲကွယ်"

"ဩော်... ဩော်... ဩော်"

"မိန်းကလေးများအတွက် ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက် ဆိုတဲ့ စကားရှိတာကို အန်တီတို့လည်း ငယ်ရာကကြီးလာလို့ နားလည်ပါတယ်လေ၊ ဒါပေမဲ့ ရည်းစားထားတဲ့နေရာမှာ မိန်းကလေးဘက်က စည်းကမ်းလေး၊ ကလနားလေးလည်း ထားပေးဦးမှပေါ့ကွယ်။ ခုတော့ ဒီလိုမဟုတ်ဘူး၊ ဟိုက လာခေါ်ရင်လည်းလိုက်၊ ဒီကလာခေါ်ရင်လည်းလိုက်၊ နောက်ပြီးတော့ အချိန်မရှိ၊ အချိန်ရှိ သွားလိုသွားနဲ့ ကွယ်"

"မေဟာ အထက်တန်းပညာတတ် မိန်းကလေးတစ်ယောက်မို့ သူ့ကိုယ်သူ ထိန်းတတ်ပါလိမ့်မယ် အန်တီ"

"လူဆိုတာ သံမဏိနဲ့လုပ်ထားတဲ့ သတ္တဝါမှ မဟုတ်တာပဲကွယ်၊ သွေးနဲ့သားနဲ့ပဲ မဟုတ်လား"

"အန်တီပြောတာလည်း မှန်ပါတယ် ခင်ဗျာ"

"အန်တီပြောတာက ကိုယ့်အပေါင်းအသင်း ယောကျ်ားလေးတွေကို ကိုယ်နှစ်ခြိုက်နေတဲ့ လူရှိရင်လည်း လက်ထပ်လိုက်ပေါ့ကွယ်၊ ဒီလိုအန်တီက လူကြီးဝတ္တရားအတိုင်း ပြောပြပြန်တော့လည်း မိန်းကလေးက သူလက်ထပ်ချင်တဲ့ယောကျ်ား မတွေ့သေးဘူးလို့ ပြောပြန်တယ်လေ၊ အဲဒီတော့ မောင်ထွန်းလင်းပဲ စဉ်းစားကြည့်ပေါ့ကွယ်"

"မေ့စိတ်နေသဘောထားကို ကျွန်တော် အကဲခတ်နားလည်ထားသလောက်တော့ ဘာမဆို သူသဘောကျမှ လုပ်မယ့် သဘောထားမျိုး ရှိတယ်ထင်ပါရဲ့ အန်တီ"

"ဒီသဘောထားကို အန်တီကိုယ်တိုင်ကလည်း သဘောကျပါတယ်၊ နို့ပေမဲ့ ခက်နေတာတစ်ခုက ကိုယ့်စိတ်တိုင်းကျ ယောကျ်ားကလေးတစ်ယောက်ကို ရွေးချယ်နိုင်ဖို့အတွက် ယောကျ်ားကလေးသောင်းခြောက်ထောင်နဲ့ စည်းမဲ့ကမ်းမဲ့ ပေါင်းသင်းသွားလာနေတာပဲလေ၊ အဲဒါသာ မောင်ထွန်းလင်းပဲ စဉ်းစားကြည့်တော့လေ"

"အန်တီပြောတာကို ကျွန်တော် နားလည်ပါပြီခင်ဗျာ၊ အန်တီ့မှာ ဘယ်အထိ တာဝန်ရှိနေတယ်ဆိုတာကိုလည်း သဘောပေါက်ပါတယ်"

"လူအများနဲ့ ပေါင်းသင်းဆက်ဆံပြီး နေထိုင်ရတဲ့ ပတ်ဝန်းကျင်မှာ ဒီလိုအထိန်းအသိမ်းနဲ့ အအုပ်အချုပ်မခံချင်တဲ့ မိန်းကလေးတစ်ယောက်နဲ့ အန်တီ ဘယ်လိုလုပ် နေထိုင်ရမလဲဆိုတာကို မောင်ထွန်းလင်း စဉ်းစားကြည့်ပါကွယ်၊ ပြီးတော့ အန်တီဟာလည်း လင်မရှိ၊ သားမရှိတဲ့ မုဆိုးမတစ်ယောက်နော်"

"အန်တီပြောတာ မှန်ပါတယ်ခင်ဗျာ"

"အဲဒီတော့ သူ့အရှိန်နဲ့သူ လည်နေနိုင်လိမ့်မယ်ထင်ပြီး သူ့သဘောနဲ့သူ ဆင်းသွားတဲ့ မိန်းကလေးတစ်ယောက်အတွက် ကြားက မောင်ထွန်းလင်း စိတ်အနှောင့်အယှက် အဖြစ်မခံစေချင်ဘူး၊ သူ့အရှိန်ကုန်သွားလို့ သူ့အမှားသူသိလာတဲ့တစ်နေ့ သူ့ဘာသာသူ ပြန်တက်လာပါလိမ့်မယ်ကွယ်"

ထွန်းလင်းသည် အန်တီစု၏ သဘောထားကို သိရှိလိုက်ရပြီဖြစ်၍ နောက်ထပ် ဘာမျှပြောဆိုခြင်း မပြုတော့ဘဲ အလိုက်သင့် အလျားသင့် နားထောင်နေလိုက်သည်။

"နောက်ပြီးတော့ မောင်ထွန်းလင်းတက်နေရတဲ့ အတန်းက ကြီးလာပြီမဟုတ်လား၊ အဲဒီတော့ ဒီမိန်းကလေးတစ်ယောက်အတွက်နဲ့ ကိုယ့်ကိုယ်ကိုယ် စိတ်အပင်ပန်းခံ၊ စာသင်အပျက်ခံပြီး အချိန်ကုန်မခံစေချင်ဘူး"

"ဟုတ်ကဲ့ အန်တီ"

"မေ မရှိတော့ပေမဲ့ အန်တီ့အိမ်ကို အရင်ကလိုပဲ လွတ်လွတ်လပ်လပ် ဝင်ထွက်တာပေါ့ကွယ်" အန်တီစုသည် ထိုသို့ ဖိတ်ကြားပြောဆိုပြီးနောက် ထိုင်ရာမှ ထလိုက်သည်။

ထွန်းလင်းသည် ၎င်း၏ လက်ပတ်နာရီကို ငုံ့၍ကြည့်လိုက်သည်။ ၁၀ နာရီထိုးပြီး၍ ၁၀ မိနစ်မျှပင် ကျော်လွန်လျက်ရှိလေပြီ။

ကံဘဲ့အိမ်မှ ကျောင်းဆောင်သို့ ပြန်လာသောအခါ ထွန်းလင်း၏ ဦးခေါင်းသည် များစွာ နောက်ကျိလေးလံလျက် ရှိလေသည်။

❖

## ဝေးကမ္ဘာ

(၁)

နောက်ဆုံးနှစ် ဂုဏ်ထူးတန်းကို တက်ရောက်သင်ကြားခြင်း ပြုရသော ပထမနှစ်ဝက်အတွင်း ထွန်းလင်းသည် ငှင်းလက်ထပ်ခွင့်တောင်း၍ထားသော ထိုမိန်းမလှ၏အတွက်နှင့် ပတ်သက်၍ တော်တော်လေး စိတ်ပင်ပန်း လူပင်ပန်းဖြစ်ရလေသည်။ ကျောင်းစတင်၍ ဖွင့်သော ဇွန်လမှ အောက်တိုဘာလ ကျောင်းပိတ်ရက်များအတွင်းအထိ သူသည် ပညာသင်ကြားရေးကိစ္စထက် မေမေလွင်၏အတွက် သူ၏ များစွာအရေးကြီးကာ တန်ဖိုးရှိလှသော အချိန်တို့ကို ကုန်လွန်ခြင်းပြုစေရလေသည်။ သူသည် တစ်ခါတစ်ရံ အတန်းကိုပင် မှန်မှန်မတက်နိုင်လောက်အောင် လှုဥမ္မာအတွက်နှင့် ယောက်ယက်ခတ်နေခဲ့ရသည်။ ညဘက် စာကြည့်ရမည့်အချိန်များတွင်လည်း အရေးတကြီး ကြည့်ရှုရန် ရှိသော စာများကို တစ်လုံးမျှမကြည့်နိုင်သေးဘဲ သူ့အား ရုပ်ရှင်လိုက်ပြစမ်းပါဟု ပူဆာနေသော ထိုမိန်းမလှ၏ အလိုကို လိုက်နေရပြန်သည်။ တစ်ခါကမူ သူသည် အရေးကြီးသော အခြားကိစ္စတစ်ခုအတွက်နှင့် ရုပ်ရှင်လိုက်ပြပါဟု

ပူဆာသော လုဥမ္မာကို လိုက်မပြအားဘဲ ရှိလေသည်။ သို့ အတွက်နှင့် မေမေလွင်သည် သူ့ကို စိတ်လုပ်ကာ တနင်္ဂနွေ သုံးပတ်ခန့်မျှ လူချင်းအတွေ့မခံဘဲ ရှောင်နေခဲ့ဖူးလေသည်။ ထိုမိန်းမကိုသာ ချစ်၍ လက်ထပ်လို၍ စွဲစွဲလမ်းလမ်းလည်း ဖြစ်နေသော ထွန်းလင်းသည် ထိုမိန်းမ၏ ငြိုငြင်မှုနှင့် အထင်လွဲမှားမှုကို အနည်းငယ်မျှ မခံနိုင်ချေ။ တကယ်ဆိုတော့ သူသည် လုဥမ္မာ၏ ကျေးကျွန်တစ်ယောက်နှင့် ဘာမျှ တော့ မခြားလှချေ။

တနင်္ဂနွေတစ်ပတ်လျှင် သူသည် အနည်းဆုံး မေမေလွင်ထံသို့ နှစ်ခေါက်လောက်တော့ မပျက်မကွက်ဘဲ မှန်မှန်ကြီး ရောက်တတ်သည်။ တစ်ခါတစ်ရံ ထိုမိန်းမက အထူးမှာကြားခြင်းများလည်း ပြုလုပ်တတ်သေး၍ သုံးလေးခေါက်အထိပင် အခစားဝင်ရတတ်သည်။ နောက်ဆုံးနှစ်လည်းဖြစ်၍ ကြည့်ရှုရန်စာများ များပြားနေသည့်အကြားမှပင် သူသည် ထိုဝတ္တရားများကို ပျက်ကွက်ခြင်းမရှိခဲ့ချေ။ မေမေလွင့်အဖို့ထက် သူ့တွင် အခြားဘာမျှ အရေးကြီးသောကိစ္စမရှိနိုင်ဟု ထွန်းလင်းက သဘောထားပုံရလေသည်။

မေမေလွင်အပြင် သူသည် ကံဘဲ့ဘက်ရှိ အန်တီစုအိမ်သို့လည်း တနင်္ဂနွေတစ်ပတ်လျှင် တစ်ခေါက်တော့ မှန်မှန်ကြီး ရောက်လေသည်။ ထိုအဘွားကြီးကလည်း တနင်္ဂနွေနေ့ နေ့ခင်းဘက်များတွင် သူ့ကို မျှော်၍၊ မျှော်၍ နေတတ်သည်။ သူလာလျှင် လက်ဖက်ရည်တိုက်ရင်း ကျွေးဖို့အတွက် ကိတ်မုန့်များကိုပင် ထောပတ်သုတ်၍ ထားလေ့ရှိသည်။ သားသမီးလည်း တစ်ယောက်မျှမရှိရှာသော ထိုအဘွားကြီးအိုသည် သူ့ကို သားတစ်ယောက်လို ချစ်ခင်လျက်ရှိသည်။ ၎င်းအပြင် သူလာသော အခါများ၌သာ မေမေလွင်၏ သတင်းကလေးများကို ကြားရတတ်သဖြင့် ထိုအမယ်ကြီးအိုသည် ထွန်းလင်းကို မျှော်၍မျှော်၍ နေ

တတ်ခြင်းလည်း ဖြစ်လေသည်။

ထိုပထမနှစ်ဝက်အတွင်း ထွန်းလင်းသည် နှစ်ယောက်တည်းသာရှိလျက်နှင့် တကွဲတပြားစီဖြစ်နေကြသော တူအရီးနှစ်ယောက်တို့ကို ပြန်လည် နီးစပ်နိုင်အောင်နှင့် ရင်ကြားစေ့သွားအောင် ကြိုးပမ်းအားထုတ်ခဲ့သည်။ ထိုအခြေအနေကို စိတ်ရှည်လက်ရှည်နှင့် ဖန်တီးခဲ့ရသည်။ ထိုတူဝရီးနှစ်ယောက်တို့ အကြားတွင် တင်းမာနေသော အကြောင်းအရာများကို ဖွဲကောင်းကောင်းနှင့် ပယ်ရှားခြင်းပြုခဲ့သည်။ တစ်ဦးကတစ်ဦးကို ပြန်လည်လက်ခံချင်လာအောင် လိမ်လိမ်မာမာ၊ ပါးပါးနပ်နပ် ဖန်တီးခြင်းပြုရသည်။

အစပထမ၌ တူဝရီးနှစ်ယောက်တို့၏ အကြားတွင် နက်ရှိုင်းသော ချောက်ကမ်းပါးသည် ရှိလေသည်။ သို့ရာတွင် ထိုနက်ရှိုင်းသော ချောက်ကမ်းပါးကို ဖွဲကောင်းကောင်းနှင့် ဖို့၍ဖို့၍ ပေးလာခဲ့ခြင်းအားဖြင့် တစ်စထက်တစ်စ နီးစပ်လာခဲ့ရာ အောက်တိုဘာကျောင်းပိတ်ရက်များအတွင်း နေ့မအားညမအား လုံးပန်းခဲ့သဖြင့် ခရစ်ယာန်မိန်းကလေးများ ဂေဟာတွင် တစ်နှစ်ကျော်ကျော်မျှ ဂုဏ်ခံကာ နေထိုင်လျက်ရှိသော ထိုမိန်းမလှကို ထွန်းလင်းသည် ကံဘဲ့အိမ်သို့ မ,ချီ၍ ယူလာနိုင်ခဲ့သည်။ ထိုသို့ မချီ၍ ယူလာခဲ့ရသော မေမေလွင်ကိုလည်း အန်တီစုကအိမ်တံခါးများ အားလုံးဖွင့်ကာ လက်ခံခြင်းပြုအောင် ထွန်းလင်းသည် ဖန်တီးနိုင်ခဲ့သည်။

အန်တီစုနှင့် မေမေလွင်တို့တူအရီး ပြန်လည်ပေါင်းစည်းမိကြသော အောက်တိုဘာ ကျောင်းပိတ်ရက်များအတွင်းက ထွန်းလင်းသည် ကံဘဲ့အိမ်၌သာ အချိန်ကုန်လွန်ခြင်းပြုလျက် ညဉ့်တော်တော်နက်သောအခါမှ ကျောင်းဆောင်သို့ ပြန်အိပ်ရုံမျှ အိပ်လေသည်။ နှစ်ဦးစလုံး ကျောင်းအားကြသဖြင့် နေ့တိုင်းလိုလို မြို့ထဲသို့ထွက်၍ အတူလည်ကြပတ်ကြ

သည်။ ရုပ်ရှင်အတူကြည့်၍ တိရစ္ဆာန်ရုံသို့ နှစ်ယောက်တည်းသွားကြသည်။ ထွန်းလင်းက ခေါင်းဆောင်ခြင်းပြုသော ရွှေတိဂုံဘုရားသို့ မေမေလွင်က လိုက်ပါခြင်းပြုသကဲ့သို့ မေမေလွင်က ခေါင်းဆောင်သော ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့လည်း ထွန်းလင်းက တစ်လှည့်လိုက်ပါခြင်းပြုလေသည်။ ဤကဲ့သို့ လူငယ်နှစ်ဦး တပူးတွဲတွဲနှင့် သွားလာပျော်ရွှင်နေကြခြင်းကို အန်တီစုသည် များစွာ သဘောတူကျေနပ်လှသကဲ့သို့ တပြုံးပြုံးနှင့် ကြည့်နေတတ်သည်။ ဤသို့ဖြင့် အောက်တိုဘာကျောင်းပိတ်ရက်များသည် လျင်မြန်စွာ ကုန်ဆုံး၍ သွားလေသည်။

* * *

(၂)

နောက်ဆုံးနှစ် ဂုဏ်ထူးတန်းစာမေးပွဲကြီးကို ဖြေဆိုပြီးစီးသောနှစ်က ထွန်းလင်းသည် ယခင်နှစ်များတုန်းကကဲ့သို့ ရန်ကုန်၌ ကြာကြာကလေး နေထိုင်ခြင်းမပြုနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ မိခင်ကြီးသည် ကောင်းစွာ မကျန်းမာသဖြင့် ပွင့်ဖြူသို့ ပြန်ပြေးရသောကြောင့် ဖြစ်လေသည်။ ပွင့်ဖြူမှပင်နေ၍ ၎င်း၏ စာမေးပွဲအောင်စာရင်းကို စောင့်ဆိုင်းခြင်းလည်း ပြုရလေသည်။ သို့ဖြင့် အောင်စာရင်းများ ထုတ်ပြန်လိုက်သောအခါ ထွန်းလင်းသည် ဂုဏ်ထူးတန်း ပထမအဆင့်ဖြင့် အောင်မြင်ကြောင်းပါရှိ၍ လာလေသည်။ ထိုနှစ်က ဂုဏ်ထူးတန်း အောင်မြင်သူ ခုနစ်ဦးမျှသာ ရှိသည့်အနက် ထွန်းလင်းတစ်ယောက်တည်းသာ ပထမအဆင့်ဖြင့် ထူးထူးခြားခြား အောင်မြင်လိုက်ခြင်းလည်း ဖြစ်လေသည်။

ထိုသို့ အောင်စာရင်းများ ထုတ်ပြန်လိုက်၍ ထွန်းလင်းနာမည်ပါရှိလာသောအချိန်တွင် ၎င်း၏ မိခင်ကြီး ဒေါ်သက်ရှည်သည် ကောင်းစွာ

ကျန်းမာလာပြီ ဖြစ်လေသည်။ ယခင် ဆယ်တန်းစာမေးပွဲအောင်စဉ်က တစ်ယောက်တည်းသော သားကို ခွဲခွာ၍ တက္ကသိုလ်၌ ဆက်လက်ပညာသင်ကြားခြင်း မပြုစေလိုခဲ့သော အမယ်ကြီးသည် သားလုပ်သူ ဝိဇ္ဇာဂုဏ်ထူးတန်းကို အောင်မြင်သောအခါ ထွေထွေထူးထူး ဘာမျှပြောဆိုခြင်း မပြုချေ။

"မင်းတို့ တက္ကသိုလ်ကျောင်းမှာ ဂုဏ်ထူးတန်းအောင်ပြီးရင် နောက်ထပ်တက်ဖို့များ အတန်းကော ရှိသေးသလားဟင် လူကလေး" ဒေါ်သက်ရှည်က ၎င်းသိရှိလိုသောအကြောင်းကို သားလုပ်သူအား မေးမြန်းခြင်း ပြုလေသည်။

"ဆက်ပြီး ပညာသင်ဦးမယ်ဆိုရင်တော့ မဟာဝိဇ္ဇာတန်းအထိ သင်နိုင်ပါသေးတယ် မေမေရဲ့၊ မဟာဝိဇ္ဇာတန်းကိုလည်း နှစ်နှစ်လောက်တက်ရတယ်" ထွန်းလင်းက အမယ်ကြီးနားလည်အောင် ရှင်းလင်းပြောပြရသည်။

"ဩော်... ဝိဇ္ဇာအပြင် မဟာဝိဇ္ဇာဆိုတာလည်း ရှိသေးသတဲ့ကိုး"

"ဟုတ်ကဲ့မေမေ၊ အဲဒီလိုမှ မဟာဝိဇ္ဇာတန်းကို မတက်ချင်လို့ရှိရင်လည်း ဥပဒေပညာတွေ၊ ဆရာအတတ်သင် သိပ္ပံအတန်းတွေကိုလည်း တက်နိုင်ပါတယ်၊ အဲဒီအတန်းတွေကိုလည်း နှစ်နှစ်စီပဲ တက်ကြရတယ် မေမေရဲ့"

"လူကလေးက ဘယ်လိုများ စိတ်ကူးထားတာရှိသလဲ၊ မေမေက ရှေးလူကြီးမို့ ဘာမှမသိလို့ ပြောပြစမ်းပါဦး"

ဒေါ်သက်ရှည်၏ မေးခွန်းသည် အနာဂတ်အရေးကြီး တစ်ခုလုံးနှင့် သက်ဆိုင်နေသည်။ သို့ရာတွင် ထွန်းလင်းသည် ၎င်း၏ အနာဂတ်အရေးနှင့် ပတ်သက်၍ ဘာတစ်ခုမျှ တိတိကျကျ စဉ်းစားထားခြင်းကား မရှိသေးချေ။ စာမေးပွဲကို ဖြေကြားပြီးစီး၍ ပွင့်ဖြူသို့မပြန်မီက သူသည်

မေမေလွင်နှင့် ထိုကိစ္စများကို တိုင်ပင်ရန် စိတ်ကူးထားခဲ့သည်။ ရှေးဦးစွာ မေမေလွင်၏ သဘောထားကို သူသည် ကြားနာခြင်းပြုလိုသည်။ လက်ထပ်ကြဖို့ကိစ္စနှင့် ပတ်သက်၍ မေမေလွင်၏ သဘောထားနှင့် အဖြေကို တိတိကျကျ မသိရှိရသေးမီအတွင်း ထွန်းလင်းသည် ဘာမျှစဉ်းစားခြင်းမပြုလိုသေးချေ။ ထို့ကြောင့် သူသည် ဘာမျှ မစဉ်းစားသေးဘဲ ခပ်အေးအေး နေထိုင်ခဲ့ခြင်းဖြစ်လေသည်။

သို့ရာတွင် ယခုအခါ ၎င်း၏ မိခင်ကိုယ်တိုင်က ထိုကိစ္စကို မေးမြန်း၍လာချေပြီ။

"မေမေကတော့ လူကလေးကို မြို့အုပ်တို့၊ ဝန်ထောက်တို့ စတဲ့ အစိုးရအလုပ်တွေကို လုပ်ကိုင်စေချင်တဲ့ဆန္ဒ သိပ်မရှိလှဘူးကွဲ့၊ ကိုယ့်မှာလည်း တစ်နှစ်တစ်နှစ်ကို ဝင်ငွေ သုံးလေးထောင်လောက် အေးအေးရှိနေတာပဲ" ဟု အမယ်ကြီးက ပြောဆိုလိုက်သောအခါ ထွန်းလင်းသည် အနည်းငယ်ပူပန်၍ သွားလေသည်။ အဘယ်ကြောင့်ဆိုသော် မေမေလွင်သည် ဝန်ထောက်ကြီးတစ်ဦး၏ သမီးဖြစ်သည့်အပြင် မြို့အုပ်၊ ဝန်ထောက် စသော ရာထူးရာခံများကို အထင်ကြီးသဘောကျတတ်သောကြောင့် ဖြစ်လေသည်။ သူသည် သူလက်ထပ်ခွင့်တောင်းထားသော မိန်းမတစ်ဦးတစ်ယောက်၏ သဘောထားကို တိတိကျကျ မသိရှိရပါသေးဘဲနှင့် သူ၏မိခင်ကို အဘယ်ကဲ့သို့ ပြန်လည်ပြောကြားရမည်နည်း။ သူသည် ဘာမျှ ပြန်မပြောဘဲ ငြိမ်သက်စွာ နားထောင်နေလိုက်သည်။

"မင်း ခုတင်ကပြောတဲ့ မဟာဝိဇ္ဇာတန်းတို့၊ ဥပဒေသင်တန်းတို့ ဆိုတာတွေ ဆက်ပြီးသင်ချင်သေးတယ်၊ တက်ချင်သေးတယ်ဆိုရင်တော့ တက်တာပေါ့ကွယ်၊ မေမေ့သဘောကတော့ လူကလေး ဆက်ပညာသင်ဖို့ဆိုရင် အတန်းကုန်တဲ့အထိ သင်စေချင်တယ်"

ထိုမျှသာ ၎င်း၏ သဘောထားနှင့် ဆန္ဒတို့ကို ထုတ်ဖော်ပြောဆို

ပြီးနောက် ထွန်းလင်း၏ မိခင်သည် ဘာမျှမပြောတော့ချေ။ ထိုကဲ့သို့ ၎င်းမိခင်၏ သဘောထားကို ကြားနာခြင်းပြုရပြီးနောက် ၎င်းလက်ထပ်လိုသည့် မိန်းမ၏ သဘောထားကို ဘာမျှ တိတိကျကျ မသိရှိသေးသော ထွန်းလင်းသည် ၎င်း၏အနာဂတ်အရေးကို စဉ်းစားစပြုရလေသည်။ သို့ရာတွင် သူသည် ပြတ်၍သွားအောင်တော့ကား မစဉ်းစားနိုင်သေးချေ။ မေမေလွင်၏ သဘောထားကို ကြားနာဖို့ လိုသေးသည်။ ထို့ကြောင့် ၎င်း၏မိခင်ရဲ့ အခြေအနေကို တနင်္ဂနွေတစ်ပတ်ခန့်မျှ လောက် ကြည့်ပြီးနောက် ရန်ကုန်သို့ဆင်းရန် စဉ်းစားထားလိုက်သည်။

ဤသို့ အဘွားကြီး၏ ကျန်းမာရေးအခြေအနေကို အကဲခတ်စောင့်ဆိုင်း ကြည့်ရှုနေခိုက် "အစိုးရကိစ္စ" ဟူ၍ ခေါင်းတပ်ထားသော စာအိတ်ကြီး တစ်အိတ်သည် မင်းဘူးအရေးပိုင်ရုံးမှတစ်ဆင့် သူ့ထံသို့ ဆိုက်ရောက်၍လာလေသည်။ စာမှာ ပညာရေးဝန်ကြီးဌာနမှ စာဖြစ်သည်။ စာပါအကြောင်းအရာများမှာ ထွန်းလင်းအား ရန်ကုန်မြို့အတွင်းဝန်များရုံး ပညာရေးဝန်ကြီးဌာနအတွင်းဝန်အား အမြန်ဆုံး လာရောက်တွေ့ဆုံဖို့ အကြောင်းကြားလိုက်သောကိစ္စ ဖြစ်သည်။ တွေ့ဆုံရန်ကိစ္စကိုမူကား ပညာရေးဌာန အတွင်းဝန်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော စာတွင် ဖော်ပြထားခြင်းမရှိချေ။ ထို့ကြောင့် ထွန်းလင်းကိုယ်တိုင် မည်သည့်ကိစ္စအတွက် ဖြစ်လိမ့်မည်ကို မခန့်မှန်းတတ်အောင် ဖြစ်နေသည်။

ထွန်းလင်းသည် အကြောင်းကိစ္စကို သိတန်သရွေ့ သိသာနိုင်ရန်အတွက် မင်းဘူးအရေးပိုင်းအား သွားရောက်တွေ့ဆုံခြင်း ပြုလေသည်။ မျက်နှာဖြူအရေးပိုင်ကလည်း ၎င်းအား ဘာတစ်ခုမျှ တိတိကျကျတော့ မပြောနိုင်ချေ။ ပညာရေးဝန်ကြီးဌာနမှ ဖြစ်နေ၍ နိုင်ငံခြားသို့ ပညာတော်သင်အဖြစ်ဖြင့် သွားရောက်ဖို့ကိစ္စအတွက် ဖြစ်ကောင်းဖြစ်နိုင်လိမ့်

မည် ထင်ကြောင်းလောက်ဖြင့်သာ ပြောဆိုခြင်းပြုလိုက်သည်။ ထို ကြောင့် မင်းဘူးမှ ပွင့်ဖြူသို့ တက္ကစီကားတစ်စီး ငှားကာ ချက်ချင်း ပြန်လာခဲ့ပြီးနောက် ရန်ကုန်သို့လိုက်ရန် အရေးတကြီး ပြင်ဆင်လုပ်ကိုင် ရလေသည်။

* * *

## (၃)

ရန်ကုန်မြို့ရှိ အတွင်းဝန်များရုံးအတွင်းမှ ပြန်ထွက်လာရသောအခါ ၎င်းအား ပညာရေးဌာနမှ စာတစ်တန်၊ ပေတစ်တန်နှင့် လူချင်း တွေ့ဆုံ စကားပြောဆိုဖို့အတွက် ဆင့်ခေါ်လိုက်သော အကြောင်းအရာများကို ထွန်းလင်းသည် သိရှိခဲ့ရလေသည်။ သူ့အား လူချင်းတွေ့ဆုံ စကား ပြောဆိုဖို့ ဆင့်ခေါ်လိုက်သော အကြောင်းအရာမှာ အခြားတော့ မဟုတ်၊ အင်္ဂလန်သို့ အစိုးရပညာတော်သင်အဖြစ်ဖြင့် သွားရောက်၍ ဆက်လက် ပညာသင်ကြားဖို့ ကိစ္စဖြစ်လေသည်။ ရန်ကုန်တက္ကသိုလ် အာဏာပိုင်များ ၏ ထောက်ခံချက်ဖြင့် ပညာရေးဌာနက ၎င်းအား ရွေးချယ်စေလွှတ်ရန် စဉ်းစားပြီးစီးသည့်အကြောင်းကို အတွင်းဝန်က ပြောဆိုလွှတ်လိုက်သည်။

ထိုသတင်းနှင့် အခွင့်အရေးသည် အလွန်ကောင်းသော သတင်းနှင့် အခွင့်အရေးများ ဖြစ်လေသည်။ သို့ရာတွင် ထွန်းလင်းသည် ထိုကိစ္စနှင့် ပတ်သက်၍ ၎င်း အင်မတန်လက်ထပ်လိုသော မိန်းမတစ်ဦး၏ သဘော ထားကို တိတိကျကျ မသိရှိရသေးသဖြင့် ပညာရေးဌာန အတွင်းဝန် အား ဘာတစ်ခွန်းမျှ ကျူးလွန်အောင် မပြောဆိုခဲ့ချေ။ ထို မဖုရားကလေး နှင့် တိုင်ပင်ပြောကြားလိုသေးသဖြင့် တစ်ရက်နှစ်ရက်အတွင်း ပညာရေး ဌာန အတွင်းဝန်အား လာရောက်တွေ့ဆုံပါမည်ဟုသာ ပြောဆိုခဲ့သည်။

အတွင်းဝန်များရုံးမှ ပြန်လာသော ထွန်းလင်းကို အန်တီစုနှင့် မေမေ

လွင်တို့ တူအရီးနှစ်ယောက်တို့သည် ရင်တမမနှင့် ညည့်ခန်းလယ်၌ စောင့်ဆိုင်း၍နေကြသည်။ ထွန်းလင်းက ၎င်းအား အစိုးရပညာတော်သင် အဖြစ်ဖြင့် အင်္ဂလန်သို့သွားရောက်၍ ပညာသင်ကြားဖို့အတွက် ပညာရေးဌာနက ရွေးချယ်ရန် စဉ်းစားပြီးစီးသည့် အကြောင်းကို ထွန်းလင်း ပြောပြလိုက်သောအခါ တူအရီးနှစ်ယောက်စလုံး ဝမ်းသာရွှင်ပျ၍ သွားကြလေသည်။ သို့ရာတွင် ထွန်းလင်းသည် မေမေလွင်တို့ တူအရီးနှစ်ယောက်တို့နှင့်အတူ ဝမ်းသာရွှင်ပျအောင် ပြလိုက်ရအောင်လည်း လေးလေးနက်နက် မရှိလှချေ။ သူသည် အဘက်ဘက်က အကြောင်းများကို စဉ်းစားချိန်ဆနေပုံ ရလေသည်။

ညစာ စားသောက်ပြီးစီးကြသောအခါ အန်တီစုသည် ၎င်း၏အသိလူမမာတစ်ဦးအိမ်သို့ မော်တော်ကားနှင့်ထွက်သွားသဖြင့် ထွန်းလင်းနှင့် မေမေလွင်တို့သည် ခြံထဲသို့ဆင်း၍ လမ်းလျှောက်ရင်း အေးအေးဆေးဆေး စကားပြောဆိုခြင်းပြုကြသည်။ မေမေလွင်သည် ထုံးစံအတိုင်း ၎င်းစိတ်ဝင်စားလျက်ရှိသော ပါတီများအကြောင်းကိုချည်းသာ ပြောဆိုနေသဖြင့် သည်းညည်းခံနားထောင်နေရသော ထွန်းလင်းသည် ဆက်လက်၍ သည်းညည်းမခံနိုင်လောက်အောင် ဖြစ်လာသည်။ ထို့ကြောင့် "မေနဲ့ ကိုထွန်းလင်းတို့ လက်ထပ်ဖို့ကိစ္စကို ဘယ်လိုသဘောရလို့ ဘယ်လိုစီစဉ်ကြမလဲဆိုတာ ပြောကြဦးစို့လား မေ" ဟု ထွန်းလင်းက ၎င်းထက်သန်နေသော အကြောင်းအရာကို ပြောဆိုခြင်း ပြုလိုက်သည်။

မေမေလွင်သည် ထုံးစံအတိုင်း အသံကလေးများ ထွက်လာအောင် ရယ်မောလိုက်သည်။

"ကိုထွန်းလင်းတော့ အစိုးရပညာတော်သင်အဖြစ်နဲ့ သွားရမယ့် အလုပ်ကို သိပ်စိတ်မဝင်စားလှဘူး မေ" မေမေလွင်က ဘာမျှပြန်၍ မပြောသဖြင့် သူကပင် ပြောဆိုလိုက်ရသည်။

မေမေလွင်သည် ထွန်းလင်းအား နားမလည်နိုင်သော အမူအရာဖြင့် လှမ်း၍ကြည့်လိုက်သည်။ သို့ရာတွင် ဘာမျှတော့ မပြောသေးချေ။

"မေက ခွင့်ပြုမယ်ဆိုရင် ကိုထွန်းလင်း မေ့ကို လက်ထပ်ပြီး ဥပဒေတန်း ဆက်တက်မလားလို့ စဉ်းစားနေတယ်"

"ရှင့်စိတ်ကူးကလည်း လွဲလှချည်လား ကိုထွန်းလင်းရဲ့"မေမေလွင်က အပြစ်တင်လိုသော လေသံဖြင့် ရုတ်တရက် ပြန်လည်ပြောဆိုလိုက်သည်။

"ဘယ်လို စိတ်ကူးလွဲတာလဲ မေ၊ ပြောပြစမ်းပါဦး"

"အင်မတန်ရခဲတဲ့ အခွင့်အရေးကြီးတစ်ခုကို လက်လွှတ်ပြီး ဘာမဟုတ်တဲ့ ဥပဒေတန်းတက်ဖို့ စိတ်ကူးနေတယ်ဆိုတာများ အံ့ပါရဲ့"

ထွန်းလင်းသည် သက်ပြင်းကို ရှူထုတ်လိုက်ရင်း "ကိုထွန်းလင်းအဖို့ မေ့ကို လက်ထပ်ဖို့ထက် အရေးကြီးတာ ဘာမှမရှိတော့ဘူးဆိုတာကို နားလည်စေချင်တယ် မေရယ်" ဟု ညည်းတွားသလို ပြောဆိုလေသည်။

မေမေလွင်သည် ထုံးစံအတိုင်း အသံကလေးများထွက်လာအောင် ရယ်မောလိုက်ပြန်လေသည်။

"ကိုထွန်းလင်း လေးလေးနက်နက် ပြောဆိုနေတာပါ မေ" ထွန်းလင်းက မိုးကောင်းကင်ထက်မှ ကြယ်ကလေးများကို ပင်ပင်ပန်းပန်း မော်၍ကြည့်ရင်း ပြောဆိုလိုက်သည်။

"ရှင့်ဘဝရဲ့ ကြီးပွားကောင်းစားရေးထက် မိန်းမတစ်ယောက်ကို လက်ထပ်ဖို့က ဘာများအရေးကြီးလို့လဲ ကိုထွန်းလင်းရယ်" မေမေလွင်သည် ပေါ့ပေါ့ဆဆ အမူအရာဖြင့် ပြောဆိုလေသည်။

ထွန်းလင်းသည် အာကာသ၏ တစ်ဖက်စွန်းမှ ကြယ်များကို ပင်ပင်ပန်းပန်း မော်၍ ကြည့်ရှုနေရာမှ မေမေလွင့်ကို ထိတ်လန့်တကြား

လှမ်း၍ ကြည့်လိုက်သည်။ ထိုမိန်းမကို သူသည် အဘယ်ကဲ့သို့ သဘောထားရပါမည်နည်း။ အဘယ်ကဲ့သို့ ပြောဆိုခြင်း ပြုရပါဦးမည်နည်း။

"ကိုထွန်းလင်းလို တကယ်တန်ဖိုးရှိနေတဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ချင်ကြတဲ့ မိန်းမချော မိန်းမလှတွေဟာ ရိုက်သတ်လို့တောင် မကုန်နိုင်ပါဘူးလေ၊ မေ့အတွက်နဲ့တော့ အင်မတန်ရခဲလှတဲ့ ဒီအခွင့်အရေးကြီးတစ်ခုကို မစွန့်လွှတ်လိုက်စေချင်ဘူး" မေမေလွင်သည် ၎င်း၏ သဘောထားကို ရိုးရိုးသားသားနှင့် ပွင့်ပွင့်လင်းလင်း ပြောဆိုကောင်း ပြောဆိုလိမ့်မည်သာ ဖြစ်သည်။ သို့ရာတွင် ထွန်းလင်းသည် ထိုပြောဆိုချက်ကို လက်ခံ၍မရနိုင်ချေ။ မေမေလွင်က ထိုကဲ့သို့ ပြောဆိုလိုက်သည့်အတွက် သူသည် များစွာအခံရကျပ်နေသည်။ သို့ရာတွင် စိတ်လိုက်မာန်ပါ ပြောဆိုလိုက်လျှင် မှားယွင်းကုန်မည်ကို စိုးရိမ်သဖြင့် နှုတ်ခမ်းနှစ်ခုတို့ကို တစ်လှည့်စီ ကိုက်ထားရလေသည်။

"လက်ထပ်ဖို့ကိစ္စကို နောက်ထားပြီး ကိုထွန်းလင်း ဒီအခွင့်အရေးကို ပထမယူစေချင်တယ်" မေမေလွင်က ထပ်မံပြောဆိုလာပြန်သည်။

ထွန်းလင်းသည် ဘာမျှ ပြန်၍မပြောလိုက်ချေ။ ပြောလိုက်လျှင် အမှားအယွင်းတွေ ပါကုန်မည်စိုး၍ ၎င်း၏ကိုယ်ကို မနည်းကြီး ချုပ်တည်းထားပုံရလေသည်။

"ကိုထွန်းလင်း အင်္ဂလန်ကပြန်လာပြီးတဲ့ နောက်လည်း လက်ထပ်ဖို့ကိစ္စကို စဉ်းစားနိုင်သေးတာပဲ မဟုတ်လားဟင်"

ထွန်းလင်း၏ အခြေအနေကို အကဲခတ်ပြီးသော မေမေလွင်က တစ်မျိုးလှည့်၍ ပြောဆိုလိုက်ပြန်သည်။

"မေ့ကို ကိုထွန်းလင်း ဘယ်လိုနားလည်ရမှန်း မသိတော့ဘူး မေ" ထွန်းလင်းက သက်ပြင်းကိုချရင်း ပင်ပန်းကြီးစွာ ပြောဆိုလိုက်သည်။

မေမေလွင်သည် ထုံးစံအတိုင်း အသံကလေးများထွက်လာအောင်

ပင် ရယ်မောလိုက်ပြန်လေသည်။

အသံကလေးများထွက်လာအောင် တစ်ယောက်တည်း ရယ်မောလျက် ရှိနေသော မိန်းမလှကို ထွန်းလင်းသည် ထိတ်လန့်ချောက်ချားသော အမူအရာဖြင့် လှမ်းကြည့်လိုက်မိသည်။ ထိုနောက် သက်ပြင်းကိုချပြန်ရင်း "အစတုန်းကတည်းကသာ မေနဲ့ မတွေ့ခဲ့ရရင် ကိုထွန်းလင်းအဖို့ သိပ်ကောင်းလိမ့်မယ်ထင်တယ် မေရယ်" ဟု အတိတ်ကို အပြစ်တင် ပြောဆိုခြင်းပြုလိုက်လေသည်။

"အတိတ်ကို အပြစ်တင်တတ်တဲ့လူဟာ လူမိုက်လို့ ပညာရှိတွေက ပြောကြတယ် ကိုထွန်းလင်း"

"အဲဒီလိုပြောခဲ့ကြတဲ့ ပညာရှိကြီးတွေကြောင့် လူတွေဟာ အတိတ်ရဲ့ ဒုက္ခဝဲထဲကို ပြန်ပြန်လည်နေကြရတာပေါ့ မေရယ်"

"ဒီအကြောင်းကို မေတို့ အငြင်းပွားနေကြလို့လည်း ဘယ်သူ့အတွက်မှ အကျိုးမရှိပါဘူးလေ၊ ရှေ့လျှောက် ဘယ်လိုလုပ်ကြမလဲဆိုတဲ့ ကိစ္စကိုသာ ပြောကြရအောင် ဟုတ်လား ကိုထွန်းလင်း"

"ကိုထွန်းလင်း ပြောပြီးပါပကောလားမေ"

"ခက်တာက မေ့မှာ ခုချိန်အထိ ကိုထွန်းလင်းကို လက်ထပ်ချင်တဲ့စိတ်မျိုး မပေါ်သေးတာပဲ"

"ဒီလိုဆိုရင် ကိုထွန်းလင်းကတော့ စောင့်လက်စနဲ့ ဆက်ပြီး စောင့်ရုံပဲပေါ့ မေ"

"အဲဒီလိုစောင့်ရင်းနဲ့ ကိုထွန်းလင်း ရလိုက်တဲ့ အခွင့်အရေးကြီးကို အသုံးချစေချင်တယ်၊ ဒီလိုရတောင့်ရခဲတဲ့ အခွင့်အရေးကြီးကို မေ့အတွက်နဲ့ လက်လွတ်မခံစေချင်ဘူး ကိုထွန်းလင်း"

"ခက်နေတာက ကိုထွန်းလင်းမှာ မေ့ထက် တခြားအဖိုးတန်တာနဲ့ စိတ်ဝင်စားစရာ ဘာမှမရှိတော့ဘူးဆိုတာကို မေက မသိလို့ ဟိုအခွင့်

အရေး၊ ဒီအခွင့်အရေးတွေကို ပြောနေတာပဲ ဖြစ်လိမ့်မယ်"

"ကိုထွန်းလင်း တစ်ယောက်အတွက်နဲ့တော့ ဒုက္ခပါပဲကွယ်"

"မေ့ကို လက်ထပ်ခွင့်တောင်းပြီး သုံးနှစ်ကျော်လောက် စောင့်စားလာခဲ့ရတဲ့ လူတစ်ယောက်ရဲ့ ဒုက္ခကိုလည်း စဉ်းစားဦးမှပေါ့ မေရယ်"

"ဒီအထိအောင် စေတနာထားပြီး စောင့်ဆိုင်းနေတဲ့လူတစ်ယောက်ကို မေ ကျေးဇူးတင်တတ်ပါတယ် ကိုထွန်းလင်းရဲ့၊ ဒါပေမဲ့ ကနေ့ထက်ထိ ကိုထွန်းလင်းကို လက်ထပ်နိုင်လောက်အောင် မေ့ရင်ထဲမှာ ဖြစ်မလာသေးဘူး"

"ဒါဖြင့်လည်း ကိုထွန်းလင်း ဆက်ပြီးတော့ စောင့်ရုံပဲရှိမှာပေါ့ မေ"

"အဲဒီလိုစောင့်နေရတဲ့အခိုက် ကိုယ်ရနေတဲ့ အဖိုးတန်အခွင့်အရေးကြီးတစ်ခုကို အလဟဿ ဖြစ်မသွားရအောင်လို့ မေကပြောနေတာပါ"

ထွန်းလင်းသည် ရုတ်တရက် ဘာမျှပြန်မပြောနိုင်သေးသဖြင့် တွေ၍ စဉ်းစားနေမိသည်။ ဥပစာတန်းသားဘဝမှ ထိုမိန်းမလှကို စောင့်ဆိုင်းလာခဲ့ရာ ယခုအခါတွင် သူသည် ဝိဇ္ဇာဂုဏ်ထူးတန်းကိုပင် ကျော်လွန်ပြီးစီးခဲ့လေပြီ။ သို့ရာတွင် ထိုမိန်းမ၏ ရင်တွင်းမှ နှလုံးသားသည် ယခုတိုင်လည်း လူးလွန့်လှုပ်ရှားခြင်း မရှိသေး။ ဝိဇ္ဇာဂုဏ်ထူးတန်းကို အောင်မြင်ခဲ့ပြီးနောက် သူသည် နိုင်ငံခြားသို့ ပညာတော်သင်အဖြစ်ဖြင့် ရွေးချယ်ခြင်းကိုလည်း ခံခဲ့ရလေပြီ။ ၎င်း၏ နှလုံးသားသည် မလှုပ်ရှားသေးသောကြောင့် ထိုမိန်းမက သူ့ကို ယခုတစ်ဖန် ဝေးကမ္ဘာရပ်၌ ဆက်လက်၍ ပညာသင်ကြားဖို့ တိုက်တွန်းတောင်းဆိုလျက် ရှိနေပြန်လေပြီ။ သူသည် ဘာပြန်ပြောရမည်နည်း။

"ကိုထွန်းလင်း ယူကေမှာ အလွန်ဆုံး နှစ်နှစ်လောက်ပဲ ကြာပါလိမ့်မယ်၊ ဒီနှစ်နှစ်လောက်ကလေးကိုတော့ အောင့်အည်းပြီး သွားနေလိုက်

ဖို့ ကောင်းပါတယ်"

"နှစ်နှစ်မဟုတ်ပါဘူး မေရဲ့၊ ကိုထွန်းလင်း အနှစ် ၂၀ တောင် နေနိုင်ပါတယ်၊ ဒါပေမဲ့ မေ့ဆီက တိကျတဲ့ကတိကိုတော့ ရချင်တယ်"

"ဘယ်လိုကတိလဲဟင် ကိုထွန်းလင်း"

"ကိုထွန်းလင်း ယူကေကပြန်လာတဲ့အခါ လက်ထပ်ခွင့်ပေးပါ့မယ် ဆိုတဲ့ ကတိပဲ"

မေမေလွင်သည် အသံကလေးများ ထွက်လာအောင်ပင် ရယ်မောခြင်း ပြုလိုက်ပြန်သည်။ ထိုသို့ ရယ်မောပြီးတော့မှ "ရင်ထဲအသည်းထဲက ဖြစ်မလာတဲ့ဟာကိုတော့ အတင်းအကျပ် မခိုင်းပါနဲ့ ကိုထွန်းလင်းရယ်" ဟု ပြန်လည်ပြောဆိုလေသည်။

ထွန်းလင်းသည် သက်ပြင်းကို ချလိုက်သည်။ ထို့နောက် မိုးကောင်းကင်ထက်မှ ကြယ်များကို ပင်ပင်ပန်းပန်း မော်ကြည့်နေသည်။ သူသည် အသက်အစိတ်မျှပင် မပြည့်သေးသော လူငယ်တစ်ဦးမျှသာ ဖြစ်သော်လည်း တစ်ခဏချင်းအတွင်း များစွာ အိုမင်း၍သွားလေသည်။

မေမေလွင်သည် အိုစာလျက်ရှိသော ထွန်းလင်း၏ မျက်နှာကို မသိမသာ လှမ်း၍ ကြည့်နေသည်။ ထိုသတ္တဝါအပေါ်၌ သနားသလိုတော့လည်း ဖြစ်နေပုံရလေသည်။ သို့ရာတွင် ၎င်း၏ လွတ်လပ်ခွင့်ကို ထိခိုက်လောက်အောင်ကား ဖြစ်ဟန်မတူချေ။

သုံးနှစ်ကျော်မျှ မိမိ စွဲလမ်းတပ်မက်လာခဲ့သော ထိုမိန်းမလှကို မေ့ပျောက်၍များ ဖြစ်နိုင်ပါဦးမည်လားဟု ထွန်းလင်းသည် စဉ်းစားချင်က စဉ်းစားလျက်ရှိပေမည်။ သို့ရာတွင် ၎င်း၏ နှလုံးသားကား အလွန်တရာ အားနည်းလျက်ရှိလေသည်။ ထို့ကြောင့် သူသည် ထိုမိန်းမလှကို ကျောခိုင်းကာ စံပယ်ရုံဘေးမှ အိမ်ကြီးဘက်ဆီသို့ တစ်လှမ်းချင်းထွက်လာခဲ့သည်။ ထိုသို့ ထွက်လာ၍ မလှမ်းမကမ်းသို့ ရောက်တော့မှ "ကို

ထွန်းလင်း” ဟု မေမေလွင်၏ အလန့်တကြား ခေါ်ဝေါ်သံကို ကြားလိုက်ရသည်။ သူ၏ ရင်တွင်း၌ လှုပ်ရှား၍သွားလေသည်။ ထိုနောက် အလိုလို ရပ်နေပြီးသားလည်း ဖြစ်နေသည်။

မေမေလွင်သည် သူ့နောက်မှ အူယားဖားယားနှင့် အပြေးကလေးလိုက်လာသည်။ သူ၏ နောက်ကျောနားတွင် ကပ်၍ ရပ်လိုက်သည်။ သို့ရာတွင် သူသည် ထိုမိန်းမကို ပြန်လှည့်၍မကြည့်မိအောင် သူ၏ စိတ်ကို တင်း၍ထားလိုက်သည်။

“ကိုထွန်းလင်း၊ ရှင်စိတ်ဆိုးသွားသလား” ဟု ထိုမိန်းမက မေးလေသည်။

“ကလေးတစ်ယောက်မှ မဟုတ်တာပဲ မေ” သူက ဒါလောက်ပဲ ပြန်၍ပြောလိုက်သည်။ သို့ရာတွင် ထိုမိန်းမကို လှည့်၍တော့ မကြည့်ချေ။

“ကိုထွန်းလင်း၊ ရှင် ဝမ်းနည်းနေသလားဟင်” ထိုမိန်းမက အခြားမေးခွန်းတစ်ခုကို မေးလိုက်ပြန်လေသည်။

“အဲဒါကိုတော့ ကိုထွန်းလင်းကိုယ်တိုင်လည်း မသိဘူးမေ” သူသည် အမှန်အတိုင်း ပြန်၍ပြောလိုက်သည်။

မေမေလွင်သည် သူ၏ နောက်ကျောနားတွင် ကပ်၍ ရပ်နေရာမှ သူ၏ဘေးကပန်း၍တက်ကာ သူနှင့် မျက်နှာချင်းဆိုင်ကာ ရပ်လာသည်။ သို့ရာတွင် သူသည် ထိုမိန်းမ၏ လှပ၍ ကျက်သရေရှိလှသော မျက်နှာကို မကြည့်မိစေရန်အတွက် ကြယ်များကို မော်၍ ကြည့်နေလိုက်သည်။

“ကိုထွန်းလင်း၊ ရှင့်ကို မေ သနားပါတယ်” မေမေလွင်သည် ထွန်းလင်း၏ လက်မောင်းများကို ကိုင်လှုပ်ရင်း ပြောဆိုလေသည်။

“ကိုထွန်းလင်းဟာ သနားစရာလူတစ်ယောက် မဟုတ်ပါဘူး မေ” သူသည် ထိုမိန်းမကိုမကြည့်ဘဲ ပြန်၍ပြောလိုက်သည်။

မေမေလွင်သည် တစ်စုံတစ်ရာကို ထုတ်ဖော်ပြောဆိုချင်လှသော်လည်း ရုတ်တရက် လည်ချောင်းထဲက မထွက်နိုင်သလို ဖြစ်နေပုံရသည်။ ထိုမိန်းမလှသည် ရိုးသားခံ့ညား၍ တည်ကြည်ခြင်းရှိလှသောလူ့အဖိုးတန်တစ်ယောက်၏ မျက်နှာကို အတန်ကြာမျှ ငေးစိုက်၍ကြည့်နေခဲ့သည်။ နောက်ဆုံး၌ ပင့်သက်ကလေးကို အသာအယာရှူရင်း "မေ စဉ်းစားမိတာတစ်ခုရှိတယ် ကိုထွန်းလင်း" ဟု ပြောဆိုခြင်းပြုလိုက်သည်။

"ကိုထွန်းလင်းကို ပြောပြစမ်းပါဦး" ထွန်းလင်းက အနည်းငယ်စိတ်ဝင်စားလာသကဲ့သို့ ပြန်၍ ပြောဆိုသည်။

"မေဟာ ပျော်ပျော်ပါးပါးနဲ့ လွတ်လွတ်လပ်လပ် နေချင်တယ်ဆိုတာ ကိုထွန်းလင်း သိတယ်နော်"

ထွန်းလင်းသည် ဦးခေါင်းကိုသာ ညိတ်၍ပြုလိုက်သည်။

"ယောကျ်ားတစ်ယောက်ကို ကျွန်မခံစေချင်ဘူး"

ထိုစကားကို ကြားလိုက်ရသောအခါ ထွန်းလင်းသည် တုန်လှုပ်၍သွားလေသည်။ တကယ်ဆိုတော့လည်း ထိုစကားသည် လွတ်လပ်ရေးကို စုံမက်တတ်ကြသော မိန်းမသားတိုင်းတို့၏ ပြောရိုးပြောစဉ် စကားမျှသာ ဖြစ်လေသည်။

"မေရဲ့ အသည်းထဲ၊ နှလုံးထဲမှာ နှစ်နှစ်ကာကာကြီး ချစ်လာတဲ့ယောကျ်ားမျိုးနဲ့ကျတော့ ဘယ်လိုနေမလဲ မပြောတတ်ဘူး ကိုထွန်းလင်း" မေမေလွင်သည် ထိုစကားကို ထွန်းလင်းအတွက် ပြောဆိုနေခြင်း ကားမဟုတ်တန်ရာ၊ ၎င်းကိုယ်ကိုယ် ပြောဆိုနေခြင်းမျှသာ ဖြစ်လေသည်။

ထွန်းလင်းသည် ဘာမျှလည်း ပြန်ပြောစရာမရှိသဖြင့် ငြိမ်သက်စွာပင် နားထောင်နေသည်။ သို့ရာတွင် မိန်းမလှ၏ မျက်နှာကို မကြည့်မိအောင်ကား ကြိုးစား၍ မိုးကောင်းကင်ထက်မှ ကြယ်များကို မော်

ကြည့် နေရသည်။

"ကိုထွန်းလင်း ရထားတဲ့ အခွင့်အရေးကိုတော့ လက်မလွှတ်စေချင်ဘူး၊ မေ ကတိတစ်ခုတော့ ပေးလိုက်မယ်"ဟု ထိုမိန်းမက ပြောဆိုလိုက်သောအခါ ထွန်းလင်းသည် သေဆုံးနေရာမှ အသက်ပြန်ဝင်လာသကဲ့သို့ လှုပ်ရှား၍လာလေသည်။ သူသည် မကြည့်မိအောင် အားခဲထားသော ထိုမိန်းမလေး၏ မျက်နှာကို ကြည့်လိုက်မိသည်။ လှဥမ္မာ၏ ထက်မြက်တောက်ပသော မျက်လုံးများသည် ခါတိုင်းလို ဝင်းလက်၍ မနေတော့ချေ။ မျက်ရည်စကလေးများဖြင့် ဝိုင်းရံလျက်သာရှိနေသည်။

"ကိုထွန်းလင်း ယူကေကိုသာသွားပါ၊ မေ့တစ်သက်မှာ ကိုထွန်းလင်းက လွဲလို့ ဘယ်ယောကျ်ားကိုမှ လက်မထပ်ပါဘူးဆိုတဲ့ ကတိကို ပေးလိုက်ပါ့မယ်"

"ယူကေက ကိုထွန်းလင်းပြန်လာတဲ့အခါ လက်ထပ်ပါ့မယ်ဆိုတဲ့ ကတိလောက်တော့ ပေးထားဦးမှပေါ့မေရယ်" ထွန်းလင်းသည် သူ အခိုင်အမာ အလိုရှိနေသော ကိစ္စအတွက်သာ တောင်းဆိုလျက်ရှိသည်။

"ကိုထွန်းလင်းကလွဲပြီး တခြားဘယ်ယောကျ်ားမှ လက်မထပ်ပါဘူးလို့ ကတိတစ်ခုလုံး ပေးထားပြီးဟာ ကိုထွန်းလင်း ဘာများ စိတ်မချစရာ ရှိသေးသလဲ"

"စိတ်မချလို့တော့ မဟုတ်ပါဘူး မေ၊ ကိုထွန်းလင်း စိတ်နှလုံး တုံးတုံးချထားချင်လို့ပါ"

"ရှင် သွားဖြစ်အောင်သာ သွားပါလေ၊ မေ့အတွက် အစစအရာရာ စိတ်ချထားစေချင်တယ်၊ လက်ထပ်ကြဖို့ ကိစ္စအတွက်ကတော့ ကိုထွန်းလင်း ပြန်လာတော့မှ စီစဉ်ကြတာပေါ့"မေမေလွင်သည် ထိုကဲ့သို့ ပြောဆိုပြီးနောက် ထွန်းလင်း၏ ရင်အုံကို ၎င်း၏ လက်နှစ်ဖက်

စလုံးဖြင့် တအားလွှဲ၍ထုကာ အိမ်ကြီးဘက်ဆီသို့ ပြေးထွက်သွားသည်။

ထိုညက ထွန်းလင်းသည် ည ၉ နာရီခွဲခန့်အထိ ဧည့်ခန်းမှနေ၍ မေမေလွင် နောက်ထပ်၍ အိမ်ပေါ်မှ ပြန်ဆင်းလာလိမ့်နိုးနှင့် စောင့်သေးသည်။ သို့ရာတွင် ထိုမိန်းမသည် ပြန်ဆင်းမလာတော့ချေ။

သူသည် မေမေလွင်ကို စောင့်ရင်း ပျင်းပျင်းရှိလာသည်နှင့် အသံဖမ်းစက်ကို ဖွင့်၍ နားထောင်ခြင်းပြုလေသည်။ ည ၉ နာရီကျော်သွားပြီဖြစ်၍ နောက်ဆုံး ကြေးနန်းသတင်းများကို ကြေညာ၍နေသည်။

"ဗြိတိသျှဝန်ကြီးချုပ် မစ္စတာချိန်ဘာလင်နှင့် ပြင်သစ်ဝန်ကြီးချုပ် မစ္စတာ ဒလဲဒမားတို့က ဥရောပအလယ်ပိုင်းရှိ လွတ်လပ်သော ချက်ကိုစလိုဗေးကီးယား သမ္မတနိုင်ငံတော်အား ဖျက်သိမ်း၍ ဂျာမနီအာဏာရှင် ဟစ်တလာအား လွှဲပြောင်းပေးအပ်ရန် မြူးနစ်မြို့တွင် သဘောတူလက်မှတ် ရေးထိုးလိုက်ပြီဖြစ်ကြောင်းဖြင့် ရိုက်တာသတင်းဌာနက ထုတ်ပြန်ကြေညာလိုက်ကြောင်း"

စိတ်ချမ်းသာစရာကောင်းသော သတင်းမဟုတ်၍ ထွန်းလင်းသည် ကျန်သတင်းများကို ဆက်လက် နားမထောင်လိုတော့သကဲ့သို့ အသံဖမ်းစက်ကို ပြန်၍ ပိတ်ထားလိုက်သည်။ ထိုသတင်းနှင့်တစ်ဆက်တည်း စစ်ရိပ်စစ်ငွေ့များ သန်းနေသောအချိန်တွင် အင်္ဂလန်သို့ ပညာတော်သင်အဖြစ်ဖြင့် သွားရောက်ခြင်းပြုရတော့မည့် ၎င်း၏အရေးကိုလည်း ခေါင်းလေးလေးနှင့် ထည့်သွင်းစဉ်းစားနေမိသည်။

သို့ရာတွင် ထိုညအဖို့ မေမေလွင်သည် အိမ်အောက်ထပ်သို့ နောက်ထပ်၍ ပြန်မဆင်းလာတော့ချေ။

❖

## မျှော်လင့်ခြင်း၏ ရပ်တည်ရာ

(၁)

သူတို့ မျှော်လင့်ထင်စားလျက် ရှိနေကြသကဲ့သို့ လူ့လောကကြီးသည် ဖြစ်ချင်မှ ဖြစ်လာတတ်လျက် မည်ကဲ့သို့မျှ မျှော်လင့်ထင်မှတ်ထားခြင်း မရှိသော ဆန့်ကျင်ဘက်သည်လည်း ဖြစ်ချင်ဖြစ်လာတတ်လေသည်။ အဘယ်ကြောင့်ဆိုသော် လူလောက၏ ဖြစ်ပေါ်တိုးတက်မှုတရားဓမ္မသည် လူတို့၏ ဆန္ဒနှင့် စေတနာများအပေါ်တွင် အခြေမခံဘဲ ၎င်း၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲမှု တရားဓမ္မအတိုင်းသာလျှင် ဖြစ်ပျက်နေတတ်သောကြောင့် ဖြစ်လေသည်။

၎င်း၏ စွဲလမ်းတပ်မက်၍ လက်ထပ်သိမ်းပိုက်ခြင်း ပြုလိုလှသော မိန်းမလှ၏ တိုက်တွန်းမှုနှင့် ဝန်ခံကတိပေးမှုများကြောင့် ထွန်းလင်းသည် ၎င်းကိုယ်တိုင်က များစွာ ထက်သန်ခြင်းပင် မရှိသော်လည်း ပင်လယ်ရပ်ခြား တိုင်းတစ်ပါးသို့ ပညာတော်သင်ထွက်လာခဲ့လေသည်။ ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ပင်လယ်ကူးသင်္ဘောသို့ ဆင်းသောနေ့က အန်တီစုနှင့် မေမေလွင်တို့ တူအရီးနှစ်

ယောက်တို့သည် သူ့ကို သင်္ဘောဆိပ်သို့ လိုက်၍ပို့ခဲ့ကြသည်။ သင်္ဘောမထွက်မီ သူသည် ထိုမိန်းမလှနှင့် နှစ်ယောက်တည်း တစ်နာရီကြာကြာခန့်မျှ စကားပြောဆိုခြင်း ပြုခဲ့သည်။ လူငယ်များ လွတ်လွတ်လပ်လပ်စကားပြောဆိုနိုင်ကြစေရန်အတွက် အလိုက်သိသော အမယ်ကြီးကရှောင်၍ပေးသည်။ သင်္ဘောမထွက်မီ တစ်နာရီအတွင်း သူသည် မှာကြား၍ ကုန်နိုင်လိမ့်မည်မထင်သော သူ၏ စိုးရိမ်ပူပန်ချက်များကိုတတွတ်တွတ် မှာကြားခြင်းပြုခဲ့သည်။ မေမေလွင်ကလည်း ဦးခေါင်းတညိတ်ညိတ်နှင့် နားထောင်ခြင်းပြုလေသည်။ ခရီးသွားများကို လိုက်လံ ပို့ဆောင် နှုတ်ဆက်ခြင်းပြုကြသော ဧည့်သည်များ သင်္ဘောကုန်းပတ်ပေါ်မှ ပြန်သွားကြရန်အတွက် သက်ဆိုင်ရာ သင်္ဘောအာဏာပိုင်တို့က အချက်ပေးသောအခါ ၎င်း၏ တစ်သက်နှင့်တစ်ကိုယ်တွင် အဘယ်မိန်းမပျို တစ်ဦးတစ်ယောက်ကိုမျှ ဖက်ယမ်းနမ်းရှုပ်ခြင်း မပြုခဲ့ဖူးရာသော ဘိလပ်သွား နွားကျောင်းသားကြီးသည် လှဥမ္မာကို ၎င်း၏အခန်းထဲသို့ အတင်းဆွဲခေါ်သွားပြီးနောက် မျက်နှာတစ်ပြင်လုံးကို နေရာမကျန်အောင် နမ်းရှုပ်ခြင်းပြုလေသည်။ ထိုသို့ နမ်းရှုပ်ခြင်းကို ထိုမိန်းမကလည်း ဟန်လုပ်၍မျှပင် ငြင်းဆန်ခြင်းမပြုဘဲ အလိုလိုက်ခဲ့သည်။ ရက်ရက်ရောရော ခွင့်ပြုခဲ့သည်။ သင်္ဘောသည် ရန်ကုန်ဆိပ်ကမ်းကိုခွာ၍ ပင်လယ်ဝသို့ ရောက်သောအခါ သူသည် သူ၏ အခန်းကလေးသို့ ဝင်လာခဲ့ပြီးလျှင် ပက်လက်လှန်လိုက်သည်။ သူ၏ အသည်းနှလုံးကို ရင်တွင်းမှ ထုတ်ထားပစ်ခဲ့ရသလို အနေရခက်နေသည်။ မည်ကဲ့သို့ပင် ဖြစ်စေကာမူ သူသည် နိုင်ငံရပ်ခြား တိုင်းတစ်ပါး၌ နှစ်နှစ်သာသာခန့်မျှ သွားရောက်နေထိုင်ကာ ပညာသင်ကြားပြီးနောက် သူ၏မွေးရပ်ပြည်သို့ ပြန်လာရပြီးလျှင် သူ စွဲလမ်းတပ်မက်လျက်ရှိသောထိုမိန်းမနှင့် ချောချောမောမော လက်ထပ်နိုင်လိမ့်မည်ဟု မျှော်လင့်

ထင်စားထားခဲ့သည်။ နှစ်နှစ်မျှ ဒုက္ခခံလိုက်ခြင်းဖြင့် သူ၏ အနာဂတ်ဘဝသည် သာယာစိုပြည်ချေတော့မည်ဟု စိတ်ချယုံကြည်ခြင်း ပြုခဲ့သည်။ သို့ရာတွင် သူတို့ မျှော်လင့်ထင်စားလျက် ရှိနေကြသကဲ့သို့ လူ့လောကကြီးသည် ဖြစ်ချင်မှ ဖြစ်လာတတ်လျက် မည်ကဲ့သို့မျှ မျှော်လင့်ထင်မှတ်ထားခြင်းမရှိသော ဆန့်ကျင်ဘက်တို့သည် ဖြစ်လာတတ်သော တရားဓမ္မကိုမူကား သူသည် အနည်းငယ်မျှ ထည့်သွင်းစဉ်းစားရကောင်းမှန်းလည်း သတိမရ၊ ထည့်သွင်းစဉ်းစားခြင်းလည်း မပြုခဲ့ချေ။ သူသည် စိတ်ကူးယဉ်လောကကြီးကို စိတ်တိုင်းကျ တည်ဆောက်ကာ "လူ့ဘဝ ဆိုသည်မှာ ပျော်ပျော်ပါးပါးနှင့် မော်မော်ကြွားကြွား နေရသော အလုပ်" ဟူ၍ နားလည်ထားသော လုဥမ္မာကို မျက်စိကွယ်ရာ၌ ထားခဲ့ပြီးလျှင် နိုင်ငံခြားသို့ ပညာတော်သင် ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ထွန်းလင်း အင်္ဂလန်သို့ ထွက်သွားပြီးနောက် တစ်နှစ်သာသာခန့် အကြာတွင် အနောက်ဥရောပဒေသတွင် ပြင်းထန်ကြီးမားသော အဖြစ်အပျက်များသည် ပေါက်ကွဲဖြစ်ပျက်ခဲ့လေသည်။ ဂျာမနီအာဏာရှင် ဟစ်တလာသည် ချက်ကိုဆလိုဗေးကီးယား ပြည်ကလေးကို မြုံးနှစ်စာချုပ်အရ သွေးထွက်သံယိုမှုမရှိဘဲ အေးအေးချမ်းချမ်း သိမ်းပိုက်လိုက်ပြီးနောက် ထိုမျှနှင့်အားမရနိုင်သေးဘဲ ပိုလန်ပြည်ကလေးကို ဝင်ရောက်တိုက်ခိုက်ခြင်း ပြုလိုက်ပြန်လေသည်။ ပိုလန်ပြည်ကို ယင်းသို့ ဟစ်တလာက ကျူးကျော် တိုက်ခိုက်လိုက်သောအခါ မူလက ဝန်ခံကတိရှိထားသော ဗြိတိန်နှင့် ပြင်သစ်တို့သည် ပိုလန်ပြည်ဘက်မှနေ၍ ဂျာမနီကို စစ်ကြေညာကြရတော့သည်။ ယင်းသို့ဖြင့် ထွန်းလင်းသည် အင်္ဂလန်၌ ပညာသင်ကြားနေရခိုက် ဥရောပအနောက်ပိုင်းဒေသ မြေထဲပင်လယ်နှင့် အတ္တလန္တိတ် သမုဒ္ဒရာများတွင် ဒုတိယကမ္ဘာစစ်ကြီးသည် ဖြစ်ပွား

၍ လာလေသည်။ သို့နှင့် တက္ကသိုလ်တစ်ခုမှ မဟာဝိဇ္ဇာဘွဲ့ကို ရရှိပြီးသော အချိန်တွင် ထွန်းလင်းသည် မြန်မာနိုင်ငံသို့ ရုတ်တရက် မပြန်နိုင်လောက်အောင် စစ်ဘက်အခြေအနေသည် ဆိုးဆိုးဝါးဝါးဖြစ်လာသည်။ ယင်းသို့ ပညာသင်ကြားပြီးစီး၍ မြန်မာနိုင်ငံသို့ ပြန်ရန် အခွင့်အရေးကို စောင့်ဆိုင်းနေရခိုက် ပိုမိုဆိုးဝါးသော အဖြစ်အပျက်များသည် ဥရောပဒေသ၌သာလျှင် မဟုတ်တော့ဘဲ အာရှတိုက်၌ပါ ဖြစ်ပွားပေါ်ပေါက်၍ လာခဲ့ပြန်လေသည်။ ယင်းအဖြစ်အပျက်သည် အခြားတော့ကား မဟုတ်ချေ။ ဂျပန်က ပစိဖိတ်နှင့် အာရှဒေသများတွင် အင်္ဂလိပ်၊ အမေရိကန်နှင့် ဒပ်(ချ်) တို့ကို စစ်မကြေညာဘဲ ရုတ်တရက် တိုက်ခိုက်ခြင်း ပြုလိုက်သော ကိစ္စကြီးပင်ဖြစ်သည်။ ဂျပန်သည် ကြီးမားလှသည်ဟု အဆိုရှိသော အင်္ဂလိပ်နှင့် အမေရိကန် ရေတပ်ကြီးများကို စင်္ကာပူနှင့် ပုလဲဆိပ်ကမ်းတို့တွင် ရုတ်တရက် ဖျက်ဆီးပစ်လိုက်ပြီးနောက် အချိန်အနည်းငယ်အတွင်း အခုအခံ အကာအကွယ် မရှိတော့သော ပစိဖိတ်နှင့် အာရှဒေသများကို လွယ်လင့်တကူ သိမ်းပိုက်ခြင်းပြုလိုက်သည်။ ထိုသို့ ဂျပန်ကသိမ်းလိုက်သော အာရှဒေသနိုင်ငံများအနက် ဗြိတိသျှလက်အောက်ခံ မြန်မာနိုင်ငံသည်လည်း ပါဝင်ခဲ့လေရာ ထွန်းလင်းအဖို့ မြန်မာနိုင်ငံသို့ ပြန်ရန် အလားအလာမှာ အတိုင်းအဆမရှိဝေး၍ သွားလေသည်။

ယင်းသို့ နိုင်ငံခြားသို့ ပညာတော်သင် ထွက်လာခဲ့စဉ်က မျှော်လင့်ထင်စားထားခဲ့သော အနာဂတ်အကြောင်းအရာများသည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသဖြင့် ထွန်းလင်းအဖို့ အလွဲလွဲ အချော်ချော် ဖြစ်ကုန်ကြရတော့မည်ကဲ့သို့ ဖြစ်လာခဲ့သည်။ ဂျပန်စစ်တပ်များ မြန်မာနိုင်ငံအား ဝင်ရောက် သိမ်းပိုက်လိုက်ပြီးကြသည့် နောက်ပိုင်းတွင်လည်း ထွန်းလင်းသည် ယခင်က တစ်လတစ်စောင်လောက် မှန်မှန်ကြီး ရရှိနေ

သော မေမေလွင်၏ထံမှ စာလည်း မလာတော့ချေ။ မြန်မာနိုင်ငံနှင့် လုံးဝ အဆက်ပြတ်၍ သွားလေသည်။ ယင်းသို့ မြန်မာနိုင်ငံနှင့် အဆက်ပြတ် ရရုံမျှသာမကသေး၊ မြန်မာနိုင်ငံမှ ဂျပန်ပြေး ကိုလိုနီအစိုးရနှင့်လည်း အဆက်ပြတ်ရတော့မလောက် ဖြစ်သွားခဲ့သည်။

မြန်မာနိုင်ငံသို့ ပြန်နိုင်ရန်အတွက် အလားအလာက တော်တော်ကလေး ဝေးလျက် ရှိနေကျ ကိုလိုနီအစိုးရထံမှ ပညာတော်သင်စရိတ် ထောက်ပံ့ကြေးအတွက်ပါ မရေမရာ ဖြစ်လာသောအခါ ထွန်းလင်းသည် ပင်လယ်ရပ်ခြား တိုင်းတစ်ပါး၌ များစွာ အကျပ်အတည်း တွေ့ရလေသည်။ စစ်ကြီးအတွင်းလည်း ဖြစ်နေပြန်သောအခါ၌ ပိုမို၍ ဆိုးဝါး ကျပ်တည်းခြင်း ရှိနေပြန်လေသည်။

ဝတ္ထုရားရှိသည့်အတိုင်း အိန္ဒိယပြည် ဆင်းမလားမြို့သို့ ခိုဝင်ရောက်ရှိနေသော ကိုလိုနီအစိုးရကို တစ်ဖက်မှ ဆူပူစာရေးရင်း အခြားတစ်ဖက်တွင်လည်း အလုပ်အကိုင်တစ်ခုကို ရှာဖွေရလေသည်။ ထိုသို့ အလုပ်အကိုင်ရှာဖွေလျက် ရှိနေခဲ့ရာမှ သူသည် လန်ဒန်တက္ကသိုလ်တစ်ခုတွင် လူလိုသဖြင့် ကထိကအလုပ်ကို ရရှိခဲ့သည်။ သူသည် သုံးနှစ်စာချုပ်ဖြင့် လန်ဒန်တက္ကသိုလ်တစ်ခု၌ ကထိကလုပ်ရင်း ထိုတက္ကသိုလ်၌ပင် သုတေသနပြုကာ ပါရဂူဘွဲ့အတွက် သက်ဆိုင်ရာ အဆိုစစ်တမ်းတစ်ခုကိုလည်း ရေးသားပြုစုခြင်း ပြုလေသည်။

လန်ဒန်တက္ကသိုလ်၌ စာချုပ်ရက်ကုန်ဆုံး၍ ပါရဂူဘွဲ့ကို ရရှိပြီးသောအခါ၌လည်း စစ်ကြီးက မပြီးပြန်သေးချေ။ မဟာမိတ်တပ်များသည် ဂျပန်ကို လုံးဝတိုက်ခိုက်ခြင်းမပြုသေးဘဲ အနောက်ဥရောပမှ ဂျာမနီကိုသာ အဓိကထား၍ တိုက်ခိုက်ရန် ပြင်ဆင်နေဆဲကာလလည်းဖြစ်သည်။ မြန်မာနိုင်ငံသို့ ပြန်ရန်အတွက်မှာ ဝေးသေးသကဲ့သို့ ရှိနေပြန်သဖြင့် ထိုတက္ကသိုလ်၌ပင် သူသည် နောက်ထပ်၍ သုံးနှစ်စာချုပ်

ဖြင့် ဆက်လက်ကာ အလုပ်လုပ်နေရပြန်လေသည်။ သို့နှင့် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးစီး၍ မြန်မာနိုင်ငံမှ ဂျပန်လက်နက်ကိုင်တပ်များ ထွက်ခွာ သွားကြသောအခါ သူသည် မိမိတိုင်းပြည်နှင့် ချစ်သူရှိရာအရပ်သို့ စာချုပ်က တန်းလန်းရှိနေ၍ ရုတ်တရက် မပြန်နိုင်ချေ။ စစ်ကြီးပြီးသည့်နောက် နှစ်နှစ်ကြာမှ ထိုတက္ကသိုလ်နှင့် ချုပ်ဆိုထားသော စာချုပ်သည် ပြီးစီးလေသည်။

သူသည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ တစ်နှစ်သာသာခန့်က မြန်မာနိုင်ငံမှ ထွက်ခွာသွားရသူဖြစ်ရာ စစ်ကြီးပြီးစီး၍ နှစ်နှစ်ခန့်ကြာမှ မိမိတိုင်းပြည်သို့ ပြန်လာရသဖြင့် ခုနစ်နှစ်နီးပါးခန့်မျှ ပင်လယ်ရပ်ခြားတိုင်းတစ်ပါး၌ သွားရောက်နေထိုင်ခြင်း ပြုခဲ့ရသည်။ ခုနစ်နှစ်ခန့်မျှ မိမိတိုင်းပြည်နှင့် ခွဲခွာ၍ ဝေးလံသော အရပ်ဒေသသို့ သွားရောက်နေထိုင်ခြင်း ပြုခဲ့ရသည့် အချိန်ကာလအတွင်း မြန်မာနိုင်ငံအား ဂျပန်များ သိမ်းပိုက်၍ထားသော သုံးနှစ်ကျော်ကျော်ကာလသည် လုံးဝ အဆက်ပြတ်သွားသော အချိန်ကာလဖြစ်လေသည်။ ထို့ကြောင့် သူမရှိခိုက် ထိုအချိန်ကာလများအတွင်း မြန်မာနိုင်ငံ၌ ဘာတွေဖြစ်ပျက်ပြောင်းလဲနေသည်ကို ဒေါက်တာထွန်းလင်းသည် ဘာမျှ မတွေ့မမြင်၊ မသိရှိလိုက်တော့ချေ။ သူ မြန်မာနိုင်ငံသို့ ပြန်လာရတော့မည့်အချိန်တွင် မြန်မာ အမျိုးသားများက ဝိုင်းဝန်း မောင်းထုတ်လျက်ရှိနေကြပြီ ဖြစ်၍ ဗြိတိသျှ ကိုလိုနီသမားများသည် မြန်မာနိုင်ငံအား တိုက်ခိုက်အုပ်စိုးခြင်း ပြုခဲ့သော ကိုလိုနီအုပ်ချုပ်ရေး အဆောင်အယောင်တို့ကို ရုပ်သိမ်းရန် ပြင်ဆင်နေကြရပြီလည်း ဖြစ်လေသည်။

မြန်မာနိုင်ငံသို့ မပြန်ရမီပင် သူ့အား လန်ဒန်ရှိ မြန်မာနိုင်ငံအစိုးရ၏ ကိုယ်စားလှယ်က ရန်ကုန်တက္ကသိုလ်တွင် အမှုထမ်းရန် စကားကမ်းလှမ်းပြောဆိုခြင်း ပြုလာသည်။ မြန်မာနိုင်ငံ ပြည်သူတို့၏ အခွန်

တော် ငွေများဖြင့် ပညာသင်ကြားခြင်းပြုခဲ့ရသော ဒေါက်တာထွန်းလင်းသည် လွတ်လပ်တော့အံ့ဆဲဆဲ မိမိတိုင်းပြည်အား ပြန်လည်ဝတ်ပြုရမည့် ကိစ္စကို မစဉ်းစား၍မဖြစ်ချေ။ မြန်မာအစိုးရ၏ ကိုယ်စားလှယ်က ရန်ကုန်တက္ကသိုလ်တွင် မြန်မာတိုင်းရင်းသားများကိုသာ ဌာန အကြီးအကဲများအဖြစ်ဖြင့် ထားရှိတော့မည်ဖြစ်၍ ၎င်းအတွက် တစ်နှစ်၊ နှစ်နှစ်ခန့်အတွင်း ထိုကဲ့သို့ အကြီးအကဲဖြစ်ဖို့ အလားအလာရှိသည့် အကြောင်းကိုလည်း မက်လုံးပေး၍ ဆွဲဆောင်ပြောဆိုခြင်း ပြုလေသည်။ ဒေါက်တာထွန်းလင်းသည် ဌာနတစ်ခု၏ အကြီးအကဲဖြစ်ဖို့ အရေးထက် ၎င်းလက်ထပ်လိုသည့် မိန်းမတစ်ယောက်၏ အကြောင်းကိုသာ စိတ်စောလျက်ရှိနေသည်။ သို့ရာတွင် သူသည် မိမိတိုင်းပြည်ကို ချစ်တတ်သော အမျိုးသားတစ်ယောက်ဖြစ်၍ မြန်မာအစိုးရ ကိုယ်စားလှယ်၏ ဖိတ်ခေါ်ကမ်းလှမ်းချက်ကို ငြင်းဆန်ခြင်းမပြုချေ။ တိုင်းသူပြည်သား ဆင်းရဲသားများ၏ အခွန်တော်ငွေဖြင့် သူသည် ပညာသင်ကြားလာခဲ့သူ ဖြစ်၍ သူတတ်နိုင်သော တာဝန်ကို ထမ်းဆောင်ယူငင်ပါမည်ဟု ပြန်လည်ကတိပြုလိုက်သည်။

ခုနစ်ခန့်မျှ ပင်လယ်ရပ်ခြား တိုင်းတစ်ပါး၌ သွားရောက်နေထိုင်ခဲ့ရသဖြင့် ထွန်းလင်းသည် ဝေးရပ်ပြည်တွင် နေတတ်ထိုင်တတ်သလို ဖြစ်လာခဲ့သော်လည်း ရန်ကုန်ပင်လယ်ဝသို့ ရောက်၍ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်လိုက်ရလျှင်ပင် ကြာမြင့်စွာက ငုပ်လျှိုးနေခဲ့သော ရင်တွင်းနာသည် အနည်ထ၍လာသည်။ သူ မြန်မာပြည်သို့ ပြန်လာသည့်အကြောင်းကို မေမေလွင်သည် သိပါမည်လော။ ရန်ကုန်မှ ထွက်လာရစဉ်က သဘော်ဆိပ်ကမ်းသို့ လိုက်ပို့၍ အနမ်းခံခဲ့သော ထိုမိန်းမလှသည် သူပြန်လာသောအခါ သဘော်ဆိပ်သို့ ဆင်း၍ ကြိုဆိုကာ အနမ်းခံပါဦးမည်လော။ သို့ရာတွင် ဂျပန်များ မြန်မာနိုင်ငံကို ဝင်ရောက်

သိမ်းခြင်းပြုလိုက်ကြသော အချိန်ကာလမှ အစပြုလျက် သူသည် ထို မိန်းမနှင့် တစ်ခါတည်း အဆက်အသွယ်ပြတ်၍ သွားခဲ့ရာ ဂျပန်များ ပြန်ထွက်သွားပြီးသည့် နောက်၌လည်း ပြန်လည်၍ အဆက်အသွယ်မရ တော့ချေ။ ထိုမိန်းမသည် ဘယ်ရောက်၍ ဘာတွေများ ဖြစ်နေသနည်း။

ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်သောအခါတွင် သူ၏ ရင် သည် တလှပ်လှပ် ဖြစ်နေသည်။ သို့ရာတွင် သူ့ကို ဆိပ်ကမ်း၌ မည်သူ တစ်ဦးတစ်ယောက်ကမျှတော့ လာ၍ မကြိုဆိုကြချေ။

* * *

## (၂)

ထွန်းလင်းသည် သူ၏ပစ္စည်းများကို တက္ကစီတစ်စီးအား ငှားရမ်း တင်ဆောင်ပြီးနောက် ကံဘဲ့ဘက်သို့ အမောင်းခိုင်းလေသည်။ ကံဘဲ့ အန်တီစုတို့အိမ်သို့ သွားမည်။ လှဥမ္မာနှင့် တွေ့ရမည်။ လက်ထပ်ကြ ဖို့ ကိစ္စကို တိုင်ပင်စီစဉ်မည်။ ထို့နောက် ပွင့်ဖြူသို့ ခေတ္တပြန်၍ မိခင် ကြီးအား ခွင့်တောင်းမည်။ ထို့နောက် ရန်ကုန်သို့ပြန်၍ လက်ထပ်မည်။ ပြီးမှ ရန်ကုန်တက္ကသိုလ်သို့ဝင်မည်။ သင်္ဘောဆိပ်မှ ထွက်လာကတည်း က ဒေါက်တာထွန်းလင်းသည် တစ်လမ်းလုံး စိတ်ကူးစီစဉ်လာခဲ့ရာ ကံဘဲ့အိမ်၏ ဆင်ဝင်အောက်သို့ တက္ကစီကားရောက်တော့မှ လန့်၍ နိုးတော့သည်။

ဆင်ဝင်အောက်တွင် မော်တော်ကားဆိုက်သံ ကြားရသဖြင့် အိမ် ထဲမှ ၎င်း ဘယ်တုန်းကမျှ မတွေ့ဖူး၊ မမြင်ဖူးသော အသက်သုံးဆယ် ခန့် လူတစ်ယောက်သည် ထွက်၍လာသည်။ ထိုသူသည် အိမ်ရှင်နှင့် မတူဘဲ အိမ်၏ အခိုင်းအစေနှင့်သာ တူသည်။ အဝတ်အစားများမှာ လည်း ခပ်ဟောင်းဟောင်း၊ ခပ်နွမ်းနွမ်း ဖြစ်သည်။

"ဘယ်ပါလဲခင်ဗျာ၊ ဘယ်သူ့ကို တွေ့ချင်လို့ပါလဲ" ဥရောပတိုက်သား၏ ဝတ်စုံကို ခုံ့ခုံ့ညားညား ဝတ်ဆင်ထားသော ထွန်းလင်းအား ထိုသူက ရိုရိုသေသေ မေးမြန်းခြင်းပြုလာသည်။

"အန်တီစုတို့ ရှိကြတယ်မဟုတ်လားဟင်၊ မေမေလွင်တစ်ယောက်ကော" ထွန်းလင်းက သူစိတ်ဝင်စားသိရှိလိုသော လူများ၏ အကြောင်းကိုသာ အရေးတကြီး မေးမြန်းလိုက်သည်။

ထိုသူသည် ထွန်းလင်း၏ မေးခွန်းကို အမြီးမှန်းခေါင်းမှန်း မသိသကဲ့သို့ အူကြောင်ကြောင်လုပ်နေသည်။ ထွန်းလင်းကိုလည်း အဘယ်ကဲ့သို့ နားလည်ခြင်းပြုရမှန်း မသိနိုင်သကဲ့သို့ ပါးစပ်အဟောင်းသားနှင့် ငေးစိုက်၍ ကြည့်နေသည်။

"အန်တီစု အိမ်ထဲမှာမရှိဘူးထင်တယ်၊ ဟုတ်လား၊ မေမေလွင်ကော အပြင်ထွက်သွားသလားဗျ" ထွန်းလင်းသည် သူသိချင်သော လူများ၏ အကြောင်းကိုသာ ဆက်လက်၍ မေးခွန်းထုတ်နေသည်။

"အန်တီစုဆိုတာ ဘယ်ကလဲခင်ဗျာ" ထိုသူက ပြန်၍မေးလာသည်။

ထွန်းလင်းသည် ထိုသူအား စိတ်တိုချင်သကဲ့သို့ ဖြစ်လာသည်။ သို့ရာတွင် စိတ်ကို အရှည်ဆုံးဖြစ်နိုင်အောင် ပြန်၍ထားကာ "ဒီအိမ်ရှင် အန်တီစုကို ပြောတာပါ၊ မင်းကတော်ကြီး ဒေါ်ဒေါ်စုလေ" ဟု ပြန်၍ရှင်းပြလိုက်သည်။

"ဒါဖြင့် ခဏလေးနေပါဦးဗျာ" ဟု ထိုသူသည် ထွန်းလင်းအား တောင်းပန်ပြောဆိုပြီးနောက် အိမ်ထဲသို့ ခပ်သုတ်သုတ်ကလေး ပြန်ဝင်၍သွားသည်။

ထွန်းလင်းသည် သက်ပြင်းကို ခပ်လေးလေးချရင်း အိမ်ရှေ့ဥပစာဘက်သို့ တစ်ချက်မျှလှမ်း၍ ကြည့်လိုက်မိသည်။ သို့ရာတွင် မေမေလွင်

နှစ်သက်တတ်သော ဒေလီယာပန်းပင်များကို မတွေ့ရတော့ချေ။ ထို့ကြောင့် အိမ်ဘေးခပ်လှမ်းလှမ်းတွင် ယခင်က ယုယုယယ စိုက်ပျိုးထားသော နှင်းဆီခိုင်ကို လှမ်း၍ ကြည့်လိုက်မိပြန်သည်။ ထိုမိန်းမလှ အင်မတန် ချစ်လှပါသည်ဆိုသော နှင်းဆီနီများသည်လည်း ထိုနေရာ၌ မရှိတော့ချေ။ မြက်ရိုင်းများသာ ပေါက်နေသည်။ နောက်ထပ်သက်ပြင်းတစ်ချက် ချလိုက်ပြန်ရင်း ထွန်းလင်းသည် ၎င်းစကားကြီးသုံးခွန်း ပြောခဲ့သော စံပယ်ရုံကြီးဘက်ဆီသို့ လှမ်း၍ ကြည့်လိုက်ပြန်သည်။ သို့ရာတွင် စံပယ်ရုံကြီးကိုလည်း သူသည် မတွေ့ရမမြင်ရတော့ချေ။ ခုနစ်နှစ်မျှသော အချိန်ကာလအတွင်း ဒေလီယာပန်းများ၊ နှင်းဆီပန်းများနှင့် စံပယ်ပန်းများသည် အဘယ်သို့ ဖြစ်ပျက်ကုန်ကြပြီနည်း။

ထိုအခိုက် နှုတ်ခမ်းမွေးကောင်းကောင်းနှင့် အသက်ခြောက်ဆယ်နီးပါးခန့် လူကြီးတစ်ယောက်သည် အိမ်ရှေ့သို့ ထွက်၍လာလေသည်။ ခပ်စောစောက ထွန်းလင်းကို ထွက်၍စကားပြောဆိုသော အစေခံနှင့် တူသူသည်လည်း ထိုအဘိုးကြီးနောက်နားမှ ခပ်ကုပ်ကုပ်ကလေး လိုက်ပါ၍ လာသည်။

"မောင်ရင်က ဘယ်ကလာလို့ ဘယ်သူ့ကို ဘာကိစ္စနဲ့ တွေ့ချင်တာလဲ" နှုတ်ခမ်းမွေး ကောင်းကောင်းနှင့် လူကြီးက ထွန်းလင်းကို အကဲခတ်ကြည့်ရှုရင်း မေးခွန်းထုတ်လေသည်။

"ကျွန်တော် ကနေ့ပဲ အင်္ဂလန်က ပြန်ရောက်ပါတယ်ဦး၊ ဒီအိမ်က အိမ်ရှင် မင်းကတော်ကြီး ဒေါ်ဒေါ်စုကို တွေ့ချင်လို့ပါ"

"မစုနဲ့ မောင်ရင်နဲ့ ဘယ်လိုတော်လို့လဲဟင်"

"ဘယ်လိုမှတော့ မတော်ပါဘူးခင်ဗျာ၊ တူလိုသားလို ခင်ကြမင်ကြတာပါပဲ"

"မစုဆုံးတာ ငါးနှစ်သာသာလောက် ရှိသွားပြီ၊ ဂျပန်မဝင်ခင်

ကလေးပဲ ထင်တယ်"

ထွန်းလင်းသည် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ ရုတ်တရက် စကားပြန်မပြောနိုင်လောက်အောင်လည်း စိတ်မကောင်းဖြစ်သွားသည်။

"မစုမဆုံးခင်ကတည်းက ကျုပ် ဒီအိမ်ကို ဝယ်လိုက်တယ်၊ မစုဆုံးတော့ ရန်ကုန်ရေကျော်ထဲက သူ့အစ်မတစ်ဝမ်းကွဲ တစ်ယောက်အိမ်မှာပဲ ဆုံးသွားတယ်"

ထွန်းလင်းသည် စိတ်မချမ်းမသာနှင့် ထိုလူကြီးပြောဆိုနေသော အကြောင်းအရာများကို နားထောင်နေရသည်။ အန်တီစုသည် နောက်ပိုင်းတွင် တော်တော်ကလေး ကျပ်တည်းလာသဖြင့် ၎င်း၏အိမ်ကို ရောင်းချကာ ရေကျော်ဘက်ရှိ ၎င်း၏ အစ်မဝမ်းကွဲ တစ်ဦးအိမ်တွင် သွားရောက်မှီခိုနေထိုင်ရင်း ချို့ချို့ငဲ့ငဲ့နှင့်ပင် ကွယ်လွန်သွားရလေသလော။ ထွန်းလင်းသည် ရန်ကုန်သို့ရောက်ရောက်ချင်း စိတ်မချမ်းမြေ့ဖွယ်ရာ သတင်းကို ရှေးဦးစွာ ကြားရလေသည်။ သူသည် သက်ပြင်းကို ချလိုက်ရပြန်သည်။

သူ့အပေါ်၌ တူအရင်းသားအရင်းလို ခင်မင်ဆက်ဆံခဲ့သော အန်တီစု၏ ကံကြမ္မာကို ကြားသိလိုက်ရပြီဖြစ်သဖြင့် ထွန်းလင်းသည် ၎င်းလက်ထပ်မည့် မိန်းမလှအတွက်ပင် စိုးရိမ်ထိတ်လန့်သလို ဖြစ်လာမိသည်။ ထိုမိန်းမလှ၏ အကြောင်းကို ထိုအိမ်ရှင်ထံ၌ မေးမြန်းစုံစမ်းခြင်း ပြုရမည့်အရေးကိုပင် နောက်တွန့်လျက် ရှိလေသည်။ ထို့ကြောင့် သူသည် မြက်ရိုင်းများတောထနေသော ယခင် နှင်းဆီမြိုင်နေရာကလေးကိုသာ ငေးစိုက်၍ ကြည့်နေမိသည်။

"မစုတစ်ယောက်လည်း အသက်အရွယ်ကြီးခါမှ ကုသိုလ်ဆိုးသကွယ်" အိမ်ရှင်အဘိုးကြီးသည် ချို့ချို့ငဲ့ငဲ့နှင့် ကွယ်လွန်သွားရှာသော အန်တီစုအတွက် စိတ်မကောင်းဟန်ဖြင့် ညည်းတွားပြောဆိုခြင်း ပြုလိုက်

ပြန်သည်။

ထွန်းလင်းသည် ထိုအိမ်ရှင်အဘိုးကြီးကို မရဲတရဲနှင့်ပင် လှမ်း၍ ကြည့်လိုက်မိသည်။ ထိုလူကြီးသည် အန်တီစု၏ အကြောင်းကို စိတ်မချမ်းမြေ့ဖွယ်ရာ ပြောဆိုသွားခဲ့ပြီးနောက် အန်တီစု၏ တူမဖြစ်သော မေမေလွင်၏ အကြောင်းများကိုပါ အလားတူ စိတ်မချမ်းမြေ့ဖွယ်ရာ ပြောဆိုခြင်း ပြုလိမ့်ဦးမည်လော။

"မစုက ကံဆိုးချင်တော့ သားထောက်သမီးခံလည်း တစ်ယောက်မှ မရှိရှာဘူး၊ သူ့အစ်ကို ကိုမင်းဒင်ရဲ့ သမီးကလည်း တော်တော်ကလေး မိုက်တဲ့ မိန်းကလေးတစ်ယောက်ဆိုတော့ တူမအရင်းရယ်လို့ ဘာမှ အားကိုးမရတဲ့အပြင် ဒုက္ခတောင် ပေးလိုက်သေးတယ်"

ထွန်းလင်းသည် နားနှစ်ပေါက်ကို လက်ဝါးနှစ်ဖက်ဖြင့် ကတိုက်ကရိုက် ပိတ်ဆို့ထားလိုက်မိသည်။ ထို့နောက် မော်တော်ကား မောင်းသူကို ခြံထဲမှ ပြန်ထွက်ရန် အော်ဟစ်ပြောဆိုခြင်း ပြုလိုက်ရသည်။

အိမ်ရှင်အဘိုးကြီးနှင့် ၎င်း၏ အခိုင်းအစေတို့သည် ထွန်းလင်း၏ အမူအရာကို နားမလည်နိုင်သကဲ့သို့ အံ့ဩပြီး ကြည့်ရှုနေကြသည်။

"ကျွန်တော့်ကို ခွင့်ပြုပါ ဦး" ဟု ကတိုက်ကရိုက် ခွင့်တောင်းပြောဆိုခြင်း ပြုခဲ့ပြီးနောက် ထွန်းလင်းသည် တစ်ချိန်က ၎င်း အင်မတန် ပျော်ရွှင်ချမ်းမြေ့ခဲ့ရသော ခြံဝင်းအတွင်းမှ မျက်စိပျက်၊ မျက်နှာပျက်နှင့် ပြန်၍ ထွက်လာခဲ့သည်။

"မေ... မေ... မေ... မင်း ဘယ်လိုဖြစ်နေတာလဲ၊ မေ... မင်း ဘယ် မှာလဲ မေရယ်" သူသည် ရင်တွင်း၌ လှိုင်းတံပိုးကြီးများ လှုပ်ရှားထကြွ နေခြင်းကို မခံရပ်နိုင်အောင် ဖြစ်နေသကဲ့သို့ ညည်းတွားလိုက်မိသည်။

ဒေါက်တာထွန်းလင်းသည် သူ့ဘဝတွင် တစ်ယောက်တည်းသာရှိ

သော ထိုမိန်းမကို ရှာရဖွေရချေဦးမည်။ သို့ရာတွင် သူလက်ထပ်လို
သော ထိုမိန်းမလှသည် အဘယ်မှာနည်း။

* * *

(၃)

ကံဘဲ့ အိမ်ရှင်အဘိုးကြီးထံမှ သူလက်ထပ်လိုသော မိန်းမလှ၏ သတင်းကို တစ်စွန်းတစ်စ ကြားလာရကတည်းက ထွန်းလင်းသည် ထိုမိန်းမ၏ သတင်းကို နောက်ထပ်၍ ကြားနာရမည့်အရေးအား များစွာ ထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်နေသည်။ ခုနစ်နှစ်ခန့်မျှ လူချင်းကွဲနေကြသည့် အချိန်ကာလအတွင်း ကမ္ဘာကြီးတစ်ခုလုံးတွင် ကြီးမားသော ပြောင်းလဲခြင်းများ ဖြစ်ပွားပေါ်ပေါက်လျက် ရှိနေသကဲ့သို့ ထိုမိန်းမ တစ်ယောက်သည်ကော အဘယ်သို့ ပြောင်းလဲလျက်ရှိနေပြီနည်း။ မသိလျှင် မဖြစ်သော သူ့လက်ထပ်မည့် မိန်းမတစ်ယောက်၏ အကြောင်းကို သူသည် မကြားနာဝံ့ချေ။ ထိုမိန်းမကို လိုက်လံစုံစမ်းရမည့် အရေးနှင့် ရှာဖွေခြင်းပြုရမည့် အလုပ်ကိုလည်း သူသည် ကြောက်ရွံ့လေးလံနေမိသည်။

ရန်ကုန်သို့ ပြန်ရောက်ပြီးနောက် သူသည် လူများများကိုလည်း မတွေ့ချင်သောကြောင့် သီးသန့်ဟိုတယ်တစ်ခုတွင် သုံးရက်ခန့်မျှ တည်းခိုနေထိုင်ခြင်း ပြုလေသည်။ ထိုသုံးရက်ခန့်အတွင်း အလုပ်ကိစ္စနှင့် ပတ်သက်၍ မတွေ့လျှင်မပြီးသော ပညာရေးဌာနမှ အာဏာပိုင်များနှင့် ရန်ကုန်တက္ကသိုလ်မှ အာဏာပိုင် အချို့လောက်ကိုသာ အလုပ်သဘော သွားရောက်တွေ့ဆုံခြင်း ပြုခဲ့သည်။ ပညာရေးဌာနမှ အာဏာပိုင်များနှင့် သွားရောက်တွေ့ဆုံရန်အတွက် အတွင်းဝန်များရုံးသို့ သွားရောက်ခြင်းပြုရသောနေ့က မမျှော်လင့်သော ယခင် သထုံကျောင်းဆောင်

မှ အဆောင်မှူး ဆရာဦးကြည်နှင့် လူချင်း ပက်ပင်းကြီးသွား၍ တိုးလေသည်။ ဆရာဦးကြည်သည် တက္ကသိုလ်၌ နည်းပြဆရာ လုပ်နေရာမှ စစ်ကြီးမဖြစ်မီ တစ်နှစ်သာသာလောက်က ဘီစီအက်(စ်)ချိတ်ကာ နယ်ပိုင်ဝန်ထောက် ဖြစ်သွားသည်။ သူနှင့် အတွင်းဝန်များရုံးတွင် ပြန်၍တွေ့သော အချိန်တွင် အတွင်းဝန်ကလေးပင် ဖြစ် နေလေပြီ။ အတွင်းဝန်ဦးကြည်သည် ထွန်းလင်းအား လေးလေးစားစားနှင့် ချီးကျူးခြင်းပြုလေသည်။ သို့ရာတွင် သူသည် ဆရာဦးကြည်နှင့် ရပ်၍ ကြာကြာ စကားမပြောလိုလှချေ။ ထိုမိန်းမနှင့် ပတ်သက်သော သတင်းဆိုးများ ကြားရမည့်အရေးကို ကြောက်သောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် သူသည် လူချင်း ခပ်ကုပ်ကုပ်ကလေး ခွဲလာခဲ့ရသည်။ ရန်ကုန်တက္ကသိုလ် အာဏာပိုင်များနှင့် သွားရောက်တွေ့ဆုံ စကားပြောဆိုသောနေ့ကလည်း သူသည် ယခင်က ကျောင်းနေဖက် သူငယ်ချင်းများကို တွေ့ရလေသည်။ သို့ရာတွင် လူချင်းစကားမပြောရအောင် ခဲခဲယဉ်းယဉ်း ရှောင်ကွင်းခြင်း ပြုခဲ့ရသည်။ ထိုကဲ့သို့ ရှောင်ကွင်းနေသည့်အကြားမှ ယခင် သထုံ ကျောင်းဆောင်မှ ကိုအေးသန်းနှင့် ပက်ပင်းကြီးသွား၍ တိုးဖြစ်အောင် တိုးနေမိသည်။ ကိုအေးသန်းသည် စစ်မဖြစ်မီက ဘီအေအောင်ခဲ့ပြီး နောက် ယခုတစ်ဖန် ဥပဒေတန်း ပြန်တက်နေခြင်းဖြစ်ကြောင်း သိရှိရသည်။ ကိုအေးသန်းနှင့် လူချင်းအမြန်ဆုံးခွဲနိုင်အောင် ရန်းကန်၍ ထွက်နေချိန်တွင် "မေမေလွင် တစ်ယောက်ကိုကော တွေ့ပြီးပလား" ဟု ၎င်း မကြားလိုသော ကိစ္စကို ကြားရပြန်သည်။ ကိုအေးသန်း၏ မေးခွန်းတွင် အဓိပ္ပာယ်တွေ တစ်ပုံတစ်ခေါင်းကြီး ပါသည်ကို နားလည်လိုက်သော ထွန်းလင်းသည် "ရက်တာနှင့် တွေ့ဖို့ ချိန်းထားလို့ ခွင့်ပြုပါဦး ကိုအေးသန်း" ဟု တောင်းပန်ပြောဆိုကာ လူချင်း ခွဲလာခဲ့ရသည်။

ရန်ကုန်၌ သုံးရက်မျှသာ ပုန်းလျှိုးနေထိုင်ခြင်းပြုကာ အလုပ်ကိစ္စ

အတွက်နှင့် ပတ်သက်၍ သက်ဆိုင်သော လူကြီးများကို တွေ့ဆုံစကား ပြောဆိုပြီးနောက် ထွန်းလင်းသည် ပွင့်ဖြူသို့ ပြန်လာခဲ့သည်။ ရန်ကုန် တက္ကသိုလ် အဘိဓမ္မာဌာနတွင် အလုပ်ဝင်ရန် တစ်လနီးပါးခန့်မျှ အချိန် လိုသေးသဖြင့် အလုပ်မဝင်မီစပ်ကြား ပွင့်ဖြူရှိ မိခင်ကြီးနှင့်အတူ အချိန် ကုန်လွန်စေရန် ထွန်းလင်းသည် ဆုံးဖြတ်ခြင်းပြုထားသည်။

အချိန်ကြာမြင့်စွာ၌ ခွဲ၍သွားရသော မိမိမွေးရပ်မြေသို့ ပြန်ရောက် ခါစ သုံး လေးရက်လောက်သာ နေသာထိုင်သာသလို ရှိသော်လည်း နောက်ရက်များတွင် ထွန်းလင်းသည် အနေရအထိုင်ရ ကျပ်တည်းဆင်း ရဲသလို ဖြစ်လာသည်။ သူသည် နေ့ရှိသည်နှင့်အမျှ ထိုမိန်းမ တစ် ယောက်၏ အကြောင်းကိုသာ စဉ်းစားတွေးတောရင်း အချိန်ကုန်လွန် လျက် ရှိနေသည်။ ထိုမိန်းမ၏ အကြောင်းကို စဉ်းစားသောအခါတိုင်း လည်း စိတ်ပန်းလူပန်း ဖြစ်နေသည်။ သို့ရာတွင် သူသည် ထိုမိန်းမ အကြောင်းကိုလည်း မတွေးဘဲ မနေနိုင်ပြန်ချေ။ စိတ်ဆင်းရဲပင်ပန်း လျက်နှင့်ပင် သူသည် အဆင်းရဲအပင်ပန်းခံကာ တွေးနေမိသည်။

ပွင့်ဖြူ၌ တနင်္ဂနွေသုံးပတ်ခန့်မျှ နေထိုင်ပြီးစီးသောအခါ သူသည် မနေနိုင်မထိုင်နိုင် ဖြစ်လာသည်။ အလုပ်ဝင်ရန် တနင်္ဂနွေတစ်ပတ်သာ သာခန့်မျှ လိုနေသေးသည်တိုင်အောင် သူသည် ရန်ကုန်သို့ ပြန်ဆင်း လာခဲ့သည်။

❖

## မကြင်သာသည်

(၁)

ရန်ကုန်တက္ကသိုလ် အဘိဓမ္မာဌာန၌ အလုပ်လက်ခံခြင်း ပြုပြီး နောက် မည်သို့မျှ ရှောင်ကွင်း၍မဖြစ်နိုင်သော ၎င်း၏ ဘေးပတ်ဝန်း ကျင်မှ ၎င်း၏ဘဝတွင် တစ်ယောက်တည်းသာ ရှိသည်ဆိုသော ထို မိန်းမလှတစ်ယောက်၏ အကြောင်းကို ဒေါက်တာထွန်းလင်းသည် တစ်စထက်တစ်စ ကြားရစပြုလာသည်။ ထိုအကြောင်းကို မကြားလို၍ နားကို ပိတ်ထားမည်ဆိုသော်လည်း သူသည် နှစ်ပေါက်မျှရှိသော နား ကို အစဉ်သဖြင့် ဂွမ်းနှင့် ဆို့ပိတ်ထားနိုင်သည်ကား မဟုတ်ချေ။ ၎င်း အပြင် ထိုအကြောင်းအရာများအား သူတို့ဘာသာသူတို့ လွတ်လွတ် လပ်လပ် ပြောဆိုလျက်ရှိနေကြသော သူတစ်ပါး၏ ပါးစပ်ပေါက်များ ကိုလည်း သူသည် မည်ကဲ့သို့လျှင် သော့ခတ်ထားနိုင်မည်နည်း။ သူ လက်ထပ်ရန် ဆုံးဖြတ်ခြင်းပြုထားခဲ့သော ထိုမိန်းမ၏အကြောင်း သူ တစ်ပါး ပြောဆိုသံများကို မကြားနာလိုက သူ့အဖို့ တစ်ခုသောနည်း လမ်းသာ ကျန်ရှိလေသည်။ ထိုနည်းလမ်းဆိုသည်မှာ အခြားတော့ မဟုတ်၊ ထိုဘေးပတ်ဝန်းကျင်မှ လွတ်ရာဝေးရာအရပ်သို့ ထွက်သွား

ခြင်းပြုဖို့သာ ဖြစ်လေသည်။

သို့ရာတွင် သူ့အဖို့ လက်ခံခြင်းမပြု၍ မဖြစ်သော အလုပ်ကို သူသည် လက်ခံခြင်း ပြုပြီးခဲ့လေပြီ။ သူသည် ထိုပတ်ဝန်းကျင်မှ ထွက်ခွာသွား၍ကား မဖြစ်ချေ။

ရန်ကုန်တက္ကသိုလ်၌ အလုပ်လက်ခံသော နေ့ကပင် မဟာဌာနတစ်ခုအနီးတွင် ကျောင်းသားသုံးလေးယောက်တို့ ၎င်းတို့ဘာသာ ပြောဆိုနေကြသော ထိုမိန်းမလှ၏ အကြောင်းကို သူသည် စတင်၍ ကြားလာရသည်။ ထိုကျောင်းသားများသည် အသက်နှစ်ဆယ်၏ ပတ်ဝန်းကျင် အရွယ်များသာ ဖြစ်ကြသဖြင့် စစ်ကြီးမဖြစ်ပွားမီက ဤရန်ကုန်တက္ကသိုလ်တွင် ၎င်းနှင့် မေမေလွင်တို့၏ ဆက်ဆံရေးကိုလည်းကောင်း၊ အဖြစ်အပျက်ကိုလည်းကောင်း မည်ကဲ့သို့မျှ သိရှိနိုင်စရာအကြောင်း မရှိချေ။ စစ်ကြီးပြီးမှ အထက်တန်းကို အောင်မြင်ကာ တက္ကသိုလ်သို့ ရောက်ရှိလာသော ကျောင်းသားကလေးများသာ ဖြစ်လေသည်။ သူတို့သည် ဒေါက်တာကိုထွန်းလင်းမှန်း သိရှိကြသေးသူများလည်း မဟုတ်ချေ။ မဟာဌာနတစ်ခု၏ ဘေးရှိ ကုံကော်ပင်ရိပ်တွင် စုဝေးကာ ဒေါက်တာ ထွန်းလင်း ဖြတ်၍လျှောက်လာခိုက် ထိုမိန်းမလှ၏ အကြောင်းကို လူငယ်တို့ဘာသာဘာဝ ပြောဆိုနေကြခြင်းမျှသာ ဖြစ်သည်။ အကောင်းဟူ၍ကား မပါချေ။ ဒေါက်တာထွန်းလင်းသည် နားကိုပိတ်၍ ထိုမဟာဌာနအနီးမှ ခပ်ကုပ်ကုပ်ကလေး ထွက်လာခဲ့ရသည်။ ထိုနေ့က သူသည် တော်တော်ကြီး တုန်လှုပ်ချောက်ချားလျက်ရှိသည်။ ပုဂံလမ်းတွင် သူနေထိုင်ရန်အတွက် အုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်တို့က ပေးထားသော အိမ်အတွင်းမှ အဘယ်သို့မျှ မထွက်တော့ချေ။ ပွင့်ဖြူက သူ့ကို ချက်ပြုတ်ကျွေးမွေးရန်နှင့် စောင့်ရှောက်ကြည့်ရှုရန်အတွက် လိုက်ပါလာခဲ့ကြသော အဘိုးကြီး၊ အဘွားကြီး လင်မယားနှစ်ယောက်တို့သည်

ထိုနေ့က မနက်ကရော ညစာပါ စားသောက်ခြင်းမပြုဘဲ သူ၏ အခန်းကလေးထဲတွင် ကုပ်နေသော ထွန်းလင်းကို နားမလည်နိုင်အောင်ပင် ဖြစ်နေခဲ့ကြသည်။ ၎င်းအား စောင့်ရှောက်ပြုစုလျက် ရှိကြသော အဘိုးကြီး၊ အမယ်ကြီး လင်မယားတို့သာ မသိကြသော်လည်း ထိုညကမူ မိုးစင်စင်လင်းသွားသည်အထိ ထွန်းလင်းသည် တစ်ရေးမျှ အိပ်စက်ခြင်း မပြုနိုင်ခဲ့ချေ။ နောက်တစ်နေ့တွင် သူ၏ ဦးနှောက်များသည် နောက်ကျိကာ တစ်ကိုယ်လုံးလည်း လေးလံထိုင်းမှိုင်း၍ နေလေသည်။

နောက်ပိုင်းတွင် သူသည် သူချစ်သော ထိုမိန်းမ၏ အကြောင်းကို ပိုမိုသိကြားလာရသည်။ ကြားရသော သတင်းများမှာလည်း အကောင်းဟူ၍ မရှိလှချေ၊ အသည်းခိုက်စရာ သတင်းများသာ ဖြစ်လေသည်။

အလုပ်ဝင်ပြီးနောက် တနင်္ဂနွေနှစ်ပတ်ခန့် အကြာတွင် သူသည် ကိစ္စတစ်ခုနှင့် မြို့ထဲသို့ထွက်လာခဲ့သည်။ ကိစ္စပြီးစီးသောအခါ ဆူးလေဘုရားလမ်းရှိ နိုင်ငံခြားစာအုပ်များကို တင်သွင်းရောင်းချခြင်းပြုသော စာအုပ်ဆိုင်ကြီးတစ်ဆိုင်သို့ ဝင်လေသည်။ သူအလိုရှိသော စာအုပ်များရှိလျှင် ဝယ်ယူရန်ဖြစ်၍ မရှိသေးလျှင်လည်း ဆိုင်ရှင်အား အော်ဒါပေးရန်အတွက် ဖြစ်လေသည်။ အခန့်သင့်ရှိနေသော စာအုပ်များကို ဝယ်ယူပြီးနောက် သူလိုချင်သော စာအုပ်များကို အော်ဒါပေးပြီးသောအခါ စာအုပ်ဆိုင်ထဲတွင် ဆက်လက်နေရန်အကြောင်း မရှိတော့သဖြင့် စာအုပ်ဆိုင်ထဲမှ ပြန်ထွက်လာတော့မည်အပြုတွင် "ဟေး... ကိုထွန်းလင်း" ဟူ၍ ရင်းရင်းနှီးနှီး 'ကို' တပ်ခေါ်ကာ နှုတ်ဆက်လိုက်သော လူတစ်ယောက်၏ အသံကို သူသည် ကြားလိုက်ရသည်။ ထိုအသံကို ကြားဖူးသလိုတော့ရှိသည်။ သို့ရာတွင် ကောင်းစွာကား မမှတ်မိချေ။ ထို့ကြောင့် အသံလာရာသို့ ပြန်လှည့်၍ ကြည့်လိုက်ရသည်။ ထိုသူသည် စစ်ဝတ်စစ်စားနှင့် ဖြစ်သည်။ ပခုံးထက်တွင်လည်း ကြယ်သုံးပွင့်ကို ထမ်း

ဆောင်ထားသည်။

"ခင်ဗျား ကျုပ်ကို မမှတ်မိတော့ဘူးလားဗျ ကိုထွန်းလင်း" ကြယ်သုံးပွင့်နှင့် စစ်အရာရှိက ထွန်းလင်း၏ပခုံးကို ရင်းရင်းနှီးနှီးဖက်ကာ ပြောဆိုလာသည်။

ထိုသူကို ထွန်းလင်းသည် တဖြည်းဖြည်း သတိရလာသည်။ သို့ရာတွင် နာမည်ကိုမူကား ရုတ်တရက် ခေါ်၍မထွက်ချေ။

"အရင် သထုံဟော(လ်)က ကျော်ဝင်းလေဗျာ"

ထိုသူက သူ၏ နာမည်ကို ထုတ်ဖော်၍ ပြောဆိုလိုက်တော့မှ ထွန်းလင်းသည် အားလုံးပြန်၍ သတိရလာသည်။ ကိုကျော်ဝင်းနှင့် သူသည် သထုံဟော(လ်)တွင် ရန်ကုန်တက္ကသိုလ်သို့ရောက်စ ပထမနှစ်က အခန်းချင်းကပ်၍ နေခဲ့ဖူးလေသည်။ ၎င်းအပြင် လှဥမ္မာနှင့် မတွေ့တွေ့အောင် အင်းလျားကန်သာ နှုတ်ဆက်ညှော်ခံပွဲကို သူတို့အိမ်မှ မော်တော်ကားနှင့် အတင်းအဓမ္မ လာခေါ်ဆောင်သွားသူမှာလည်း ဤသတ္တဝါ တစ်ကောင်ပင် မဟုတ်သလော။

"ဟာ ကိုကျော်ဝင်း၊ ခင်ဗျား ဘယ်တုန်းက စစ်သားဖြစ်သွားရတာလဲဗျ" ထွန်းလင်းက ဗိုလ်ကျော်ဝင်းအား ဝမ်းသာအားရ ပြန်၍ နှုတ်ဆက်ခြင်း ပြုလိုက်လေသည်။

"ဗမာ့ကာကွယ်ရေးတပ်မတော်ကို ပြန်ဖွဲ့တုန်းကတည်းကပဲဗျ"

"ဩော်... ဩော်... ဩော်၊ ဂျပန်ခေတ်တုန်းကကိုး"

"ဟုတ်တယ်၊ အဲဒီတုန်းက ခင်ဗျားကတော့ အင်္ဂလန်မှာထင်တယ်"

"ဟစ်တလာရဲ့ ပစ်ကွင်းဘဝက လွတ်လာခဲ့တာ ကံကောင်းလို့ပေါ့ဗျာ၊ ပြီးတော့ ငတ်လည်းအလွန်ငတ်သဗျို့"

"ခင်ဗျားက ဟစ်တလာပစ်ကွင်းတစ်ခုတည်း ဖြစ်ရတာ တော်သေးတာပေါ့ဗျာ၊ ကျုပ်တို့မြန်မာပြည်က လူတွေကတော့ ဂျပန်ပစ်ကွင်း

ရော၊ အင်္ဂလိပ်ပစ်ကွင်းရော အဖြစ်ခံခဲ့ရတာ မသေရုံတစ်မည်ကျန်တာပဲ"

"ဂျပန်တွေ တော်တော်ဆိုးတယ်ဆိုတာ ဟုတ်ရဲ့လားဗျ"

"ဘယ်လောက်ဆိုးသလဲဆိုတာကို ခင်ဗျား တကယ်သိချင်ရင် ဟို အရင် ခင်ဗျားအဆက် မေမေလွှင်တစ်ယောက်ကိုသာ မေးကြည့်ပါ တော့ဗျာ"

ထွန်းလင်းသည် ကြက်သီးမွေးညင်းများပင် ထ၍ သွားသည်။ ဂျပန်များ မြန်မာအမျိုးသားများကို နှိပ်စက်ညှဉ်းပန်းသော အကြောင်းကိုသာ ပြောဆိုလျက်ရှိရာတွင် ထိုမိန်းမသည် အဘယ်သို့ ဆက်စပ်ပါ ဝင် လာရသနည်း။ သူသည် နားမလည်နိုင်ချေ။ ထို့ကြောင့် ဘာမျှပြန် မပြောနိုင်ဘဲ ဗိုလ်ကျော်ဝင်းကို ငေးစိုက်၍ ကြည့်နေမိသည်။

"မေမေလွှင် တစ်ယောက်ကိုကော ခင်ဗျား တွေ့ပြီးပလားဗျ" အကြောင်းကို ဘာမှသိရှာဟန်မတူ၍ အလိုက်မသိသလို ဖြစ်နေသော စစ်ဗိုလ်က ထိုကိစ္စကို ဆက်လက်မေးမြန်းလိုက်ပြန်သည်။

ထွန်းလင်းသည် နှုတ်မှ ဘာမျှပြန်၍မပြောနိုင်သဖြင့် ဦးခေါင်းကို သာ ခါယမ်း၍ ပြလိုက်သည်။

"ဂျပန်ဝင်လာခါစတုန်းက တိုမီနဂါးဆိုတဲ့ ကင်ပေတိုင်က မေဂျာ တစ်ယောက်နဲ့ တော်တော်ကြာကြာကလေး တွဲနေလိုက်သေးတယ်ဗျ" အလိုက်မသိတတ်သလိုဖြစ်နေသော စစ်သားက ထိုမိန်းမ၏ ဂျပန်ခေတ် ရာဇဝင်ကို အားရပါးရ ပြောရသည်။

ထွန်းလင်းသည် ဆူးလေဘုရားလမ်းမကြီးဘက်ဆီသို့ ငေးမော ကြည့်ရှုနေသည်။ မကြားနာလိုသော အကြောင်းကို သူသည် ကြားနာ ခြင်း ပြုနေရလေသည်။ ထို့ကြောင့် သူ၏ မျက်နှာသည် များစွာ အိုမင်း ရင့်ရော်လျက်ရှိလေသည်။

ဗိုလ်ကျော်ဝင်းသည် လှဥမ္မာ၏ အကြောင်းကို ၎င်းပြောဆို၍ ပြီး

စီးသွားသော အချက်အလက်များနှင့်ပင် အားရခြင်း မရှိသေးသကဲ့သို့ ဆက်လိုက်ပြန်လေသည်။

"မဟာမိတ်တွေ ဝင်လာခါစတုန်းကလည်း ပြည်သူ့ဆက်ဆံရေး ဌာနက ကာနယ်လောရင့်(စ်) ဆိုတဲ့ အကောင်တစ်ကောင်နဲ့လည်း ပူးတွဲ ပူးတွဲ လုပ်နေသေးတယ်ဗျ ကိုထွန်းလင်း၊ ဒီမိန်းမတစ်ယောက်က တော့ လူသလောက် ခေတ်ဆန်ပြီး၊ ခေတ်ဆန်သလောက် ပျက်စီးနေတာပါပဲ ဗျာ"

ထွန်းလင်းသည် နားနှစ်ဖက်စလုံးကို ရုတ်တရက် ပိတ်ဆို့ထား လိုက်ရသည်။ သူသည် နောက်ထပ်၍ သူနှစ်သက်သော ထိုမိန်းမတစ် ယောက် အကြောင်းကို မကြားလိုတော့။ နားအုံပွင့်ထွက်သွားတော့မည် ကဲ့သို့ ဖြစ်လာသည်။

ဆူးလေဘုရားလမ်း စာအုပ်ဆိုင်မှ ဆင်းလာရသောအခါ ကမ္ဘာမြေကြီး တစ်ခုလုံးသည် ဓောက်ထိုးမိုးမျှော် ဖြစ်သွားသည်။ နေသည်လည်း စကြဝဠာ၏ တစ်ဖက်စွန်းသို့ လွင့်စဉ်၍ ထွက်သွားသည့်အလား ဓောက်ထိုးဖြစ်နေသော ကမ္ဘာကြီးသည် မှောင်အတိကျသွားလေသည်။

တဖြည်းဖြည်းပြန်၍ သတိရလာသောအခါ သူသည် တိတ်ဆိတ် ငြိမ်သက်နေသော အခန်းကလေးတစ်ခန်းအတွင်းသို့ ရောက်ရှိနေသော သူ၏အဖြစ်ကို သိလာသည်။ ဘာဖြစ်သွားသနည်း။ အဘယ်သို့ရောက် ရှိနေသနည်း။ သူသည် လူသူတစ်စုံတစ်ယောက်မျှ မရှိသော အခန်း ကလေး အတွင်း၌ ဟိုဟိုသည်သည် ကြည့်လေသည်။ အခန်းကလေး အတွင်း၌ သူအိပ်စက်နေသော ခုတင်နှင့် ခုတင်ဘေးတွင် စားပွဲကလေး တစ်လုံးမျှသာ ရှိသည်။ အခြား ဘာမျှမရှိချေ။ စားပွဲပေါ်၌ကား ကြွေ ပန်းအိုးကလေး တစ်လုံးရှိသည်။ ပန်းအိုးထဲ၌ကား ရဲရဲနီနေသော နှင်းဆီပန်းပွင့်ကြီးများ...

နှင်းဆီနီများကို ငေးစိုက်ကြည့်ရင်း ရင်တွင်း၌ လှုပ်ရှားလာသဖြင့် သူသည် မျက်လုံးများကို လက်ဖဝါးများဖြင့် ဖုံးကွယ်ထားလိုက်သည်။ ထိုအခိုက်မှာပင် "ပြန်သတိရလာပြီလား ဆရာ" ဟူ၍ သာယာညင်းပျောင်းစွာ မေးမြန်းလိုက်သော သူနာပြုဆရာမကလေး တစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

မိုးပြာရောင်ထဘီနှင့် ဆွတ်ဆွတ်ဖြူနေသည့် အင်္ကျီကို သေသေသပ်သပ် ဆင်မြန်းထားသော သူနာပြုဆရာမကလေးကို သူသည် မရဲတရဲ ကြည့်လိုက်သည်။

"ဆရာ နေလို့ထိုင်လို့ သက်သာရဲ့လားဟင်"

သူနာပြုဆရာမကလေး၏ မေးခွန်းကို ပြန်၍ မဖြေဘဲ "ဒီပန်းအိုးကို ဒီခန်းအထဲက ခပ်မြန်မြန်ကလေး ထုတ်သွားပေးစမ်းပါခင်ဗျာ" ဟူ၍သာ ဒေါက်တာထွန်းလင်းက တောင်းပန်ပြောဆိုလိုက်လေသည်။

* * *

(၂)

ဆေးရုံပေါ်၌ သူသည် တနင်္ဂနွေတစ်ပတ်သာသာခန့် နေထိုင်ခြင်း ပြုခဲ့ရသည်။ ထိုသို့ လူမမာအဖြစ်ဖြင့် နေထိုင်ခြင်း ပြုခဲ့ရသည့် အချိန်ကာလအတွင်း သူ၏ ရောဂါအကြောင်းနှင့် ပတ်သက်၍ ဘာမျှမသိရှိရချေ။ သူနာပြုဆရာမက နံနက်နှင့် ညနေတိုင်း မှန်မှန်လာ၍ တိုက်သော ခရမ်းရောင်ဆေးခါးခါး တစ်ခွက်ကို မသက်မသာ သောက်ရသည်။ လက်ထောက်ဆရာဝန်ကလေး တစ်ဦးကလည်း ညဘက်တွင် ဆေးတစ်လုံး တစ်လုံး မှန်မှန်လာ၍ ထိုးပေးသည်။

တနင်္ဂနွေ တစ်ပတ်ခန့်မျှ ကုသခြင်းကို ခံယူပြီးနောက် သူသည် ဆေးရုံပေါ်မှ ပြန်ဆင်းလာရသည်။ သို့ရာတွင် ဆူးလေဘုရာလမ်း စာ

အုပ်ဆိုင်မှ အထွက်တွင် သူခံယူခဲ့ရသော ရောဂါ၏ အကြောင်းကိုကား ဘာမျှမသိရှိရချေ။ သူသည် ထိုရောဂါကို သိချင်သည်။ သိဖို့လည်း လို၍ သိဖို့လည်း အခွင့်အရေးရှိလိမ့်မည်ဟု ထင်သည်။ ထို့ကြောင့် ဆေးရုံမှ ဆင်းရသော နံနက်က သူသည် ဆေးရုံအုပ် ဆရာဝန်ကြီးနှင့် တွေ့ဆုံခွင့်တောင်း၍ တွေ့ဆုံခြင်း ပြုခဲ့သည်။ ဆရာဝန်ကြီးနှင့် တွေ့ရလျှင် တွေ့ရချင်း သူသည် သိုင်းဝိုင်းဖွဲ့နွဲ့၍ မနေတော့ဘဲ "ကျွန်တော့် ရောဂါက ဘာရောဂါလဲ ဆရာ" ဟု လိုရင်းကိုသာ မေးမြန်းလိုက်သည်။

ဆရာဝန်ကြီးက ပြုံးလိုက်သည်။ "ရာသီဥတုနဲ့ အစားအသောက် ပြောင်းလဲတဲ့အခါမှာ ဒီလိုဝေဒနာမျိုးဟာ ဖြစ်တတ်ပါတယ် ဒေါက်တာထွန်းလင်း၊ ရောဂါလို့ မဆိုနိုင်ပါဘူး ခင်ဗျာ" ဟု ပြန်၍ ပြောဆိုသည်။

"ဝေဒနာကကော ဘယ်လိုဝေဒနာလဲ ဆရာ၊ ကျွန်တော့် ကိုယ်ကိုယ် ကျွန်တော်သိဖို့ လိုလိမ့်မယ်ထင်ပါတယ်"

"သွေးအားနည်းတဲ့ ဝေဒနာပါပဲ၊ အားရှိတဲ့အစားအစာစားပြီး အိပ်ရေး ဝအောင်သာ မှန်မှန်အိပ်ပေးသွားရင် ဒီဝေဒနာဟာ ပျောက်သွားပါလိမ့်မယ်"

မြန်မာနိုင်ငံသို့ ပြန်ရောက်လာခဲ့သော နေ့ရက်မှစ၍ ထမင်းကိုလည်း နပ်မှန်အောင်မစား၊ စားသောအခါ၌လည်း လေနေရုံမျှလောက်စားကာ အိပ်စက်ခြင်းလည်း မပြုနိုင်ခဲ့သော မိမိ၏အဖြစ်ကို ထွန်းလင်းသည် ပြန်လည်စဉ်းစားမိသည်။ ပညာရှိသော ဆရာဝန်သည် အာဟာရဖြင့် လူနာ၏ ဝေဒနာကို ကုစားရန်လောက်ကိုသာ အကြံပေးနိုင်လျက် ထိုအာဟာရ ဝင်နိုင်အောင်ကိုမူကား အကြံပေးနိုင်ခြင်း မရှိချေ။

"ကျေးဇူးတင်ပါတယ် ဆရာ" သူသည် ပညာတတ်နှင့် လူယဉ်ကျေးစကားကို ပြောဆိုပြီးနောက် ဆေးရုံပေါ်မှ ဆင်းလာခဲ့သည်။

ဆေးရုံမှဆင်းလာခဲ့ပြီးနောက် ဆရာဝန်ကြီးက တနင်္ဂနွေနှစ်ပတ်

ခန့်မျှ အနည်းဆုံး အနားယူနေထိုင်ရမည်ဟု အကြံပေးတိုက်တွန်းလိုက်သဖြင့် သူသည် ကျောင်းမတက်ဘဲ နေအိမ်၌သာ ငြိမ်သက်စွာ နေထိုင်ခြင်းပြုလေသည်။ ထိုကဲ့သို့ နေအိမ်တွင် ငြိမ်သက်စွာ နေထိုင်လျက် အနားယူနေခိုက် မိတ်ဆွေအများအပြားပင် လာရောက်မေးမြန်းကြသည်။ ထိုသို့ မေးမြန်းကြသော အသိမိတ်ဆွေအများအနက် တက္ကသိုလ်အပြင်သို့ ရောက်ရှိနေသော ကျောင်းနေဖက် အသိဟောင်းအချို့လည်း ပါဝင်ကြသည်။

ဆေးရုံမှ ဆင်းလာခဲ့ပြီးနောက် တစ်ပတ်ခန့်အကြာတွင် မျှော်လင့်ထားခြင်းမရှိသော ကျောင်းနေဖက် သူငယ်ချင်းဟောင်း တစ်ယောက် ပုဂံလမ်းရှိ ထွန်းလင်း၏ နေအိမ်ထဲသို့ ရုတ်တရက် ဝင်လာသည်။ ထွန်းလင်းသည် ထိုသူကို ရုတ်တရက် မမှတ်မိသလို ဖြစ်နေသဖြင့် ကြောင်၍ကြည့်နေသည်။

"ဟော့လူ ဘာလဲ၊ ခင်ဗျားက ကျုပ်ကိုတောင်မှပဲ မမှတ်မိတော့ဘူးလားဗျ" ဟု ပြုံးရယ်ကာ ပြောဆိုရင်း ထွန်းလင်းထိုင်နေသော ပက်လက် ကုလားထိုင်အနီးရှိ ကုလားထိုင်အလွတ် တစ်လုံးတွင် ဝင်၍ထိုင်လိုက်တော့မှ ယခင် စစ်ကြီးမဖြစ်ပွားမီ သထုံကျောင်းဆောင်တွင် နေထိုင်ခဲ့ရစဉ်က ညဘက်တွင် အလွန်ဟောက်တတ်လေ့ရှိသော ၎င်း၏ ခြေရင်းခန်းမှ ကိုအေးကြည်ဆိုသူ ဖြစ်နေမှန်း သတိရလာသည်။

"ဟာ ကိုအေးကြည်ပါလား၊ ခင်ဗျား ဘယ်လိုသတင်းကြားလို့ ဘယ်က လှည့်ဝင်လာခဲ့တာလဲဗျ၊ အခုနေတော့ကော ဘယ်နေသလဲ"

"ကျွန်တော် အခု ပေါင်းတည်မှာ အက်(စ်)ဒီအိုလုပ်နေတယ်လေ၊ ကော်မရှင်နာက ခေါ်လိုက်လို့ ရန်ကုန်ကို ခဏလာတာပါ"

"ဩော်... ခင်ဗျားလည်း အစိုးရအလုပ်နဲ့ကိုး"

"မနေ့ညက ကျွန်တော့်အသိတစ်ယောက်က မရန်းကုန်းဟိုတယ်

မှာ ညစာကျွေးတာကိုစားရင်း ခင်ဗျားသတင်းကြားရတာနဲ့ ကနေ့မနက် ကော်မရှင်နာရုံးကို သွားရင်း ဝင်မေးတာပဲဗျ"

"ခင်ဗျားကို ဘယ်သူက ပြောလိုက်တာလဲဗျ ကိုအေးကြည်၊ ကျုပ် နေထိုင်မကောင်း ဖြစ်တာကတော့ ဒါလောက်တောင်လည်း ဆိုးဆိုးဝါး ဝါးကြီး မဟုတ်လှပါဘူးဗျာ"

"အရင် ခင်ဗျားအဆက်ကြီးနဲ့ တွေ့လို့ပေါ့ဗျ"

ထွန်းလင်းသည် ခေါင်းနားပန်းကြီးသွားသည်။

"မေမေလွင်နဲ့ တွေ့တယ်ဗျ၊ မရန်းကုန်းဟိုတယ်မှာ အင်္ဂလိပ်စစ် အရာရှိကြီးနှစ်ယောက်နဲ့ တွဲလို့"

ထွန်းလင်းသည် ငိုင်၍ နားထောင်နေမိသည်။ ဘာမျှတော့ ပြန် လည်း မမေး၊ ပြောလည်း မပြောနိုင်ချေ။

"ကျုပ်ကိုတွေ့တော့ သူ့မိတ်ဆွေတွေကို ခွင့်တောင်းပြီး ကျုပ်တို့ စားပွဲဘက်ကို ကူးလာပြီး စကားပြောတယ်၊ စကားပြောတယ်ဆိုပေမဲ့ ခင်ဗျားအကြောင်းချည်းသာ ပြောသွားတာပါပဲလေ" အိမ်ရှင်က ဆေး လိပ်မသောက်တတ်၍ မတည်ဘဲထားသဖြင့် နယ်ပိုင်ဝန်ထောက် ဦး အေးကြည်သည် ၎င်း၏ စီးကရက်ဘူးကို ထုတ်ယူကာ စီးကရက်တစ် လိပ်ကို မီးညှိရင်း ပြောဆိုလျက်ရှိလေသည်။

ထွန်းလင်းသည် သက်ပြင်းကို မသက်မသာချလိုက်ရသည်။ ထို မိန်းမအကြောင်းကို သူသည် ကြားလည်းကြားလို၏၊ ကြားလည်း မကြားဝံ့ချေ။ သို့ရာတွင် ကိုအေးကြည်သည် စီးကရက်ကို မီးခိုးများ တထောင်းထောင်းထနေအောင် ဖွာလိုက်ပြီးနောက် ထိုအကြောင်းကို ဆက်ပြန်လေသည်။

"ခင်ဗျား ဆူးလေဘုရားလမ်းမှာ မူးလဲတဲ့အကြောင်းနဲ့၊ ဆေးရုံ တက်ရတဲ့ အကြောင်းတွေကို သူကစပြောလို့ သိရတာပဲဗျ"

"သူက ဘယ်လိုလုပ် သိသတဲ့လဲဗျ"

"ဒါတော့ ကျုပ်လည်း ဘယ်သိနိုင်ပါ့မလဲဗျ ကိုထွန်းလင်း၊ မေမေလွင်က ပြောလို့ ကျုပ်လည်း သိရတာနဲ့ ခင်ဗျားဆီကို ခုလိုဝင်ကြည့်နိုင်တာပေါ့"

ထွန်းလင်းသည် ကိုအေးကြည်၏ စကားကို နားထောင်၍နေရာမှ "ဦးအောင်"ဟု ၎င်း၏အိမ်တွင် စောင့်ရှောက်ပေးနေသော အဘိုးကြီးကို လှမ်း၍ ခေါ်လိုက်သည်။ အသက်ငါးဆယ်သာသာခန့် ဦးအောင်ဆိုသော အဘိုးကြီးသည် ဧည့်ခန်းအတွင်းသို့ဝင်လာသောအခါ ထွန်းလင်းက ဆရာဝန်က အသောက်ခိုင်းထားသော "တော်နစ်ဝိုင်" ပုလင်းကို လှမ်း၍ တောင်းယူလိုက်သည်။ ဦးအောင်သည် တစ်ခဏအတွင်း ပြန်ထွက်သွားပြီးနောက် တစ်ခဏအတွင်းပင် "တော်နစ်ဝိုင်" ပုလင်းနှင့် ကိုင်သောက်သော ဖန်ခွက်ကလေးကို ယူဆောင်ကာ ပြန်ဝင်လာသည်။ ထို့နောက် ထွန်းလင်းအနီးရှိ စားပွဲလွတ်ကလေး တစ်လုံးတွင် တရိတသေ လာရောက်ချပေးလေသည်။

"ကျုပ်ကတောင် မေးလိုက်မိသေးတယ်၊ ကိုထွန်းလင်းနဲ့ တွေ့ကြသေးသလားလို့"

ထွန်းလင်းသည် တော်နစ်ဝိုင်ကို ၎င်းဘာသာ ဖန်ခွက်ထဲကို ငှဲ့ကာ ဆတ်ခနဲ မော့ချပစ်လိုက်သည်။

"သူ့ဘဝနဲ့ အခြေအနေက တွေ့ခွင့်မပြုတော့လို့ ခင်ဗျားကို မတွေ့ဝံ့တာနဲ့ မတွေ့ဘဲနေနေရတယ်လို့ မျက်ရည်ကလေးဝဲဝဲနဲ့ ပြောရှာတယ်ဗျ"

ထွန်းလင်းသည် တော်နစ်ဝိုင်ကို နောက်ထပ် တစ်ဖန်ခွက်ငှဲ့ကာ မော့ချလိုက်ပြန်သည်။

"မိန်းမက သုံးဆယ်သာကျော်သွားပြီဆိုပေမဲ့ အရင်တုန်းကလို

လှတုန်းပျိုတုန်းပဲဗျ ကိုထွန်းလင်း၊ အလုံးအပေါက်ကလည်း အရင်ကျောင်းမှာတုန်းက အတိုင်းပဲဗျာ"

ထွန်းလင်းသည် ဆရာဝန်က ဆေးအဖြစ်ပေးထားသော တော်နစ်ဝိုင်ကို တတိယတစ်ကြိမ်ငှဲ့ကာ မော့ချလိုက်ပြန်လေသည်။ မိမိခဏတာမျှ ထိုင်နေသည့်အတွင်း သုံးခွက်မျှ ဆင့်၍ဆင့်၍ ဝိုင်အရက်ကို သောက်ချလိုက်သော အိမ်ရှင်ကို နယ်ပိုင်ဝန်ထောက်မင်းသည် နားမလည်နိုင်သကဲ့သို့ ဖြစ်လာပုံရလေသည်။ ထို့ကြောင့် "ခင်ဗျား ဆေးသောက်တာက ရိုးရိုးမှ ဟုတ်ကဲ့လားဗျာ ကိုထွန်းလင်း" ဟုပင် မေးမြန်းလိုက်ရသည်။

"ဆရာဝန်ကတော့ သွေးသားကောင်းလာဖို့အတွက် အသောက်ခိုင်းတာပဲလေ၊ ဒါပေမဲ့ ကျုပ်ကတော့ စိတ်အားနည်းနေတဲ့ရောဂါ သက်သာအောင်လည်း ကိုယ့်ဘာသာကိုယ် နားလည်မှုနဲ့ သောက်နေရတယ်ဗျ ကိုအေးကြည်၊ ဩော်... ဒါထက် ခင်ဗျားခုတင်က ပြောလိုက်တာဘာဗျ၊ ဩော်... ကျုပ်သတိရလာပြီ၊ မေက သူ့ဘဝရဲ့ အခြေအနေတွေက တွေ့ခွင့်မပြုတော့လို့ ကျုပ်ကို မတွေ့ဝံ့တာနဲ့ မတွေ့ဘဲနေနေရတယ်လို့ ပြောသတဲ့လား"

ကိုအေးကြည်က ထွန်းလင်း၏ ဖြစ်နေပုံကို ငေးစိုက်ကြည့်ရင်း ဦးခေါင်းကို ညိတ်ပြလိုက်သည်။

"နောက်ပြီးတော့ မျက်ရည်ကလေး ဝဲဝဲနဲ့ ပြောရှာသတဲ့လားဗျ" ဝန်ထောက်မင်းသည် ထိုင်ရာမှထလိုက်လေသည်။

"ဟော့လူ ဒါ ခင်ဗျား ပြန်တော့မလို့လား" ထွန်းလင်းသည် လျှာလေး အာလေးနှင့် အလန့်တကြား မေးမြန်းလိုက်သည်။

ကိုအေးကြည်သည် ၎င်း၏ လက်ပတ်နာရီကို မြှောက်၍ကြည့်ရင်း "ကော်မရှင်နာနဲ့ ချိန်းထားလို့ပါဗျာ" ဟု ပြန်၍ပြောသည်။

"နေပါဦးဗျ၊ မျက်ရည်ကလေးဝဲဝဲနဲ့ စကားပြောတယ်ဆိုတဲ့ ဟို မိန်းမတစ်ယောက် အကြောင်းကို ပြောပြစမ်းပါဦး"

"ခင်ဗျားအတွက် ကျုပ် သိပ်စိတ်မကောင်းဘူးဗျာ ကိုထွန်းလင်း"

"ကမ္ဘာပျက်နေရတဲ့ ကျုပ်အကြောင်းကို ပြောမနေပါနဲ့တော့ဗျာ"

"မေမေလွင်ကို ခင်ဗျား ဘာများမှာလိုက်ချင်တာ ရှိသေးသလဲဟင် ကိုထွန်းလင်း၊ ခင်ဗျားကို ခုလိုလာတွေ့ပြီးတဲ့နောက် ခင်ဗျားရဲ့ ကျန်းမာရေး အခြေအနေနဲ့ ပတ်သက်ပြီး သူ့ကို ပြန်ပြောပါဦးမယ်ဆိုတဲ့ ကတိကို ထားခဲ့လို့ပါ"

"သြော်... ဒီမိန်းမက ကျုပ်အတွက် ဒါလောက်ကလေးတော့လည်း ပူပန်တတ်သေးသတဲ့လားဗျ"

ပေါင်းတည်ဝန်ထောက်မင်းသည် ၎င်း၏ ကျောင်းနေဖက်သူငယ်ချင်း၏ ဖြစ်အင်ကို မကြည့်လိုမမြင်လိုတော့ သကဲ့သို့ ကျောခိုင်းလိုက်သည်။ စစ်ကြီးမဖြစ်ပွားမီ သထုံကျောင်းဆောင်၌ အခန်းချင်းကပ်၍ အတူနေခဲ့ရစဉ်က ညအိပ်ရာဝင်သောအခါတိုင်း ဘုရားရှိခိုး၍ အိပ်စက်ခြင်း ပြုတတ်သော ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးကို ပညာတွေ အတတ်ကြီးတတ်လာခဲ့ပြီးမှ ဩသဓဆေးအား သေစာအဖြစ်ဖြင့် အသုံးပြုနေခြင်းကို တွေ့မြင်နေရသောအခါ စိတ်မချမ်းမသာဖြစ်လေသည်။ ယူကျုံးမရသလိုလည်း ဖြစ်မိသည်။ ထို့ကြောင့် ထိုပညာတတ် သုခမိန် အား ပြန်လှည့်၍ပင် မကြည့်တော့ဘဲ ထွက်လာခဲ့သည်။ ထိုသို့ ထွက်လာခဲ့စဉ် "ဟေ့လူ ကိုအေးကြည်၊ ကျုပ်သခင်မကို ဆက်ဆက်ပြော လိုက်စမ်းပါဗျာ၊ ကျုပ်သေတော့မှပဲ သင်္ဂြိုဟ်ရအောင် တစ်ခါတစ်ခေါက် လောက်တော့ လာခဲ့စမ်းပါဦးလို့" ဟု ထွန်းလင်းက အော်ဟစ်ပြောဆို လိုက်သော အသံကို နားမချမ်းသာဖွယ်ရာ ကြားလိုက်ရသည်။

❖

## ရေမြေဆုံးစေတော့

(၁)

"သူ့ဘဝရဲ့ အခြေအနေက တွေ့ခွင့်မပြုလို့ ခင်ဗျားကို မတွေ့ဝံ့တာနဲ့ မတွေ့ဘဲနေရတယ်လို့ မျက်ရည်ကလေးဝဲဝဲနဲ့ ပြောရှာတယ်ဗျ"

ပေါင်းတည် နယ်ပိုင်ဝန်ထောက် ဦးအေးကြည်က တကူးတက ဝင်ရောက်ပြောကြားသွားခဲ့သော စကားလုံးကလေးများသည် ဒေါက်တာ ထွန်းလင်း၏ အသည်းနှလုံးအား မခံမရပ်နိုင်လောက်အောင် ထိုးဆွလျက် ရှိကြလေသည်။ သူသည် ထိုဝေဒနာကို အလူးအလိမ့်ခံနေရသည်။

"ခင်ဗျားကို ခုလို လာတွေ့ပြီးတဲ့နောက် ခင်ဗျားရဲ့ ကျန်းမာရေးအခြေအနေနဲ့ ပတ်သက်ပြီး သူ့ကို ပြန်ပြောပါဦးမယ်ဆိုတဲ့ ကတိ ထားခဲ့လို့ပါ" ဆိုသော ကိုအေးကြည်၏ စကားလုံးကလေးများသည်လည်း ထွန်းလင်းကို ရပ်တည်ရာ မရနိုင်လောက်အောင် ဖြစ်နေခဲ့သည်။ တကယ်ဆိုတော့ ထိုမိန်းမသည် သူ၏ ကျန်းမာရေးအခြေအနေကို သိရှိ၍ အခြားလူတစ်ယောက်ကို စေလွှတ်ကာ စုံစမ်းစေခြင်းဖြစ်သည်

မဟုတ်လော။ သူကိုယ်တိုင် မလာနိုင်သော အခြေအနေတွင် ရှိနေ၍ မလာရောက်ခြင်းဖြစ်သည်ကိုလည်း သတင်းပါးလိုက်သည် မဟုတ်လော။

အိပ်စက်၍မရသော ညပေါင်းများစွာတို့ကို ထွန်းလင်းသည် ကျော်လွှားခြင်း ပြုနေရသည်။ ထိုမိန်းမနှင့် တွေ့ဦးခါစတုန်းကလည်း သူသည် ထိုသို့အဖြစ်ကို ခံခဲ့ရသည်။ ယခုလည်း သူသည် တစ်ပတ်လည်ကာ ခံနေရပြန်ချေပြီ။

သူသည် ဘာလုပ်ရမည်နည်း။ ဘာကော လုပ်ချင်သနည်း။

ဟိုယခင်ကမူ သူသည် ငယ်ရွယ်သော ကျောင်းသားကလေး တစ်ယောက်မျှသာ ဖြစ်လေသည်။ ယခုမူကား ဟိုတုန်းကလိုမဟုတ်တော့ချေ။ ကြီးလေးသော တာဝန်နှင့် လူတစ်ယောက်ဖြစ်သည်။ ရှေ့နှစ်ခါဆိုလျှင် သူသည် ယခုထက်ပင် တာဝန်ကြီးလေးကာ အဘိဓမ္မာဌာနကြီး တစ်လုံး၏ အကြီးအကဲတစ်ဦး ဖြစ်လာရပေဦးမည်။ ယခင်ကလို နွားကျောင်းသား ထွန်းလင်းမဟုတ်တော့ဘဲ ပါမောက္ခထွန်းလင်း ဖြစ်ရပေဦးမည်။

ဒေါက်တာ ထွန်းလင်းသည် သူ၏ အခြေမှန်ကို သိရှိဖို့လိုလာသည်။ မသိ၍ကား မဖြစ်တော့ချေ။ မိမိကိုယ်ကိုယ်လည်း လှည့်စားထား၍ မရတော့ချေ။ ကိုအေးကြည် ပြန်သွားပြီးသည့် နောက်ပိုင်းတွင်မှ ထိုကိစ္စကို ထွန်းလင်းသည် တစ်စထက်တစ်စ လေးလေးနက်နက် သဘောပေါက်လာသည်။ သိမြင်နားလည်စ ပြုလာသည်။

သူသည် ထိုမိန်းမလှကို ယခင် အသက်နှစ်ဆယ်သာသာအရွယ် တုန်းကလိုပင် ရင်ထဲအသည်းထဲက နှစ်နှစ်ကာကာနှင့် မက်မက်မောမော စွဲလမ်းချစ်ခင်လျက် ရှိတုန်းပဲလား၊ ထိုမေးခွန်း၏ အဖြေကို သူသည် ပညာရှိသော ဦးနှောက်ထဲ၌ မွှေနှောက်ရှာဖွေ၍ ဖြစ်နိုင်ပါ့မည်

လား။ ဦးနှောက်သည် ပရိယာယ်ဝေဝုစ်များသည်။ အဘိဓမ္မာလည်း ဖက်တတ်လေ့ရှိသည်။ ထို့ကြောင့် သူသည် နှလုံးသားအတွင်း၌သာ ခွဲစိတ်ကြည့်ရှုဖို့လိုလာသည်။ နှလုံးသားသည် ဦးနှောက်ကဲ့သို့ ပရိယာယ် ဝေဝုစ်မရှိ၊ ရိုးသားဖြူစင်လေ့ရှိသည်။ နှလုံးသား၏ အဆုံးအဖြတ်ကြောင့် ကြီးမားသော ဗြိတိန်ကျွန်း၏ ဧကရာဇ် အက်ဒဝပ်သည် နှစ်လင်ကွာ ထိုမိန်းမအတွက် ၎င်း၏ ဦးခေါင်းထက်မှ သရဖူကို စွန့်လွှတ်ခဲ့သည်မဟုတ်လော။ အလားတူသော အဖြစ်အပျက်များသည် ရာဇဝင်၊ နိပါတ်များ၊ ပုံပြင်များနှင့် ဒဏ္ဍာရီများ၌လည်း ရှိဖူးလေပြီ။

ဦးနှောက်ကို ချန်လှပ်လျက် နှလုံးသား၌ ရှာဖွေသောအခါ ထွန်းလင်းသည် အဖြစ်မှန်ကို တွေ့လေသည်။ ထိုမိန်းမကို ငယ်ရွယ်စဉ်က ကဲ့သို့ တပ်မက်ချစ်ခင်လျက် ရှိနေတုန်းသာဖြစ်သည်။ လူအများက ထိုမိန်းမလှကို မျက်ကွယ်ရာအရပ်များ၌ အထင်သေး၊ အမြင်သေး စကားများ လက်ကုတ်ပြောဆိုနေသော အချိန်တွင် သူသည် ထိုမိန်းမ အပေါ်၌ ပိုမို၍ချစ်လာသည်။ တကယ်ချစ်သည်ဆိုသည်မှာ ချစ်သော သူက မိမိချစ်သူအတွက် အနစ်နာခံကာ ချစ်နိုင်ခြင်းပင်မဟုတ်သလော။

အဖြေကိုမရှာဘဲနှင့် မိမိကိုယ်ကို လှည့်စားနေထိုင်ခဲ့စဉ် ထွန်းလင်းသည် ကြီးစွာသော စိတ်ပင်ပန်းဆင်းရဲခြင်းကို ခံနေခဲ့ရသော်လည်း အဖြေကိုရ၍ အဆုံးအဖြတ်ပြုပြီးသော အချိန်တွင် သူသည် နုပျိုလန်းဆန်း၍ လာသည်။ ကျန်းမာသန်စွမ်း၍ လာသည်။

"မိန်းမက သုံးဆယ်သာကျော်သွားပြီ ဆိုပေမဲ့ အရင်တုန်းကလို လှတုန်းပျိုတုန်းပဲဗျ ကိုထွန်းလင်း၊ အလုံးအပေါက်ကလည်း အရင် ကျောင်းမှာတုန်းက အတိုင်းပဲဗျာ"

ကိုအေးကြည်က စိတ်အားထက်သန်စွာ ပြောဆိုသွားသော စကား ကလေးများကို ပြန်လည်ကြားယောင်ကာ သူ မက်မက်မောမော လက်

ထပ်ခြင်း ပြုလိုခဲ့သော ထိုမိန်းမလှကို အပြေးအလွှား လိုက်လံရှာဖွေ ချင်စိတ်များပင် တဖွားဖွားပေါ်ပေါက်လာမိသည်။

* * *

(၂)

ထိုနှစ် နွေကျောင်းရက်ရှည် ပိတ်လိုက်သောအခါ ထွန်းလင်းသည် ပွင့်ဖြူသို့ မပြန်တော့ချေ။ လာမည့်နှစ် ကျောင်းပြန်ဖွင့်သောအခါ သူသည် ဌာနတစ်ခု၏ အကြီးအကဲတာဝန်ကို လွှဲပြောင်းထမ်းဆောင်ရမည်ဖြစ်၍ အလုပ်တွေက များသောကြောင့် ယခုနွေ ပွင့်ဖြူသို့ မလာဖြစ်တော့သည့် အကြောင်းကိုလည်း သူ၏ မိခင်ရသေ့မကြီးထံသို့ ယုတ္တိယုတ္တာ ခိုင်ခိုင်လုံလုံနှင့် ရေးသားလိုက်သည်။ သူအား ရှောင်တိမ်းနေသော ထိုမိန်းမလှကို စုံစမ်းရှာဖွေရန်အတွက် သူသည် စတင်ပြင်ဆင်လေသည်။

သူသည် ယခင်စစ်ကြီးမဖြစ်ပွားမီက ရေကျော်ဘက်တွင် နေထိုင်လျက်ရှိသော မေမေလွင်၏ ကြီးတော်တစ်ဝမ်းကွဲ အဘွားကြီးတစ်ဦးကို သွား၍ သတိရလေသည်။ အန်တီစုသည် ထိုအိမ်၌ပင် ကွယ်လွန်သွားကြောင်းဖြင့် ကံဘဲ့ဘက်မှ အိမ်ကို ဝယ်ယူလိုက်သော နှုတ်ခမ်းမွေးကောင်းကောင်းနှင့် အဘိုးကြီးက သူ့အား မြန်မာနိုင်ငံသို့ ပြန်ရောက်စဉ်က ပြောကြားခဲ့ဖူးသည်။

ထွန်းလင်းသည် ရေကျော်အိမ်သို့ တစ်ကြိမ်နှစ်ကြိမ်လောက်သာ မေမေလွင်နှင့်အတူ ယခင်စစ်ကြီးမဖြစ်ပွားမီက ရောက်ရှိဖူးလေသည်။ ထိုအဘွားကြီးတွင် သားတစ်ယောက်နှင့် သမီးတစ်ယောက် ရှိလေသည်။ ထိုစဉ်ကမူ ထိုသားသမီးများသည် အလုပ်အကိုင် ကိုယ်စီနှင့် ဖြစ်နေသော်လည်း အိမ်ထောင်မကျကြသေးချေ။ သို့ရာတွင် အဘွား

ကြီးနှင့် တကွ ၎င်း၏ သားသမီးများနာမည်တို့ကိုမူကား ထွန်းလင်းသည် ကောင်းစွာ မမှတ်မိတော့ချေ။

ထွန်းလင်းသည် တက္ကစီတစ်စီးကို ငှားရမ်းကာ ရေကျော်ဘက်သို့ ထွက်လာခဲ့လေသည်။ စစ်ကြီးအတွင်း တော်တော်ကလေး ပြောင်းလဲ၍ သွားသဖြင့် သူသည် မေမေလွင်၏ ကြီးတော်တစ်ဝမ်းကွဲအိမ်ကို တော်တော်ကြီး ခဲခဲယဉ်းယဉ်း ရှာဖွေရလေသည်။ သို့ရာတွင် အိမ်ကို တွေ့ပြန်သောအခါ၌ လူသစ်များကို တွေ့နေရသည်။ ထိုလူသစ်များကို စုံစမ်းမေးမြန်းသောအခါ၌လည်း မေမေလွင်၏ ကြီးတော်အကြောင်းနှင့် ပတ်သက်၍ ဘာမျှမပြောနိုင်၊ မဆိုနိုင်ကြဘဲ ဖြစ်နေသည်ကို စိတ်အားပျက်ဖွယ်ရာ တွေ့ကြုံရပြန်သည်။ ထို့ကြောင့် ထွန်းလင်းသည် စိတ်ပျက်လက်ပျက်နှင့် ထွက်လာတော့မည်အပြု တစ်ဖက်သောအိမ်မှ "မောင်ရင်က ဘယ်သူ့ကို တွေ့ချင်လို့လဲဟင်၊ ဒေါ်မိန်းကလေးကိုလား" ဟု ခေါင်းဖြူနေသော အဘိုးကြီးတစ်ယောက်က လှမ်း၍ မေးလိုက်တော့မှ ထွန်းလင်းသည် ထိုအဘွားကြီး၏ နာမည်ကိုပါ သတိရလာပြီးလျှင် အားရဝမ်းသာ လှည့်ကြည့်မိသည်။ ထိုနောက် "ဟုတ်ပါတယ် ဘကြီး၊ ကျွန်တော် ဒေါ်မိန်းကလေးနဲ့ သူ့သားသမီးတွေကိုပါ တွေ့ချင်လို့ပါ" ဟု ရိုရိုသေသေ ပြန်လည်ပြောဆိုလိုက်သည်။

"ဒါထက် မသိလို့မေးစမ်းပါရစေဦး၊ မောင်ရင်က ဒေါ်မိန်းကလေးနဲ့ ဘာတော်လို့လဲဟင်"

"ဘာမှတော့ မတော်ပါဘူးခင်ဗျာ၊ အရင် စစ်ကြီးမဖြစ်ခင်က သိကြ ကျွမ်းကြတာပါပဲ"

"ဒေါ်မိန်းကလေးက ဂျပန်ဝင်လာတုန်းကပဲ ဆုံးသွားပြီကွဲ့၊ သူ့ညီမ ဒေါ်စုနဲ့ အခါလည်လောက်ပဲ ကွာလိမ့်မယ်ထင်ပါရဲ့ကွာ"

"ဩော်... ဩော်... ဩော်"

"ဒေါ်မိန်းကလေးရဲ့ သားအကြီး မောင်တင့်လွင်ဆိုတာကတော့ လယ်ဝန်အလုပ်နဲ့ မြောင်းမြမှာလိုလိုတော့ ကြားတယ်၊ သမီးအငယ် နှဲ့နှဲ့ တစ်ယောက်ကတော့ တိုက်ပိုင် အင်စပက်တော်တစ်ယောက်နဲ့ အကြောင်းပါပြီး အခုတော့ အင်းစိန်စုံထောက်ဝင်းအတွင်းမှာပဲ နေကြသလိုလို ပြောသံကြားရတယ်"

ထွန်းလင်းသည် အစတစ်စကို ရရှိလိုက်ပြီး၍ အားတက်သွားလေသည်။ ထိုသတင်းကို ပြောကြားသော အဘိုးကြီးအား ကျေးဇူးတင်စကား ပြောဆိုကာ နှုတ်ဆက်ပြီးနောက် အင်းစိန်ဘက်သို့ ထွက်လာခဲ့ရပြန်လေသည်။

အင်းစိန်တွင်လည်းကောင်း၊ စုံထောက်ဝင်းအတွင်း၌သော် လည်းကောင်း အသိမိတ်ဆွေ တစ်ဦးတစ်ယောက်မျှ မရှိသဖြင့် ထွန်းလင်းသည် စုံထောက် အင်စပက်တော်ကတော် နှဲ့နှဲ့တို့၏ အိမ်ကို ပင်ပင်ပန်းပန်း လိုက်လံစုံစမ်း ရှာဖွေခြင်း ပြုရလေသည်။ နှဲ့နှဲ့တို့အိမ်သို့ ရောက်သောအခါ၌လည်း နှဲ့နှဲ့နှင့် ရုတ်တရက် မတွေ့ရပြန်ဘဲ ၎င်းနှင့် လူချင်းမသိသေးသော နှဲ့နှဲ့၏ ယောကျ်ားနှင့် တိုးနေရသည်။ သူသည် သူ၏ကိုယ်ကိုယ် နှဲ့နှဲ့၏ ခင်ပွန်းအား မိတ်ဆက်ပေးပြီးနောက် စိတ်ကစောလျက်ရှိသဖြင့် မေမေလွင်၏အကြောင်းကို တိုက်ရိုက်ပင် ~မေးမြန်းစုံစမ်းကြည့်လိုက်မိသည်။ ထွန်းလင်းက ၎င်း၏ မရီးဝမ်းကွဲတော်စပ်သော မေမေလွင်၏အကြောင်းကို မေးမြန်းပြောဆိုသောအခါ နှဲ့နှဲ့၏ ခင်ပွန်းသည် မျက်စိပျက် မျက်နှာပျက် ဖြစ်သွားလေသည်။ သူသည် မရီးလုပ်သူ၏ အကြောင်းနှင့် ပတ်သက်၍ များစွာ စကားပြောဆိုခြင်း မပြုလိုလှသလို ပြုလုပ်နေသဖြင့် ထွန်းလင်းသည် ၎င်း၏ကိုယ်ကိုယ် ပြန်၍ အရှိန်သတ်ထားလိုက်ရသည်။

နှဲ့နှဲ့၏ခင်ပွန်းနှင့် တစ်နာရီခန့်မျှ မျက်နှာချင်းဆိုင် နေရပြီးမှ

နွဲ့နွဲ့သည် ဈေးတောင်းကိုကိုင်၍ နောက်မှ ပါလာသော လူငယ်ကလေး တစ်ဦးနှင့် ပြန်လည်ရောက်ရှိလာသည်။ နွဲ့နွဲ့သည် ထွန်းလင်းကို တွေ့ မြင်လိုက်ရလျှင်ပင် များစွာ အံ့သြသွားပုံရလေသည်။

နွဲ့နွဲ့ ဈေးမှ ပြန်လာပြီးနောက် ၎င်း၏ ယောက်ျားသည် အဝတ် အစားများ လဲလှယ်ကာ အလုပ်ရှိရာသို့ ထွက်သွားသည်။ ထိုသူသည် မိမိဧည့်သည် တစ်ဦးတစ်ယောက်လုံးကိုပင် နှုတ်ဆက်၍မသွားချေ။

ထွန်းလင်းသည် နွဲ့နွဲ့နှင့် တစ်နာရီကျော်ကျော်မျှ စကားပြောဆိုပြီး နောက် အင်းစိန်စုံထောက်ဝင်း အတွင်းမှ လေးလံထိုင်းမှိုင်းစွာ ပြန်၍ ထွက်လာခဲ့သည်။ သူ သိရှိလိုသော မေမေလွင်၏ သတင်းကို စုံစမ်း၍ မရချေ။ မေမေလွင်သည် ၎င်းတို့အိမ်သို့ အရောက်အပေါက် နည်းပါး ကြောင်း၊ မေမေလွင် လာရောက်လည်ပတ်ခြင်းကို ၎င်း၏ ယောက်ျား က သဘောမကျ၍ မလာရောက်ခြင်း ဖြစ်ဟန်တူကြောင်း၊ ၎င်းကိုယ် တိုင်လည်း မေမေလွင် မည်သည့်အရပ်တွင် မည်သူနှင့် နေထိုင်သည်ကို မေမေလွင်က မပြောသဖြင့် မသိရှိရသည့်အကြောင်းများကို နွဲ့နွဲ့က ပြောပြလိုက်လေသည်။ သို့ရာတွင် ထွန်းလင်း ၎င်းတို့အိမ်မှ ပြန်ထွက် ခါနီးတွင် နွဲ့နွဲ့ ပြောလိုက်သော စကားများသည် အသည်းနှလုံးများကို ခိုက်၍သွားစေသည်။

"ကိုထွန်းလင်း အင်္ဂလန်က ပြန်ရောက်ခါစလောက်က နွဲ့ ယောက်ျားလည်း နယ်ထွက်နေတုန်း မေ တစ်ခေါက် လာလည်သွား သေးတယ်၊ အဲဒီတုန်းက သူပြောသွားတာက ကိုထွန်းလင်းကို သူ အင် မတန် တွေ့ချင်မြင်ချင်လှတဲ့အကြောင်း၊ ဒါပေမဲ့ လူချင်းတွေ့လို့ မဖြစ် နိုင်ကြတဲ့ ဘဝမို့လို့ သူ တိတ်တိတ်ကလေး ချောင်းပြီး ကြည့်ခဲ့ရတဲ့ အကြောင်းကိုလည်း ငိုပြီး ပြောသွားတယ်၊ မေ့ဘဝကတော့ ဒီလိုနဲ့ လုံးပါးပါးပြီး စုံးစုံးမြုပ်ရတော့မယ် ထင်ပါရဲ့ ကိုထွန်းလင်းရယ်"

အင်းစိန် စုံထောက်ဝင်းအတွင်းရှိ နွဲ့နွဲ့တို့အိမ်မှ ပြန်လာခဲ့ရပြီး နောက် ထွန်းလင်းသည် တော်တော်ကလေး စိတ်မကောင်းဖြစ်ကာ သုံးရက်ခန့်မျှ အဘယ်သို့မျှ မထွက်တော့ဘဲ အိမ်ထဲတွင်သာ ကုပ်နေ လေသည်။ မိမိအား အလွန်တရာ တွေ့ချင်မြင်ချင်ပါလျက် လူချင်းတွေ့ ၍ မဖြစ်နိုင်ကြသော ဘဝသို့ ရောက်ရှိနေပြီဖြစ်၍ မိမိအား တိတ်တ ဆိတ် လာရောက်ချောင်းမြောင်း ကြည့်ရှုသွားသည်ဆိုသော ထိုမိန်းမ အတွက် ရင်နာ၍ မဆုံးနိုင်အောင် ဖြစ်နေရသည်။

"မေ့ဘဝကတော့ ဒီလိုနဲ့ လုံးပါးပါးပြီး စုံးစုံးမြုပ်ရတော့မယ် ထင် ပါရဲ့ ကိုထွန်းလင်းရယ်" မေမေလွင်၏ ညီမဝမ်းကွဲလုပ်သူက ငိုသံပါ ကြီးနှင့် ပြောဆိုလိုက်သော စကားများသည်လည်း နားထဲမှ ထွက်သည် မရှိတော့ချေ။

* * *

(၃)

ထိုတစ်နှစ် နွေကျောင်းပိတ်ရက်များအတွင်း ဒေါက်တာထွန်းလင်း သည် ၎င်းလက်ထပ်ခြင်းပြုလိုသော ထိုမိန်းမလှကို ရှာပုံတော်ကြီးဖြင့် ရှာဖွေခဲ့လေသည်။ မေမေလွင် လာရောက်စားသောက်ခြင်း ပြုတတ် သည်ဟုဆိုသော ဟိုတယ်များ၊ ပျော်ပွဲစားရုံများတွင် သူသည် တော် တော်ကလေး "ဂျပိုးကျ" ခဲ့သည်။ သို့ရာတွင် ထိုမိန်းမသည် သူ့ကို လူချင်း အတွေ့မခံလို၍ ရှောင်ကွင်းနေသလားတော့ မသိ၊ မတွေ့ရချေ။ သူသည် တစ်ခါတစ်ရံ မေမေလွင်၏ ယခင်အပေါင်းအသင်းများနှင့် မိတ်ဆွေများအိမ်သို့ သွားရောက်လည်ပတ်ခြင်း ပြုကာ ထိုမိန်းမ၏ သတင်းကို မေးမြန်းစုံစမ်းခြင်း ပြုလေသည်။ ထိုသို့ မေမေလွင်၏ အကြောင်းကို မေးမြန်းစုံစမ်းခြင်း ပြုသောအခါတိုင်းလိုလို ထိုမိတ်ဆွေ

များသည် မျက်စိပျက်၊ မျက်နှာပျက် ဖြစ်နေတတ်ကြသည်။ သူတို့သည် ထိုမိန်းမ၏ အကြောင်းကိုသော်လည်းကောင်း၊ သတင်းစကားကို သော်လည်းကောင်း ပြောကြားခြင်း မပြုလိုကြသကဲ့သို့ နှုတ်ဆွံ့၍ နေတတ်ကြလေသည်။ ထိုမိန်းမ၏ အကြောင်းကို စူးစူးစိုက်စိုက်နှင့် ထက်ထက် သန်သန် မေးမြန်းခြင်းပြုနေသော ထွန်းလင်းကိုလည်း အံ့သြသကဲ့သို့လည်းကောင်း၊ ကရုဏာသက်သကဲ့သို့လည်းကောင်း ကြည့်နေတတ်ကြသည်။

မိမိက သွားရောက်လည်ပတ်၍ တွေ့ဆုံမေးမြန်းခြင်း ပြုသော အသိမိတ်ဆွေတိုင်းကလိုလို ထိုမိန်းမအကြောင်းနှင့် ပတ်သက်၍ စကားပြောဆိုခြင်း မပြုလိုကြသောအခါ ထွန်းလင်းသည် ထိုမိတ်ဆွေများအပေါ်၌ စိတ်ဆိုးသလိုလို၊ စိတ်နာသလိုလို ဖြစ်လာသည်။ ထိုမိန်းမတစ်ယောက်ကို အနူမကြီးတစ်ယောက်လို သဘောထားနေပုံရသော ထိုမိတ်ဆွေများအပေါ်၌ မကျေမချမ်း ဖြစ်လာသည်။ တစ်ခါကမူ မိတ်ဆွေ တစ်ယောက်က ဒေါက်တာထွန်းလင်းကို ဘုခပ်ကျကျ ပြောဆိုလိုက်လေသည်။ ဘုခပ်ကျကျဆိုသည်မှာ ထွန်းလင်းဘက်က အမြင်သာလျှင်ဖြစ်၍ ထိုသူကမူ ထွန်းလင်းအပေါ်၌ ကရုဏာဒေါသောနှင့် ပြောဆိုလိုက်ခြင်းသာ ဖြစ်ပေလိမ့်မည်။

"ခင်ဗျားက ဒီမိန်းမအကြောင်းကို ကျုပ်တို့ဆီ လာမေးမေးနေတာက ကျုပ်တို့ကိုများ ဒီလိုအသိုင်းအဝိုင်းထဲက အောက်မေ့နေလို့လား"

ထွန်းလင်းသည် ရင်ထဲ၌ အောင့်၍သွားလေသည်။ ထိုမိန်းမသည် အဘယ်မျှ ပျက်စီးနေသည်ဟု ဆိုစေကာမူ သူတပ်မက်ချစ်ခင်နေသော မယားလောင်းဖြစ်သည်။ လက်ထပ်ဖို့ ဆုံးဖြတ်ထားသော မိန်းမလည်းဖြစ်သည်။ သို့ရာတွင် ထိုအသိမိတ်ဆွေသည် သူ၏ အသည်းနှလုံးများကို ရက်ရက်စက်စက် ထိုးနှက်လိုက်လေပြီတကား...

ထွန်းလင်းသည် ထိုသူ၏ မျက်နှာကို နောက်ထပ်၍ မကြည့်ချင်တော့အောင် ဖြစ်လာသဖြင့် ထိုင်ရာမှထကာ ကျောခိုင်းလိုက်လေသည်။

မိမိအနေဖြင့် ထိုမိန်းမတစ်ယောက်အပေါ်၌ ထွန်းလင်းက စိတ်မပျက် ပျက်သွားအောင် စေတနာဖြင့် ပြောဆိုလိုက်ခြင်းကို ထွန်းလင်းက စိတ်နာကြည်းသွားဟန် ရှိသောအခါ ထိုအသိမိတ်ဆွေသည် များစွာစိတ်မကောင်းဖြစ်သွားလေသည်။

"ဆောရီးဗျာ ကိုထွန်းလင်း၊ ကျုပ်က ခင်ဗျားဘက်ကို စေတနာအထားပိုပြီး ပြောလိုက်မိတာကို ခွင့်လွှတ်ပါ" ထိုသူသည် ဒေါက်တာထွန်းလင်းအား တောင်းပန်ခြင်းပြုလေသည်။

ထွန်းလင်းသည် ငိုင်၍ရပ်နေသည်။ တစ်ဖက်သား၏ စေတနာကို မသိတတ်လောက်အောင် သူသည် နုံချာလှသူတစ်ယောက်တော့ကား မဟုတ်ချေ သိသည်။

"ခင်ဗျားလည်း ဒီမိန်းမတစ်ယောက်အတွက်နဲ့ ဒုက္ခကြီးလှသဗျာ" ထိုအသိမိတ်ဆွေသည် တော်တော်ကြီး စိတ်မချမ်းသာလှသော လေသံဖြင့် ညည်းတွားပြောဆိုလိုက်သည်။

ထွန်းလင်းသည် ထိုသူကို တစ်ချက်မျှ ပြန်လှည့်ကြည့်ပြီးနောက် ဦးခေါင်းကို ငိုက်စိုက်ချကာ ထွက်လာခဲ့သည်။

သို့နှင့် နေ့ရက်များသည် တဖြည်းဖြည်း ကုန်လွန်လျက်ရှိသည်။ သို့ရာတွင် ထိုမိန်းမ၏ သတင်းအစအနကိုမျှ မရရှိခဲ့ချေ။ ထိုသို့ မရရှိသည့်အတွက် သူသည် စိတ်ပျက်ခြင်း၊ အားလျော့ခြင်းကား မရှိချေ။ သူသည် အင်မတန် ဇွဲကောင်းလှသည်။ ဝီရိယလည်း ရှိလှသည်။

ထိုကျောင်းပိတ်ရက်များအတွင်းက သူသည် အင်းစိန်စုံထောက်ဝင်းအတွင်းရှိ နွဲ့နွဲ့တို့အိမ်သို့ သုံးခေါက်မျှ နောက်ထပ်၍ ရောက်ရှိခဲ့သေးသည်။ သို့ရာတွင် မေမေလွင်၏ သတင်းနှင့် ပတ်သက်၍ ဘာမျှ

မထူးခြားသဖြင့် နွဲ့နွဲ့ထံမှ မေမေလွင် စစ်ကြီးမဖြစ်ပွားမီ တက္ကသိုလ်ကျောင်းသူဘဝနှင့်တုန်းက ရိုက်ကူးထားသော ဓာတ်ပုံကလေးတစ်ပုံကို တောင်းယူ၍ ပြန်လာခဲ့သည်။

ယခင်က ပုဂံလမ်းရှိ ထွန်းလင်း၏နေအိမ်တွင် ရသေ့မ အဝတ်အစားနှင့် ရိုက်ထားသော ၎င်းမိခင်၏ ဓာတ်ပုံကြီးတစ်ပုံသာ ရှိခဲ့သော်လည်း နွေကျောင်းပိတ်ရက်များအတွင်းက နောက်ထပ်၍ ဓာတ်ပုံတစ်ပုံတိုးလာသည်။ နွဲ့နွဲ့ထံမှ တောင်းယူလာခဲ့သော မေမေလွင်၏ ဓာတ်ပုံကို ပုံကြီးချဲ့၍ ဆေးခြယ်ကာ ဧည့်ခန်းဆောင်၌ ချိတ်ဆွဲထားလိုက်သည်။ အကြောင်းကို ဘာမျှမသိရှာသော ဦးအောင်တို့လင်မယားက မေမေလွင်၏ ဓာတ်ပုံကြီးကိုကြည့်ကာ "တော်တော် ကျက်သရေရှိတဲ့ မိန်းကလေးတစ်ယောက်ပဲ" ဟု ရိုးရိုးသားသား ချီးမွမ်းပြောဆိုခြင်းပြုကြသောအခါ ထွန်းလင်းသည် များစွာ နှစ်သိမ့်လျက်ရှိသည်။

သို့နှင့်သာ နွေကျောင်းပိတ်ရက်များ ကုန်ဆုံးကာ ကျောင်းပြန်ဖွင့်လာခဲ့သည်။ မေမေလွင်၏ သတင်းအစအနကိုမျှ မရခဲ့ချေ။

❖

## ထိုမိန်းမ

(၁)

နောက်တစ်နှစ် ကျောင်းပြန်၍ဖွင့်သောအခါ ဒေါက်တာထွန်းလင်းသည် ပါမောက္ခရာထူးဖြင့် ဌာနတစ်ခု၏ အကြီးအကဲ တာဝန်ဝတ္တရားများကို ထမ်းဆောင်ခြင်းပြုရလေသည်။ ထို့ကြောင့် သူ၏ တာဝန်ဝတ္တရားများသည် ပထမနှစ်ကထက် ကြီးလေးများပြား၍ လာလေသည်။ မိမိနှင့် သက်ဆိုင်သောဘာသာကို ပို့ချသင်ကြားပေးရုံမျှသာ မဟုတ်တော့ဘဲ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကိုပါ ပူးတွဲထမ်းဆော င်ခြင်းပြုလာရသည်။ ထို့ကြောင့် ယခင်နှစ်ကကဲ့သို့ အားလပ်ချိန် များများစားစား မရရှိတော့ချေ။ ထိုကဲ့သို့ တာဝန်ကြီးလေး၍ အားလပ်ချိန် နည်းပါးသည့် အကြားမှပင် သူသည် အချိန်အား အနည်းငယ်မျှရလျှင် ထိုမိန်းမ၏သတင်းကို ဖွဲကောင်းကောင်းနှင့် လိုက်လံထောက်လှမ်းမြဲ ထောက်လှမ်းလျက်ရှိသည်။ ထိုမိန်းမ သွားတတ်လာတတ်သော အသိမိတ်ဆွေပေါင်းများ အိမ်သို့ သွားရောက်လည်ပတ်ကာ မေးမြန်းစုံစမ်းမြဲ စုံစမ်းလျက်ရှိသည်။ သို့ရာတွင် ထိုမိန်းမသည် ၎င်းအား တမ်းတမ်းစွဲ

လိုက်လံရှာဖွေ၍နေသော ပါမောက္ခထွန်းလင်းကို တမင်သက်သက် အရူးဖြစ်အောင် လုပ်နေရှေ့သလားတော့ မသိချေ။ ရောင်ကွင်း၍သာ နေလေသည်။

ပါမောက္ခထွန်းလင်း တစ်ယောက် ဘာမျှမဟုတ်သော မိန်းမပျက် တစ်ယောက်ကို တမ်းတမ်းစွဲဖြစ်နေသဖြင့် ၎င်းအတွက် စိုးရိမ်ကြသော အသိမိတ်ဆွေများက သင့်တော်သော မိန်းမတစ်ယောက်နှင့် စပ်ဟပ် ပေးစားကြဖို့ စီစဉ်အားထုတ်ကြလေသည်။ မိန်းမပေးစားလိုက်လျှင် နေတတ်ထိုင်တတ် သွားလိမ့်မည်ဟု ထိုအသိမိတ်ဆွေများက အပေါ်ယံ တွက်ချက်ကြပုံရလေသည်။ ပါမောက္ခထွန်းလင်း ကဲ့သို့ လူ့အဖိုးတန် လူချော်လူခုံကြီး တစ်ယောက်ကို ငမ်းငမ်းတက် လိုချင်ကြသော သမီး ရှင်များအား ထိုမိတ်ဆွေများက ဘေးတီးပေးကြလေသည်။

ဘေးပတ်ဝန်းကျင်မှ မိတ်ဆွေများ၏ စေတနာအရ ဘေးတီးပေးမှု ကြောင့် ပါမောက္ခထွန်းလင်းသည် တော်တော်ကလေး အလုပ်လည်း ရှုပ်၊ စိတ်လည်းရှုပ်ခဲ့ရသေးသည်။ အဖိုးတန် လူတစ်ယောက်ကို သမက် ဖမ်းလိုကြသော သမီးရှင်များသည် ဘေးလူများ၏ ဘေးတီးလမ်းခင်း ပေးမှုကြောင့် ပါမောက္ခထွန်းလင်းအိမ်သို့ ဝင်ကြထွက်ကြလေသည်။ ၎င်းတို့၏ သမီးချော၊ သမီးလှများကိုပါ ခေါ်ဆောင်၍ လာရောက်ပြသ ကြလေသည်။ အိမ်ဝယ်ပေးမည်၊ မော်တော်ကား ဝယ်ပေးမည်ဟု အဆစ်တွေပါ ထည့်လာကြသည်။ သို့ရာတွင် နောက်ဆုံး၌မူကား ဘေး မှ ဘေးတီးပေးကြသော အသိမိတ်ဆွေများသာလျှင် အမောအဖတ်တင် ခဲ့ကြသည်။ ပါမောက္ခထွန်းလင်း တစ်ယောက်ကတော့မူ ၎င်းအား လာ ရောက်စပ်ဟပ် လူလုံးပြကြသော "အချော၊ အနု၊ ပုပု၊ မြင့်မြင့်" များ အနက် တစ်ယောက်တလေကိုမျှပင် စိတ်ဝင်စားသော အမူအရာမပြ ချေ။

ထိုမှုနှင့် စိတ်အားလျော့ပေးလိုဟန် မရှိသော ဌာနတစ်ခုမှ အကြီးအကဲတစ်ဦးက ကျောင်းတွင် ကထိကလုပ်နေသော မဟာဝိဇ္ဇာဘွဲ့ရ အပျိုကြီးတစ်ယောက်နှင့် ပါမောက္ခထွန်းလင်းကို မသိမသာ စပ်ဟပ်ကြည့်ပြန်သည်။ ပါမောက္ခထွန်းလင်းနှင့် မဟာဝိဇ္ဇာဘွဲ့ရ ကထိကအပျိုကြီးတို့ နှစ်ဦးကို ၎င်းနေအိမ်သို့ လေးငါးကြိမ်မျှ ထမင်းဖိတ်ကျွေးမွေးကာ လူချင်းနီးစပ် ပွန်းတီးသွားအောင်လည်း ထမင်းအကုန်ခံ၊ လူအပင်ပန်းခံကာ ပြုလုပ်ကြည့်သေးသည်။ ဝမ်းနုတ်ဆေးသည် အဘယ်မျှ ထက်မြတ်ကောင်းမွန်စေကာမူလည်း ဝမ်းချုပ်နေသူက ညှစ်အားမပေးသောအခါ အဘယ်ဆေးသမားသည် တတ်စွမ်းနိုင်မည်နည်း။ မဟာဝိဇ္ဇာဘွဲ့ရ ကထိကအပျိုကြီးသည်လည်း "တုံးကျော်" ၍သာ သွားလေသည်။

ပါမောက္ခထွန်းလင်းကို "လူတစ်မျိုး" အနေနှင့် ဘေးပတ်ဝန်းကျင်မှ စာရင်းသွင်းကာ လက်လျှော့လိုက်ကြလေသည်။ သို့ရာတွင် ထွန်းလင်းသည် ဘေးပတ်ဝန်းကျင်၏ ၎င်းအပေါ်၌ ထားရှိသော သဘောထားကိုလည်း လေးလေးနက်နက် အလေးဂရုပြုပုံ မရလှချေ။ အချိန်အား အနည်းငယ်ရလျှင် ထိုမိန်းမတစ်ယောက်၏ သတင်းကိုသာ လိုက်လံစုံစမ်း မေးမြန်းလျက်သာ ရှိလေသည်။ ထိုမိန်းမ၏ အဆက်အသွယ် အပေါင်းအဖော်များနှင့် သွားတတ်လာတတ်သည်ဆိုသော ဟိုတယ်များသို့ မသွားချင် သွားချင်နှင့် သွားရောက်ကာ မစားချင်၊ မသောက်ချင်သော အစားအစာများကို မှာယူစားသောက်ရင်း ထိုမိန်းမကို မျှော်နေတတ်သည်။ တစ်ခါကမူ တနင်္ဂနွေနေ့ မြင်းပွဲတစ်ပွဲတွင် စတူးဝဒ်လူကြီးတစ်ဦးနှင့် မေမေလွင်ကို တွေ့လိုက်ရသည်ဟူ၍ လူတစ်ယောက်၏ ပြောသံကို ကြားရသဖြင့် မြင်းပွဲသို့ ဘယ်တုန်းကမျှ မရောက်ဖူး၊ မပေါက်ဖူးသော ပါမောက္ခသည် မြင်းပွဲထဲသို့ ယောင်လည်

ယောင်လည်နှင့် ရောက်ရှိသွားသည်အထိ ဖြစ်လေသည်။

သို့နှင့် နှစ်တစ်ဝက်ကုန်ဆုံး၍ အောက်တိုဘာ ကျောင်းပိတ်ရက်များသို့သာ တိုင်လာခဲ့သည်။ ထိုမိန်းမ နေထိုင်ရာအရပ်ကို လည်းကောင်း၊ ထိုမိန်းမ၏ သတင်း ခိုင်ခိုင်လုံလုံကိုလည်းကောင်း ပါမောက္ခ ထွန်းလင်းသည် အစအနကလေးလောက်မျှပင် မရနိုင်ခဲ့ချေ။ သို့ရာတွင် ထိုသတ္တဝါသည် စိတ်ပျက်ခြင်းကား မရှိချေ။ ခိုင်မာလျက်ရှိနေတုန်းသာ ဖြစ်လေသည်။

* * *

(၂)

အောက်တိုဘာ ကျောင်းပိတ်ရက်များ ကုန်ဆုံးရန် ရက်အနည်းငယ်မျှသာ ကျန်တော့သည့်နေ့တစ်နေ့၌ ပုဂံလမ်းရှိ ပါမောက္ခထွန်းလင်း၏ နေအိမ်သို့ မျှော်လင့်၍မထားသော ဧည့်သည်တစ်ယောက် ဗြုန်းခနဲ ဝင်ရောက်လာသည်။ ထွန်းလင်းသည် ခြေကုန်လက်ပန်းကျကာ အိမ်တွင် နားနေသည့်အခိုက်လည်း ဖြစ်လေသည်။

၎င်း အိပ်စက်သော အခန်းအတွင်းသို့ ဦးအောင်က ဝင်လာကာ အမျိုးသမီးဧည့်သည်တစ်ဦး တွေ့လို၍ ဧည့်ခန်း၌ ထိုင်စောင့်နေသည့်အကြောင်း ပြောဆိုပြီးနောက် ပြန်၍ ထွက်သွားလေသည်။ ထို့နောက် ပါမောက္ခသည် လှဲနေသော အိပ်ရာထက်မှ ထကာ ဧည့်ခန်းဘက်သို့ ထွက်လာသောအခါ မိမိအိမ်သို့ တစ်ကြိမ်တစ်ခါမျှ လာရောက်လည်ပတ်ခြင်းမပြုဖူးသော ဧည့်သည်ကို တွေ့ရသဖြင့် များစွာ အံ့ဩ၍သွားလေသည်။ ထိုအမျိုးသမီး ဧည့်သည်မှာ အခြားသူမဟုတ်ဘဲ အင်းစိန်စုံထောက်ဝင်းအတွင်း၌ နေထိုင်လျက်ရှိသော မေမေလွင်၏ ညီမဝမ်းကွဲ နှဲ့နှဲ့ဖြစ်နေသောကြောင့်ပင် ဖြစ်လေသည်။

ထွန်းလင်းသည် ထိုမိန်းမတစ်ယောက်အတွက်နှင့် နွဲ့နွဲ့တို့အိမ်သို့ လေးကြိမ်မျှ သွားရောက်လည်ပတ်ဖူးလေသည်။ သို့ရာတွင် နွဲ့နွဲ့ကို ကား ၎င်းအိမ်သို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခြင်းလည်း မပြုခဲ့ ဖူးချေ၊ မိမိ၏ နေအိမ်ကိုလည်း မပြောပြခဲ့ဖူးချေ။ ထို့ကြောင့် နွဲ့နွဲ့ကို တွေ့လိုက်ရကတည်းက တစ်ခုခုထူးရမည်ဟု သူသည် ကျော်ကြားသော အဘိဓမ္မာပညာရှင် တစ်ဦးပီပီ နိဂုံးချုပ်လိုက်ပြီးလည်း ဖြစ်သည်။

"ပညာရှိ တွေးကြည့်က ပြေးကြည့်သည်ထက်မှန်သည်" ဆိုသော စကားသည် ဤတစ်ကြိမ်တွင် သွေးထွက်အောင်ပင် မှန်၍နေသည်။

နွဲ့နွဲ့သည် မြို့ထဲသို့ အလုပ်ကိစ္စတစ်ခုနှင့် လာရင်း ၎င်း၏အိမ်သို့ စုံစမ်းမေးမြန်း၍ ဝင်လာခဲ့ရသည့်အကြောင်းကို ရှေးဦးစွာ ပြောဆို သည်။ ထို့နောက် မနေ့ကညနေဘက်တွင် မေမေလွင် ၎င်းတို့အိမ်ကို လာသွားသည့်အကြောင်းကို ပြောပြလေသည်။ မေမေလွင် သတင်းကို ကြားလိုက်ရလျှင်ပင် ပါမောက္ခသည် အသက်ရှုရမှန်း သတိမရနိုင် လောက်အောင် ပျာပျာသလဲဖြစ်သွားသည်။ "မေ နွဲ့နွဲ့တို့ဆီလာတယ်၊ ဟုတ်လား၊ သူ ဘယ်မှာနေသလဲဆိုတာကိုကော မေးမထားလိုက်ဘူး လားဟင်" ဟုလည်း စိုးရိမ်တကြီး မေးမြန်းလိုက်မိသည်။

နွဲ့နွဲ့က ထိုအမေးကို မဖြေဘဲ "ကိုထွန်းလင်း" ဟူ၍ မေမေလွင်၏ လက်ရေးနှင့် ရိုးရိုးကလေး လိပ်တပ်ထားသော စာအိတ်တစ်အိတ်ကို လှမ်း၍ ပေးလေသည်။ သူသည် စာအိတ်ကို လှမ်းယူလိုက်စဉ် ကမ္ဘာ မြေပြင်တစ်ခုလုံးသည် စိမ်းလန်းစိုပြည်နေသည်ဟု ထင်လိုက်သည်။ စာအိတ်ပေါ်တွင် ရေးထိုးထားသော "ကိုထွန်းလင်း"ဆိုသည် မေမေလွင် ၏ လက်ရေးကို အတန်ကြာ ငိုင်၍ ကြည့်နေမိသည်။

စာအိတ်ကိုဖောက်၍ မဖတ်နိုင်သေးဘဲ ငိုင်ကြည့်နေစဉ် ဧည့်သည် လုပ်သူသည် ထိုင်ရာမှထလေသည်။ "နွဲ့ယောက်ျားလည်း အလုပ်ကိစ္စ

တစ်ခုအတွက်နဲ့ ရွှေဘိုဘက်ကို ခရီးထွက်နေတယ်၊ အဲဒီတော့ ကိုထွန်းလင်း တနင်္ဂနွေနေ့ အိမ်ကိုလာမယ်ဆိုရင် တစ်နေ့လုံး အေးအေးဆေးဆေးနဲ့ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်" ဟုသာ ပြောဆို၍ ထွက်သွားသဖြင့် ထွန်းလင်းသည် စာအိတ်ကို ကတိုက်ကရိုက်နှင့် ဖွင့်ရင်း ညှို့သည့်နောက်သို့ ထလိုက်၍ သွားရလေသည်။ သူသည် စာကို မဖတ်အားနိုင်သေးဘဲ "မေက ဘာမှာသွားသေးသလဲဟင် နွဲ့နွဲ့" ဟု ပျာပျာသလဲ မေးလိုက်မိသည်။ နွဲ့နွဲ့သည် အိမ်အထွက် တံခါးဝတွင်ရပ်ကာ "ထွေထွေထူးထူးတော့ ဘာမှမမှာလိုက်ပါဘူး၊ အဲဒီစာကိုသာ လက်ထဲရောက်အောင် ပေးလိုက်ဖို့ မှာတာပါပဲ" ဟု ပြောဆိုကာ ထွက်၍သွားသဖြင့် ထွန်းလင်းသည် ညှို့သည့်ကို လောကဝတ်ပြုရန်အတွက် ဘာကိုမျှ သတိမရနိုင်တော့ဘဲ မေမေလွင့်ထံမှ စာကို ဖတ်ရှုရန် ၎င်း၏ အိပ်ခန်းအတွင်းသို့ ပြန်ဝင်သွားပြီးနောက် အိပ်ရာထက်သို့ ၎င်း၏ကိုယ်ကို ကလေးသူငယ်တစ်ယောက်လို ပစ်လှဲချလိုက်သည်။ ထိုအချိန်တွင် အသက်သုံးဆယ် ကျော်လွန်လာခဲ့ပြီဖြစ်သော ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခကြီး ထွန်းလင်းသည် "ဖရုက်ရှာ" ကလေးတစ်ယောက်လို ရုတ်တရက်ပင် နှပျိုငယ်ရွယ်၍ သွားလေသည်။

"ချစ်သော ကိုထွန်းလင်း" ဟူ၍ စတင်လိုက်သော စာကလေးငါးလုံးကို ဆက်ဖတ်လိုက်ရကတည်းက ထွန်းလင်း၏ရင်တွင်းရှိ အသည်းနှလုံးများသည် ဆတ်ဆတ်ခါနေသည်။ သူသည် ထိုစာကလေးငါးလုံးကို နှစ်ခေါက်မျှပင် ပြန်၍ ဖတ်လေသည်။ ဖတ်သောအခါတိုင်းလည်း ရင်ထဲတွင် ခါ၍ခါ၍ သွားလေသည်။

၎င်းဆိုလိုသော အကြောင်းအရာများကို ရိုးရိုးနှင့် ရှင်းရှင်း လွယ်လွယ်ကလေး ရေးလိုက်သော မေမေလွင်၏စာကို နိုင်ငံခြားတက္ကသိုလ်ကြီးများမှ မဟာဝိဇ္ဇာနှင့် ပီအိပ်(ချ်)ဒီဘွဲ့များကိုပင် ရယူခဲ့သော ပါမောက္ခ

ကြီး ထွန်းလင်းသည် သူငယ်တန်းကျောင်းသားကလေး တစ်ယောက်လို စာလုံးတစ်လုံးချင်း ပေါင်း၍ ဖတ်ရှုနေသလားတော့ မသိ၊ နာရီဝက်သာ သာခန့်မျှ ဖတ်ရှုနေလေသည်။ တကယ်ဆိုတော့ သူသည် ထိုစာကို အကြိမ်ပေါင်းများစွာ အခေါက်ခေါက် အခါခါနှင့် အပြန်ပြန် အလှန်လှန် ဖတ်ရှုနေခြင်းမျှသာ ဖြစ်လေသည်။ ထိုကဲ့သို့ ဖတ်နေရစဉ် ကမ္ဘာမြေကြီး သည် နတ်ဘုံကြီးတစ်ခုကဲ့သို့ ပြောင်းလဲနေသည်ဟုလည်း အောက်မေ့ ထင်မှတ်နေသည်။

မေမေလွှင့်ထံမှ စာကို စိတ်ကျေနပ်လောက်အောင် ဖတ်ရှုပြီးစီး သွားသောအခါ ပါမောက္ခထွန်းလင်းသည် အိပ်ရာထက်မှ ဝုန်းခနဲ မြည် သွားအောင် ကြမ်းပြင်ပေါ်သို့ ခုန်ဆင်းလိုက်သည်။ ထို့နောက် ဘာလုပ် ၍ ဘာကိုင်ရမှန်းကို မစဉ်းစားတတ်သဖြင့် "ထိုမိန်းမလှ ကြွမြန်းလာ သောအခါ မြင်းဖြူခြောက်ကောင်ဆွဲသော ရထားကို စီးနင်း၍ လာပါ လိမ့်မည်" ဆိုသော အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို စိတ်ပါလက်ပါ လေချွန် လိုက်လေသည်။ သူသည် ထိုသီချင်းကို မေ့လျော့နေခဲ့သည်မှာ ဆယ် နှစ်ခန့်မျှ ရှိသွားခဲ့လေပြီ။ နောက်ဆုံးအကြိမ် ထိုသီချင်းကို မေမေလွှင် နှင့်အတူ ကံဘဲ့ခြံကြီးအတွင်း၌ လမ်းလျှောက်ရင်း စကားပြောဆိုရာမှ သထုံကျောင်းဆောင်သို့ ပြန်လာစဉ်က လေချွန်ခဲ့ဖူးသည်။ ထိုအကြိမ် က သူသည် ၎င်း၏ကိုယ်ကိုယ် ကမ္ဘာမြေကြီးပေါ်၌ လမ်းလျှောက်နေရ သည်ကိုပင် သတိမေ့လျော့နေခဲ့ဖူးသည်။ မိုးတိမ်များအထက်တွင် ရှိ နေသော ကြယ်ပွင့်များအကြား၌ ဈာန်ယာဉ်စီးနေရသည်ဟု ထင်မှတ် နေပုံရလေသည်။ ယခုလည်း ထိုသီချင်းကို အားရပါးရနှင့် ကျယ်ကျယ် လောင်လောင် လေချွန်လျက်ရှိနေရာမှ သူ၏ကိုယ်ကို မိုးမြင့်ဘုံသား တစ်ယောက်လို့များ အောက်မေ့ထင်မှတ်နေသလားမသိချေ။

အိမ်၏ နောက်ဖေးဘက် မီးဖိုချောင်ထဲတွင် ထမင်းဟင်းများကို

ချက်ပြုတ်လျက်ရှိနေကြသော အဘိုးကြီး၊ အမယ်ကြီး လင်မယားနှစ်ယောက်တို့သည် ပါမောက္ခထွန်းလင်း အိပ်စက်ခြင်းပြုသော အခန်းထဲမှ “ဝုန်း”ခနဲ မြည်လိုက်သောအသံကို ကြားလိုက်ရကတည်းက တစ်စုံတစ်ရာများ ဖြစ်လေသလားဟူသော စိုးရိမ်ပူပန်ချက်ဖြင့် မီးဖိုချောင်ထဲမှ အပြေးကလေး ထွက်လာကြပြီးလျှင် အိပ်ခန်းအပြင်ဘက်မှ နေ၍ အတွင်းသို့ ငုံ့ကြည့်နေကြသည်။ အခန်းအတွင်း၌ကား ဘာမျှ ထူးထူးခြားခြား မတွေ့ကြရချေ။ ၎င်းဘာသာ တစ်ယောက်တည်း ရယ်ကာပြုံးကာနှင့် မချွန်စဖူး လေချွန်နေသော ပါမောက္ခတစ်ယောက်ကိုသာ တွေ့နေရသဖြင့် အဘိုးကြီး၊ အမယ်ကြီး နှစ်ဦးတို့သည် တစ်ဦး၏မျက်နှာကို တစ်ဦးက “ဘယ်လိုဖြစ်တာလဲ”ဟူ၍ မေးမြန်းသော အမူအရာများဖြင့် ပြိုင်တူလိုလို ကြည့်မိကြလေသည်။ သို့ရာတွင် ဒေါက်တာ ထွန်းလင်း တစ်ယောက်ကတော့မူ မိုးမမြင်လေမမြင် ဖြစ်နေလေပြီဖြစ်၍ ဘာကိုမျှ မမြင်နိုင်တော့ချေ။ သူသည် ပထမသီချင်းတစ်ပုဒ်ကို လေချွန်ပြီးနောက် နောက်တစ်ပိုဒ်ကို ဆက်ပြန်လေသည်။

“ထိုမိန်းမလှ ကြွမြန်းလာသောအခါ ရထားလုံး၏ ပြတင်းတံခါးဝမှ ခေါင်းပြူပြီးရယ်ကာနှင့် ကြွမြန်းလာပါလိမ့်မည်”

* * *

(၃)

ဆယ်နှစ်မျှ ရှည်လျားကြာမြင့်လျက် အလွန်တရာလည်း လေးလံသော အချိန်ကာလသည် ထိုမိန်းမကို အနည်းငယ်မျှ ဖိစီးခြင်းမပြုနိုင်သကဲ့သို့ ထင်ရသည်။ ထိုအချိန်ကာလအတွင်း ဤကမ္ဘာရှိ ကြီးမားသောအပြောင်းအလဲနှင့် အဖြစ်အပျက်တို့သည် ဖြစ်ပွားခဲ့ကြပြီးလည်း ဖြစ်လေသည်။ သို့ရာတွင် ထိုမိန်းမ၌ မည်သည့်ပြောင်းလဲခြင်းကိုမျှ မတွေ့ရချေ။

ထိုမိန်းမသည် လွန်လေပြီးသော ဆယ်နှစ်ခန့်အချိန်တုန်းက အတိုင်းပင် လှပချောမောလျက် ရှိနေတုန်းသာ ဖြစ်သည်။ အနည်းငယ်မျှ မကျ၊ ငယ်ရွယ်နုပျိုလျက် ရှိနေတုန်းလည်း ဖြစ်လေသည်။ အိုစာခြင်းမရှိ၊ တောင့်တင်းစိုပြည်လျက် ရှိနေတုန်းသာ ဖြစ်လေသည်။

ကြာမြင့်စွာ ကွဲကွာ၍နေကြရာမှ လူချင်းတွေ့ရလျှင် တွေ့ရချင်း တစ်ဦးနှင့်တစ်ဦး ရုတ်တရက် စကားပြောဆိုခြင်း မပြုနိုင်ကြချေ။ တစ်ဦးကိုတစ်ဦး အတန်ကြာမျှ ငေးစိုက်၍ ကြည့်နေကြသည်။ ထိုသို့ ကြည့်ရင်း မျက်လုံးများဖြင့်သာ စကားပြောဆိုလျက် ရှိကြလေသည်။

သူတို့နှစ်ဦး လွတ်လွတ်လပ်လပ်နှင့် အေးအေးချမ်းချမ်း စကားပြောဆိုနိုင်စေရန်အတွက် နွဲ့နွဲ့သည် ရန်ကုန်ဘက်သို့ ရှောင်ကွင်းထွက်သွားပေသည်။ အိမ်ကြီးတစ်ခုလုံးတွင် သူတို့နှစ်ယောက်တည်းသာ ကျန်ရှိလေသည်။

ထွန်းလင်းသည် ၎င်းပြောဆိုလိုသော အကြောင်းအရာကို သိုင်းဝိုင်း ဖွဲ့နွဲ့၍မနေဘဲ တိုတိုတုတ်တုတ်နှင့် လိုရင်းလောက်သာ ပြောဆိုခြင်း ပြုလိုက်သည်။ ၎င်း၏ အကြောင်းအရာမှာလည်း အခြားတော့မဟုတ်၊ မေမေလွင့်ကို အမြန်ဆုံး လက်ထပ်သိမ်းပိုက်လိုသည့် အကြောင်းသာ ဖြစ်သည်။

၎င်း၏အပေါ်၌ ညှိုးမှိုန်ရှည်လျားကြာမြင့်စွာ ဇွဲဇွဲလမ်းလမ်း ချင်ခင်လျက် လက်ထပ်ရန် ပြောဆိုနေသော ထိုလူတစ်ယောက်ကို မေမေလွင်သည် များစွာ အံ့ဩလှုပ်မရချေ။ မေမေလွင်သည် ထွန်းလင်း၏ အကြောင်းကို ထွန်းလင်းထက်ပို၍ သိရှိနားလည်ထားပြီး ဖြစ်ဟန်တူသည်။

"အသက်တွေလည်း ကြီးလာကုန်ကြပြီပဲ ကိုထွန်းလင်းရယ်၊ စဉ်းစဉ်းစားစား လုပ်ကြတာပေါ့နော်" မေမေလွင်က ဒါလောက်ပဲ ပြန်၍

ပြောဆိုသည်။

"စဉ်းစားဖို့စကားကို ခုထက်ထိ ပြောနေတုန်းပဲလား မေရယ်" ပါမောက္ခသည် သက်ပြင်းကိုချရင်း ပြန်၍ မေးလိုက်သည်။

"အရင်တုန်းကထက် ခုပိုပြီး စဉ်းစားဖို့ လိုလိမ့်မယ်ထင်တယ် ကိုထွန်းလင်း၊ မေ့အတွက်ထက် ကိုထွန်းလင်းအတွက်က ပိုအရေးကြီးပါလိမ့်မယ်"

"ဒါတွေ သိပ်ပြောမနေပါနဲ့တော့ မေ၊ ကိုထွန်းလင်းကို လက်ထပ်နိုင်မလား၊ လက်မထပ်နိုင်ဘူးလား ဆိုတာကိုသာ ပြောစမ်းပါ" ထွန်းလင်းသည် တိုတိုတောင်းတောင်းနှင့် ခပ်မာမာကလေး ပြောဆိုခြင်းပြုလိုက်သည်။

မေမေလွင်သည် ထွန်းလင်းအား နားလည်ခြင်းနှင့် သက်ညှာခြင်းရှိသော မျက်လုံးများနှင့် ငေးစိုက်၍ကြည့်နေသည်။ ဘာမျှတော့ ပြန်မပြောသေးချေ။

"ကိုထွန်းလင်းမေးတာ မကြားဘူးလား မေ၊ ကြားရင်လည်း ပြန်ပြောစမ်းပါ" နှစ်ရှည်လများ စောင့်ဆိုင်းနေခဲ့ရသော ထွန်းလင်းသည် သည်းညည်းမခံနိုင်လောက်အောင် ဖြစ်လာပုံရလေသည်။

မေမေလွင်သည် ထွန်းလင်းကို ငေးစိုက်၍ ကြည့်မြဲကြည့်နေသည်။ ၎င်း၏ မျက်လုံးအိမ်တွင်ကား မျက်ရည်များသည် ဝိုင်း၍နေလေသည်။

"မေက ခွင့်ပေးချင်ပေး၊ မပေးချင်လည်းနေ၊ ကိုထွန်းလင်းကတော့ မေ့ကို ဖြစ်တဲ့နည်းနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးပြီ" ထိုမိန်းမထံမှ အဖြေမရသောအခါ ထွန်းလင်းသည် ၎င်း၏ ဆုံးဖြတ်ချက်ကို ထုတ်ဖော်ပြောဆိုလိုက်သည်။

"ကိုထွန်းလင်းကို မေ လက်မထပ်ချင်ဘူး" မေမေလွင်သည် ငိုသံ

ပါကြီးနှင့် ပြောဆိုပြီးနောက် လက်ကိုင်ပဝါဖြင့် မျက်ရည်စများကို သိမ်းဆည်းနေသည်။

"လက်မထပ်ချင်ဘူး ဟုတ်လား မေ" ထွန်းလင်း၏အသံသည် မာလှသည်။

မေမေလွင်သည် ဦးခေါင်းကိုသာ ပြန်၍ညိတ်ပြလေသည်။

"ဘာပြုလို့လဲ ပြောစမ်းပါဦး"

"နံပါတ်တစ်အကြောင်းကတော့ ကိုထွန်းလင်းကို မေ အင်မတန် ချစ်လွန်းလို့ပါ"

"ဩော်... ချစ်လွန်းလို့တဲ့လား"

"နံပါတ်နှစ်အကြောင်းကတော့ မေ့ဘဝ ခုအခြေမျိုးရောက်နေတော့မှ ခုလိုပဲ လွတ်လွတ်လပ်လပ်နဲ့ ပျော်ပျော်ပါးပါး နေသွားချင်လို့ပါ"

"မေ့အကြောင်းတွေက ဒါပဲလား၊ ဒီပြင်နံပါတ်သုံးတို့ လေးတို့ကော ရှိသေးသလား"

မေမေလွင်သည် နောက်ထပ်၍ ဘာမျှဆက်လက်ပြောဆိုခြင်း မပြုတော့ဘဲ ငြိမ်နေလိုက်သည်။

"ရှိသေးရင်လည်း ပြောစမ်းပါဦးဗျ" ထွန်းလင်းသည် အော်ငေါက်၍ပင် ပြောဆိုလိုက်ပြန်သည်။ အစိုင်အခဲကြီးများကို ကာလရှည်လျားကြာမြင့်စွာ ဝမ်းထဲ၌သာ မျိုသိပ်၍ထားခဲ့ရသဖြင့် အတွင်း၌ ချဉ်ပေါက်နေဟန်ရှိသည်။

မေမေလွင်သည် ထိုယောကျ်ားတစ်ယောက်ကို ကောင်းစွာ နားလည်ခြင်းနှင့် စာနာခြင်းပြုနိုင်သကဲ့သို့ ငြိမ်သက်စွာ နားထောင်၍နေသည်။ သို့ရာတွင် နီမြန်းနေသော ထိုနွားကျောင်းသားဟောင်း၏ မျက်နှာကို မကြည့်ရက်သကဲ့သို့ တစ်ချက်မျှသာ လှမ်းကြည့်လိုက်ပြီးနောက်

ဦးခေါင်းကို ငုံ့ထားလိုက်သည်။

မိမိဘာသာ တစ်ယောက်တည်း ဒေါသထွက်နေပြီး အခြားသူတစ်ဦးက တုဏှိဘာဝေ ပြုနေသောအခါ ထွန်းလင်းသည် မိမိ၏အဖြစ်ကို ပြန်၍ စဉ်းစားမိလာသကဲ့သို့ သက်ပြင်းကိုချလိုက်သည်။ ထို့နောက် ထိုင်ရာမှထကာ အိမ်ဘေးပြတင်းပေါက်ဝသို့ ထ၍သွားပြီးလျှင် အပြင်ဘက်သို့ မျှော်ကြည့်နေသည်။

မေမေလွင်သည် ထွန်းလင်းကို နောက်ကျောဘက်မှ တစ်ချက်မျှလှမ်း၍ မျက်နှာပင့်ကာ ကြည့်လိုက်ပြီးနောက် "မေ့အပြင် ကိုထွန်းလင်းကို လက်ထပ်နိုင်တဲ့ တခြားမိန်းမတစ်ယောက်မှ မရှိတော့ဘူးလားဟင်" ဟု မတိုးမကျယ် မေးလိုက်ပြန်သည်။

"ဘာပြောတယ်..." ထွန်းလင်းသည် ပေါက်ကွဲ၍ ထွက်သွားပြန်လေသည်။ ထိုသို့ ပေါက်ကွဲသွားပြီးမှ သူ၏ ကျူးလွန်မှုကို ပြန်သတိရလာသကဲ့သို့ မေမေလွင့်ကို ကျောခိုင်းလိုက်ရပြန်သည်။ အိုမင်းနေသောသူ၏မျက်နှာဆိုးကြီးကို ထိုမိန်းမအား သူသည် မြင်စေလိုဟန်မရှိချေ။

"တစ်လောက မမကြီးနဲ့ ကိုထွန်းလင်းကို ဆရာဦးတင်တို့ လူတစ်သိုက်က စေ့စပ်ပေးဖို့ လုပ်ကြတယ်ကြားရတော့ မေ တော်တော်ကလေးဝမ်းသာသွားတယ်" မေမေလွင်သည် ပါမောက္ခထွန်းလင်းနှင့် စေ့စပ်ပေးရန် ဌာနတစ်ခုမှ အကြီးအကဲတစ်ဦးက ကြိုးပမ်းခဲ့သော မဟာဝိဇ္ဇာဘွဲ့ရ ကထိကအပျိုကြီးတစ်ဦးကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။

"တော်ပါတော့ မေ၊ ဒီအကြောင်းကို ထပ်မကြားရရင် ကောင်းလိမ့်မယ်" ထွန်းလင်းသည် ဤတစ်ကြိမ်တွင် မေမေလွင့်ကို လှည့်၍မျှပင် မကြည့်ဘဲ ခပ်ကျယ်ကျယ်ကလေး ပြောဆိုလိုက်သည်။

"မမကြီးလို ရိုးရိုးအေးအေးနဲ့ အင်မတန်သဘောကောင်းတဲ့ မိန်းမတစ်ယောက်ကိုတော့ ကိုထွန်းလင်း တစ်သက်လုံး စိတ်ချမ်းသာအောင်

လက်ထပ်ဖို့ကောင်းတယ်"

ထွန်းလင်းသည် ပြတင်းတံခါးဝမှ ချာခနဲလှည့်ကာ မေမေလွင် ထိုင်နေသော ကုလားထိုင်အနီးသို့ လျှောက်လာသည်။ သို့ရာတွင် ဘာမျှတော့ ပါးစပ်မှ ထွက်မလာချေ။ ထွက်မလာသော်လည်း တော်တော်ကြီး မျိုသိပ်ဖိနှိပ်ထားပုံရလေသည်။

မေမေလွင်သည် မျက်ရည်များလည်၍နေသော မျက်လုံးဝိုင်းကြီးများဖြင့် ၎င်းအား စိတ်ဆိုးမာန်ဆိုးနှင့် စူးစိုက်ကြည့်နေသော ထွန်းလင်းကို ကလေးသူငယ်မကလေးတစ်ယောက်လို မော်၍ ကြည့်နေသည်။

"မနက်ဖြန်ခါ တရားရုံးတစ်ခုမှာလက်ထပ်ကြဖို့အတွက် ကိုထွန်းလင်း စီစဉ်လိုက်တော့မယ် ဟုတ်လား"

ထွန်းလင်းက တိတိကျကျ ထိုသို့ပြောဆိုလိုက်သောအခါ မေမေလွင်သည် ထိုယောက်ျားကို ကလေးသူငယ်မကလေး တစ်ယောက်လို မော်၍ကြည့်နေရာမှ "စဉ်းစားဖို့နဲ့ ပြင်ဆင်ဖို့အချိန်တော့ ပေးဦးမှပေါ့ ကိုထွန်းလင်းရယ်" ဟု မရဲတရဲနှင့် တောင်းပန်ပြောဆိုလိုက်မိသည်။

"ဒီဆင်ခြေဆင်လက်တွေကို ကိုထွန်းလင်း မကြားချင်တော့ဘူး မေ၊ ဒီကပြန်ရင် ကိုထွန်းလင်းနဲ့ အိမ်ကို တစ်ခါတည်းလိုက်ခဲ့ရလိမ့်မယ်၊ မနက်မှ ကျောင်းကခွင့်ယူပြီး ရုံးသွား လက်ထပ်ကြတာပေါ့" ထွန်းလင်းသည် ၎င်းဆုံးဖြတ်ထားသော အစီအစဉ်ကို တိုတိုတုတ်တုတ် ပြောဆိုလိုက်လေသည်။

မေမေလွင်သည် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားလေသည်။ "ကိုထွန်းလင်းကို မေ တစ်ခုလောက်တော့ တောင်းပန်ပါရစေဦးလား ဟင်" ဟုလည်း ထိုယောက်ျား၏ ခြေရင်းတွင် ကျုံ့ကျုံ့ကလေးထိုင်ကာ ခြေသလုံးကို ဖက်၍ တောင်းပန်လိုက်မိသည်။

ထွန်းလင်းသည် ဘာမျှပြန်မပြောဘဲ ၎င်း၏ခြေသလုံးကို ကျုံ့ကျုံ့

ကလေးဖက်၍ တောင်းပန်နေသော ထိုမိန်းမကို ငုံ့၍ကြည့်နေသည်။

"တစ်ယောက်နဲ့တစ်ယောက် ခုလို လူသိရှင်ကြားနဲ့ တရားဝင်လက်မထပ်ဘဲ ကိုထွန်းလင်းရဲ့ တိတ်တိတ်ပုန်းမယားအဖြစ်နဲ့ မေ နေလို့ကော မဖြစ်နိုင်ဘူးလား ကိုထွန်းလင်းရယ်"

"ဘာစကားတွေပြောနေတာလဲ မေ၊ တော်ပါတော့"

"ကိုထွန်းလင်းကို မေ အသည်းခိုက်ခိုက်တုန်အောင် ချစ်နေတာမို့လို့ ခုလိုပြောရတာပါ"

"တော်စမ်းပါမေ၊ ဒီအပြောအဆိုမျိုးတွေ ကိုထွန်းလင်း နောက်ထပ်မကြားစမ်းပါရစေနဲ့တော့"

"မေ့လို မိန်းမတစ်ယောက်ကို ကိုထွန်းလင်း လက်ထပ်လိုက်ရင် ကိုထွန်းလင်း သိပ်နစ်နာသွားလိမ့်မယ် ထင်တယ် ကိုထွန်းလင်းရယ်၊ စဉ်းစားစမ်းပါဦး"

"မတော်သေးဘူးလား မေ"

"တရားဝင်မယား မဟုတ်လည်း ကိုထွန်းလင်းရဲ့ မယားတစ်ယောက်လုံးဖြစ်နေမယ့်ဟာ ဘာလက်ထပ်ဖို့ လိုသေးသလဲဟင်၊ ကိုထွန်းလင်းရဲ့ စိတ်ချမ်းသာမှုနဲ့ ကြီးပွားတိုးတက်မှုအတွက် မေ့ဘဝကို အဆုံးခံဖို့လည်း ဆုံးဖြတ်ထားပါတယ်"

"ဒီလိုဆိုရင် တိတ်တိတ်ပုန်းမယားဆိုတဲ့ စကားကို ပြောမနေနဲ့တော့၊ မေ့ကို ဘယ်သူတွေက ဘာပဲပြောနေ ပြောနေ၊ ကိုထွန်းလင်း ဂရုမစိုက်ဘူး၊ မနက်ဖြန် ရုံးသွားလက်ထပ်ကြမယ်၊ ဒါပဲ"

မေမေလွင်သည် ထွန်းလင်း၏ ခြေသလုံးကို တအားဖက်ရင်း တရှုပ်ရှုပ် ငိုယိုနေသည်။ ဘာမျှပြန်မပြောတော့ချေ။ ပြော၍ကော ရပါဦးမည်လား...

"တိတ်စမ်းပါ မေ၊ ဘာပြုလို့ အဓိပ္ပာယ်မရှိ ငိုနေရတာလဲ" ထွန်းလင်း

သည် ထိုမိန်းမ၏ ဆံစကလေးများကို ယုယုယယ သပ်ပေးရင်း နှစ်သိမ့်ပြောဆိုလေသည်။

မေမေလွင်သည် အငိုမရပ်၊ တရှုပ်ရှုပ်သာ ငိုမြဲငိုနေသည်။

"ကိုယ်တို့နှစ်ယောက်အတွက် ရှေ့မှာ အင်မတန်သာယာဖြောင့်ဖြူးတဲ့ လမ်းမကြီးကို မြင်နေရမယ့်ဟာ ဝမ်းနည်းစရာ မဟုတ်ပါဘူးကွယ်"

ထွန်းလင်းသည် မေမေလွင်၏ မျက်ရည်စများကို ၎င်း၏ လက်ကိုင်ပဝါဖြင့် သိမ်းဆည်းပေးရင်း အားပေးပြောဆိုလျက်ရှိလေသည်။

သို့ရာတွင် ထိုမိန်းမသည် အငိုမရပ်ချေ။

❖

# ဖြစ်လေရာဘဝကွယ်

(၁)

တရားရုံးတော်တစ်ခုတွင် ပါမောက္ခထွန်းလင်းနှင့် မေမေလွင်တို့ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးသွားကြပြီဆိုသော ပေါင်းသင်းဆက်ဆံရေး သတင်းတစ်ရပ်သည် ရန်ကုန်တက္ကသိုလ် နယ်မြေတစ်ဝိုက်နှင့် နီးစပ်ရာ ပတ်ဝန်းကျင်တို့တွင် တော်တော်ကလေး လှုပ်လှုပ်ရှားရှား ဖြစ်သွားစေသော သတင်းဖြစ်လေသည်။ အရွယ်ရောက်ရှိလျက် မိမိတို့ ကိစ္စကို မိမိတို့ဘာသာ ပြဋ္ဌာန်းလုပ်ဆောင်ခွင့်ရှိနေကြပြီဖြစ်သော လူ အထီးနှင့်အမ နှစ်ဦးတို့၏ ပြုလုပ်ရိုး ပြုလုပ်စဉ် အလုပ်တစ်ခုကို လူသိရှင်ကြားနှင့် တရားဝင် ပြုလုပ်လိုက်ခြင်းမျှသာ ဖြစ်သော်လည်း လူတိုင်း လူတိုင်းလိုလို၏ ပါးစပ်ဖျားတွင် အဆန်းတကြယ် ပြောဆို၍နေကြသည်။

ထိုလူအထီးနှင့်အမ နှစ်ဦးတို့၏ နောက်ကြောင်းရာဇဝင်ကို ဘာမျှ မသိရှိလိုက်ကြသော လူများက မေမေလွင်ကဲ့သို့ နာမည်ပျက်နေသော မိန်းမတစ်ယောက်ကို မိမိ၏ ဂုဏ်သိက္ခာနှင့် မိမိအမှုထမ်းနေသော

ကျောင်း၏ ဂုဏ်သိက္ခာကိုမျှ မထောက်ဘဲ လက်ထပ်လိုက်သော ပါမောက္ခထွန်းလင်းကို ရက်ရက်စက်စက် အပြစ်တင်ကြသည်။ ရှုတ်ချ ပြောဆိုခြင်း ပြုကြသည်။ သူတို့နှစ်ဦး၏ နောက်ကြောင်းရာဇဝင်ကို သိရှိလိုက်ကြသော လူများကတော့ ပါမောက္ခထွန်းလင်းကို များစွာ အပြစ်တင်ပြောဆိုခြင်း မပြုကြသော်လည်း ၎င်း၏ဇနီး မေမေလွင်ကို ရစရာမရှိအောင် ရှုတ်ချပြောဆိုခြင်း ပြုကြလေသည်။ ဘာမျှ တန်ဖိုး လည်းမရှိ၊ ဂုဏ်သိက္ခာလည်းမရှိသော မိန်းမပျက်တစ်ဦးအနေနှင့် ရက် ရက်စက်စက် အပြစ်တင်ပြောဆိုကြသည်။

မည်သူက မည်ကဲ့သို့ပင် ဝေဖန်ရှုတ်ချပြစ်တင် ပြောဆိုကြစေကာ မူလည်း ပါမောက္ခထွန်းလင်းသည် ၎င်း၏ အင်မတန်ဆန္ဒရှိထားသော အလုပ်တစ်ခုကို မိမိသဘောအတိုင်း ပြုလုပ်လိုက်ရပြီဖြစ်၍ များစွာ ပျော်ရွှင်ချမ်းမြေ့လျက် ရှိလေသည်။ ဤကမ္ဘာမြေကြီး၌ ၎င်း၏ကိုယ်ကို ကံအကောင်းဆုံးသော လူတစ်ယောက်အဖြစ်ဖြင့် သဘောထားလျက် ရှိနေသည်။ သို့ရာတွင် ၎င်း၏ဇနီးသည်ဖြစ်သူမှုကား ထိုကဲ့သို့ မဟုတ် ချေ။ မေမေလွင်သည် ၎င်း၏ အင်မတန်ရှောင်ကွင်းလိုသော အမှုကြီး တစ်ခုကို ဇက်စင်း၍ ခံပေးလိုက်ရသဖြင့် အနည်းငယ်မျှ ချမ်းသာပျော် မွေ့ခြင်း မရှိချေ။ ထိုသို့ မိမိ၏ အင်မတန်ချစ်နေရသော လူတစ်ဦးတစ် ယောက်အတွက် မိမိ အဆင်းရဲခံနေရသော အဖြစ်ကိုမှုကား ထိုသူအနည်း ငယ်မျှ မရိပ်မိမသိရှိရအောင် အပိရိဆုံး ဖုံးဖိထားခဲ့သည်။ လင်ဖြစ်သူ၏ စိတ်ချမ်းသာပျော်ရွှင်ခြင်း တစ်ခုတည်းကိုသာ အလိုရှိသဖြင့် လင်၏ မျက်ကွယ်ရာအရပ်၌သာ မိမိ၏ ဇာတိ၊ ပကတိရုပ်ကို ဖော်လျက် လင်၏ မျက်စိအောက်တွင် သူနှစ်သက်သလို အလိုလိုက်နေထိုင်ခြင်း ပြုလေ သည်။

တရားရုံး၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးခြင်း ပြုကြပြီး

နောက် ယဉ်ကျေးသော လူသတ္တဝါများပီပီ မိမိတို့၏ ဘေးပတ်ဝန်းကျင်ကို ရှိသေသမှုပြုရသေးသည့်အလျောက် သုံးရက်ခန့်အကြာတွင် မင်္ဂလာညစာစားပွဲတစ်ခုကို တည်ခင်းပြင်ဆင်ကြသည်။ ညစာကို ပုဂံလမ်း နေအိမ်တွင် ပြင်ဆင်လျက် ၎င်းနှင့်သက်ဆိုင်သော ဘေးပတ်ဝန်းကျင်မှ ဖိတ်ကြားသင့်သော လူများအားလုံးကို ပါမောက္ခထွန်းလင်းကိုယ်တိုင် လေးလေးစားစား လိုက်လံ ဖိတ်ကြားခြင်း ပြုလေသည်။ မေမေလွင်ကတော့မှ အင်းစိန်စုံထောက်ဝင်းအတွင်းရှိ ၎င်း၏ ညီမဝမ်းကွဲ တော်စပ်သော နွဲ့နွဲ့တို့လင်မယားနှစ်ယောက်တို့ကိုသာ ဖိတ်ကြားခြင်း ပြုလေသည်။

ညစာစားပွဲမှာ ဖိတ်ကြားထားသော လူပေါင်းတစ်ရာခန့်မျှအတွက် စီစဉ်ပြင်ဆင်ခြင်းပြုရသော ထမင်းစားပွဲဖြစ်လေသည်။ အိမ်မှ ချက်ပြုတ်စီမံခြင်း မပြုနိုင်သဖြင့် အကောင်းဆုံးသော တရုတ်ဟိုတယ်ကြီးတစ်ခုကို အော်ဒါပေးရလေသည်။ လူတစ်ရာ စားသောက်နိုင်ရန်အတွက် ငွေငါးရာခန့်မျှလည်း ကုန်ကျလေသည်။ သို့ရာတွင် ပါမောက္ခထွန်းလင်းနှင့် ၎င်း၏ဇနီး မေမေလွင်တို့က မိမိတို့၏ ဘေးပတ်ဝန်းကျင်နှင့် အသိမိတ်ဆွေများအား ဂါရဝပြုကာ တည်ခင်းကျွေးမွေးသော မင်္ဂလာ ညစာစားပွဲသို့ မည်သူတစ်ဦးတစ်ယောက်မျှ မလာရောက်ကြချေ။ မေမေလွင်၏ ညီမဝမ်းကွဲ နွဲ့နွဲ့ပင်လျှင် ၎င်း၏ ယောကျ်ားက ပိတ်ပင်ဟန့်တားထားသောကြောင့်လားတော့ မသိ၊ ပေါ်မလာချေ။

ညစာကို ခုနစ်နာရီတွင် ကျွေးမွေးရန်အတွက် ဖိတ်ကြားပြင်ဆင်ထားသော်လည်း ကိုးနာရီထိုးသည်အထိ တစ်စုံတစ်ယောက်မျှ ပေါ်မလာကြသောအခါ မေမေလွင်သည် အိမ်ခန်းထဲသို့ဝင်၍ တရှုပ်ရှုပ်ငိုယိုခြင်းပြုလေတော့သည်။ ထိုသို့ မေမေလွင် ဝမ်းနည်းပက်လက်နှင့် ငိုယိုနေချိန်တွင် မင်္ဂလာညစာစားပွဲသို့ ဖိတ်ကြားခြင်းခံရသော သူများ

သည် ၎င်းတို့လင်မယားၡ၏ အကြောင်းကို ကဲ့ရဲ့ပြောဆိုလျက် ရှိကောင်း ရှိနေကြမည်။ နွဲ့နွဲ့၏ ယောက်ျားလုပ်သူကပင် ၎င်း၏ မယားကို မာန်မဲ ကောင်း မာန်မဲနေလိမ့်မည်။

မိမိနှစ်သက်လှသော မိန်းမတစ်ယောက်ကို လက်ထပ်သိမ်းပိုက် နိုင်လျက် ဤကမ္ဘာမြေကြီးပေါ်တွင် မိမိကိုယ်ကို ကံအကောင်းဆုံးသော လူတစ်ယောက်ဟူ၍ ထင်မှတ်ထားသော ထွန်းလင်းပင်လျှင် ထိုမင်္ဂလာ ညစာကို တည်ခင်းကျွေးမွေးသောညက တော်တော်ကလေး စိတ်ထိ ခိုက်သွားပုံရသည်။ သူသည် ည ၁၁ နာရီလောက်မှ အိမ်ထဲသို့ ပြန်ဝင် လာကာ မျက်ရည်နှင့်မျက်ခွက်ဖြစ်နေသော မယားလုပ်သူကို အားပေး နှစ်သိမ့်ခြင်း ပြုလေသည်။ သူ့မယား၏ မျက်ရည်စများကိုလည်း သိမ်း ဆည်းခြင်း ပြုပေးလေသည်။

ထိုညက သူတို့လင်မယားနှစ်ယောက်စလုံး အိပ်စက်၍ မရကြ ချေ။ လွန်ခဲ့သော သုံးညက လင်မယားနှစ်ယောက်တို့သည် တစ်ဦးနှင့် တစ်ဦး မျက်နှာချင်းဆိုင်ကာ တစ်ယောက်ကိုတစ်ယောက် ဖက်၍ အိပ် စက်ခြင်း ပြုခဲ့ကြသော်လည်း ထိုညတွင်ကား တစ်ဦးကိုတစ်ဦး ကျော ခိုင်း၍ အိပ်စက်ကြလေသည်။ တစ်ဦး အိပ်မပျော်မှန်းကို တစ်ဦးက သိရှိကြသော်လည်း တစ်ဦးနှင့်တစ်ဦး စကားပြောဆိုခြင်း မရှိကြချေ။ ထိုညက မိုးစင်စင်သာ လင်းသွားခဲ့သည်အထိ တစ်ရေးမျှ မအိပ်နိုင်ခဲ့ ကြချေ။

နံနက်ငါးနာရီခွဲ သာသာခန့်တွင် လင်လုပ်သူအတွက် လက်ဖက် ရည် ဖျော်တိုက်ရန် မေမေလွင်သည် အိပ်ရာမှ ထလေသည်။ ထွန်းလင်း သည် သူ၏မယားကို အိပ်ရာမှ မထစေလိုသေးသကဲ့သို့ လှမ်းဆွဲ၍ ဖက်လိုက်သည်။

"ဒီလိုဟာတွေနဲ့ တွေ့ကြုံရလိမ့်မယ်ဆိုတာကို စောစောကတည်း

က မေ သိထားလို့ အတတ်နိုင်ဆုံး ရှောင်နေခဲ့တာပဲလေ” မေမေလွင်က ရင်ထဲ၌ ခဲနေသော အကြောင်းအရာများကို အန်ထုတ်လိုက်လေသည်။

“ဒါတွေကို ဂရုစိုက်နေစရာ မဟုတ်ပါဘူး မေရယ်၊ ကိုယ့်ထမင်း ကိုယ်စားနေတာပဲ” ထွန်းလင်းက မယား၏ နဖူးပြင်ကိုနမ်းရင်း ပေါ့ ပေါ့တန်တန် ပြောဆိုလေသည်။

“မေ့အတွက်က မထူးပါဘူး ကိုထွန်းလင်းရယ်၊ ရှင့်လို တကယ့် လူအဖိုးတန်ကြီးတစ်ယောက် နစ်နာရတာကိုတော့ မေ မခံနိုင်လွန်းလို့ ပြောနေရတာပါ” မေမေလွင်သည် ထွန်းလင်း၏ ရင်ခွင်ထဲမှ ရုန်းထွက် ရန် ကြိုးစားရင်း ပြောဆိုသည်။

“တို့လင်မယားနှစ်ယောက် ခုလိုသာချစ်နေရရင် ဘယ်သူ့ကိုကော ဂရုစိုက်နေရဦးမှာလဲကွယ်”

ရုန်းထွက်ရန် ကြိုးစားနေသော မေမေလွင်ကို တင်းကျပ်စွာ ဖက် ထားရင်း ထွန်းလင်းက လေးလေးနက်နက် ပြောဆိုလိုက်လေသည်။

မေမေလွင်သည် နောက်ထပ် ရုန်းထွက်ရန်လည်း မကြိုးစား၊ ဘာ မျှလည်း မပြော၊ ငြိမ်သက်နေလိုက်သည်။

* * *

(၂)

မိမိတို့၏ကိစ္စကို မိမိတို့ဆန္ဒနှင့် မိမိတို့သဘောအလျောက် လွတ် လပ်စွာ ပြဋ္ဌာန်းဆုံးဖြတ်ကြပြီး ဖြစ်ကြသည့်အားလျော်စွာ တရားရုံး တော် တစ်ခုတွင် နှစ်ဦးသဘောတူ ကျမ်းသစ္စာကျိန်ဆိုကာ အကြင်လင်မယား များအဖြစ်ဖြင့် တရားဝင် လက်ထပ်ပြီးစီးခဲ့ကြသည့် နေ့ရက်မှစ၍ ထိုနှစ် နွေကျောင်းရက်ရှည် ပိတ်သွားသည်အထိ ရန်ကုန်တက္ကသိုလ်၊ ပုဂံလမ်းရှိ ပါမောက္ခထွန်းလင်းနှင့် မေမေလွင်တို့၏ အိမ်ကလေးသည် လက်ထပ်ပြီး

ခါစ အိမ်ထောင်ကလေးတစ်ခုပီပီ သာယာ စိုပြည်၍ နေရမည့်အစား တိတ်ဆိတ်ငြိမ်သက်လျက်သာ ရှိနေလေ သည်။ ထိုအိမ်ကလေးတွင် လူများပင် နေထိုင်ခြင်းမရှိသကဲ့သို့ အမြဲတမ်းလိုလို အိမ်ပြတင်းတံခါးများကို ပိတ်ထားလေ့ရှိသည်။ ပုဂံလမ်းပေါ်မှ လှမ်းကြည့်လိုက်လျှင် လက်ထပ်ပြီးခါစ ပါမောက္ခထွန်းလင်းတို့ ဇနီးမောင်နှံ နေထိုင်လျက်ရှိကြသော အိမ်ကလေးသည် ထိုင်းထိုင်းမှိုင်းမှိုင်းနှင့် ခြောက်ကပ်ကပ်ကြီး ဖြစ်နေသည်ကိုသာ တွေ့မြင်ရတတ်သည်။ ထိုအိမ်ကလေးသို့လည်း ဘေးပတ်ဝန်းကျင်မှ အဝင်အထွက် အပေါင်းအသင်းနှင့် အဆက်အဆံဆို၍ လုံးဝမရှိသလောက်ပင် ဖြစ်နေသည်။ အားလုံးနှင့် အဆက်အသွယ်ဖြတ်ကာ အထီးထီးအကျန်ကျန် ကဲ့သို့လည်း ရှိလေသည်။

တကယ်ဆိုတော့ ပါမောက္ခထွန်းလင်း၏ အိမ်ကလေးနှင့် အိမ်ထောင်သစ်တို့ကို ဘေးပတ်ဝန်းကျင်မှ လူအများက တမင်သက်သက် အပေါင်းအသင်း အဆက်ဆံမလုပ်ဘဲ လုံးဝ အဆက်ဖြတ်ကာ သပိတ်မှောက်သကဲ့သို့သာ ရှိနေလေသည်။ ဘေးပတ်ဝန်းကျင်မှ လူများ အားလုံးသည် ၎င်းတို့အချင်းချင်း စုဝေးတိုင်ပင်ကြပြီးမှ ထိုအိမ်ကလေးကို တညီတညွတ်တည်း ဝိုင်းပယ်ဒဏ်ခတ်ထားသကဲ့သို့လည်း ရှိနေပေသည်။ ထွန်းလင်းကဲ့သို့ ၎င်းတို့၏ အသိုင်းအဝိုင်းအတွင်းမှ ဂုဏ်သရေရှိ လူရိုးလူကောင်းနှင့် လူ့အဖိုးတန် လူတော်ကြီးတစ်ဦးအား လေလွင့်ပျက်စီးကာ ၎င်းတို့က ဝိုင်းပယ်၍ထားကြသော ထိုမိန်းမတစ်ယောက်နှင့် ဘေးပတ်ဝန်းကျင်မှ လူကြီးလူကောင်းများက မည်ကဲ့သို့မျှ လက်ခံခြင်း မပြုနိုင်သကဲ့သို့ မည်သည့်နည်းနှင့်မျှလည်း သဘောမတူမျှနိုင်ကြချေ။ သူတို့၏ အသိုင်းအဝိုင်းမှ လူအဖိုးတန်ကြီး တစ်ဦးကို ထိုကဲ့သို့ ဘာမဟုတ်သော မိန်းမလေးတစ်ယောက်နှင့် ငြိစွန်း၍ မသွားစေရန်အတွက် သူတို့သည် တတ်နိုင်သလောက် အစွမ်းကုန် တားဆီးခြင်းပြု

ရန် ကြိုးပမ်းခဲ့ကြသည်။ တကယ့်အဖိုးထိုက် အဖိုးတန်ဆိုသော မိန်းမများနှင့် ပေးစားရန် စေ့စပ်ပေးခဲ့ကြသည်။ လူကြီးမိဘတို့က သားကလေး၊ သမီးကလေးများကို ကလေးကစားဆိုင်သို့ ခေါ်သွားပြီးနောက် ကလေးအလိုရှိသည့် အရုပ်ကလေးများ၊ ကစားစရာကလေးများကို တစ်ခုပြီးတစ်ခု ပြသရွေးချယ်ခိုင်းတတ်ကြသလို "အချောအနု၊ ပုပုမြင်မြင့်" များကို တစ်ယောက်ပြီးတစ်ယောက် ပြသခဲ့ကြသည်။ သို့ရာတွင် လူတစ်ဦးတစ်ယောက်၏ 'နှလုံးသားအကြောင်းကို အဘယ်ပညာရှိ သုခမိန်တို့သည် သိနိုင်ကြမည်နည်း။ ပါမောက္ခထွန်းလင်းသည် ကလေးသူငယ်တစ်ယောက်လည်း မဟုတ်တော့ချေ။ သူသည် သူ၏ ရင်ထဲ၊ အသည်းထဲက ဖြစ်သော မိန်းမကိုသာ လက်ထပ်ခြင်းပြုခဲ့သည်။ ထိုသို့ လူတစ်ယောက်က မိမိ၏ မွေးရာပါအခွင့်အရေးတစ်ရပ်ကို မိမိသဘောနှင့် မိမိအသုံးပြုလိုက်ခြင်းအား ၎င်းတို့က အနည်းငယ်မျှ မကျေနပ်ကြချေ။ ၎င်းတို့၏ သဘောဆန္ဒကို လုံးဝ အရေးထားစဉ်းစားခြင်း မပြုသော ထိုလူကို တော်တော်ကလေး ခံပြင်းမိကြသည်။ ၎င်းတို့ကို အသိအမှတ်လည်းမပြု၊ ရိုသေလေးစားခြင်းလည်း မရှိသော ထိုလူတစ်ယောက်အပေါ်၌ ခွင့်မလွှတ်နိုင်လောက်အောင် ဒေါသအမျက် ခြောင်းခြောင်းထွက်ကြလေသည်။ ထို့အပြင် ၎င်းတို့ပတ်ဝန်းကျင်မှ လူ့အဖိုးတန်ကြီးတစ်ယောက်ကို "ကြောင်တောင်" ဝင်နိုက်ယူသွားသော မေမေလွင်၏ အပေါ်၌လည်း မခံမရပ်နိုင်အောင် ဖြစ်နေကြသည်။

သူတို့သည် သူတို့ထမင်းကို အေးအေးစားကာ သူတို့၏ အိမ်များတွင် အေးအေးဆေးဆေး မနေနိုင်ကြချေ။ သူတို့ထမင်းကိုစား၍ ပါမောက္ခထွန်းလင်းတို့ လင်မယားအကြောင်းကို ရစရာမရှိအောင် ပြောဆိုကြလေသည်။ သူတို့အိမ်များထဲတွင် ဣန္ဒြေရရ မနေနိုင်ကြဘဲ တစ်အိမ်မှ တစ်အိမ်သို့ ကူးကာသန်းကာနှင့် ထိုလင်မယားအကြောင်းကို ဈေးမသတင်း

ကြီး လုပ်နေကြသည်။

ပါမောက္ခထွန်းလင်း၏ အဆုံးအဖြတ်နှင့် အပြုအမူသည် ဘေးပတ်ဝန်းကျင်၏ အစဉ်အလာနှင့် စောင့်စည်းအပ်သော စည်းကမ်းကိုပါ မထီတရီ မလေးမခန့် ပြုမူလိုက်သကဲ့သို့ ဖြစ်နေသည်ဟု သူတို့အားလုံး လိုလိုက ယူဆလာကြသည်။ သူတို့၏ အသိုင်းအဝိုင်း လောကကလေးထဲသို့ သူတို့က မိန်းမပျက်တစ်ယောက်ဟူ၍ သဘောထား သတ်မှတ်ထားကြသော မိန်းမတစ်ယောက်ကို ဖွတ်တရွတ် သွတ်သွင်းလာသော ထိုပညာရှိကို သူတို့သည် သည်းညည်းမခံနိုင်လောက်အောင် ဖြစ်လာကြသည်။ သူတို့ကို ခပ်ပြောင်ပြောင် စော်ကားလိုက်လေပြီဟု အလေးအနက် သဘောထား ခံယူလာကြသည်။ ထို့ကြောင့်လည်း ထိုပါမောက္ခက ဖိတ်ကြား၍ ဂါရဝပြုသော မင်္ဂလာညစာစားပွဲသို့ ၎င်းတို့အချင်းချင်း စုဝေးတိုင်ပင်ကာ သပိတ်မှောက်ခဲ့ကြခြင်း ဖြစ်လေသည်။ အရှက်ခွဲလိုက်ကြခြင်းလည်း ဖြစ်လေသည်။ သို့ရာတွင် သူတို့သည် ထိုမျှနှင့်ပင် ထိုလင်မယားအပေါ်၌ ဒဏ်ခတ်ရခြင်းကို အားမရနိုင်ကြသေးချေ။ ထိုလူအထီး အမတို့ တရားဝင်လင်မယား ဖြစ်လာခဲ့ကြပြီးသည့် နောက်ပိုင်း၌လည်း ၎င်းတို့အိမ်သို့ အဆက်အဆံ အဝင်အထွက် မပြုလုပ်ကြဘဲ ဆက်လက်သပိတ်မှောက်မြဲ မှောက်နေခဲ့ကြခြင်း ဖြစ်လေသည်။

လူသည် အစုအဝေးနှင့်နေထိုင်တတ်ကြရသော သတ္တဗေဒသတ္တဝါအမျိုးအစားမျှသာဖြစ်သည်။ ပေါင်းသင်းဆက်ဆံခြင်း ပြုတတ်ရသော သတ္တဝါလည်းဖြစ်သည်။ ထိုသို့မှမဟုတ်လျှင် လူသည် လူသတ္တဝါအဖြစ်ဖြင့် အသက်ရှင်တည်တံ့ဖို့ မလွယ်ကူချေ။ အထီးထီး အကျန်ကျန်ဖြစ်ကာ တိမ်ကောပျက်စီးသွားဖို့သာ ရှိလိမ့်မည်။

ထွန်းလင်းနှင့် မေမေလွင်တို့ လင်မယားသည် ပတ်ဝန်းကျင်၏ ဖိစီးမှုဒဏ်ကို မချိမဆံ့ ခံလာကြရသည်။ မင်္ဂလာညစာစားပွဲ ပျက်စီး

သွားခဲ့ရသော ညမှစ၍ သူတို့လင်မယားအတွက် သာယာပျော်မွေ့သော နေ့ရက်များ မရှိခဲ့ချေ။ နေ့ရှိသရွေ့ သိမ်သိမ်ငယ်ငယ် ညှိုးညှိုးငယ်ငယ်သာ နေထိုင်ခဲ့ရလေသည်။

မိမိကို လက်ထပ်လိုက်သည့်အတွက်နှင့် ဂုဏ်သရေညှိုးနွမ်းရ သော လင့်အတွက် ကျိတ်၍ စိတ်မကောင်းဖြစ်နေရသူမှာ မေမေလွင်ဖြစ်လေသည်။ ထိုအလားအလာများကို မူလကပင် ကြိုတင်သိမြင်ထား၍ မေမေလွင်သည် ထိုလူတစ်ယောက်ကို အတတ်နိုင်ဆုံး ရှောင်ကွင်းခဲ့သည်။ သို့ရာတွင် ထိုလူတစ်ယောက်၏ စိတ်ချမ်းသာမှုနှင့် သာယာစိုပြည်မှုကိုသာ အလိုရှိသော မေမေလွင်သည် နောက်ဆုံး၌ ထိုလူ၏ဆန္ဒအတိုင်း လိုက်လျောခွင့်ပြုခဲ့သည်။ ထို့နောက် ၎င်း ကြိုတင်သိမြင်ထားသော စိတ်အနှောင့်အယှက်များကို တွေ့ကြုံလာရလေသည်။

ဝမ်းထဲတွင်သာ ကျိတ်၍ စိတ်မကောင်းဖြစ်နေရသော်လည်း မေမေလွင်သည် မယားကောင်းပီသစွာ လင်လုပ်သူ၏ စိတ်ချမ်းသာမှုအတွက် အပျော်ရုပ်ပြလုပ်ကာ ဘာမှမဖြစ်သလို နေထိုင်ခြင်းပြုခဲ့သည်။ ယခင်က ခြေသလုံးလေဝင်နေခဲ့သော မိန်းမသည် အိမ်ထဲမှ အိမ်ပြင်သို့မျှပင် မထွက်၊ လင်၏ ဝတ်ကြီးဝတ်ငယ်တို့ကို စေတနာရှိရှိဖြင့် လုပ်ကိုင်ပေးလေသည်။ လင်ကို အမျိုးမျိုး ပြုစုယုယလေသည်။ လင်လုပ်သူ စိတ်မချမ်းသာ ချမ်းသာအောင်သာ နေထိုင်ပြုစုခဲ့လေသည်။ မိမိ၏ ဘဝကြီးတစ်ခုလုံးကိုပါ ထိုလူတစ်ယောက်အတွက် စွန့်လွှတ်ခြင်းပြုရန် အဆင်သင့်ရှိနေခဲ့သည်။

မယား၏ အလိုက်ကို သိ၍ မယား၏အလိုသို့ လိုက်တတ်သော ထွန်းလင်းကလည်း အိမ်ထဲတွင်ချည်းသာ ကုပ်၍နေသော ၎င်း၏မယားကို အားလပ်သောအချိန်များတွင် မြို့ထဲသို့ ခေါ်သွား၍ တစ်ခုခု စားသောက်ရန်အတွက်သော်လည်းကောင်း၊ ရုပ်ရှင်ပြသရန်သော်လည်း

ကောင်း စီစဉ်ပြုလုပ်ပေးလေသည်။ ယခင် မိမိဘာသာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေချင်သလိုနေ၊ ထိုင်ချင်သလိုထိုင်၍ သွားချင်သလို သွား၊ လာချင်သလိုလာနေခဲ့သော မေမေလွင်သည် လင်ရပြီးနောက် ထိုစိတ်များ လုံးဝကုန်ခန်း စွန့်လွှတ်လိုက်သကဲ့သို့ လင်လုပ်သူကအလိုလိုက်ခေါ်ဆောင်နေသည်တိုင်အောင် ငြင်းဆန်၍သာ နေတတ်သည်။ ယောကျ်ားလုပ်သူက ဇွတ်တရွတ်ဆွဲခေါ်တတ်သည့် အခါများ၌သာ မလိုက်ချင်လိုက်ချင်နှင့် လိုက်တတ်သည်။ သို့ရာတွင် တစ်လနေ၍မှ တစ်ခါတစ်ခေါက်လောက်သာ ဖြစ်လေသည်။

တစ်ခါတစ်ခါ မိမိအတွက်နှင့် ဂုဏ်သိမ်ညှိုးငယ်ခြင်း ဖြစ်နေရသော လင်လုပ်သူ၏ အကြောင်းကို စဉ်းစားရင်း ထိုလူနှင့် ဆက်လက်ပေါင်းသင်းနေထိုင်ခြင်းအားဖြင့် ထိုသူသာလျှင် နစ်နာသည်ထက် နစ်နာနေတော့မည့် အရေးကို တွေးတောမိလာတတ်သည်။ ထိုအခါများ၌ မေမေလွင်သည် ထိုအိမ်မှ ဝေးသော၊ အလွန်ဝေးသော အရပ်တစ်ပါးသို့ ထွက်ပြေးသွားချင်စိတ်များပင် ပေါ်လာတတ်လေသည်။ ထိုကဲ့သို့သော အခါများ၌ မေမေလွင်သည် အိမ်မှ ထမင်းချက်ပြုတ် ကျွေးမွေးနေကြသော အဘိုးကြီး၊ အဘွားကြီး လင်မယားများ မတွေ့မမြင်ရအောင် အခန်းထဲသို့ ကတိုက်ကရိုက် ဝင်ပြေးကာ တစ်ယောက်တည်း ကျိတ်၍ မျက်ရည်ကျရလေသည်။

ဤကဲ့သို့ မေမေလွင် တစ်ယောက်ကသာလျှင် ကျိတ်၍ ဖြစ်နေခဲ့ရသော်လည်း ၎င်း၏ လင်ယောကျ်ားမှာမူ ထိုချစ်သောမိန်းမတစ်ယောက်နှင့် အတူတကွ ပေါင်းသင်းနေထိုင်ရလေပြီဖြစ်၍ ဘယ်သူ့ကိုမျှ များစွာ အရေးထားပုံမရလှချေ။ "တို့လင်မယားနှစ်ယောက် ခုလိုသာ ချစ်နေရရင် ဘယ်သူ့ကိုကော ဂရုစိုက်နေရဦးမှာလဲကွယ်" ဟု ပြောဆိုခဲ့ဖူးသော ထိုလူတစ်ယောက်သည် လောကကြီးတစ်ခုလုံးက ဝိုင်း၍ သပိတ်မှောက်

လာကြလျှင်ပင် လူမရှိသော ဝင်ရိုးစွန်းအရပ်များသို့ သွားရောက် နေထိုင်မည်ဟူသော အနေဖြင့် ပတ်ဝန်းကျင်ကို မထီတရီပြုကာ ဣန္ဒြေမပျက် နေထိုင်လျက်သာ ရှိလေသည်။

တစ်ခါတစ်ရံ မိမိအတွက် ဘေးပတ်ဝန်းကျင်က ဝိုင်းပယ်၍ ထားကြသည့်အရေးနှင့် ပတ်သက်၍ လင်လုပ်သူ၏ စိတ်နေစိတ်ထားကို မေမေလွင်သည် မသိမသာ အကဲခတ်ကြည့်တတ်လေသည်။ မိမိ၏ လင်သားသည် သိမ်ငယ်၍များ နေသလား။ သို့ရာတွင် ထွန်းလင်းသည် ထိုကိစ္စနှင့် ပတ်သက်၍ ဘယ်လိုမျှ မဖြစ်သကဲ့သို့ လည်းကောင်း၊ အရေးစိုက်စရာ မဟုတ်သကဲ့သို့လည်းကောင်း သူ့ဘာသာသူ နေထိုင်လျက် ရှိလေသည်။ ထိုသို့ အကဲခတ် သိရှိရသည့်အတွက် မေမေလွင်သည် စိတ်သက်သာရာရသလို ရှိသော်ငြားလည်း မိမိကဲ့သို့ ဘာမဟုတ်သည့် မိန်းမတစ်ယောက်ကို ယူထားမိ၍ ထိုလူ့အဖိုးတန်ကြီး တစ်ယောက် ဂုဏ်ငယ်နေရသည်။ လူတော မတိုးနိုင်အောင် ဖြစ်နေရသည်ဟု တွေးတောမိပြန်ကာ စိတ်မကောင်းဖြစ်မြဲသာ ဖြစ်နေရလေသည်။

* * *

## (၃)

ထိုတစ်နှစ် နွေကျောင်းရက်ရှည် ပိတ်လိုက်သောအခါ ထွန်းလင်းသည် ၎င်း၏မယားကိုပါ ခေါ်ဆောင်၍ ပွင့်ဖြူသို့ ခေတ္တသွားရောက် နေထိုင်ဖို့ စိတ်ကူးထားလေသည်။ သူ၏ ရည်ရွယ်ချက်မှာ ၎င်း၏ မိခင်ကြီးအား မမြင်ဖူးသေးသော ချွေးမလုပ်သူကိုလည်း ပြရင်း ရန်ကုန်တက္ကသိုလ်နှင့် ဝေးရာအရပ်တစ်နေရာတွင် အိမ်တစ်လုံးဝယ်ယူ နေထိုင်ဖို့အတွက် ပိုက်ဆံအနည်းငယ်တောင်းဖို့ ဖြစ်သည်။ ကျောင်းမပိတ်မီ တစ်လသာသာလောက်ပင် သူသည် အိမ်တစ်လုံးကို ဝယ်ယူရန်အတွက်

တိတ်တဆိတ် မေးမြန်းစုံစမ်းနေခဲ့ရာမှ ယခင် မေမေလွင် အပျိုဘဝတုန်းက နေထိုင်ခဲ့သော ကံဘဲ့မှ အန်တီစု၏အိမ်ကို ၎င်းတို့ထံမှတစ်ဆင့် ဝယ်ယူခဲ့သော အိမ်ရှင်က ပြန်ရောင်းမည်ဟု သတင်းကြားရသဖြင့် သူသည် ထိုအိမ်ကို ဝယ်ယူနိုင်ရန် မေမေလွင်ကို အသိမပေးသေးဘဲ တစ်ယောက်တည်း စုံစမ်းခဲ့လေသည်။ ထိုအိမ်ကို ဝယ်ယူပြီးသည့်နောက်မှ သူ၏ မိန်းမကို ပျော်ရွှင်အံ့ဩသွားစေလိုသော ဆန္ဒဖြင့် အသိပေးမည်ဟု စိတ်ကူးထားခဲ့သည်။ နောက်ဆုံး အသိမိတ်ဆွေ တစ်ဦးမှတစ်ဆင့် အိမ်ရှင်နှင့် သူသည် အိမ်အရောင်းအဝယ်ကိစ္စကို ပြောဆိုရလေသည်။ အိမ်ရှင်က ၎င်း၏အိမ်ကို နှစ်သောင်းရလျှင် ရောင်းမည်ဟု ဆိုလိုက်သောအခါ ၎င်းလက်ထဲတွင် ငွေခုနစ်ထောင် သာသာခန့်မျှလောက်သာ ရှိသဖြင့် ကျန်ငွေကို ၎င်း၏မိခင်ထံမှ တောင်းရန် အောက်မေ့ထားခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ထိုနေ့ နွေကျောင်းရက်ရှည်ပိတ်ခါနီးတွင် ထိုအိမ်ရှင်က ၎င်းတွင် ငွေအရေးတကြီးလိုသဖြင့် အိမ်ကို ဝယ်မည်ဆိုပါက အိမ်ဖိုး အပြည့်မချေသေးသည်တိုင်အောင် ငွေတစ်သောင်းလောက် စရန်ပေးဖို့ ပြောဆိုလာသည်။ ထွန်းလင်းသည် ထိုအိမ်ကို လက်အလွတ်မခံနိုင်သဖြင့် ပွင့်ဖြူသို့သွားရန်ကိစ္စကို ဆိုင်းထားလိုက်ရပြီးလျှင် ၎င်း၏ အသိမိတ်ဆွေများထံမှ ငွေသုံးထောင်ကို လိုက်လံရှာဖွေခြင်း ပြုနေရသည်။ ယင်းသို့ အိမ်ဖိုးတစ်ဝက်ကို စရန်ပေးချေထားခဲ့ရန်အတွက် ထွန်းလင်းသည် အိမ်အပြင်သို့ထွက်၍ အသိမိတ်ဆွေများထံမှ ငွေသုံးထောင်လောက်ကို လိုက်လံရှာဖွေ စုဆောင်းနေခိုက် ၎င်း၏ ပုဂံလမ်းနေအိမ်သို့ ၎င်း၏မိခင် ဒေါ်သက်ရှည်သည် မမျှော်လင့်ဘဲနှင့် ဗြုန်းခနဲ ရောက်ရှိလာလေသည်။

ရသေ့မ ဝတ်နေသော ပါမောက္ခထွန်းလင်း၏ မိခင်သည် သားဖြစ်သူအား တက္ကသိုလ်သို့ ခွဲ၍ ပို့လိုက်ရသောအချိန်ကာလမှစ၍ သား

အပေါ်၌ တတ်နိုင်သမျှ သံယောဇဉ်ကို ဖြတ်ထား၊ လျှော့ထားခဲ့သည်။ ထို့နောက် သားလုပ်သူမှာ အသက်အရွယ်ငယ်တော့သည် မဟုတ်သည့်အပြင် လူကြီးအလုပ်ကို လုပ်ကိုင်နေပြီလည်းဖြစ်သဖြင့် စိတ်ချထားခဲ့သည်။ သို့ရာတွင် ပါမောက္ခထွန်းလင်းကို မေမေလွင်ဆိုသော ခပ်ပေါ့ပေါ့မိန်းမတစ်ယောက်ကို လက်ထပ်ယူငင်ခြင်း ပြုလိုက်သည့်အချိန်မှစ၍ ထိုအဘွားကြီးထံသို့ စိတ်အနှောင့်အယှက်ဖြစ်သော စာအမြောက်အမြား ရောက်ရှိခဲ့လေသည်။ ထိုစာများမှာလည်း ထွန်းလင်းနှင့် မေမေလွင်တို့၏ ဘေးပတ်ဝန်းကျင်မှ စာများဖြစ်ကြလေ သည်။

ပညာတတ်ကြီး တစ်ဦးတစ်ယောက်လည်း ဖြစ်နေသည့်အပြင် မိမိဘာသာ အကောင်းအဆိုး ခွဲခြားစဉ်းစားနိုင်ပြီဖြစ်သော လူတစ်ယောက်က ဘာမျှ တန်ဖိုးမရှိသော မိန်းမလေ မိန်းမပျက်တစ်ယောက်ကို လက်ထပ်ယူငင်လိုက်သည့် အကြောင်း ခိုင်ခိုင်မာမာ ရေးသားလိုက်ကြသော စာများကို ရရှိဖတ်ရှုရသောအခါတွင် သားလုပ်သူအပေါ်၌ အဘယ်မျှ သံယောဇဉ်ဖြတ်ထားသည် ဆိုစေကာမူ ရသေ့မကြီး ဒေါ်သက်ရှည်သည် တော်တော်ကလေး စိတ်မချမ်းမသာ ဖြစ်ရလေသည်။

ထိုကဲ့သို့ စိတ်မချမ်းမသာ ဖြစ်လွန်းမက ဖြစ်လာသောအခါ သားနှင့် ချွေးမတို့၏ အခြေအနေကို အကဲခတ်ကြည့်ရှုရန်အတွက် ဘာမျှအကြောင်းမကြားဘဲ ရန်ကုန်သို့ ၎င်း၏ ဆွေမျိုးသားချင်းထဲမှ မုဆိုးမ ညီမဝမ်းကွဲတစ်ယောက်ကို အဖော်လုပ်ကာ ဗြုန်းခနဲ ရောက်ရှိလာခြင်းမျှသာ ဖြစ်လေသည်။

ထွန်းလင်း၏ မိခင်နှင့် အဒေါ်ဝမ်းကွဲတို့ ပုဂံလမ်းနေအိမ်သို့ ရောက်လာသောအချိန်တွင် ၎င်းတို့၏ တူသားသည် အိမ်၌မရှိချေ။ အိမ်အတွက် စရန်ပေးဖို့လိုနေသော ငွေသုံးထောင်ကို ထွက်ရှာနေချိန် ဖြစ်သည်။ ထို့ကြောင့် ယောက္ခမနှင့် ချွေးမတို့သည် တစ်ဦးနှင့်တစ်ဦး

မမြင်ဖူး၍ သိလည်းမသိကြသဖြင့် ကြောင်၍နေကြသည်။ သို့ရာတွင် ဦးအောင်တို့ လင်မယားက အကျိုးအကြောင်း ရှင်းပြတော့မှ သမီးမှန်း အမေမှန်း သိရှိသွားကြလေသည်။

မမေလွင်သည် ၎င်း၏ ယောက္ခမလုပ်သူကို အမေအရင်းကဲ့သို့ ရိုရိုသေသေ ဆက်ဆံခြင်းပြုသည်။ ထိုကဲ့သို့ ချောမောလှပ၍ လိမ္မာရေးခြားရှိသော မိန်းကလေးတစ်ယောက်ကို ၎င်း၏ ယောက္ခမကြီးသည် မြင်လျှင်မြင်ချင်း သဘောကျ၍သွားပုံရသည်။ သို့ရာတွင် ထိုမိန်းကလေး အကြောင်းနှင့် ပတ်သက်၍ သတင်းစုံနေအောင် ကြားထား၊ သိထားရသဖြင့် စိတ်ထဲတွင် မလွတ်မကျွတ်ဖြစ်နေသည်။ မသန့်သလိုလည်း ဖြစ်နေသည်။

ခရီးပန်း၍လာသော မိခင်ဖြစ်သူကို ခြေဆုပ်လက်နယ်ပြုပေးရင်း အဘွားကြီးမေးလာသဖြင့် ၎င်းတို့ ငယ်စဉ်က ပွင့်ဖြူတွင် နေထိုင်ခဲ့ဖူးသော အကြောင်းအရာများကို မမေလွင်က ပြောပြလေသည်။ ၎င်းတို့နှင့် အင်မတန် ခင်မင်ရင်းနှီးခဲ့ဖူးသော မြို့အုပ်ကြီး ဦးမင်းဒင်၏ သမီးမှန်း သိရှိသွားရသော အဘွားကြီးသည် ၎င်း၏ချွေးမအပေါ်၌ များစွာ သဘောကျသွားလေသည်။ အဘွားကြီးကလည်း မမေလွင် သုံးလေးနှစ်သမီး အရွယ်လောက်တုန်းက ၎င်းကိုယ်တိုင် ပွေ့ချီခဲ့ဖူးသည့် အကြောင်းများကို ရှေးဟောင်းနှောင်းဖြစ်သဖွယ် ပြန်၍ပြောပြလေသည်။ ယင်းကဲ့သို့ သမီးယောက္ခမနှစ်ယောက် တော်တော်ကလေး ရင်းနှီးလာသလိုရှိတော့မှ ရှေးအဘွားကြီးဖြစ်သော ဒေါ်သက်ရှည်က ၎င်းထံသို့ မမေလွင်တို့ လင်မယားအကြောင်းနှင့်ပတ်သက်၍ ရေးကြသားကြသည့် စာများအကြောင်းကို ရိုးရိုးကြီးပင် ထုတ်ဖော်ပြောဆိုလိုက်သည်။ ထိုသူများ ရေးကြသားကြသည့်အတိုင်း ဟုတ် မဟုတ်ကိုလည်း ရှေးလူကြီးပီပီ သွယ်ဝိုက်၍မနေဘဲ ရိုးရိုးသားသားပင် မေးမြန်းခြင်း ပြုလေ

သည်။

မေမေလွင်သည် အဘွားကြီးကို ခြေဆုပ်လက်နယ်ပြုပေးနေရင်းက ၎င်းကိုယ်ကိုယ် လဲပြို၍မကျသွားစေရန်အတွက် မနည်းကြီး အားပြုထားရသော်လည်း ထိုမျှ ရက်စက်ပြင်းထန်လှသော ဘဝ၏ ထုနှက်ချက်ကိုကား မခံနိုင်တော့ချေ။ အဘွားကြီးကို ပြုစုရာမှ ဖြုန်းခနဲထကာ အိမ်ခန်းထဲသို့ ပြေးဝင်သွားပြီးနောက် အိပ်ရာပေါ်သို့ ၎င်း၏ကိုယ်ကို ပစ်လှဲချလိုက်ရသည်။ ထို့နောက် အိပ်ရာပေါ်တွင် မှောက်ကာ အားရပါးရ ငိုချလိုက်လေသည်။ ယင်းသို့ အိပ်ရာထက်တွင် မှောက်ကာ အဘယ်မျှကြာအောင် ငိုနေမိသည်ကိုကား သတိမထားလိုက်မိချေ။ "ဘာပြုလို့ ငိုနေရတာလဲသမီးရယ်၊ မေမေက ဟုတ်များဟုတ်လားလို့ မေးမိတာပါ၊ ဒီကိစ္စ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် မေမေ ဘယ်လိုမှတော့ သဘောမထားပါဘူးကွယ်၊ မေမေ့သားနဲ့ သမီး စိတ်ချမ်းသာကြတာကိုပဲ မေမေ အလိုရှိပါတယ် သမီးရယ်" ဟု ယောက္ခမကြီးက ပြောဆိုခြင်းပြုလိုက်တော့မှ မေမေလွင်သည် အိပ်ရာမှ လူးလဲကာ ထထိုင်လိုက်ရသည်။ သို့ရာတွင် ၎င်း၏ သားကသာလျှင်မဟုတ်၊ ၎င်းကိုယ်တိုင်ကပါ မိမိအပေါ်၌ လွယ်လင့်တကူ ခွင့်လွှတ်လျက်ရှိသော ထိုအဘွားကြီး၏ မျက်နှာကိုမူကား မကြည့်ဝံ့၊ မကြည့်ရဲတော့ချေ။ မျက်နှာကို လက်ဖဝါးများဖြင့် အပ်ကာ ရှိုက်နေလိုက်ရသည်။

"တိတ်ပါသမီးရယ်၊ မေမေ ဘယ်လိုမှ မအောက်မေ့ပါဘူးကွယ်" အဘွားကြီးသည် ထိုမျှသာ ပြောဆိုခြင်းပြုပြီးနောက် အခန်းထဲမှ ထွက်သွားလေသည်။

၎င်း၏ ယောက္ခမကြီး အခန်းထဲမှ ထွက်သွားသည်နှင့် တစ်ပြိုင်နက် မေမေလွင်သည် တစ်ခါတည်း အငိုရပ်လိုက်သည်။ မေမေလွင်သည် ၎င်း၏လမ်းကို မြင်တွေ့သွားဟန်လည်း ရှိလေသည်။

ထိုသူတော်ကောင်း သားအမိနှစ်ယောက်တို့သည် ၎င်းအပေါ်၌ လူသာမန်တို့ ထားနိုင်ခဲသော မေတ္တာ စေတနာများ ထားရှိခဲ့ကြသည်။ သို့ရာတွင် ထိုသို့ မိမိအပေါ်၌ ထိုသားအမိ စေတနာမေတ္တာထားရှိနေသ၍ ကာလပတ်လုံး ၎င်းတို့သာ တစ်သက်လုံး နစ်နာညှိုးငယ်နေကြရမည် ဖြစ်လေသည်။ မိမိအပေါ်၌ ထိုမျှ သဘောထားကောင်းမွန်ကြသော ထိုသူတော်ကောင်း သားအမိနှစ်ယောက်တို့အား အဘယ်သို့ အတုံ့အလှည့် ပြုရပါမည်နည်း။

အိမ်ရှေ့ဘုရားခန်း၌ အမယ်ကြီးအိုသည် အချိန်မဟုတ် ဘုရားရှိခိုးနေသည်။ အမယ်ကြီးသည် မြတ်ရှင်တော်၏ ခြေတော်ရင်းသို့ ခိုဝင်ကာ ၎င်း၏ စိတ်သောကများကို ဖျောက်ဖျက်ရန် ကြိုးပမ်းအားထုတ်နေဟန်ရှိလေသည်။

မေမေလွင်သည် မိမိ၏ သွားရမည့်လမ်းကို အထင်အရှားကြီး တွေ့နေမြင်နေရပြီ ဖြစ်သော်လည်း လမ်းဘေးတွင်ရပ်ကာ အတန်ကြာမျှ ချီတုံချတုံ ဖြစ်နေသေးသည်။ မိမိလမ်းအတိုင်း ထွက်သွားပြီးသည့်နောက်၌ နောက်ပိုင်းတွင် အဘယ်ပုံ အဘယ်နည်း ဖြစ်ပျက်ကျန်ရစ်ခဲ့ကြမည်နည်း။ တစ်လောကလုံးနှင့် အတိုက်အခံပြုကာ မိမိကို လက်ထပ်ခြင်း ပြုခဲ့သော ထိုလူတစ်ယောက်သည် အဘယ်သို့ ဖြစ်ကျန်ရစ်မည်နည်း။ မေမေ ဘယ်လိုမှ မအောက်မေ့ပါဘူးကွယ်ဟု မိမိကို ခွင့်လွှတ်ခဲ့သော ထိုအမယ်ကြီးသည်ကော အဘယ်သို့ ကျန်ရစ်မည်နည်း။ မေမေလွင်သည် ခုနစ်စဉ်အမျှင်တန်း လျှောက်၍တွေးရင်း ချီတုံချတုံ ဖြစ်နေခြင်းမျှသာ ဖြစ်လေသည်။

နောက်ဆုံး၌ မေမေလွင်သည် ၎င်း၏ကိုယ်ကိုယ် ဆုံးဖြတ်နိုင်လေသည်။ မိမိချစ်သော ထိုယောက်ျား၏ ကြီးပွားကောင်းစားရေး၊ ၎င်း၏ ဂုဏ်သိက္ခာ တိုးတက်မြင့်မားရေးများအတွက် ရက်ရက်စက်စက် မပြု

လုပ်၍ မဖြစ်တော့ချေ။

ထွန်းလင်းသည် ကံဘဲ့အိမ်အတွက် စရန်ပေးရန် လိုနေသော ငွေသုံးထောင်ကို လိုက်လံရှာဖွေနေတုန်း ဖြစ်သည်။ လင်လုပ်သူ နေအိမ်သို့ ပြန်မရောက်မီ မိမိလုပ်ကိုင်ရန်ရှိသော အမှုကို ခပ်မြန်မြန်ကလေး ပြုလုပ်ဖို့အရေးကို စဉ်းစားမိသဖြင့် မေမေလွင်သည် မိမိအပြီးအပိုင်သွားရတော့မည့် လမ်းခရီးအတွက် ကတိုက်ကရိုက် ပြင်ဆင်ရလေသည်။ သို့ရာတွင် လမ်းခရီးသည် အဘယ်မျှ ကြမ်းတမ်း၍ လမ်းခရီး၏ အဆုံး၌ ဘာရှိ၍ ဘာဖြစ်မည်ကိုကား ထိုမိန်းမသည် ထည့်သွင်းစဉ်းစားခြင်း မပြုတော့ချေ။

၎င်း၏ယောကျ်ား အိမ်သို့ပြန်မရောက်မီ ပုဂံလမ်းနေအိမ်မှ မေမေလွင်သည် အမှတ်တမဲ့ ထွက်လာခဲ့လေသည်။ မီးဖိုချောင်ထဲတွင် ချွေး တလုံးလုံးနှင့် ချက်ပြုတ်လုပ်ကိုင်နေကြသော ဦးအောင်တို့ လင်မယားသည်လည်းကောင်း၊ အိမ်ရှေ့ဘုရားခန်းတွင် ဘုရားရှိခိုးနေသော အမယ်ကြီးသည်လည်းကောင်း မသိလိုက်ကြချေ။

❖

## စိမ်းရက်ပေ့ မေ

(၁)

မြတ်နိုးလှသော မယားလုပ်သူက ၎င်းအား စွန့်ထားထွက်ပြေးသွားပြီးသည့် နောက်ပိုင်းတွင်ကား ပါမောက္ခထွန်းလင်း၏ တည်ငြိမ်နေခဲ့သော ဘဝကြီးတစ်ခုလုံးသည် သွက်သွက်လည်ကာ ထိတ်လန့်ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင်ပင် နေ့ချင်းညချင်း ပြောင်းလဲ၍သွားလေသည်။ သူအလိုရှိနေသော မယားတစ်ယောက်ကို ရရှိခဲ့ပြီးသည့်နောက်ပိုင်းတွင် များစွာ လေးနက်တည်ငြိမ်လျက် ရှိနေပုံသော ထွန်းလင်းသည် ပရမ်းပတာဖြစ်စ ပြုလာသည်။ ကမ္ဘာမြေကြီး၏ ဆွဲငင်ခြင်း တန်ခိုးသတ္တိသည် ထွန်းလင်းနှင့် ကင်းလွတ်၍သွားသကဲ့သို့ သူသည် မိမိကိုယ်ကိုယ် ထိန်းသိမ်းခြင်းမပြုနိုင်တော့ချေ။ အရူးတစ်ပိုင်းဖြစ်မှန်းမသိ ဖြစ်စပြုလာသည်။

ရသေ့မကြီး ဒေါ်သက်ရှည်သည် သား၏နေအိမ်၌ တနင်္ဂနွေတစ်ပတ်ခန့်မျှသာ နေထိုင်ခြင်းပြုလေသည်။ ထို့နောက် "အမေ စိတ်မချမ်းသာပါဘူးကွယ်" ဟု ဆိုကာ ပွင့်ဖြူသို့ ရုတ်တရက်ပင် ပြန်၍သွား

သည်။ ဘုရား တရားနှင့်နေသော ထိုရသေ့မကြီးသည် ရန်ကုန်မြို့သို့ ရောက်တုန်းရောက်ခိုက် ရွှေတိဂုံစေတီတော်ကြီးကိုပင် ဖူးမြော်ခြင်း မပြု သွားနိုင်ချေ။ သားများ၊ ချွေးမများအတွက်နှင့် တော်တော်ကြီး စိတ် နောက်ကျို ရှုပ်ထွေးကာ စိတ်လက်မချမ်းမသာနှင့် မိမိအရပ်သို့ ပြန် သွားရလေသည်။

ထွန်းလင်းသည် ၎င်း၏အိမ်တွင် တနင်္ဂနွေတစ်ပတ်ခန့်မျှသာ နေ ထိုင်ပြီးလျှင် ပွင့်ဖြူသို့ ရက်တရက် ပြန်တော့မည်ဆိုသော မိခင်ကြီး ကို တားမြစ်ခြင်းပင် မပြုလိုက်မိချေ။ ထိုအဘွားကြီး ပြန်သွားသည်က ပို၍ပင် ကောင်းသေးသည်ဟု သဘောထားလျက်ရှိသကဲ့သို့ နှုတ်ပိတ် ငြိမ်သက်နေလိုက်သည်။ မယားစိတ်နှင့် မွန်ထူ၍နေသဖြင့် ဘူတာရုံသို့ ပင် အနိုင်နိုင် လိုက်၍ ပို့ခဲ့ရသည်။

မိခင်ဖြစ်သူအား ဘူတာရုံသို့ လိုက်လံပို့ဆောင်ခဲ့ပေးပြီးနောက် မေမေလွင်နှင့် ပတ်သက်၍ စုံစမ်းရန်တစ်ခုတည်းသော လမ်းစဖြစ်သည့် နွဲ့နွဲ့တို့အိမ်ဘက်သို့ ထွက်လာခဲ့သည်။ နွဲ့နွဲ့နှင့် အခန့်သင့် တွေ့ရသော် လည်း ၎င်း၏ ခယ်မလုပ်သူက ဘယ်လိုမျှ ထူးထူးခြားခြား သတင်း မပေးနိုင်ချေ။ စုံစမ်းလျက်ရှိနေသေးကြောင်း၊ သတင်းရလျှင်ရချင်း အမြန်ဆုံး လာရောက်အကြောင်းကြားမည့် အကြောင်းများလောက်ကို သာ ပြောဆိုလိုက်သည်။ ထို့ကြောင့် ထွန်းလင်းသည် အင်းစိန်စုံ ထောက်ဝင်းအတွင်းမှ ဦးခေါင်းကို ငိုက်စိုက်ချကာ လေးလေးလံလံ ထွက်လာခဲ့ရသည်။

အိမ်သို့ ပြန်ရောက်သောအခါ၌လည်း သူသည် အိမ်အတွင်းသို့ ဝင်ရမည်ကိုပင် ကြောက်ရွံ့သကဲ့သို့ ဖြစ်နေသည်။ သူ့မိခင် ပွင့်ဖြူသို့ မပြန်မီက ထိုအမယ်ကြီး ရှိနေသေး၍ နေတတ်သလို၊ နေသာသလို ရှိ သော်လည်း ယခုအခါတွင် သူသည် ထိုအိမ်ကိုပင် မကြည့်ချင် မမြင်ချင်

သလို ဖြစ်လာသည်။ ထို့ကြောင့် အိမ်တံခါးဝသို့ ရောက်ပြီးခါမှ သူသည် ပြန်လှည့်၍ ထွက်လာခဲ့ပြန်လေသည်။ သို့ရာတွင် အဘယ်သို့သွားမည်ဟူ၍ကား ရည်ရွယ်ချက်လည်းမရှိချေ။

ကျယ်ပြောသော ဤကမ္ဘာမြေပြင်၌ ပါမောက္ခထွန်းလင်းအတွက် ခိုလှုံရာအရပ် မရှိနိုင်အောင် ဖြစ်နေသည်။ အဆုံးမရှိသော လမ်းမကြီးပေါ်တွင် ရှာ၍မတွေ့နိုင်သော မယားပျောက်ကို သူသည် လိုက်လံရှာဖွေလျက် ရှိလေသည်။ အထက်တန်းကျောင်းသားကလေး ဘဝနှင့်တုန်းက တောင်တွင်းဆရာကြော့ ရေးစပ်ခဲ့သော "စုံနံ့သာမြိုင်" ရာပုံတော်ကြီးကို သင်ကြားခြင်း ပြုခဲ့ရစဉ်က တောင်တွင်းကြီးသားသည် ပိုလွန်းအားကြီးလှသည်ဟု ထင်မြင်ခဲ့ဖူးသော ထွန်းလင်းသည် ယခုအခါတွင် ဆရာကြော့ တစ်ယောက်ကို လိုနေသေးသည်ဟုပင် ထင်မြင်လျက်ရှိလေသည်။

နွေကျောင်းရက်ရှည် ပိတ်ထားသည့်အတွင်း သူသည် အင်းစိန်စုံထောက်ဝင်းအတွင်းရှိ နွဲ့နွဲ့တို့အိမ်သို့ နှစ်ရက်တစ်ကြိမ်၊ သုံးရက်တစ်ကြိမ် ဆိုသလို မှန်မှန်ကြီး ရောက်လေ့ရှိသည်။ မေမေလွင်၏ သတင်းကို မကြားရသည့်တိုင်အောင် သူ့အား နှစ်သိမ့်ပြောဆိုတတ်သော ခယ်မလုပ်သူကို တွေ့ရသည့်အခါတိုင်း သူသည် စိတ်သက်သာရာ ရလေ့ရှိသောကြောင့် ဖြစ်လေသည်။

တစ်ခါတစ်ရံ စရန်တစ်သောင်း ပေးထားပြီးနောက် အပြီးအပိုင် မဝယ်ယူဖြစ်သေးသော ကံဘဲ့အိမ်ကြီးဆီသို့လည်း ရောက်ရှိတတ်လေသည်။ ပုဂံလမ်းတွင် သိမ်သိမ်ငယ်ငယ် ညှိုးညှိုးငယ်ငယ်နှင့် နေထိုင်ခြင်းပြုခဲ့ရသော သူ့မယားအတွက် လွတ်လွတ်လပ်လပ်နှင့် ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်ရအောင် သူသည် ကံဘဲ့အိမ်ကြီးကို ဝယ်ယူရန် စိတ်ကူးခဲ့ခြင်းဖြစ်သည်။ အိမ်ကြီးကို ဝယ်ယူမည့် အကြောင်းကိုလည်း

မယားလုပ်သူအား အသိမပေးခဲ့ရသေးချေ။ အိမ်ကြီးကို အပြီးအပိုင် ဝယ်ယူပြီးနောက် ပြောင်းရွှေ့နေထိုင်ခြင်းပြုသောနေ့မှ ထိုသတင်းကို ပြောကြားရန် သူသည် စိတ်ကူးထားခဲ့သည်။ ညှိုးငယ်နေသော မယားဖြစ်သူကို လန်းဆန်းကြည်လင်သွားအောင်နှင့် ပျော်ရွှင်အံ့သြသွားအောင် သူသည် ပြုလုပ်ချင်ပေသည်။ သို့ရာတွင် သူ့မယား ထွက်သွား ပြီးသည့်နောက်ပိုင်းတွင် သူသည် စရန်ငွေတစ်သောင်းမျှပင် ပေးချေထားပြီးသော ထိုအိမ်ကြီးကို မည်ကဲ့သို့ အသုံးချရဦးမည်နည်း။ သို့ရာတွင် အပျိုလူပျိုများ ဘဝနှင့်တုန်းက တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ဆက်ဆံနေထိုင်ခြင်း ပြုခဲ့ကြသော ထိုအိမ်ကြီးကို ထွန်းလင်းသည် များစွာ စွဲလမ်းလျက်ရှိလေသည်။

စရန်ငွေတစ်သောင်း ပေးချေပြီးကတည်းက အိမ်ရှင်များသည် ပြောင်းရွှေ့၍ သွားကြပြီဖြစ်၍ ကံဘဲ့အိမ်ကြီးသည် ခြောက်ကပ်တိတ်ဆိတ်လျက် ရှိပေသည်။ အိမ်ကြီးကို ကြည့်ရှုစောင့်ကြပ်ရန် ငှားရမ်းထားသော မာလီကုလား လင်မယားနှစ်ယောက်တို့သာ ရှိကြသည်။

ပါမောက္ခထွန်းလင်း ထိုအိမ်ကြီးသို့ လာသောအခါတိုင်း မာလီကုလားသည် ဝင်းတံခါးကိုဖွင့်ကာ ကြိုဆို၍နေတတ်သည်။ ထို့နောက် အိမ်ကြီးရှင် ခိုင်းစေထားသည့်အတိုင်း ၎င်းစိုက်ပျိုး၍ထားသော နှင်းဆီပင်များနှင့် စံပယ်ရုံကြီးများကို လိုက်လံပြသတတ်သည်။ သို့ရာတွင် ပါမောက္ခထွန်းလင်းသည် ထိုအိမ်ကြီး၌လည်း ကြာကြာမနေနိုင်ပြန်ချေ။ သူသည် အိမ်ကြီးပေါ်သို့ပင် တက်မကြည့်တော့ဘဲ ပြန်ထွက်လာတတ်သည်။

ဤသို့ဖြင့် နွေကျောင်းပိတ်ရက်များ တစ်စထက်တစ်စ ကုန်ဆုံးကာ ကျောင်းပြန်၍ဖွင့်ရန် တနင်္ဂနွေနှစ်ပတ်ခန့်မျှသာ လိုတော့သည့်အချိန်တွင် ထွန်းလင်းသည် ပွင့်ဖြူမှ ကြေးနန်းတစ်စောင်ကို ရရှိလေ

သည်။ ကြေးနန်းမှာ ၎င်းမိခင်ကြီး ရုတ်တရက် မကျန်းမမာဖြစ်လာ၍ ပွင့်ဖြူသို့ အမြန်ဆုံးလိုက်လာရန် ဘုန်းတော်ကြီးဦးတိက္ခ လက်မှတ်နှင့် ရိုက်လိုက်သော ကြေးနန်းဖြစ်သည်။ ထို့ကြောင့် ထွန်းလင်းသည် ပွင့်ဖြူသို့ ကတိုက်ကရိုက် လိုက်သွားရလေသည်။

ပွင့်ဖြူသို့ ထွန်းလင်း ရောက်ရှိပြီးနောက် သုံးရက်မျှအကြာတွင် ၎င်း၏ မိခင်ကြီးသည် နောက်ဆုံးသော ထွက်သက်ကို ရှူထုတ်သွားသည်။ ထိုအမယ်ကြီးသည် အသေဖြောင့်ပုံပင် မရချေ။ သားများ၊ ချွေးမများ အတွက်နှင့် စိတ်မကောင်းဖြစ်ကာ တဖြည်းဖြည်း လုံးပါးပါးလိုက်လာပြီး သေဆုံးခြင်းသာ ဖြစ်ဟန်တူသည်။ ထိုအမယ်ကြီးသည် နောက်ဆုံးသောထွက်သက်ကို မရှူထုတ်မီကလေးပင် ၎င်း၏ချွေးမအကြောင်းကို မေးမြန်းသွားသေးသည်။ "မင်းမိန်းမသတင်းများကော ကြားရသေးရဲ့လားဟင်" တစ်ခဏမျှလောက်သာ တွေ့လိုက်မြင်လိုက်ရသော ချွေးမလုပ်သူကိုပင် ထိုအမယ်ကြီးသည် သံယောဇဉ်ရှိနေဟန်တူသည်။

ထွန်းလင်းသည် ထိုအကြောင်းအရာများကို မကျန်းမမာ ဖြစ်နေသော အဘွားကြီးအား ပြောဆိုခြင်း မပြုစေလိုချေ။ သူ့အတွက်နှင့်သော်လည်းကောင်း၊ သူ့မယားအတွက်နှင့်သော်လည်းကောင်း ထိုအမယ်ကြီးကို ပင်ပန်းခြင်းမရှိစေလိုချေ။ "အမေ နေကောင်းအောင်သာ နေပါ" သူသည် ထိုမျှလောက်သာ ပြန်၍ပြောလေသည်။

"မိန်းကလေးက ဆွေကြီးမျိုးကြီးထဲကပဲကွယ်၊ သူများတွေ ပြောကြဆိုကြသလောက်လည်း ဟုတ်လိမ့်မယ်လို့ အမေ မထင်ပါဘူး" သားလုပ်သူက မပြောစေချင်သော အကြောင်းအရာကိုသာ အမယ်ကြီးသည် ဆက်လက်ပြောဆိုလျက် ရှိသည်။

ထွန်းလင်းသည် နောက်ထပ် ပိတ်ပင်ရန် အားမထုတ်တော့ချေ။ အမယ်ကြီး ပြောသမျှကိုသာ ဘေးမှငြိမ်သက်စွာ နားထောင်၍နေသည်။

"မင်း မနစ်နာရအောင် မိန်းကလေးက သူ့ကိုယ်ကိုယ် သက်သက်မဲ့ အနစ်နာခံပြီး ထွက်သွားတာ ဖြစ်ပါလိမ့်မယ် သားရယ်၊ တကယ်ဆို တော့ ဒီကလေးမဟာ တကယ့် သူတော်ကောင်းမကလေးပါကွယ်"

ထွန်းလင်းသည် ထိုအကြောင်းအရာကို ပင်ပင်ပန်းပန်း ပြောဆို နေသော အဘွားကြီးအား ဆက်လက်၍ ပြောဆိုခြင်းမပြုနိုင်စေရန် အတွက် အသာထကာ အပြင်သို့ ထွက်လာခဲ့သည်။ ထိုသို့ ထလာခဲ့ပြီး နောက် မကြာမီ အမောဖောက်လာပြီးလျှင် နောက်ဆုံးသော ထွက်သက် ကို ရှူရှိုက်သွားလိုက်ခြင်း ဖြစ်လေသည်။

ပါမောက္ခထွန်းလင်းသည် ၎င်း၏ မိခင်အား သင်္ဂြိုဟ်ကာ ရက် လည် ဆွမ်းသွတ်ပြီးနောက် ကျောင်းကလည်း ပြန်ဖွင့်ရန် နီးကပ်နေပြီ ဖြစ်၍ ရန်ကုန်သို့ ပြန်လာခဲ့ရသည်။ ရန်ကုန်သို့ ပြန်ရောက်လျှင်ရောက် ချင်း သူသည် ပုဂံလမ်းမှအိမ်တွင် နေထိုင်ခြင်း မပြုလိုတော့သဖြင့် ကံဘဲ့အိမ်ကို အပြီးအပြတ် ငွေချေကာ ထိုအိမ်ကြီးသို့ ပြောင်းရွှေ့နေထိုင် ခဲ့လေသည်။

* * *

(၂)

နောက်တစ်နှစ် ကျောင်းပြန်ဖွင့်၍ အလုပ်ပြန်ဝင်ရသောအခါ ထွန်းလင်းသည် ၎င်း၏အလုပ်၌ အနည်းငယ်မျှ စိတ်ဝင်စားခြင်း မရှိ တော့ချေ။ အမေကလည်း ဆုံးလျက်၊ သူ့အား စွန့်ပစ်ထွက်ပြေး၍ သွား သော မယားလုပ်သူ၏ သတင်းကိုလည်း အဘယ်သို့မျှ စုံစမ်း၍မရ သည့်အတွက် များစွာ စိတ်နောက်ကျို ရှုပ်ထွေး၍နေသည်။ မယား ပျောက်ကို စုံစမ်း၍မရသဖြင့် စိတ်နောက်ကျို ရှုပ်ထွေးနေစေကာမူလည်း မယားလုပ်သူအား လိုက်လံစုံစမ်းခြင်းပြုရသော အလုပ်ကိုမူကား မပျက်

ခဲ့ချေ။ ကျောင်းအလုပ်များ တစ်ဖက်နှင့်ပင် သူသည် နွဲ့နွဲ့တို့ အိမ်သို့ တနင်္ဂနွေတစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ်လောက်တော့ မပျက်မကွက် ရောက်တတ်သည်။ သို့ရာတွင် နွဲ့နွဲ့ထံမှ သူ့မယားသတင်းနှင့် ပတ်သက်၍ ဘာမျှထူးထူးခြားခြား မကြားသိရချေ။

"နွဲ့လည်း စုံစမ်းနေလျက်ပါပဲ ကိုထွန်းလင်းရယ်၊ ဒါပေမဲ့ ခုထက်ထိတော့ မေ့သတင်းကို ဘယ်ကမှ မကြားရသေးဘူး"ဟု နွဲ့နွဲ့က ထွန်းလင်း၏ ဖြစ်ပျက်နေပုံကို စိတ်မချမ်းမသာနှင့် ကြည့်ကာ ပြန်ပြောသည်။

"သူ ရန်ကုန်မှာပဲ ရှိနေသလား၊ ဒါမှမဟုတ် တခြားတစ်မြို့မြို့ကို များ ထွက်သွားသလားဆိုတာကို ကိုထွန်းလင်း သိချင်တယ်"ဟု ထွန်းလင်းက ၎င်းသိရှိလိုသော အကြောင်းအရာကိုသာ ပြောဆိုလေသည်။

"နွဲ့လည်း အဲဒါတော့ မခန့်မှန်းတတ်ဘူး ကိုထွန်းလင်း" နွဲ့နွဲ့၏ စကားမှာ လမ်းဆုံး၍နေပြီ ဖြစ်လေသည်။

သို့ရာတွင် မယားအတွက် မွန်ထူနေသော ထွန်းလင်းသည် ရပ်တန်းက မရပ်သေးဘဲနှင့် "မေ့အတွက် ဆုငွေထုတ်ရရင် ကောင်းမလားဆိုတာကို ကိုထွန်းလင်း စဉ်းစားနေတယ်၊ နွဲ့က ဘယ်လိုသဘောရသလဲဟင်" ဟု မေးလိုက်ပြန်လေသည်။

"ဒါလောက်လုပ်ဖို့တော့ မသင့်ဘူးထင်တယ် ကိုထွန်းလင်း၊ နွဲ့ကတော့ ပြန်စဉ်းစားစေချင်တယ်"

"ဒီလိုမှမဟုတ်ရင်လည်း ကိုထွန်းလင်း တခြားဘယ်လိုလုပ်ရမလဲဆိုတာကို နွဲ့ အကြံပေးနိုင်ရင်လည်း ပေးစမ်းပါဦးလေ၊ ဒီလိုအတိုင်းသာ သွားရင်တော့ ကိုထွန်းလင်း ရူးသွားလိမ့်မယ်ထင်တယ်"ထွန်းလင်းသည် နောက်ထပ်၍ ဘာမျှမစဉ်းစားတတ်တော့သဖြင့် ဦးခေါင်းကို ခပ်နာနာကလေး ကုတ်ဖွရင်း ပြောဆိုလိုက်သည်။

အရှူးတစ်ပိုင်းလို ဖြစ်နေပြီဖြစ်သော ခေတ်ပညာတတ်ကြီး တစ်ယောက်ကို နွဲ့နွဲ့သည် ကရုဏာသက်ရောက်သော မျက်လုံးကြီးများဖြင့် အတန်ကြာမျှ ငေးစိုက်၍ ကြည့်နေမိပြီးမှ... "နွဲ့လည်း ခုချက်ချင်းကြီးတော့ ဘယ်လိုမှ အကြံမပေးတတ်သေးဘူး ကိုထွန်းလင်း၊ နောက်တော့မှ အေးအေးဆေးဆေး စဉ်းစားပြီး ပေးပါရစေ" ဟု ဖျောင်းဖျပြောဆိုခြင်း ပြုလေသည်။

ထိုတစ်ခါက်အဖို့လည်း လမ်းဆုံးနေပြီဖြစ်၍ ထွန်းလင်းသည် ထိုင်ရာမှ မထချင်ထချင်နှင့် ထလိုက်သည်။ ထိုသို့ ထလိုက်စဉ် ဦးခေါင်းထဲ၌ မိုက်ခနဲဖြစ်ကာ မိမိ၏ ခြေသလုံးသားပေါ်၌ ရပ်တည်ခြင်း မပြုနိုင်လောက်အောင် ယိုင်၍သွားသည်။ ထွန်းလင်းသည် ၎င်း၏ ကိုယ်ကို လဲကျ၍မသွားစေရန်အတွက် များစွာ အားထုတ်ခြင်းပြုနေရသည်။

အင်းစိန်မှ ရန်ကုန်ဘက်သို့ ပြန်ထွက်လာသောအခါ တော်တော်ကလေး မှောင်စပြုနေပြီဖြစ်သည်။ သို့ရာတွင် ထွန်းလင်းသည် ကံဘော့ဘက်ရှိ ၎င်း၏နေအိမ်သို့လည်း မပြန်လိုသေးချေ။ သူသည် အဘယ်သို့ သွားချင်သေးသနည်း။ သို့ရာတွင် သူသည် သူ၏ကိုယ်ကို ဣန္ဒြေရရ ရပ်တည်ခြင်း မပြုနိုင်အောင်လည်း ဖြစ်နေသည်။

သမိုင်းလမ်းဆုံသို့ ရောက်သောအခါ သူသည် တစ်စုံတစ်ရာကို ရုတ်တရက် စိတ်ကူးပေါက်လာသကဲ့ ရန်ကုန်ဘက်သို့ ဆက်၍မသွားတော့ဘဲ သမိုင်းပျော်ပွဲစားရုံဘက်သို့ လှည့်ဝင်ခဲ့သည်။ ပျော်ပွဲစားရုံအတွင်းသို့ ရောက်သောအခါ သီးသန့်ပြုလုပ်ထားပေးသော အခန်းကလေး တစ်ခန်းအတွင်းသို့ တန်း၍ ဝင်သွားသည်။ ထိုသို့ ဝင်သွားပြီးနောက် သူ၏ဘေးတွင် ရိုရိုသေသေ ရပ်လာသော တရုတ်စားပွဲထိုးအား မော်၍မျှပင် မကြည့်ဘဲ ဝီစကီနှင့် ဆော်ဒါကို မှာလေသည်။ သူသည် ဘယ်တုန်းကမျှ မူးယစ်ထုံထိုင်းစေသော အလုပ်များကို မပြုလုပ်ခဲ့ဖူး

ချေ။ သို့ရာတွင် ဘဝ၏ဒဏ်ကို မခံနိုင်တော့၍ ယစ်သခင်၏ ခြေတော်ရင်းသို့ မိုက်မဲညံ့ဖျင်းစွာ ခိုဝင်ခြင်းမျှသာ ဖြစ်လေသည်။

သူသည် ဝီစကီတစ်ခွက်ပြီးတစ်ခွက် မှာယူ၍ သောက်လေသည်။ သို့ရာတွင် အရှိန်းဖြစ်နေသဖြင့် လေးငါးခွက်မျှ ဝင်သွားလျှင်ပင် ဇက်ကျိုး၍သွားလေသည်။ သူသည် ဘာကိုမျှ သတိမရတော့ချေ။ သူ သဲသဲမဲမဲ လိုက်လံရှာဖွေနေသော ထိုမိန်းမတစ်ယောက်ကိုသာလျှင် မဟုတ်၊ သူ့ကိုယ်သူပါ မေ့လေသည်။

ညက သူသည် ကံဘဲ့အိမ်သို့ အဘယ်သူများက လိုက်လံပို့ဆောင်၍ အဘယ်သို့ ပြန်ရောက်သည်ကိုပင် မသိလိုက်တော့ချေ။ နံနက် ၉ နာရီ သာသာလောက်မှ အိပ်ရာမှ နိုးလေသည်။ အိပ်ရာမှနိုးသောအခါလည်း ဦးခေါင်းတစ်ခုလုံး ကိုက်ခဲနာကျင်၍ နေသည်။ သို့ရာတွင် သူသည် ဝမ်းနည်းခြင်းသော်လည်းကောင်း၊ နောင်တရခြင်းသော်လည်းကောင်း မဖြစ်မိချေ။

* * *

## (၃)

ဤသို့ဖြင့် ရိုးသားသော ပညာတတ်ကြီးတစ်ဦးသည် အရက်သမားကြီး တစ်ဦး ဖြစ်မှန်းမသိ ဖြစ်လာသည်။ သို့ရာတွင် ဒေါက်တာထွန်းလင်းသည် ၎င်း အရက်သမားကြီး တစ်ဦးဖြစ်လာရသည့်အတွက် ဝမ်းနည်းမိပုံကား မရချေ။ ရှက်ကြောက်ခြင်းလည်း ဖြစ်မိပုံမရချေ။ အရက်အား သူ့အတွက် မရှိမဖြစ်သော ပစ္စည်းတစ်ခုကဲ့သို့ သဘောထားလျက်ရှိသည်။ ထိုပစ္စည်းသာ ဤလောကကြီး၌ ရှိမနေခဲ့လျှင် လူသားတို့ အသက်ရှင်နေနိုင်ဖို့အတွက် အပူဓာတ်သည် မရှိလျှင်မဖြစ်သကဲ့သို့ သဘောထားစပြုလာသည်။

အရက်သည် သူ့အတွက် အာဟာရကဲ့သို့လည်းကောင်း၊ ဆေးကဲ့သို့လည်းကောင်း ဖြစ်မှန်းမသိ ဖြစ်လာသည်။ လူ့ဘဝ၏ဒဏ်ကို မခံနိုင်သောအခါ အရက်သည် သူ့အတွက် ဆေးကဲ့သို့ဖြစ်လျက် အင်အားကုန်ခန်း၍ ညှိုးနွမ်းသောအခါများ၌ အာဟာရလို ဖြစ်နေသည်။

သူ၏ တာဝန်ကို တစ်နေ့တာ ထမ်းဆောင်ခြင်းပြုနိုင်ရန်အတွက် သူသည် အိပ်ရာမှနိုးလျှင်ပင် အရက်ကို စ၍သောက်ရလေသည်။ အရက်ကို သောက်လိုက်သဖြင့် သူသည် အားပြည့်လာပြီးလျှင် တစ်နေ့တာအတွက် ထမ်းဆောင်ရန်ရှိသော တာဝန်များကို ခံနိုင်ရည်ရှိရှိနှင့် ထမ်းဆောင်ခြင်းပြုနိုင်လေသည်။ တစ်နေ့တာ တာဝန်ကို ထမ်းဆောင်ပြီးစီး၍ နေအိမ်သို့ ပြန်ရောက်သောအခါ သူသည် အားအင်ကုန်ခန်းနေတတ်သည်။ ထိုအခါများ၌ သူသည် အရက်ကိုပင် အာဟာရအဖြစ်ဖြင့် အားပြည့်သုံးစွဲရပြန်လေသည်။ တစ်ခါတစ်ရံ သူသည် အိမ်၌ အရက်သောက်ရခြင်းကို အားမရသကဲ့သို့ ဟိုတယ်တစ်ခုခုသို့ပင် သွား၍ သောက်တတ် စားတတ်လာသည်။ အရက်သမား ဖြစ်မှန်းမသိ ဖြစ်လာပြီဖြစ်၍ သူသည် မိမိ၏ ဂုဏ်သိက္ခာကိုလည်း များစွာ အရေးမထားလှတော့ချေ။

ယင်းသို့ ပါမောက္ခ ထွန်းလင်းတစ်ယောက် မယားတရှူးရှူးကာ အရက်သမားလုံးလုံး ဖြစ်သွားရသည့်အတွက် ဘေးပတ်ဝန်းကျင်မှ မည်သူကမျှ ကဲ့ရဲ့ခြင်းသော်လည်းကောင်း၊ အပြစ်ဆိုခြင်းသော် လည်းကောင်း မပြုကြချေ။ သူတို့အတွက် ပါမောက္ခထွန်းလင်းသည် မိန်းမလေ၊ မိန်းမပျက်တစ်ယောက်ကို လက်ထပ်ယူငင်ထားသည်က ပိုမိုကြီးလေးသော ရာဇဝတ်မှုကြီးတစ်ခုလို ဖြစ်နေသည်။ ပါမောက္ခထွန်းလင်း အရက်သမား ဖြစ်နေသည်ကို သူတို့သည် ကျေနပ်ခွင့်လွှတ်ကြသည်။ ကြည်ဖြူခြင်းရှိကြသည်။

ဘေးမှ ဟန့်ထားသတိပေးသည့် သူကလည်းမရှိ၊ ဘဝ၏ဒဏ်ကို လည်း လူသားပီပီ ခံနိုင်ရည်ရှိရှိနှင့် မခံနိုင်သဖြင့် အရက်ကိုသာ ကိုးကွယ် ဝတ်ပြုနေသော ထွန်းလင်း၏ အခြေအနေသည် တစ်စထက်တစ်စ ဆိုးဝါး၍ လာလေသည်။ သူသည် ထမင်းဟင်း မှန်မှန်စားသောက်ခြင်းပြုရန် ကိစ္စကို အရေးမထားသဖြင့် သူ၏ ကျန်းမာရေးသည် တဖြည်းဖြည်း ပျက်စီးစပြုလာသည်။ ညညဘက်တွင်လည်း အချိန်နှင့် အချိန်မှန်မှန်ကန်ကန် အိပ်စက်ခြင်းမပြုဘဲ အရက်ကိုသာ မူးလောက် မေ့လောက်အောင် သောက်နေသဖြင့် ပို၍ ဆိုးဝါးလာသည်။ ကျောင်းအားသော ရက်များတွင် သူသည် တစ်နေ့လုံးလိုလို ဇက်မကျိုးမချင်း သောက်နေတတ်သည်အထိ ကျူးကျူးလွန်လွန်နှင့် ရမ်းရမ်းကားကား ဖြစ်လာသည်။

ဤကဲ့သို့ ပညာတတ်ကြီးတစ်ယောက် မိမိကိုယ်ကို ထိန်းသိမ်းခြင်း မရှိတော့ဘဲ ဖြစ်ချင်သလိုဖြစ်နေသည့်အခိုက် မမျှော်လင့်သော ဧည့်သည်တစ်ဦးသည် တစ်နေ့သ၌ ထွန်းလင်းနေထိုင်သော ကံဘဲ့အိမ်ကို ဗြုန်းခနဲရောက်ရှိလာသည်။ ထိုနေ့သည် ကျောင်းအားသောနေ့ဖြစ်၍ ထွန်းလင်းသည် ဇက်မကျိုးကျိုးအောင် တစ်ပုလင်းလဲလိုက်၊ နောက်တစ်ပုလင်းထောင်လိုက်နှင့် သောက်နေသော အခိုက်လည်းဖြစ်သည်။ တော်တော်ကလေးလည်း မူးနေပြီဖြစ်၍ မျက်လုံးများသည် ပြာဝေလျက်ရှိသောကြောင့် ထွန်းလင်းသည် ၎င်းအိမ်ပေါ်သို့ တက်လာသော ဧည့်သည်ကိုပင် ယောကျ်ားလား၊ မိန်းမလား ခွဲခြားသိနိုင်အောင် မနည်းကြီးအားပြု၍ကြည့်ရှုခြင်း ပြုရလေသည်။

"ဩော်... နွဲ့ပါလား" သူကလည်း နောက်ထပ်မရောက်တော့ဘဲ၊ သူ့ထံသို့လည်း ပေါ်မလာသည်မှာ လေး ငါး ခြောက်လခန့်မျှ ရှိသွားပြီဖြစ်သော နွဲ့နွဲ့ကို လျှာလေး အာလေးကြီးနှင့် နှုတ်ဆက်လိုက်သည်။

ဇက်ကျိုးမတတ်ဖြစ်နေသော ထွန်းလင်းကို မသက်မသာကြည့်ရင်း နွဲ့နွဲ့သည် ထွန်းလင်းနှင့် မလှမ်းမကမ်းရှိ ကုလားထိုင်တစ်လုံးတွင် အသာအယာဝင်၍ ထိုင်လိုက်သည်။

"နွဲ့ ဘယ်ကလှည့်လာတာလဲဟင်၊ ကိုထွန်းလင်း သောက်နေတာကိုတော့ ခွင့်လွှတ်နော်၊ ဟုတ်လား၊ ကိုထွန်းလင်း ရောဂါက တော်တော်ပြင်းတယ်နွဲ့၊ တော်တော်ပြင်းတယ်" သူသည် နောက်ထပ် အရက်ကို ငှဲ့ကာ ဆော်ဒါနှင့် ရောစပ်ရင်း ပြောဆိုသည်။

နွဲ့နွဲ့သည် အရက်ကို အနံ့မျှပင် မခံနိုင်ခဲ့သော လူတစ်ယောက်က အရက်ကို ကြောက်မက်ဖွယ်ရာ သောက်စားနေခြင်းအား ရင်ထုမနာ ကြည့်နေမိသည်။ မိမိ လာရောက်ခြင်းပြုသော ကိစ္စကိုပင် ရုတ်တရက် ပြောဆိုခြင်း မပြုနိုင်ချေ။

ထွန်းလင်းသည် ဆော်ဒါနှင့် ရောစပ်ထားသော အရက်တစ်ခွက်ကို တစ်ကြိမ်တည်းနှင့် ကုန်အောင် မော့ချလိုက်ပြီးနောက်... "ကိုထွန်းလင်း ဘဝကတော့ ဒီလိုနဲ့ပဲ ဇာတ်သိမ်းရလိမ့်မယ် ထင်ပါရဲ့နွဲ့ရယ်" ဟု မပီကလာ ပီကလာနှင့် ပြောဆိုလိုက်ပြန်သည်။

နွဲ့နွဲ့သည် ထိုမျှအထိ ဆိုးဆိုးဝါးဝါး ဖြစ်နေသော ထွန်းလင်းကို အတန်ကြာမျှ ငေးစိုက်၍ ကြည့်နေမိပြီးမှ "နွဲ့နွဲ့လာတဲ့ကိစ္စကို ပြောချင်တယ် ကိုထွန်းလင်း" ဟု အစချီပြောဆိုလိုက်သည်။

"ပြောလေ နွဲ့၊ ဒီမိန်းမ မရှိတော့တဲ့ နောက်ပိုင်းမှာ ကိုထွန်းလင်း ဘဝဟာ အဓိပ္ပာယ်မရှိတော့ဘူး" ဟု ပြောဆိုကာ နောက်ထပ်အရက်ကို ငှဲ့နေပြန်သည်။

"နွဲ့ပြောမယ့် စကားက အရေးကြီးနေလို့ ကိုထွန်းလင်း သောက်တဲ့ အလုပ်ကို ခဏရပ်ထားပေးပါဦးလားဟင်" နွဲ့နွဲ့က တောင်းပန်လိုက်သည်။

ထွန်းလင်းသည် နွဲ့နွဲ့ကို လန့်ဖျပ်၍ သွားသကဲ့သို့ ရုတ်တရက် လှမ်းမော့၍ ကြည့်လေသည်။ သို့ရာတွင် ဘာမျှတော့ ပြန်မပြောချေ။

"နွဲ့. ခုလာတာ မေက လွှတ်လိုက်လို့"

ထွန်းလင်းသည် ထိုင်ရာမှ ရုတ်တရက် ထခုန်လိုက်လေသည်။

နွဲ့နွဲ့သည် ထွန်းလင်း ထ၍ခုန်လိုက်သဖြင့် များစွာ ထိတ်လန့် ကြောက်ရွံ့သွားသည်။

"ဟင်... မေက လွှတ်လိုက်တယ် ဟုတ်လား နွဲ့၊ ခု မေဘယ်မှာလဲ ဟင်" ထွန်းလင်းသည် အရက်မူးပြေ၍ သွားသကဲ့သို့ အလောတကြီး မေးလိုက်လေသည်။

"နွဲ့ယောက်ျား အိမ်မှာရှိနေလို့ အသိအိမ်တစ်အိမ်က စောင့်နေ တယ်"

"တကယ်ပြောတာလား နွဲ့ရဲ့၊ ဟင်... ကိုထွန်းလင်းကို ပြောစမ်း ပါဦး"

"အချိန်က သိပ်မရှိဘူး ကိုထွန်းလင်း၊ ရှင် မြန်မြန်ကလေး ရေချိုး အဝတ်အစားလဲပြီး လိုက်ခဲ့ရင် ကောင်းလိမ့်မယ်ထင်တယ်"

ထွန်းလင်းသည် အရက်စားပွဲမှ တစ်ခါတည်းထကာ ရေမိုးချိုး အဝတ်အစားများ လဲလှယ်ရန် ပြုလုပ်လေသည်။ ယင်းသို့ တစ်မုဟုတ် ချင်း ပြောင်းလဲ၍သွားသော ထွန်းလင်း၏ အမူအရာနှင့် လုပ်ပုံကိုင်ပုံ တို့ကို နွဲ့နွဲ့သည် ဘေးမှ ငြိမ်သက်စွာ ကြည့်နေသည်။

ထွန်းလင်းသည် ပြုံးကာရယ်ကာနှင့် နွဲ့နွဲ့နှင့် အတူလိုက်ပါ၍ သွားလေသည်။ သူသည် ထွက်ပြေးသွားသော မယားနှင့် ပြန်၍ တွေ့ရ တော့မည်ဆိုသည့်အတွက် များစွာ လန်းဆန်းကြည်လင်လျက် ရှိသည်။ အိုစာညှိုးနွမ်း၍နေသော သူ၏ မျက်နှာသည်လည်း တစ်ခဏချင်း အတွင်းပင် နုပျိုစိုပြည်၍လာသည်။ နွဲ့နွဲ့ မလာမီက သောက်ထားသော

အရက်၏ တန်ခိုးသတ္တိများသည်လည်း ဘယ်အချိန်ကပင် သူ့ထံမှ ထွက်ခွာသွားကြပြီ မသိတော့ချေ။

နွဲ့နွဲ့သည် ငှင်းငှားရမ်း ခေါ်ဆောင်လာခဲ့သော တက္ကစီဒရိုင်ဘာကို မကြာခဏ လှမ်း၍ အမိန့်ပေးလျက်ရှိသည်။ တက္ကစီ ဒရိုင်ဘာသည် ငှားရမ်းသူ ခိုင်းစေသည့်လမ်းများအတိုင်း တစ်လမ်းဝင် တစ်လမ်းထွက် နှင့် မှန်မှန်ကလေး မောင်းနှင်လေသည်။

ကံဘဲ့အိမ်မှ ထွက်လာခဲ့ကြပြီးနောက် နာရီဝက်သာသာခန့်အကြာ တွင် ထွန်းလင်းနှင့် နွဲ့နွဲ့တို့ စီးနင်းလိုက်ပါလာသော တက္ကစီကားသည် သဃ်န်းကျွန်းကိုပင် ကျော်လွန်လာခဲ့ပြီးနောက် လေးထောင့်ကန် ရွာကလေး အတွင်းသို့ ဝင်ရောက်လာသည်။ တက္ကစီကားသည် လေးထောင့်ကန် ရွာလယ်သို့ ရောက်သောအခါ နွဲ့နွဲ့က ဒရိုင်ဘာအား လှမ်း၍ အမိန့်ပေးလိုက်သဖြင့် ရပ်၍သွားလေသည်။

"နွဲ့နွဲ့တို့ ဒီမှာဆင်းကြမယ် ကိုထွန်းလင်း" ဟု နွဲ့နွဲ့က ထွန်းလင်း အား သတိပေးပြောဆိုပြီးနောက် ကားနောက်ခန်းတံခါးကို ၎င်းဘာသာ ၎င်း ဖွင့်၍ဆင်းသွားသဖြင့် ထွန်းလင်းသည် ကားပေါ်မှ ကမန်းကတန်း ဆင်းလိုက်သွားရလေသည်။

နွဲ့နွဲ့သည် ထွန်းလင်းကို တစ်ချက်မျှ ပြန်လှည့်၍ ကြည့်ပြီးနောက် သပ်သပ်ရပ်ရပ် ဆောက်လုပ်ထားသော နှစ်ထပ်အိမ်ကလေးဆီသို့ ရောက်သွားလေသည်။ သူ့မယားနှင့် တွေ့ရတော့မည့် ပါမောက္ခက လည်း နောက်မှ အူယားဖားယားနှင့် အပြေးကလေး လိုက်ပါသွား သည်။

ဝင်းခတ်ထားသော နှစ်ထပ်အိမ်ကလေးသည် လူသူတစ်ယောက် တလေမျှ နေထိုင်ခြင်းမရှိသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ စေ့ရုံမျှသာ စေ့၍ထားသော ဝင်းတံခါးကို ဖြည်းညင်းစွာ တွန်းဖွင့်လိုက် ပြီး နွဲ့နွဲ့သည် အိမ်ဝင်းအတွင်းသို့ ဝင်သွားသဖြင့် ထွန်းလင်းသည်

အပြေးကလေး ဝင်လိုက်၍သွားသည်။

နွဲ့နွဲ့သည် အိမ်ပေါ်သို့တက်ရန် လှေကားရင်းရောက်သောအခါ နောက်မှ အပြေးကလေးလိုက်လာသော ထွန်းလင်းကို ခေတ္တမျှ ရပ်၍ စောင့်လေသည်။ ထွန်းလင်း မီလိုက်လာတော့မှ "ဒါ မေ့အိမ်ကလေးပဲ၊ နွဲ့လည်း မနေ့က မေ အိမ်ကိုလာတော့မှပဲ ဒီမှာ အိမ်ကလေးတစ်လုံး ဝယ်ပြီး ပုန်းနေမှန်း သိရတယ်" ဟု ခပ်တိုးတိုး ခပ်အုပ်အုပ်ကလေး ပြန်ပြောပြီးနောက် အိမ်အပေါ်ထပ်သို့ တက်သွားသည်။

အိမ်ပေါ်သို့ရောက်သောအခါ မေမေလွင့်ကို ရုတ်တရက် မတွေ့ လိုက်ရသော ပါမောက္ခသည် စိတ်ပျက်၍သွားပုံရလေသည်။ မေမေလွင် နှင့်အတူ မိန်းမဖော်အဖြစ်ဖြင့် နေထိုင်ဟန်ရှိသော အသက်ငါးဆယ်ခန့် အမယ်ကြီးကသာ ထွက်၍ ကြိုရင်း... "နွဲ့ ပြန်လာတာ မြန်ပါကလား၊ မေတောင် နွဲ့တို့ ခုလောက် မြန်မြန်ကြီး ပြန်လာလိမ့်မယ်လို့ မထင်လို့ ရွာကြီးဘက်က အိမ်တစ်အိမ်ကို သွားလည်နေတယ်ထင်ပါရဲ့" ဟု ဆီး၍ ပြောဆိုသည်။

သူ့ကို အခေါ်ခိုင်းလိုက်ပြီးနောက် ဤမျှ မြန်မြန်ကြီး ရောက်လာ လိမ့်မည် မထင်သောကြောင့် အိမ်တစ်အိမ်သို့ သွားလည်နေသည်ဆို သော သူ၏မယားကို ပါမောက္ခထွန်းလင်းသည် သည်းညည်းခံ စောင့် ဆိုင်းခြင်း မပြုနိုင်တော့သကဲ့သို့ "လိုက်ခေါ်ပေးစမ်းပါ ဒေါ်ဒေါ်၊ ခပ် မြန်မြန်ကလေး လိုက်ခေါ်ပေးစမ်းပါ" ဟု ခိုင်းစေ ပြောဆိုလိုက်မိသည်။

ငယ်ရာမှ ကြီးလာသော ထိုအဘွားကြီးနှင့် ကြင်ဖက်တော်နှင့် ဖြစ်သော နွဲ့နွဲ့တို့သည် ထွန်းလင်းကို အိမ်ပေါ်တွင် ထားပစ်ခဲ့ကြပြီး နောက် အိမ်တစ်အိမ်သို့ အလည်သွားနေသော မေမေလွင်ကို လိုက်ခေါ် ရန် အိမ်အပေါ်ထပ်မှ နှစ်ယောက်သား ဆင်းသွားကြလေသည်။

သူ့ကို စွန့်ပစ်ထွက်သွားပြီးနောက် အဘယ်ကဲ့သို့မျှ မထင်မှတ်

နိုင်သော ဤအရပ်ဒေသတွင် အိမ်ကလေးတစ်လုံး ဝယ်ကာ ပုန်းလျှိုးခိုအောင်းနေခဲ့သော သူ၏မယားကို စောင့်ဆိုင်းရင်း အိမ်အတွင်းသို့ ဝင်လာခဲ့သည်။ အိမ်ရှေ့ဧည့်ခန်း စားပွဲဝိုင်းကလေးပေါ်တွင် ကြွေပန်းအိုးကလေး နှစ်လုံးကို တွေ့ရလေသည်။ တစ်လုံးသော ပန်းအိုးတွင် နှင်းဆီနီများကို ထိုးထားလျက် ကျန်တစ်လုံးတွင်ကား စံပယ်ဖြူကလေးများကို လှလှပပ စိုက်၍ထားလေသည်။

ပန်းအိုးကလေးများကို အတန်ကြာမျှ ကြည့်ရှုပြီးနောက် ထွန်းလင်းသည် သူ့မယား၏အိမ်ကို အကဲခတ် ကြည့်ရှုပြန်လေသည်။ အိမ်ဦးခန်းခေါင်းရင်းဘက်နံရံတွင် ဓာတ်ပုံကြီးသုံးပုံကို တခမ်းတနား ချိတ်ဆွဲထားလေသည်။ လက်ဝဲဘက်အစွန်မှ ဓာတ်ပုံမှာ စစ်ကြီးမဖြစ်မီ မေမေလွင်အသက်အစိတ်ခန့်လောက်က ကိုယ်တစ်ပိုင်း ရိုက်ကူးထားသော ပုံဖြစ်သည်။ လက်ယာဘက်အစွန်မှ ဓာတ်ပုံမှာ ဘွဲ့နှင်းသဘင်တက်စဉ်က ဝိဇ္ဇာဘွဲ့ အဆောင်အယောင်နှင့် ရိုက်ကူးထားသော ထွန်းလင်း၏ ကိုယ်တစ်ပိုင်းပုံဖြစ်သည်။ ထိုပုံကြီးနှစ်ပုံ၏ အကြားမှ ဓာတ်ပုံမှာ ၎င်းတို့လင်မယား တရားရုံးတွင် လက်ထပ်ကြပြီးနောက် ရုံးမှအပြန် မောင်မောင်ကြီး ဓာတ်ပုံတိုက်တွင် ဝင်ရောက်ရိုက်ကူးခဲ့ကြသော လင်မယားစုံတွဲပုံ ဖြစ်သည်။

ထွန်းလင်းသည် ထိုဓာတ်ပုံကြီးများကို အဘယ်မျှ ကြာသွားသည်တိုင်အောင် ရပ်ကာ ငေးစိုက်ကြည့်ရှုနေသည်ကိုကား သတိမရလိုက်တော့ချေ။ "ကိုထွန်းလင်း" ဆိုသော အသံကို ကြားလိုက်ရတော့မှ အသက်ပြန်ဝင်ကာ နောက်ကျောဘက်သို့ ပြန်လှည့်၍ ကြည့်မိလေသည်။

မေမေလွင်ကို သူသည် တွေ့ရလေပြီ။ သို့ရာတွင် ထိုမိန်းမသည် သူ့ကို တွေ့ရသည့်အတွက် ငိုယိုလျက်ရှိပေသည်။ သူမ၏ မျက်လုံးအိမ်

မှ မျက်ရည်များသည် ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးဆင်း၍နေသည်။

သူ့မယားကို တွေ့လျှင်တွေ့ချင်း နောက်ထပ်၍ ထွက်မပြေးသွားနိုင်အောင် သိမ်းကျုံးဖမ်းဆီးလိုက်မည်ဟု အားခဲပြင်ဆင်လာခဲ့သောထွန်းလင်းသည် သူ့မယားကို လူချင်းတွေ့လိုက်လျှင်ပင် ထိုအစီအစဉ်များကို တစ်ခါတည်း မေ့လျော့သွားဟန်ရှိလေသည်။ သူသည် ထိုမိန်းမကို မျက်တောင်ပင်မခတ်ဘဲ ငေးစိုက်၍ ကြည့်နေသည်။ ကျောက်ရုပ်ကြီးလို မတုန်မလှုပ်ရပ်နေသည်။

"ထိုင်လေ ကိုထွန်းလင်း၊ အေးအေးဆေးဆေး စကားပြောကြရအောင် နော်" ဟု မေမေလွင်က ပြောဆိုပြီးနောက် ၎င်းကိုယ်တိုင်လည်း ထိုင်လိုက်တော့မှပင် ထွန်းလင်းသည် ၎င်း၌ ဖင်ပါလာသေးသည်ကို သတိရလာပြီးလျှင် မေမေလွင်နှင့် စားပွဲတစ်လုံးခြားကာ မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်လေသည်။

မေမေလွင်သည် ကြွေပန်းအိုးနှစ်လုံးထဲတွင် ထိုးစိုက်၍ထားသောပန်းနှစ်မျိုးကို တစ်လှည့်စီ ကြည့်ရှုလျက်ရှိရာမှ "အမေဆုံးတာကို ကြားရတုန်းက မေ တော်တော်ပဲ စိတ်မကောင်းဖြစ်ခဲ့ရတယ် ကိုထွန်းလင်း၊ အမေဟာ ဘေးလူတွေက ဘယ်လိုပဲတွန်းတွန်း မေ့ကို တွေ့တွေ့ချင်း သမီးအရင်းလို မေ့ကိုလည်း 'ခွင့်လွှတ်ပါတယ် သမီးရယ်' လို့ ပြောရှာတယ်၊ ခင်ရှာပါတယ်" ဟု တစ်လုံးချင်းစီ၍ ပြောဆိုသည်။

သူ့မယားပြောသမျှကို ပါမောက္ခထွန်းလင်းသည် ဦးခေါင်းကိုငုံ့ကာ ငြိမ်သက်စွာ နားထောင်ခြင်းပြုလေသည်။ သူကတော့ ဘာမျှပြန်မပြောသေးချေ။

"အမေဆုံးသွားပြီးတဲ့နောက် ကံဘဲ့ကအိမ် ကိုထွန်းလင်း ဝယ်လိုက်တာကိုလည်း မေ ကြားပါတယ်၊ ကံဘဲ့အိမ်ကို ကိုထွန်းလင်းပြောင်းနေပြီးတဲ့နောက် မေ မနေနိုင်လွန်းလို့ ညညဘက် အိမ်ဘေးနား

က ကိုထွန်းလင်းကို လာလာပြီး ချောင်းကြည့်ရတာလည်း လေး ငါး ဆယ်ခေါက်ထက် မနည်းဘူး ထင်တယ်" မေမေလွင်သည် ကရားမှ ရေလွှတ်သကဲ့သို့ တတွတ်တွတ် ပြောဆိုလျက်ရှိလေသည်။

ပါမောက္ခထွန်းလင်းသည် သူ့မယား ပြောဆိုသမျှကို နားထောင်၍ ကောင်းလှသကဲ့သို့ ငြိမ်သက်စွာ နားထောင်လျက်ရှိရာမှ တစ်ချက် တစ်ချက်တွင် သူ့မယားမျက်နှာကို လှမ်း၍လှမ်း၍ ကြည့်လေသည်။

"ကိုထွန်းလင်း အရူးတစ်ပိုင်းလိုဖြစ်ပြီး အရက်တွေအလွန်အကျွံ သောက်နေတယ်ဆိုတဲ့ အကြောင်းလည်း ကြားရရော မေလည်း ဘာ လုပ်ရမှန်းမသိဘူး။ မေ့အတွက်နဲ့ ကိုထွန်းလင်း နစ်နာမှာရယ်၊ ဒုက္ခ ရောက်မှာရယ် စိုးလွန်းလို့ မေ ဖွတ်နှစ်ပြီး ထွက်လာခဲ့တဲ့နောက်ပိုင်းမှာ ကိုထွန်းလင်း ခုလိုဖြစ်နေတယ်ကြားရတော့ မေ ဘယ်လိုလုပ်ရဦးမလဲ ဟင်" ပြောရင်းဆိုရင်းနှင့် မေမေလွင်သည် ငိုသံပါ၍လာသည်။ ထို့ နောက် မျက်ရည်များကို လက်ကိုင်ပဝါဖြင့် သိမ်းဆည်း၍နေသည်။

သူ့မယား ဇာတ်ကြောင်းပြန်သမျှကို ငြိမ်သက်စွာနားထောင်လျက် ရှိခဲ့ရာမှ "သြော်... ကိုထွန်းလင်း နစ်နာမှာ၊ ဒုက္ခရောက်မှာ စိုးလွန်းလို့ မေက ဖွတ်နှစ်ပြီး ထွက်သွားခဲ့တာကိုး" ဟု ၎င်းဘာသာ တစ်ယောက် တည်း ပြောဆိုသကဲ့သို့ အာမေဍိတ်ပြုကာ ပြောဆိုလိုက်သည်။

မေမေလွင်သည် ထွန်းလင်းကို ငေးမော၍ ကြည့်နေသည်။

"နောက်ထပ် မေ ပြောချင်ဆိုချင်တာ ဘာများရှိသေးသလဲဟင်" ထွန်းလင်းသည် ၎င်းမယား၏ မျက်နှာကို စိန်းစိန်းကြည့်ရှုကာ မေး လိုက်သည်။

မေမေလွင်သည် ဦးခေါင်းကိုသာ ခါယမ်း၍ ပြလေသည်။

"ဒါဖြင့် မေ ခုတစ်ခါတည်း ကိုထွန်းလင်းနဲ့ အိမ်ကို လိုက်ခဲ့ရလိမ့် မယ်" ဟု ပြောပြောဆိုဆိုနှင့် ထိုင်ရာမှထလိုက်သဖြင့် မေမေလွင်သည်

မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် ပျာပျာသလဲဖြစ်သွားသည်။ ထို့နောက် ထွန်းလင်းကဲ့သို့ ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီးလျှင် "အေးအေး ဆေးဆေး စကားပြောဖို့အတွက် မေ တမင်အတွေ့ခံတာကို ခုလို တရ ကြမ်းလုပ်လို့ ဘယ်ကောင်းပါ့မလဲ ကိုထွန်းလင်းရယ်" ဟုလည်း တောင်းပန်ပြောဆိုခြင်း ပြုလေသည်။

"မေ ထွက်သွားပြီးကတည်းက ကိုထွန်းလင်း ဘယ်လိုဖြစ်နေရ တယ်ဆိုတာကို မေကိုယ်တိုင်လည်း သိရက်သားနဲ့ကွယ်"

"ကိုထွန်းလင်းအတွက် ပူရလွန်းလို့ ခုလို လူချင်းအတွေ့ခံပြီး ဖြစ် နိုင်တဲ့ နည်းလမ်းကို ခေါင်းအေးအေးနဲ့ ရှာကြည့်ဖို့ ကြိုးစားတာပေါ့ ကိုထွန်းလင်းရယ်၊ အသက်တွေလည်း ငယ်ကြတော့တာမဟုတ်လို့ စိတ် လိုက်မာန်ပါ လုပ်တတ်ကိုင်တတ်တဲ့ အကျင့်ကလေးတွေကို လျှော့စမ်း ပါ" မေမေလွင်က သဲသဲမဲမဲ ဖြစ်နေပုံရသော ၎င်း၏ လင်ယောကျ်ားအား အကျိုးသင့်အကြောင်းသင့် ဖျောင်းဖျပြောဆိုလျက်ရှိသည်။

သို့ရာတွင် ဤကမ္ဘာမြေကြီးပေါ်၌ ၎င်း၏အတွက် တစ်ယောက် တည်းသာရှိသော ထိုမိန်းမ၏စကားကို အလျှင်းယုံကြည် လက်ခံခြင်းပြု ပုံမရချေ။ ခံမှန်ဖူးသော စာသူငယ်လို သူသည် သူ၏ကိုယ်ကိုယ်ပင် စိတ်ချယုံကြည်ခြင်း မရှိနိုင်အောင် ဖြစ်နေပုံလည်းရလေသည်။

"မေ ပြောချင်တာကတော့ မေနဲ့ ကိုထွန်းလင်းတို့ အရင်ကလို တရားဝင် အကြင်လင်မယားအဖြစ်နဲ့ ပြန်နေကြဖို့ဆိုတာက ဘယ်နည်း နဲ့မှ မဖြစ်နိုင်ဘူးဆိုတာပဲ။ မဖြစ်နိုင်တဲ့အကြောင်းရဲ့ နံပါတ်တစ်ကတော့ ကိုထွန်းလင်းအတွက်ပဲ၊ နံပါတ်နှစ်ကတော့ မေ့အတွက်ပါ၊ မေ့ကို ဆက် ပြီး ပေါင်းသင်းနေသ၍ ကာလပတ်လုံး ပတ်ဝန်းကျင်ရဲ့ဖိစီးမှုကို နာလန် မထူနိုင်အောင် ခံနေရလိမ့်မယ်၊ လူမွေးလူတောင်လည်း ပေါက်နိုင်လိမ့်

မယ် မဟုတ်ဘူး၊ မေ့အနေနဲ့ ပြောရရင်လည်း မေဟာ အင်မတန် လွတ်လွတ်လပ်လပ် နေချင်တယ်၊ နေလည်း နေတတ်တယ်၊ အရင်ကျောင်းမှာတုန်းက အန်တီစုနဲ့ မေနဲ့ ဖြစ်ခဲ့တာတွေကိုပဲ ကိုထွန်းလင်း စဉ်းစားကြည့်တော့လေ၊ ကိုထွန်းလင်းရဲ့ စိတ်ချမ်းသာမှုကို ငဲ့ပြီး ကိုထွန်းလင်းရဲ့ မယားအဖြစ်နဲ့ မေ နေထိုင်လာခဲ့ရတဲ့ အချိန်တွေဟာ မေ့အဖို့ ထောင်ကျနေရတာနဲ့ အတူတူပဲ၊ ဘာမှမထူးဘူး၊ ဒီလိုထောင်ကျသလို နေနေရတဲ့အတွက် ကိုထွန်းလင်းကို ဘယ်လိုမှ မထိမခိုက်ဘူးဆိုရင်တော့ မေခံနိုင်ပါတယ်၊ မသေမချင်း ခံသွားဖို့လည်း ဆုံးဖြတ်ထားပါတယ်..

"ဒါပေမဲ့ ကိုထွန်းလင်းနဲ့ မေတို့နှစ်ယောက် တရားဝင်အကြင်လင်မယား အဖြစ်နဲ့ ပေါင်းဖော်နေကြရတာဟာ ဘယ်သူ့အဖို့မှ မကောင်းဘူး၊ ဘေးပတ်ဝန်းကျင်ကလည်း အမျိုးမျိုး ပြောကြ ဆိုကြရုံတင်မကဘူး ဝိုင်းပြီးလည်း နှိမ်ကြတယ်၊ ကိုထွန်းလင်းအဖို့လည်း ကျက်သရေမရှိဘူး၊ မေ့အတွက်ဆိုရင်တော့ ထောင်ကျနေရတာနဲ့ ဘာထူးသေးသလဲ" တောက်လျှောက်ကြီး ပြောဆိုသွားသော မေမေလွင်၏ စကားများကို ထွန်းလင်းသည် ငြိမ်သက်စွာ ငေးစိုက်နားထောင်လျက်ရှိသည်။ တကယ်ဆိုတော့ ထိုမိန်းမပြောဆိုသွားသော စကားများသည် ရေပက်၍ မဝင်နိုင်အောင် လုံခြုံခြင်းရှိလှသည် မဟုတ်လော။

"ဒီတော့ မေ စဉ်းစားမိတာ တစ်ခုရှိတဲ့အကြောင်း အေးအေးဆေးဆေး ပြောပြချင်တယ်"

"ပြောပြစမ်းပါဦး"

"တစ်ယောက်နဲ့ တစ်ယောက် အသေအလဲ ချစ်နေခဲ့ကြပြီးလို့ လက်လည်း ထပ်ပြီးခဲ့ကြပေမဲ့ အကြောင်းကြောင်းတွေကြောင့် အတူတူမနေနိုင်လောက်အောင်လည်း ဖြစ်ပြီးခဲ့ကြပြီနော်၊ ဟုတ်လား ကိုထွန်းလင်း"

ထွန်းလင်းသည် ဦးခေါင်းကိုသာပဲ ညိတ်ပြလိုက်သည်။

"တစ်ယောက်ကိုတစ်ယောက် အင်မတန်ချစ်ပြီး အတူတူလည်း နေချင်ရက်သားနဲ့ နေလို့မဖြစ်နိုင်တော့ ဖြစ်နိုင်တဲ့နည်းကို မေ စဉ်းစား ကြည့်တယ်"

"ပြောပြစမ်းပါဦး"

"အရင်ကလိုတော့ နေမဖြစ်ပေမဲ့ နေလို့ဖြစ်နိုင်မယ့် နည်းလမ်း တစ်ခုကို မေ စဉ်းစားမိထားတယ်"

"ဘယ်လိုနည်းလမ်းလဲဟင် မေ၊ မြန်မြန်ပြောစမ်းပါ" ထွန်းလင်း က စိတ်မရှည်သကဲ့သို့ ပြောဆိုခြင်းပြုလိုက်သည်။

"တခြားတော့ မဟုတ်ဘူး ကိုထွန်းလင်း၊ မေတို့လင်မယား တိတ် တိတ်ပုန်း ပေါင်းသင်းနေကြဖို့ပဲလေ၊ ဒီနည်းလမ်းကလွဲလို့ နှစ်ယောက် အတူတူ နေနိုင် ပေါင်းနိုင်တဲ့နည်း မရှိတော့ဘူး"

"ဘာ... တိတ်တိတ်ပုန်း ပေါင်းသင်းရမယ် ဟုတ်လား မေ" ထွန်းလင်းသည် ဒေါသထွက်လာသကဲ့သို့ ခပ်ငေါက်ငေါက်ကလေး ပြောဆိုလိုက်သည်။

မေမေလွင်သည် သက်ပြင်းကို ချလိုက်သည်။ "ကိုထွန်းလင်းက လည်း အပြောရခက်လိုက်တာနော်" ဟုလည်း စိတ်ပျက်လက်ပျက် ညည်းတွားလိုက်သည်။

"တရားဝင်နဲ့ လူသိရှင်ကြား လက်ထပ်ထားတဲ့ ကိုယ့်မယားကို တိတ်တိတ်ပုန်း ပေါင်းသင်းရမယ်ဆိုတဲ့ စကားဟာ မဟုတ်သေးပါဘူး" ထွန်းလင်းသည် ကျယ်ကျယ်လောင်လောင် ပြောဆိုလိုက်သည်။

"ကိုထွန်းလင်းကို ခေါ်တွေ့မိတာ မေတော့ မှားပြန်တာပဲ ကိုထွန်း လင်းရယ်" မေမေလွင်သည် ငိုသံပါကလေးနဲ့ ပြောဆိုလိုက်သည်။

"စကားတွေ သိပ်မရှည်နဲ့တော့မေ၊ ခုတစ်ခါတည်း လိုက်ခဲ့၊ အိမ်

ပြန်ကြမယ်" ဟု ပြောပြောဆိုဆိုနှင့် ထွန်းလင်းသည် မေမေလွင်၏ လက်ကို ဖမ်းဆွဲလိုက်သည်။ သို့ရာတွင် မေမေလွင်သည် ထွန်းလင်း ဖမ်းဆွဲ၍ထားသောလက်ကို အတင်းရုန်း၍ထွက်ကာ အိမ်ပေါ်မှ အောက်သို့ တရကြမ်း ဆင်းပြေးသွားလေသည်။

မေမေလွင် ဆင်းပြေးသွားလျှင်သွားချင်း ထွန်းလင်းသည် ကျားက သမင်ကိုလိုက်သည်နှင့် မခြား စားပွဲကုလားထိုင်များကို တိုးဝှေ့ခုန် ကျော်ကာ အိမ်အပေါ်ထပ်မှ အပြေးပင် ဆင်း၍လိုက်လေသည်။

ထွန်းလင်း နောက်မှ တရကြမ်းလိုက်လာမှန်းသိလျှင် မေမေလွင် သည် အိမ်နောက်ဖေး ခြံဝင်းတံခါးပေါက်မှ လယ်ကွင်းဘက်ဆီသို့ တအားပြေးလေသည်။ ထွန်းလင်းသည် မေမေလွင် ထွက်ပြေးသွား သော အိမ်နောက်ဖေးခြံဝင်း တံခါးပေါက်မှထွက်၍ သူ့မိန်းမနောက်သို့ လိုက်လေသည်။

ရွာနောက်ဖေးဘက် လယ်ကွင်းထဲတွင် နွားကျောင်းနေကြသော ကလေး သုံးလေးယောက်တို့သည် လိုက်တမ်းပြေးတမ်း ကစားသလို ပြေးလွှားနေကြသော ထွန်းလင်းနှင့် မေမေလွင်တို့ကို ငေးမောကြည့်ရှု နေကြသည်။ သူတို့သည် ထိုသို့ ပြေးလွှားပြေးလိုက် လုပ်နေကြသော လင်မယားနှစ်ယောက်တို့၏ အတွင်းရေးကိုလည်း ဘာမျှမသိကြသဖြင့် များစွာ အံ့ဩနေကြပုံရသည်။

"မေ... မေ... မေ" ထွန်းလင်းသည် နောက်မှ တကြော်ကြော် အော်ဟစ်ခေါ်ဝေါ်ရင်း ၎င်း၏ရှေ့တွင် ခွတ်၍ပြေးနေသော မယား နောက်သို့ လိုက်လေသည်။

"ရှင်မလိုက်ခဲ့နဲ့၊ ပြန်... ပြန် ကိုထွန်းလင်း" မေမေလွင်သည် လယ် ကွင်းများ အကြားမှ ဖြတ်သန်းပြေးလွှားရင်း နောက်သို့ လှမ်း၍ အော် ဟစ် ပြောဆိုသည်။

သို့ရာတွင် လိုက်သူကလည်း ဖွတ်အတင်းလိုက်၍နေသဖြင့် ပြေးသူကလည်း စွတ်၍သာ ပြေးလျက်ရှိရာမှ လယ်ကွက်လေးငါးကွက်ကို လွန်လာခဲ့ပြီးသောအခါ ရေကျသဖြင့် တဝေါဝေါစီးဆင်းနေသော ငမိုးရိပ်ချောင်း တံတားထိပ်တွင် ခေတ္တမျှ ရပ်လိုက်သည်။ ထို့နောက် ပြေးလိုက်လာသော ထွန်းလင်းကို ပြန်လှည့်၍ကြည့်ရင်း "ကိုဘွန်းလင်း၊ ရှင် လိုက်မလာနဲ့ ပြန်ပါ" ဟု အော်ဟစ်ပြောဆိုလိုက်သေးသည်။ သို့ရာတွင် သူ့မယားကို မည်သည့်နည်းနှင့်မျှ မျက်ခြည်လည်း အပြတ်မခံ၊ လက်လွတ်လည်း မခံနိုင်တော့ဟန်ရှိသော ထွန်းလင်းသည် မယားလုပ်သူက အော်ဟစ်သတိပေးနေခြင်းကို အလျှင်းဂရုမစိုက်တော့ချေ။ ဖွတ်တရွတ်သာ ပြေးလိုက်၍သာ လာနေသည်။

တစ်ဖက်ကမ်းသို့ ကူး၍ပြေးရန်မှာ ဤတံတားကြီးသာလျှင် ရှိတော့သဖြင့် နောက်မှ ဖွတ်အတင်းလိုက်လာသော ထွန်းလင်းကို လွတ်အောင် ပြေးနိုင်ရန်အတွက် မေမေလွင်သည် မီးရထားတံတားကြီးကို မရဲတရဲနှင့် ကူးလာသည်။ ထိုသို့ ကူးလာ၍ တံတားအလယ်သို့ ရောက်ရှိသောအချိန်တွင် ထွန်းလင်းသည် တံတားတစ်ဖက်ထိပ်သို့ ရောက်ရှိလာလေသည်။

မေမေလွင်သည် နောက်မှ လိုက်လာသော ထွန်းလင်းကို တစ်ချက်မျှ လှည့်၍ကြည့်ရင်း "ရှင်လိုက်မလာနဲ့ ကိုထွန်းလင်း" ဟု လှမ်းအော်ကာ သတိပေးလိုက်ပြန်သည်။ သို့ရာတွင် ထွန်းလင်းကား သရဲမင်းရဲစီးနေဘိအလား ဖွတ်လိုက်၍လာသည်။ ထိုသို့လိုက်လာရင်း "မေ လိမ့်ကျမယ်နော်၊ ရပ်နေ... ရပ်နေ.. ကိုထွန်းလင်း လာခေါ်မယ်" ဟု စိုးရိမ်တကြီး အော်ဟစ်သတိပေးလေသည်။

ထွန်းလင်းက ထိုကဲ့သို့ သတိပေးလိုက်တော့မှပင် မေမေလွင်သည် ၎င်းပြုလုပ်နေသော ကိစ္စကို ရုတ်တရက် သတိရလာသကဲ့သို့ ခေတ္တမျှ

ရပ်တန့်လိုက်ပြီးလျှင် တံတားအောက်သို့ အမှတ်တမဲ့ ငုံ့ကြည့်လိုက်မိသည်။ ထိုသို့ ငုံ့ကြည့်လိုက်မိသည့် တစ်ခဏာ၌မှာပင် ဦးခေါင်းထဲတွင် မိုက်ခနဲဖြစ်ကာ မျက်လုံးများလည်း ပြာဝေ၍သွားလေသည်။

မီးရထားတံတား အလယ်ကောင်တွင် မှုးဝေကာ ဒယီးဒယိုင်ဖြစ်နေသော ၎င်း၏ မယားကို တွေ့မြင်လိုက်ရလျှင်ပင် ထွန်းလင်းသည် များစွာ စိုးရိမ်ထိတ်လန့်သွားသကဲ့သို့ မီးရထားဇလီဖားတုံးများကို သုံးခုကြား၊ လေးခုကြား တရကြမ်း ခုန်ကျော်ကာ ပြေးလိုက်သွားမိသည်။ ထိုသို့ ခုန်ကျော်ပြေးလိုက်သွားစဉ် သူသည် ခြေချော်ကာ ဝမ်းလျားမှောက်ကြီး လဲပြို၍ကျသွားသည်။ သို့ရာတွင် မီးရထားသံလမ်းကို တရကြမ်း ဖယ်တွယ်၍ထားလိုက်သဖြင့် သူသည် တံတားပေါ်က လိမ့်ကျမသွားခြင်း ဖြစ်လေသည်။

ဇလီဖားတုံးများပေါ်တွင် ဝမ်းလျားမှောက်လဲကျသွားရာမှ သတိပြန်ရ၍ လူးလဲကာ ထလိုက်ထလိုက်ချင်း ထွန်းလင်းသည် ၎င်းမျက်စိရှေ့တွင် လှမ်း၍ မြင်လိုက်ရသော မြင်ကွင်းကို မကြည့်ဝံ့သကဲ့သို့ မျက်လုံးနှစ်လုံးကို ပြန်၍ မှိတ်ထားလိုက်ရသည်။ ထိုသို့ မျက်လုံးများကို မှိတ်ထားလိုက်ရစဉ် နားထဲ၌ ရူးရူးဝါးဝါးအော်ဟစ်လိုက်သော မေမေလွင်၏ အသံကိုပါ ကြားလိုက်ရသည်။

ထိုမိန်းမသည် ၎င်း၏ကိုယ်ကို ရပ်တည်ထိန်းသိမ်းခြင်း မပြုနိုင်၍ တံတားပေါ်မှ လိမ့်ကျသွားခြင်းပင် ဖြစ်သလော။ သို့တည်းမဟုတ် ၎င်း၏ဘဝကို ထိန်းသိမ်းရပ်တည်ခြင်း မပြုလိုတော့၍ ဇာတ်သိမ်းသွားခြင်းပင် ဖြစ်လေသလော။ အမှန်ကိုမူကား လှဥမ္မာ တစ်ယောက်သာလျှင် အသိနိုင်ဆုံး ဖြစ်ပေတော့မည်တကား။

**ဇန်းမော်တင်အောင်**

❖